
သိုင်းစာစဉ်များPAGE
Alien
ဘာသာဆိုလ်
နေလင်းအောင်
သိုင်းကောင်းကင်မှ
ကြယ်မင်းသခင်
၅ အုပ်တွဲသိုင်းစာစဉ်
အိမွန်၏
ကျူးထင်းစုကျန်
5
ဇာတ်သိမ်းပိုင်း
2002

# ရှောင်းကောင်

ပဉ္စမပိုင်း (ဇာတ်သိမ်း)



[redacted]


တက္ကသိုလ် – နေလင်းအောင်

သိုင်းကောင်းကင်မှ ကြယ်မင်းသခင်

အဖုံးခွင့်ပြုချက်အမှတ် ◆ ၄၈၉/၂၀၀၂ ( ၆ )
စာမူခွင့်ပြုချက်အမှတ် ◆ ၄၂၂/၂၀၀၂ ( ၅ )
ပထမအကြိမ် ◆ ၂၀၀၂ ၊ နိုဝင်ဘာလ၊
အုပ်ရေ ◆ ၅၀၀
တန်ဖိုး ◆ ၄၀၀ ကျပ်
အဖုံးနှင့်အတွင်းပုံနှိပ် ◆ ဒေါ်မြင့်မြင့်တင်( မြင့်သီရိပုံနှိပ်တိုက်)
အမှတ် ၂၀၈ ၊ လမ်း ၃၀ ၊ ရန်ကုန်၊
ထုတ်ဝေသူ ◆ ဦးထွန်းလှိုင် ( ချစ်စရာစာပေ )
အမှတ် ၇၅ ၊ ဝေပုလ္လ ၂ လမ်း
မြောက်ဥက္ကလာပ၊ ရန်ကုန်။
ဖြန့်ချိရေး ◆ မြိတ် (စာပေ)
အမှတ် (၁၉၀) ၊ ၃၁ လမ်း
ပန်းဘဲတန်း ၊ ရန်ကုန်မြို့။
စီစဉ်သူ ◆ ကိုလှနိုင် (မြိတ်)


[redacted]



## အခြေအနေအရမှောက်မှားရခြင်း

ရှိန်ရက်၏စကားများကို မေဖန်းကျက်က ဂရုမစိုက်ပေ။ ချမ်းရှဲ လက်ဝါးဒဏ်ရာဒဏ်ချက်များ၏ အရိပ်လက္ခဏာများအဖြစ် ချွေးသီးချွေးပေါက်များ စီးကျနေသည်မဟုတ်ပါလား။

ရှိန်ရက်က လက်ဝါးကာပြလိုက်သည်။ မတိုက်နှင့်ဦးဟူသည့် သဘောတည်း။ မေဖန်းကျက်က သူမ၏လိပ်ပြာမယ်လေးဦးအားတားဆီးလိုက်သည်။

"ရှင်ဘာပြောချင်သေးလို့လဲ၊ ဒီနေ့အဖို့တော့ ရှင့်အတွက်ဘာမှိသက်သာစရာမရှိတော့ပါဘူး၊ ဒီဒဏ်ရာနဲ့မသေရင် ကျွန်မတို့သတ်လိုသေမှာပဲ"

ရှိန်ရက်က နဖူးမှချွေးများကို လက်ဖြင့်သပ်ချရင်းပြောလိုက်သည်။

"ကျုပ်သိပါတယ်လေ၊ လုံမလေးဖန့်ဝမ်လန် ခင်ဗျားလက်ထဲမှာရှိနေတာကိုကပဲ ကျုပ်ကိုနိုင်ဖဲတစ်ချပ်ရထားတာမဟုတ်လား"

"ဒါကို ရှင်သိလျက်နဲ့များ ဘာဖြစ်လို့ခုခံဖို့ကြံနေတာလဲ၊ အေးအေးဆေးဆေးလည်စင်းပေးစမ်းပါ"

ရှိန်ရက်သည် ချက်မှထွက်လာသည့် အပူငွေ့ကို တတ်နိုင်သမျှ မပျံ့အောင်ထိန်းသိမ်းထားလိုက်သည်။ သူနောက်ဘက်မှ ကျောက်ပုံများကိုကြည့်လိုက်ရာ သိပ်မဝေးတော့ကြောင်းတွေ့လိုက်ရ၏။

"ကောင်းပြီ၊ ခင်ဗျားကျုပ်ကိုတိုက်ချင်ရင် တိုက်နိုင်ပြီ၊ ကျုပ်ကို မကြောက်ဘူးဆိုရင်တော့ လာတိုက်ပေါ့ဗျာ"

မေဖန်းကျက်ကရယ်၏။

"ရှင်…ကျွန်မလက်ထဲက ပြေးဖို့မလွယ်ပါဘူးရှင်၊ ကဲ…လိပ်ပြာမယ်တွေငါ့နောက်ကလိုက်ခဲ့ကြ၊ ဖန့်ဝမ်လန့်တစ်ယောက်ပဲ နေရစ်ခဲ့"

မေဖန်းကျက်နှင့် လိပ်ပြာမယ်သုံးယောက်သည် ရှိန်ရက်ကိုတရကြမ်းဝင်တိုက်ကြတော့သည်။

ရှိန်ရက်သည် ပြန်လည်ခုခံရန်ဟန်တစ်ချက်ပြင်ပြီးသည်နှင့် ချက်ချင်းပင် ကျောက်ပုံများအတွင်းသို့ ဝင်ပြေးတော့သည်။

မေဖန်းကျက်က တခစ်ခစ်ရယ်ပြီး…

"သြော်….ဂိုဏ်းချုပ်ကြီးရှိန်ရက်တဲ့၊ ငါ့ကိုကြောက်လို့ ကျောက်ပုံတွေထဲတောင်ဝင်ပြေးရရှာတယ်၊ ဒီအကြောင်းကို သိုင်းလောကသားများသာသိရင် ဘယ်လောက်ရယ်လိုက်ကြမလဲမသိဘူး"

မေဖန်းကျက်သည် သူမ၏အစေခံသုံးယောက်ကို အချက်ပြပြီး ကျောက်ပုံအတွင်းသို့ ပြေးဝင်လေတော့၏။

သူတို့သည် ထိုကျောက်ပုံများအကြောင်း လုံးဝသိရှိထားသူမဟုတ်ပေ။ အကယ်၍ ဤကျောက်ပုံများသည် ပိုင်ချာရွှန်ကျစီမံထားသည့် ဝင်္ကပါဖြစ်ကြောင်းသိရှိထားပါက ဤကဲ့သို့ရှိန်ရက်နောက်သို့ပြေးလိုက်မည်မဟုတ်ချေ။

ရှိန်ရက်သည် မေဖန်းကျက်ကို မခုခံနိုင်သဖြင့် ပထမဦးအတော်ကလေးခေါင်းခဲသွားခဲ့သည်။ သို့သော် ပိုင်ချာရွှန်ကျ၏အလောင်းကို ခလုတ်တိုက်မိပြီးမှ ကျောက်ပုံဝင်္ကပါကိုသတိရပြီး မေဖန်းကျက်ကို ဝင်္ကပါထဲမျှားခေါ်ရန် အကြံရသွားသည်။ သူ့အတွက် အကြောင်းမဟုတ်ချေ။



ပိုင်ချာရွှန်ကျမသေမီက လီထင်းရှောင်နှင့် ရှောင်ကန်းတို့အား ဝင်္ကပါ၏သော့ချက်ကို ပြောပြခဲ့သဖြင့် သူကောင်းစွာမှတ်မိနေခဲ့သည်။ ထို့ကြောင့် မေဖန်းကျက်ကို မျှားခေါ်ပြီးကျောက်ပုံ ဝင်္ကပါထဲပြေးဝင်သွားခြင်းဖြစ်တော့သည်။

မေဖန်းကျက်နှင့် လိပ်ပြာမယ်သုံးယောက်သည် ကျောက်ပုံထဲအတော်ကလေးဝင်မိသည်နှင့် မြင်ကွင်းများထူးထူးခြားခြားပြောင်းလဲသွားသည်ကို သတိပြုမိကြ၏။

သူတို့နားမှ လေတိုးသံလိုလိုတစ်ချက်ကြားရပြီးနောက် ငြိမ်သက်တိတ်ဆိတ်သောအခါတွင်မူ သူတို့အားလုံးထိတ်လန့်သွားကြတော့သည်။

ရှေ့ဆက်မတိုးရဲဘဲ ပြန်ဆုတ်သော်လည်း မူလနေရာသို့မရောက်တော့ဘဲ မြင်ကွင်းတစ်မျိုး ဆန်းသစ်လာသည်ကိုသာ တွေ့ရတော့သည်။ ရှိန်ရက်ကို လုံးဝမတွေ့ရတော့ချေ။

လိပ်ပြာမယ်လေးယောက်သည် တစ်ချိန်ထက်တစ်ချိန် စိုးရိမ်ကြောက်ရွံ့လာကြသဖြင့် ထွက်ပေါက်တွေ့ရန် အပြေးအလွှားလှည့်ပတ်ရှာဖွေကြတော့သည်။ သူတို့အားလုံးပြေးရလွှားရလုပ်ရလွန်းသဖြင့် ချွေးသီးချွေးပေါက်များ တစ်ပေါက်ပေါက်ကျနေရပေပြီ။

ထိုစဉ် ရှိန်ရက်၏ရယ်သံကိုကြားလိုက်ရသည်။

ဟား..ဟား..ဟား "မေဖန်းကျက်ခင်ဗျားက ကျုပ်ကိုသတ်မယ်လို့ပြောတယ်၊ ဘယ့်နှယ်ကျုပ်ဆီမလာဘဲနှင့် ကျောက်ပုံတွေထဲလျှောက်ပြေးနေရတာလဲ"

မေဖန်းကျက်သည် ကြောက်လည်းကြောက်၊ ဒေါသလည်းအလွန်ထွက်သည်။

'ခွေးတိရိစ္ဆာန်၊ ဒါသူရဲကောင်းအလုပ်လား၊ ဘာဖြစ်လို့ တိုက်တိုက်ဆိုင်ဆိုင် ရင်မဆိုင်ဘဲနှင့် ခုလိုချောက်ချရတာလဲ'

'ကျုပ်ကိုကျုပ်သူရဲကောင်းလို့ ဘယ်တုန်းကမှ မပြောခဲ့ပါဘူးဗျာ၊ ခင်ဗျားကလှဲစားချေတာကလည်း မမှန်ကန်ပါဘူး၊ ခင်ဗျားယောကျ်ားကိုသတ်တာက ဦးလေးအိုင်ယန်ပဲဗျ။ ဖန့်ဝမ်လန်နဲ့လည်းမဆိုင်ဘူး၊ ကျုပ်နဲ့လည်းမဆိုင်ဘူး၊ ကျုပ်ကခင်ဗျားကို ဘာမှမတရားမကြံဘူး၊ ခင်ဗျားသာ ကျုပ်ကိုသတ်ဖို့ကြံတာ၊ ခုကိစ္စခင်ဗျားထိုက်နဲ့ ခင်ဗျားကံပဲ'

ရှိန်ရက်သည် ဝက်ပါအတွင်းမှ ထွက်နိုင်သည့် သော့ချက်ကိုသိထားသဖြင့် မေဖန်းကျက်တို့ ဝက်ပါထဲဝင်မိသည်နှင့် သူကလျှင်မြန်စွာပြန်ထွက်သွားသည်။

အပြင်၌ငေးကြောင်ကြောင်ရပ်နေသည့် ဖန့်ဝမ်လန်အား လျှင်မြန်စွာအကြောထိုးပစ်လိုက်ပြီးမှ ဝက်ပါမိနေသော မေဖန်းကျက်အားလှမ်း၍ ပြောနေခြင်းဖြစ်ပေတော့သည်။

ရှိန်ရက်က ခပ်အေးအေးနှုတ်ဆက်သည်။

'ကျုပ်က ဘာပရိယာယ်မှမရှိဘူး၊ ခင်ဗျားတို့လေးယောက်ဒီထဲမှာ အေးအေးဆေးဆေးသာနေခဲ့ပေတော့၊ လျှောက်ပြေးနေရင်မောပြီးသေလိမ့်မယ်။ အေးအေးဆေးဆေးထိုင်ပြီး အတွင်းအားလေ့ကျင့်မယ်ဆိုရင်တော့ ရက်သတ္တပတ်လောက်အသက်ရှင်နိုင်တယ်။ ကဲ…ရှိန်ရက်နှုတ်ဆက်ခဲ့ပါတယ်'

ရှိန်ရက်သည် ဗိုင်ချာရှန်ကျ၏ အလောင်းဆီသို့သွားကာ ဒူးထောက်ပြီး ဂါရဝပြုလိုက်၏။

အဘိုး၊ အဘိုးမှာကြားခဲ့တဲ့အတိုင်း လီထင်းရှောင်နဲ့ ချောင်ကန်း



ကို ကျွန်တော်သုတ်သင်ပြီးပါပြီ။ ကျွန်တော်သာမသေသေးဘူးဆိုရင်တော့ ညီမလေး ဘွန်ကျယ်ကြွင်းကို ကောင်းကောင်းစောင့်ရှောက်ဖို့ ရှိန်ရက်ကတိပေးပါတယ်၊ ဘာပဲဖြစ်ဖြစ် အဘိုးဟာရှိန်ရက်ရဲ့ အသက်ကိုကယ်တင်ခဲ့တာကတော့ အမှန်ပါပဲ၊ အဘိုးကိုရှိန်ရက် ဂါရဝပြုပါတယ်။

ရှိန်ရက်သည် အဘိုးအိုဗိုင်ချာရှန်ကျ၏ အလောင်းကိုမြေတွင်းတူး၍မြှုပ်နှံသင်္ဂြိုဟ်ပေးလိုက်သည်။

ထို့နောက် ဖန့်ဝမ်လန်ကိုထမ်း၍ ပင်ဝူမြို့ဘက်သို့လျှောက်သွားလေတော့သည်။ သို့သော် မြို့မရောက်မီသူတစ်ကိုယ်လုံး၌ အပူပျံ့နှံ့လာသဖြင့် ဖန့်ဝမ်လန်ကိုပင် မသယ်နိုင်တော့ဘဲ လမ်းခုလတ်ခရီးကြား၌ လူးလှိမ့်နေရတော့သည်။

ရှိန်ရက်မှာ ရှမ်ယာနမ်အတွက်လည်းစိတ်ပူ၊ ဖန့်ဝမ်လန်အတွက်လည်းစိတ်ပူ၊ သူ့အတွက်လည်းစိတ်ပူ စသည်ဖြင့် အစစအရာရာစိတ်ပူနေရသဖြင့် ရူးချင်သလိုလိုဖြစ်လာသည်။

ရှိန်ရက်သည် ပင်ဝူမြို့ကိုလှမ်းကြည့်၏။ ငါးမိုင်မျှလိုသေးကြောင်းတွေ့ရသည်။ ယခုအချိန်၌ တစ်မိုင်ခန့်ခရီးသည်ပင် သူ့အဖို့အလွန်တစ်ရာခက်ခဲသည့် ကန္တာရခရီးလမ်းဖြစ်နေသည်။ ငါးမိုင်ဆိုသည့်ခရီးမှာ တကယ့်မလွယ်ရေးချမလွယ်သော ခရီးပေတည်း။

* * * * *

ရှိန်ရက်သည် သူ့ခန္ဓာကိုယ်မှ အင်္ကျီအဝတ်အစားများကို ဆုတ်ဖြဲပစ်သည်။ မီးလောင်သူကဲ့သို့ လှိမ့်နေရင်း နောက်ဆုံး၌ဖန့်ဝမ်လန်လဲကျနေသည့်နေရာအနီး၌ပင် မေ့မျောသွားတော့၏။

ရှိန်ရက်သည် မှလောင်သောဝေဒနာသည် တဖြည်းဖြည်းနှင့် ပပျောက်သွား၏။ သူ့တစ်ကိုယ်လုံးအေးမြလာသည်ဟု ရှိန်ရက်ထင်မှတ်မိသည်။

သူသတိရလာသည်။ သူပထမဦးဆုံးသတိရသူမှာ ဖန့်ဝမ်လန်ဖြစ်၏။ ထို့ကြောင့် သူ့ဘေးသို့စမ်းသပ်ကြည့်မိသည်။ နူးညံ့အိစက်ပြီး အဝတ်အစားလုံးဝရှိဟန်မတူသော မိန်းကလေး၏ ခန္ဓာကိုယ်တစ်ခုကို စမ်းသပ်မိလိုက်သောအခါ ရှိန်ရက်မှာ မိုးကြိုးပစ်ခံလိုက်ရသကဲ့သို့ ဖြစ်သွားတော့၏။

"ငါ..ငါ ညီမလေးဖန့်ဝမ်လန်ကို ဘာများကျူးလွန်မိလိုက်ပြီလဲ မသိဘူး"

ရှိန်ရက်သည် သူ့ဘေးမှခန္ဓာကိုယ်ပိုင်ရှင်ကို မကြည့်ရဲအောင်ဖြစ်သွားတော့သည်။

"ငါ..ငါနဲ့ညီမလေး ဖန့်ဝမ်လန်ဘာတွေဖြစ်ခဲ့ပြီလဲမသိဘူး၊ ဒီတစ်ခါတော့ ငါ့မျက်နှာငါအိုးမည်းသုတ်သလိုဖြစ်ပြီနဲ့တူပါတယ်"

ရှိန်ရက်သည် ဘေးမှခန္ဓာကိုယ်ကိုမကြည့်ရဲဘဲ ပတ်ဝန်းကျင်ကို မျက်စိကစားကြည့်သည်။ အခန်းတစ်ခန်းထဲရောက်နေခြင်း၊ ခုတင်တစ်လုံးပေါ်ရောက်နေခြင်း၊ အစရှိသည်တို့ကို တွေ့ရသောအခါ ရှိန်ရက်မှာ အကြီးအကျယ် ထိတ်လန့်သွားပြန်သည်။

"ညီမလေးဖန့်ဝမ်လန်ကို ငါပဲအကြောဖိတ်လိုက်တာ၊ ညီမလေးဖန့်ဝမ်လန်အနေနဲ့ ငါ့ကိုဘယ်နည်းနဲ့မှ ဒီကိုခေါ်မလာနိုင်ဘူး၊ ငါသတိမေ့ပြီး ညီမလေးဖန့်ကို မတော်မတရားလုပ်နေတာ တစ်ယောက်ယောက်ကများမြင်ပြီး..."

ရှိန်ရက်ဆက်မတွေးတတ်တော့ပေ။ ရှိန်ရက်ထံမှ အလွန်တရာလေးလံသော သက်ပြင်းချသံကြီးထွက်ပေါ်လာသည့်အခါမှ သူ့ဘေးမှ



နူးညံ့အိစက်သော ခန္ဓာကိုယ်သည်လည်း လူးလွန့်လှုပ်ရှားလာတော့၏။

ရှိန်ရက်သည် လုံးဝမကြည့်ရဲပေ။ မကြည့်ရဲသဖြင့် မျက်စိကို စုံမှိတ်ထားလိုက်သည်။

ရှိန်ရက်၏ပါးကို နူးညံ့သောပါးတစ်ဘက်ကလာကပ်သည်။ ရှိန်ရက်စိတ်ထဲ၌ ကတုန်ကယင်ဖြစ်လာ၏။ တတ်နိုင်လျှင် သူ့တစ်ကိုယ်လုံး အမှုန့်ဖြစ်ပြီးလေထဲ၌ တစ်မှုန့်စီလွင့်သွားပစ်ချင်သည်။

"အစ်ကို...ရှိန်ရက်၊ နိုးပြီလားဟင်"

နူးညံ့သောအသံက ရှိန်ရက်နားထဲသို့ စီးဝင်လာ၏။

"ဒါ..ဒါဖန့်ဝမ်လန်အသံမှမဟုတ်ဘဲ"

ရှိန်ရက်သည် ကမန်းကတန်း မျက်လုံးဖွင့်ကြည့်လိုက်၏။ သူ့မျက်နှာတစ်ပြင်လုံးနီရဲသွားသည်။

"ဪ...မင်းကို"

သူမ မည်သူနည်း၊ သူမကား ရှိန်ရက်အား တစ်ဘက်သတ်ချစ်နေသည့် သူ့ရဲကောင်းမလေး ကျိုဝှမ်းကျွင်းပေတည်း။

ယခုအချိန်တွင်လည်း ကျိုဝှမ်းကျွင်းသည် လှပမြဲလှပနေသည်။ သူမသည် ရှိန်ရက်၏ရင်ဘတ်ပေါ်၌ ပါးကိုကပ်ကာ ရှိန်ရက်တစ်ကိုယ်လုံးကို လက်ဖြင့် သိုင်းဖက်လိုက်၏။

"အစ်ကိုရှိန်ရက် ကျွန်မကိုမုန်းသွားပြီလားဟင်၊ ဒီအဖြစ်ကိုကျွန်မ မရောက်ရောက်အောင် တမင်ဖန်တီးတာမဟုတ်ပါဘူး အစ်ကိုရယ်"

ရှိန်ရက်သည် ဘာကိုမှနားမလည်နိုင်တော့ပေ။ ဘေးမှမိန်းကလေးသည် ဖန့်ဝမ်လန်ဖြစ်မည်ဟု ထင်နေခဲ့၏။ သို့သော် တကယ်တမ်းတွေ့ရသည်မှာ ကျိုဝှမ်းကျွင်းဖြစ်နေသည်။

"အစ်ကိုရှိန်ရက် လမ်းပေါ်မှာလဲကျနေတာတွေ့ရတယ်၊ ညီမက ဒီရှန်ရွဲ့လက်ဝါးအကြောင်း ကောင်းကောင်းသိထားတဲ့လူပါ။

နောက်ဆုံးမတတ်နိုင်တဲ့အဆုံး အစ်ကို့အသက်ကိုကယ်ဖို့ ညီမရဲ့အပျိုဘဝကို အဆုံးရှုံးခံလိုက်ရပါတယ်၊ အဲဒါကို..အစ်ကိုကသာ'

ကျိုဝှမ်းကျွင်းငိုတော့သည်။

ရှိန်ရက်မှာ ယခုမှပင်ပို၍ ဒုက္ခရောက်ရတော့သည်။ မည်ကဲ့သို့ ဖြေရမှန်းလည်း မသိတော့ပေ။

အတန်ကြာမှ-

'ဖြစ်ရလေညီမလေးရေ၊ အစ်ကိုယ်သေသွားလည်း ပြီးတာပါပဲကွယ်၊ ဘာဖြစ်လို့ ညီမဘဝကို အဆုံးရှုံးခံလိုက်ရတာလဲ၊ ဘာဖြစ်လို့ စိတ်ဆင်းရဲခံလိုက်ရတာလဲ'

ကျိုဝှမ်းကျွင်းက ရှိန်ရက်ကိုဖက်၍ငို၏။

'အစ်ကိုရှိန်ရက် ဒဏ်ရာဝေဒနာခံစားနေရတာကို ဘယ်သူက ကြည့်ရက်မှာလဲ၊ ညီမအသက်ဆုံးချင်ဆုံးပါစေ၊ ညီမအသက်ထက် အစ်ကို့အသက်ကို တန်ဘိုးထားတယ်'

ရှိန်ရက်သည် ကျိုဝှမ်ကျွင်းနှင့် ကျူးကျူးလွန်လွန်ဖြစ်သွားသည့်အတွက် ရှမ်ယာနမ်ကိုစောင့်ရှောက်ရမည့်ကိစ္စ၌ ကြီးကျယ်သောအတားအဆီးကြီးဖြစ်သွားသည်ကို သိရှိလိုက်မိသည်။ သို့အတွက် စိတ်မကောင်းဖြစ်မိသည်။

သို့သော် ဤမှာဘက်လည်း သူမ၏အပျိုစင်ဘဝကို အဆုံးရှုံးခံလျှက် မိမိ၏အသက်ကို ကယ်တင်ထားသူ ဖြစ်နေမှုကား အဘယ်မှာလျှင် ပစ်ပစ်ခါခါလုပ်ရက်ပါအံ့နည်း။

ရှိန်ရက်သည် ကျိုဝှမ်းကျွင်း၏ပခုံးကိုပုတ်ကာ နှစ်သိမ့်လိုက်၏။

'သူရဲကောင်းမလေး ထပါ။ ကိုယ့်အတွက် ဒီလောက်အနစ်နာခံထားတဲ့လူကို ဘယ်ပစ်ပစ်ခါခါလုပ်ပါ့မလဲ'

ကျိုဝှမ်းကျွင်းသည် ရှိန်ရက်၏စကားကြောင့် ဝမ်းသာကျေနပ်သွား၏။



ရှိန်ရက်ကလည်းသူ၏အဝတ်အစားများကို လျှင်မြန်စွာကောက်ယူဝတ်ဆင်လိုက်၏။ သူ့အဝတ်အစားများမှာ ထူးထူးခြားခြားအသစ်များဖြစ်နေသည်။

'အစ်ကို..အစ်ကိုလဲကျနေတုန်း အဝတ်အစားတွေအားလုံးစုတ်ပြဲနေတယ်။ လုံးဝကြည့်မကောင်းတော့ဘူး၊ ဒီအဝတ်အစားအသစ်တွေက ညီမထပ်ဝယ်ထားတာပါ'

ရှိန်ရက်သည် ကျိုဝှမ်းကျွင်း၏ မေတ္တာနှင့်စေတနာကို အသိအမှတ်မပြုချင်၍ မရတော့သည့်အခြေသို့ဆိုက်နေတော့သည်။

ရှိန်ရက်သည် ရုတ်တရက်သတိရလာပြီး....

'ညီမ..လုံမလေးဖန့်တစ်ယောက်ကော'

ကျိုဝှမ်းကျွင်းက ခေါင်းညိတ်ပြကာ..-

'သူ့အတွက်မပူပါနဲ့၊ ဟိုဘက်ခန်းမှာ သူ့ကိုသိပ်ထားပါတယ်၊ အေးအေးချမ်းချမ်းပဲရှိပါတယ်'

ရှိန်ရက်သည် သက်ပြင်းတစ်ချက်ချပြီး ပိုင်ချာရွှန်ကျူနှင့် တွေ့ရသည်မှအစ မေ့လဲကျသွားသည့်အဆုံး အခြေအနေအရပ်ရပ်ကို ရှင်းလင်းပြောပြသည်။

ကျိုဝှမ်းကျွင်းက မျက်ခုံးကလေးများတွန့်ကာ စဉ်းစားနေသည်။

'ဒါ...အင်မတန်ဦးနှောက်ခြောက်စရာကောင်းတဲ့ကိစ္စပဲ၊ လုံမလေးဖန့်ကို သူတို့ဘာဆေးတွေတိုက်ထားလဲမသိဘူး၊ တိုက်ထားတဲ့ဆေးကို သိမှဖြေဆေးကိုသိမှာ'

'ဒါနဲ့ သူရဲကောင်းမလေးကို ဆရာကြီး ကြိုဆိုဖို့နဲ့လိုက်သွားဖို့ကျွန်တော်မှာလိုက်တာပဲ၊ ဘယ့်နှယ်သူရဲကောင်းမလေးက ဒီဘက်ခရီးပေါက်လာတာလဲ'

"ဟုတ်ပါတယ်၊ ပထမတုန်းကတော့ ဆရာကြီးကြို့ဆို့နဲ့ အတူတူပါပဲ၊ ဒါပေမယ့် အစ်ကိုရှိန်ရက်ကို ညီမစိတ်မချဘူး၊ ဒါနဲ့သည့်ပြင် အကြောင်းတစ်ခုပြပြီး ဆရာကြီးကြို့ဆို့နဲ့ ခွဲခွါခဲ့တယ်။ ကံကောင်းပြီး အစ်ကိုတို့နဲ့ တိုက်တိုက်ဆိုင်ဆိုင်လာတွေ့တာပဲ"

ရှိန်ရက်သည် သူ့အပေါ်၌ မိန်းကလေးအတော်များများသံယောဇဉ်ရှိနေသည်ကို ကောင်းစွာရိပ်မိသွား၏။ သို့သော်သူသည် ထိုအချက်ကိုတတ်နိုင်သမျှ မေ့ပျောက်ထားခဲ့သည်။

"ကဲ…အခုတော့ သူ့ရဲ့ကောင်းမလေးကို ကျွန်တော်တာဝန်တစ်ခုတော့ပေးချင်တယ်"

ကျို့ဝှမ်းကျှင်း၏မျက်နှာ၌ စိုးရိမ်သောအမူအရာကလေးပေါ်လာသည်။

"ဘာလဲ‥ဘာများလဲ"

"ဖန့်ဝမ်လန်ဟာ မူလစိတ်ပျောက်နေတယ်၊ သူ့ကိုကျွန်တော်သွားလေရာခေါ်မသွားနိုင်ဘူး၊ ဒီတော့သူ့ကို လူဗိုလ်တောင်ကိုပို့ထားချင်တယ်။ သူ့ရဲ့ကောင်းမလေးကသာ ဒီတာဝန်ကိုယူရင် ကျွန်တော့်အတွက် သိပ်ကောင်းမှာပဲ၊ နောက်ပြီး ဆရာကြီးကြို့ဆို့က ဗဟုသုတအင်မတန်ကြွယ်ဝတယ်၊ ဖန့်ဝမ်လန်းကို ဘယ်လိုကယ်ရမလဲဆိုတာသူသိနိုင်ပါတယ်"

ကျို့ဝှမ်းကျှင်းက စိုးရိမ်စွာပြောသည်။

"အစ်ကိုရှိန်ရက်၊ အစ်ကို့ကိုယ်ပေါ်က ဒဏ်ရာမပျောက်သေးဘူးလေ၊ ကိုယ့်မှာ ဒဏ်ရာရှိတာ မေ့နေပြီလား"

ရှိန်ရက်လန့်သွားသည်။ မေဖန်းကျက်၏စကားများကိုလည်း ပြန်လည်ကြားယောင်လာသည်။

ရှိန်ရက်မှာ ဟင်းခနဲသက်ပြင်းချလိုက်သည်။



"ကိစ္စမရှိပါဘူး သူ့ရဲ့ကောင်းမလေး၊ နောက်တစ်ကြိမ်ဒဏ်ရာပေါ်လာရင် မီးစဉ်ကြည့်ကပါ့မယ်၊ လုံမလေးဖန့်ဝမ်လန်ကိုသာ လူဗိုလ်တောင်အရောက်ပို့ပေးပါ၊ သူ့ရဲ့ကောင်းမလေးရဲ့ ကျေးဇူးကိုရှိန်ရက်ဘယ်တော့မှမမေ့ပါဘူး"

ကျို့ဝှမ်းကျှင်းသည် ရှိန်ရက်က သူ့အားပစ်ပယ်လေပြီလားဟူသောအကြည့်များဖြင့် ကြည့်လေသည်။

"အစ်ကိုရှိန်ရက်ရဲ့စကားကို ညီမဘယ်တော့မှမဖယ်ရှားနိုင်ပါဘူး၊ အစ်ကိုကသွားဆိုရင် ညီမသွားပေးပါ့မယ်"

စကားဆုံးသည်နှင့် ကျို့ဝှမ်းကျှင်း၏မျက်ဝန်းအစုံမှ မျက်ရည်များစီးကျလာ၏။

ရှိန်ရက်စိတ်မကောင်းဖြစ်ရပြန်သည်၊ ထို့ကြောင့် သူ့စိတ်ထဲ၌ရှိသည့်အတိုင်း ရိုးသားစွာပြောရင်း ကျို့ဝှမ်းကျှင်းအားနှစ်သိမ့်မှုပေးလိုက်၏။

"သူ့ရဲ့ကောင်းမလေး၊ ဘာမှစိတ်မပူပါနဲ့၊ ရှိန်ရက်အနေနဲ့ မိန်းကလေးတစ်ယောက်ယောက်ကိုလက်ထပ်တော့မယ်ဆိုရင် အဲဒီမိန်းကလေးဟာ သူ့ရဲ့ကောင်းမလေးပဲဖြစ်စေရပါမယ်"

ကျို့ဝှမ်းကျှင်းမှာ အလွန်တရာဝမ်းမြောက်သွားသည်။ ရှိန်ရက်၏ကတိစကားသည် အလွန်တရာတန်ဘိုးရှိလှသည် မဟုတ်ပါလား။

"ညီမကလည်း အစ်ကိုရှိန်ရက်ကလွဲရင် ဘယ်သူ့ကိုမှမယူပါဘူး၊ အစ်ကို့ကိုပဲ ညီမချစ်တယ်"

ရှိန်ရက်သည် ကျို့ဝှမ်းကျှင်းအား နှစ်သိမ့်မှုပေးပြီးနောက် အစားအသောက်များ မှာယူစားသောက်ကြသည်။

စားသောက်ပြီးသောအခါ မြင်းလှည်းတစ်စီးငှါးပြီး ကျို့ဝှမ်းကျှင်း

နှင့် ဖန့်ဝမ်လန်တို့ခရီးထွက်နိုင်ရန် စီစဉ်ပေးသည်။ သူကမူ ချင်းဟိုင်ဒေသသို့ ခရီးထွက်ရမည် မဟုတ်ပါလား။

* * * * *

## ထိုးဖောက်ဝင်ရောက်လာသူ

ချင်းဟိုင်ဒေသ။

မြေပြန့်အလယ်ပိုင်းနှင့် အလွန်ဝေးကွာလှသော ဒေသကားချင်းဟိုင်ဒေသဖြစ်၏။

ဤဒေသ၌ သိုး၊ နွား၊ ဆိတ် စသည်တို့မွေးမြူ၍ အသက်မွေးဝမ်းကျောင်းကြကြောင်း အားလုံးသိခဲ့ကြပြီ။

ယနေ့တွင်မူ သိုးကျောင်းသူမရှိ၊ နွားကျောင်းသူမရှိ၊ ဆိတ်ကျောင်းသူမရှိ၊ တိရစ္ဆာန်အသီးသီးကို တင်းကုပ်အသီးသီး၊ ခြံအသီးသီး၌ ချည်နှောင်ထည့်လှောင်ပြီးကြပြီ။

အဘယ့်ကြောင့် ချင်းဟိုင်ဒေသသားများ ဤသို့အလုပ်ငြိမ်းကုန်သနည်း။ အကြောင်းရှိပေသည်။ ဤနေ့ဤရက်၌ ကျုရှင်ပါကူဘုရားကျောင်း၌ မနုဿယဇ်ပူဇော်ပွဲရှိသောကြောင့်တည်း။

သူတို့သည် ထိုဘုရားကျောင်း၌ တစ်နှစ်တစ်ခါယဇ်ပူဇော်လေ့ရှိသည်။ ယခင့်ယခင်နှစ်များက တိရစ္ဆာန်များဖြင့် ယဇ်ပူဇော်ခဲ့သည်။

ချင်းဟိုင်နယ်သားများ ကိုးကွယ်သည့်နတ်မင်းကြီးအား ယဇ်ပူဇော်ခြင်းဖြင့် ချင်းဟိုင်ဒေသ၌ သစ်သီးဝလံပေါများခြင်း၊ သားကောင်ပေါများခြင်း၊ အကျိုးစီးပွားဖြစ်ထွန်းခြင်းစသည့် အကျိုးကျေး[illegible]



ထိုယဇ်ပူဇော်ပွဲသို့ ချင်းဟိုင်နယ်သားတိုင်း တက်ရောက်နိုင်သည်လည်းမဟုတ်ပေ။ သူတို့နယ်သားများထဲမှ ရွေးချယ်တင်မြှောက်ထားသူများသာ ဘုရားကျောင်းအတွင်းဝင်နိုင်ခွင့်ရှိသည်။

နယ်သားများအနေဖြင့်မူ ဘုရားကျောင်းကို ကျောင်းဝင်းအပြင်မှ ဝတ်ပြုပြီး ကိုယ့်အိမ်ကိုပြန်ရသည်။

ဤသို့ဖြစ်ရခြင်းမှာ ကျုရှင်ပါကူဘုရားကျောင်းသည် ချင်းဟိုင်ဒေသရှိ ဘုရားကျောင်းအားလုံး၏ ဗဟိုချက်ဖြစ်ရုံမျှမက ဂိုဏ်းချုပ်ဆရာသခင်မှာ ချင်းဟိုင်ဒေသ၌သိုင်းပညာအတတ်ကျွမ်းဆုံး၊ အမြင့်မြတ်ဆုံး သောသက်တော်ရှည် ဆရာကြီးဖြစ်နေခြင်းကြောင့်ပင်တည်း။

ဘုရားကျောင်းထဲသို့ အတွဲလိုက်၊ အတွဲလိုက်လူများ သွားနေကြသော်လည်း ဆူဆူညံညံတော့မရှိပေ။

လူတွဲများသည် တစ်စုံတစ်ခုကို ကြိတ်၍ပြောဆိုသွားကြ၏။ သူတို့ပြောဆိုသွားသည့် စကားများထဲ၌ ယခုနှစ်တွင် ထူးထူးခြားခြား မနုဿသားကောင်ဖြင့် ယဇ်ပူဇော်မည်ဆိုသည့်အကြောင်းပေတည်း။

ယခင်က မနုဿသားကောင်ဖြင့် ယဇ်ပူဇော်သည့်ဓလေ့ထုံးတမ်း မရှိမဟုတ်ပေ။ ရှိခဲ့ပေသည်။

သို့သော်နှစ်ပေါင်းများစွာကြာမှ တစ်ခါတစ်လေသာ ပူဇော်သည့်အလေ့အထရှိသည်။ ယခုမနုဿသားကောင် ယဇ်ပူဇော်သောအချိန်အခါနှင့် ကြုံကြိုက်ရခြင်းမှာ သူတို့အဖို့ [illegible]ထူး၍ကြုံကြိုက်ရခြင်းဖြစ်သည်ဟု မှတ်ယူပေသည်။

ထို့ပြင် သူတို့အဖို့ အဆန်းတစ်ကြယ်ဖြစ်ရခြင်းမှာ ယခုကျောင်းတော်၌ရရှိထားသည့် မနုဿသားကောင်သည် မြေပြန့်သိုင်းလောကမှ ကျောင်းတော်အားလာရောက်စော်ကားသူဖြစ်နေခြင်းပေတည်း။

ထိုလူအုပ်ထဲ၌ မျက်ခုံးထူထူ၊ အသားညိုညိုလူငယ်တစ်ဦးလည်း ရောနှောပါလာသည်။

သူသည် အခြားသူများကဲ့သို့ ခေါင်းစွပ်တစ်ပါတည်းပါရှိသော ဝတ်ရုံရှည်ကြီးကို ဝတ်ဆင်ထား၏။ ဦးခေါင်းကိုငုံ၍ လူအုပ်ထဲရောနှောလာရာ မည်သူကမျှ ထိုလူငယ်အား ထူးထူးခြားခြားသတိမပြုမိကြပေ။

ထိုလူငယ်ကား ရှိန်ရက်ပင်တည်း။

သူ့အားအခြားလူများ ထူးထူးခြားခြားသတိပြုမိခြင်းမရှိစေရန် ချင်းဟိုင်နယ်သားများကဲ့သို့ ရုပ်ဖျက်ဝတ်ဆင်လာခြင်းဖြစ်ပေသည်။ သူစုံစမ်းသိရှိရသလောက် ရှင်းလျှိုတုမ့်သည် ဘုရားကျောင်း၌ နည်းပြများအဆင့်ရှိသည်ဟု သိခဲ့ရသည်။ အဝေါ်အဆင့်မြင့်သူဖြစ်ကြောင်း သိရသည်။

သူသည် မနုဿသားကောင်ကို ယမ်ပူဇော်မည့်သတင်းကိုတော့ ကြားသည်။ သို့သော် ထိုမနုဿသားကောင်သည် ရှမ်ယာနမ်ဖြစ်လိမ့်မည်ဟုတော့ မသင်မိပေ။

ရှိန်ရက်သည် ကံအားလျော်စွာပင် ရှမ်ယာနမ်တည်းခိုခဲ့သည့်အိမ်ကိုတွေ့ခဲ့ရ၏။ ဤသို့တွေ့ရခြင်းမှာ ရှမ်ယာနမ်၏အဝတ်ရှည်ကြီးကို မြင်တွေ့ခဲ့ရသောကြောင့်တည်း။

သူသည် မြင်းအဝတ်ရှည်ကြီးကို အိမ်ရှင်များသေဆောင်ဝင်ရောက်နိုးယူပြီး လွတ်လပ်သောနေရာ၌ လွှတ်ပေးထားခဲ့သည်။ မြင်းကြီး၏ သခင်နံ့ကိုသိသည့်အရည်အချင်းကို ယုံကြည်မိသောကြောင့်ဖြစ်လေသည်။

* * * * *

ဘုရားကျောင်းရှေ့သို့ရောက်သောအခါ ရှိန်ရက်သည် မသိမသာ နောက်ချန်၍ဝင်၏။ ထွက်လမ်းဝင်လမ်းများကို မှတ်သား၏။



ကြီးကျယ်သောဘုရားကျောင်းကြီးကိုမြင်ရသည့်အခါ ဤဘုရားကျောင်းထဲ၌ ထိပ်သီးသိုင်းသမားခြောက်မြားစွာရှိရမည်ဖြစ်ကြောင်း ရှိန်ရက်တွက်ဆနိုင်လိုက်သည်။

"ငါ..ဒီအထဲကိုဝင်ရင် လက်စားချေဖို့ဆောင်ရွက်လို့မဖြစ်ဘူး၊ ရှမ်ယာနမ်ကိုပဲကယ်ရမယ်။ ဒါတောင်ငါ့ဒဏ်ရာကြောင့် ကယ်မှကယ်နိုင်ပါ့မလား"

ရှိန်ရက်သည် ဘုရားကျောင်းထဲမဝင်မီ တွေးတောနေခဲ့၏။ သူသည်သုံးရက်တစ်ကြိမ် အမျိုးသမီးတစ်ဦးဦးနှင့် ချစ်တင်းနှီးနှောရမည်ကို နှီးနှောခြင်းမပြုမိ။ သူ့အတွင်းအားဖြင့် ထိန်းချုပ်ခဲ့သည်။ ထို့ကြောင့် ကိုးရက်အတွင်း သွေးသုံးကြိမ်အန်ခဲ့ပြီးပေပြီ။ အင်အားလည်းအတော်ယုတ်လျော့နေခဲ့ပြီးလေပြီ။ စိတ်ဆောင်နေ၍သာ ဤဘုရားကျောင်းသို့အရောက်လာနိုင်ခြင်းဖြစ်ပေ၏။

ဆရာကြီး ဝှမ်းဂူမသေမီက သမီးဖြစ်သူ ရှမ်ယာနမ်ကို သူ့ထံ၌ အပ်နှံခဲ့၏။ သူကလည်း ရှမ်ယာနမ်ကို စောင့်ရှောက်ပါမည်ဟု ကတိခံခဲ့၏။ ထိုကတိကြောင့်လည်းကောင်း၊ ရှမ်ယာနမ်ကသူ့အား အကြိမ်ကြိမ်ကယ်တင်ခဲ့သည့် ကျေးဇူးကြောင့်လည်းကောင်း၊ ရှမ်ယာနမ်အား မရအရကယ်တင်ရန် ရှိန်ရက်ဤသို့ အရောက်လာခဲ့ရခြင်းဖြစ်ပေသည်။

ရှိန်ရက်သည် ချန်ခွဲလက်ငါးဆက် ... သူ့အားဖြတ်သေဆုံးနိုင်မည့်အချိန်ကို ခန့်မှန်းကြည့်သည်။ ... ဆယ့်ငါးရက်လောက်အထိ တော့ခံနိုင်ဦးမည်ဟု သူယူဆသည်

သူမသေမီအတောအတွင်း ရှမ်ယာနမ်အား ဖြစ်သည့်နည်းနှင့် ကယ်တင်မည်ဟု သူပိုင်းဖြတ်ထားပေသည်။

မကြာမီ ရှိန်ရက်သည် လူအုပ်ကြီးနှင့်အတူ ဘုရားကျောင်းထဲသို့

ရောနှောလိုက်ပါသွား၏။ ဘုရားကျောင်း၏တံခါးပေါက်ကြီးများအားလုံး၊ ပြတင်းပေါက်အားလုံး ဖွင့်ထားကြောင်း တွေ့ရသောအခါ ရှိန်ရက်လွန်စွာစိတ်သက်သာရ ရသွားသည်။

ခန်းမကြီးထဲသို့ တစ်ဖြည်းဖြည်းဝင်လာကြရာ ခန်းမ၏ထိပ်ဘက်နေရာမှတစ်ပါး ကျန်နေရာအားလုံး ဝတ်ပြုသူများဖြင့် ပြည့်သွားတော့၏။

ရှိန်ရက်သည် ရှည်လျားကျယ်ဝန်းသော ခန်းမကျယ်ကြီးကိုကြည့်ပြီး အကဲခတ်၏။ ခန်းမကြီး၏ ထိပ်နှစ်ဘက်၌ နတ်ရုပ်ကြီးတစ်ရုပ်ရှိနေ၏။ ပုံစံအနေအထားဆန်းကြယ်သည်နှင့်အမျှ တစ်ကိုယ်လုံးဝိန်းပိတ်အောင်ရွှေချထားသဖြင့် နတ်ရုပ်ကြီးသည် တပြောင်ပြောင်တဝင်းဝင်းဖြစ်နေသည်။

ဆယ်ပေခန့်မြင့်သောအရုပ်ကြီးဖြစ်၍ ခန်းမကြီးနှင့်မှု အလွန်တရာလိုက်ဖက်ပေသည်။

ထိုနတ်ရုပ်ကြီး၏ ဆယ်ဝိုက်အကွာအတွင်း မည်သည့်ဝတ်ပြုသူမျှဝင်ခွင့်မရပေ။ နတ်ရုပ်ကြီးအနီး၌ရှိနေသူများမှာ ဝတ်ရုံရှည်ကြီးများဝတ်ဆင်ထားသည့် ဘုရားကျောင်းနေသိုင်းသမားများသာဖြစ်ပေသည်။

ထိုအချိန်မှာပင် ဝတ်ကျောင်းမျှော်စင်မှတီးခတ်လိုက်သည့် ခေါင်းလောင်းသံသုံးချက်ပေါ်လာ၏။ ထိုခေါင်းလောင်းသံသုံးချက်ကြောင့် တီးတိုးတီးတိုးပြောနေကြသည့် အသံများသည်လည်း လုံးဝတိတ်ဆိတ်ငြိမ်သက်သွားသည်။

ထိုစဉ် ဝတ်ရုံဖြူဝတ်ဆင်ထားသူများသည် အမွှေးနံ့သာတုံးကြီးများကိုသယ်ဆောင်လာပြီး နတ်ရုပ်ကြီးရှေ့၌ တစ်တုံးပြီးတစ်တုံးချကြတော့သည်။

အမွှေးတုံးများအစုအပုံကြီးဖြစ်လာသည့်အခါ အထူးပြုလုပ်ထား



သည့်မီးစာဖြင့် မီးမွှေးလိုက်၏။ ထိုအခါ မီးခိုးများအူတက်လာပြီး အမွှေးနံ့များ ကြိုင်လှိုင်လာတော့သည်။

ထိုမီးခိုးငွေ့များကြားမှမြင်နေရသည့် နတ်ရုပ်ကြီးမှာ အသက်ဝင်လာသလိုထင်မှတ်လာရ၏။ ဝတ်ပြုလာသူအားလုံး ကြမ်းပြင်နှင့်နဖူးကိုကပ်ကာဦးတိုက် ရှိခိုးကြတော့သည်။

ထိုသို့ရှိခိုးပြီးစီးသောအချိန်၌ ဝတ်ရုံဖြူပုဂ္ဂိုလ်တစ်ဦးက တောင်ဝှေးကိုကြမ်းပြင်သို့ ပြင်းထန်စွာဆောင့်ချပြီး တစ်စုံတစ်ခုကိုအော်လိုက်သည်။

ရှိန်ရက်မှာ ဘာများဖြစ်လာဦးမည်နည်းဟု စိုးရိမ်တကြီးစောင့်ကြည့်နေမိသည်။

သူ့နောက်ဘက်မှ တစ်တန်းပြီးတစ်တန်းထွက်သွားကြရာ နောက်ဆုံး၌ ခန်းမတစ်ဝက်ခန့်သာ ဝတ်ပြုသူကျန်ရှိတော့သည်။ ရှိန်ရက် ဟင်းခနဲ သက်ပြင်းချမိသည်။ ဤသည်မှာ သူ့အတွက်အခွင့်ကောင်းပင်တည်း။

ခန်းမတစ်ခုလုံးလှပြည့်နေပါက ရှမ်ယာနမ်အား ကယ်တင်ရာ၌ ထွက်လမ်းဝင်လမ်းများ ပိတ်ဆို့ကုန်ပြီး ဒုက္ခရောက်မည်ကို သူစိုးရိမ်သည်။

ကြည့်ရသည်မှာ ခန်းမကြီး၏ ရှေ့ဘက်၌နေရာယူထားကြသည့် ဝတ်ပြုသူများသည် မိသားစုခေါင်းဆောင်များ ဖြစ်ဟန်ရှိသည်။ ရှိန်ရက်သည် မသိမသာရှေ့တိုးနေခဲ့မိသည်။ သူကိုယ်သူပင် ပြန်လည်ကျေးဇူးတင်နေရသည်။ အကယ်၍သူသာ ခန်းမနောက်ဘက်၌ နေရာယူခဲ့မိပါက ထွက်သွားသူများနှင့်အတူ ရောနှောပါသွားရမည်သာဖြစ်သည်။

မကြာမီ ရုပ်တုကြီး၏အနောက်ဘက်နံရံမှ တံခါးတစ်ချပ်ပွင့်သွားပြီး ဝတ်ရုံရှည်ဝတ်ဆင်ထားသူရှစ်ဦးတန်းစီပြီး ထွက်လာ၏။ ဝတ်ရုံ

ဖြူများဝတ်ဆင်ထားပြီး နံကြီးများသီမှုတ်လာကြသည်။

သူတို့နောက်ဘက်မှ အညိုရောင်ဝတ်ရုံရှည်ကြီးများ ဝတ်ဆင်ထားသူရှစ်ဦးထွက်လာပြန်၏။ သူတို့ရှစ်ဦးမှာ အလဲ့ရှစ်ခုကိုင်ဆောင်ထား၏။

နောက်ထပ်ရှစ်ဦးထွက်လာရာ အနီရောင်ဝတ်ရုံရှည်ကြီးများဝတ်ဆင်ထား၏။

ထို့နောက် ခရမ်းရောင်ဝတ်ရုံရှည် ဝတ်ဆင်ထားသူရှစ်ဦးထွက်လာပြီး နတ်ရုပ်ကြီးအား၌ တစ်ဘက်တစ်ချက်စီ စီတန်းရပ်နေကြတော့သည်။

ထူးခြားသောအခမ်းအနားအစီအစဉ်သည် နှစ်စဉ်နှစ်တိုင်းယခ်မှု ဖော်ပွဲတက်ခဲ့ကြသည့် ချင်းဟိုင်နယ်သားများကိုပင် ချောက်ချားစေသည်။

ရှိန်ရက်မှာမူ ရှမ်ယာနမ်မည်သည့်နေရာက ထွက်ပေါ်လာမည်ကို သာ စောင့်ကြည့်နေ၏။ သူလက်ဖဝါးများ၌ ချွေးစေများထွက်လာသည်။

သူသည် နတ်ရုပ်နောက်ဘက်မှ တံခါးကို မသိမသာ အကဲခတ်နေသည်။ အကယ်၍ရှမ်ယာနမ်ထွက်လာလျှင် ထိုတံခါးပေါက်မှပင် ထွက်လာရမည်ဟု သူတွက်ထားသောကြောင့်ဖြစ်သည်။

ထိုစဉ်မည်းနက်သောဆံပင်ကိုဖားလျားချထားပြီး ရွှေရောင်ဝတ်ရုံရှည်ကြီးဝတ်ဆင်ထားသည့် အမျိုးသမီးတစ်ဦးသည် ထိုတံခါးမှထွက်လာပေ၏။

“ရွှေဝတ်ရုံအခမ်းအနားမှူးလာပြီ”

ဝတ်ရုံဖြူပုဂ္ဂိုလ်တစ်ဦး၏ ကြေငြာသံထွက်ပေါ်လာပြီးနောက် ခန်းမထဲရှိလူအားလုံး နဖူးနှင့်ကြမ်းပြင်ထိကြပြန်သည်။



ထိုအမျိုးသမီးအား ရှမ်ယာနမ်များဖြစ်လေမလားဟု တိတ်တခိုး အကဲခတ်နေသည့် ရှိန်ရက်သည် ဝတ်ရုံဖြူများသတိမပြုခင် ကမျာ ကယာအခြားသူများနည်းတူ နဖူးနှင့်ကြမ်းပြင်ထိကပ်လိုက်ရပေသတည်း။

* * * * *

အခြားလူများ ဦးခေါင်းပြန်မော့လာချိန်၌ ရှိန်ရက်လည်း ဦးခေါင်းပြန်မော့လိုက်သည်။ ထိုအချိန်မှာပင် ရွှေဝတ်ရုံအခမ်းအနားမှူး၏နောက်မှ တန်းစီ၍လိုက်လာသည့် ခရမ်းရောင်ဝတ်ရုံရှည်ပုဂ္ဂိုလ်လေးဦးတို့ တွေ့လိုက်ရပြန်သည်။

“အင်း...ဒီလေးယောက်ဟာ ဒီဘုရားကျောင်းမှာ အတော်အဆင့် မြင့်တဲ့ပုဂ္ဂိုလ်တွေပဲဖြစ်ရမယ်”

ရှိန်ရက်၏စိတ်ထဲ၌ ထိုသို့မှတ်ချက်ချပြီးနောက် အသေအချာ ကြည့်လိုက်မိရာ ရင်းလျှိုတုဖူးသည့် ထိုအထဲတွင်ပါဝင်နေသည်ကို ရုတ်တရက်သိရှိလိုက်ရသည်။

ထိုအခါ ရှိန်ရက်၏ သွေးများရုတ်တရက် ဆူကြွလာတော့သည်။ ဖူးကွမ်းဘုရားကျောင်း ပျက်သိမ်းခဲ့ရသောကိစ္စ၊ ဆရာကြီးဝုမ်းဂူသေဆုံးရသောကိစ္စများ၊ ရှမ်ယာနမ်ပျောက်ဆုံးသည့်ကိစ္စများသည် သူ့မျက်စိထဲ၌ တစ်ရိပ်ရိပ်ပြန်ပေါ်လာလေသည်။

ရှိန်ရက်၏ အမုန်းမီးလျှံများ ဘုရားကျောင်းအား မလောင်ကျွမ်းမီ အလွန်တရာထွားကျိုင်းပြီး အသားအရေမည်းချိတ်နေသည့်လူထွားကြီး တစ်ဦးသည် လွန်စွာထူးဆန်းလှသော မိန်းမပျိုတစ်ဦးကိုမွေ့ချီလာလေ၏။

သူမအား နတ်ရုပ်ကြီးနှင့် မနီးမဝေးရှိ တိုင်တစ်တိုင်တွင် လက်ဝါး

ကပ်တိုင်ကပ်ထားသည့်ပမာ ကြိုးနှင့်တွဲချည်ချိတ်ထားလိုက်၏။

ထိုမိန်းကလေးကား တစ်ကိုယ်လုံးရွှေရောင်ဆေးတစ်မျိုးကို သုတ်လိမ်းခံထားရပြီး ကိုယ်လုံးတီးဖြစ်နေရှာသည့် ရှမ်ယာနမ်ပေတည်း။

သူမတစ်ကိုယ်လုံး၌ အဝတ်ဟူ၍ တစ်ထွာတစ်မိုက်မျှပင်မရှိချေ။ သို့...တ် ရွှေရောင်ဆေးတစ်မျိုးက သူမအတွက် တစ်နည်းတစ်ဖုံစိတ်သက်သာရာရစေနိုင်သည့်အကာအကွယ်တစ်မျိုးဖြစ်နေပေသေးသည်။

ရှိန်ရက်သည် ရှမ်ယာနမ်မှန်းသိလိုက်သည်နှင့် ဒူးထောက်ထိုင်နေရာမှ ချက်ချင်းကြွလာမိသည်။

"ဘယ်လိုလူလဲ၊ ဒီလောက်အရေးကြီးတဲ့အချိန်မှာ ဘာဖြစ်လို့ဂနာမငြိမ်ဖြစ်နေရတာလဲ၊ ဘုရားကျောင်းထဲကနေဆွဲထုတ်ခံချင်တာလား"

ရှိန်ရက်နောက်မှ ဝတ်ပြုသူတစ်ဦးက ရှိန်ရက်အားတီးတိုးကြိမ်းမောင်းလိုက်သည်။

ရှိန်ရက်မှာ ချက်ချင်းပင်ကျုံ့ကျုံ့ယုံ့ယုံ့ ပြန်ထိုင်လိုက်မိသည်၊ ဤလူကိုပင် ရှိန်ရက်ကျေးဇူးတင်ရပေသေးသည်။

အကယ်၍သူသာ သတိကိုမထိန်းချုပ်နိုင်ဘဲ အရေးကြီးသောနေရာထဲဝင်သွားမိပါက ရှမ်ယာနမ်ကို မကယ်တင်နိုင်မီ အကြီးအကျယ်ပြဿနာတက်မည်မှာ သေချာနေပေသည်။

ရှိန်ရက်သည် ရှမ်ယာနမ်၏အခြေအနေကို အကဲခတ်လိုက်သည်။ သူမသည် အကြောပိတ်ခံထားရကြောင်း ရိပ်မိလိုက်သည်။

ရှမ်ယာနမ်၏လှပသော ကိုယ်လုံးကိုယ်ထည်အားလုံးမြင်တွေ့နေကြသော်လည်း မည်သူကမျှ တဏှာရမ္မက်စိတ်မပေါ်ဘဲရှိနေသည်။

ရှိန်ရက်မှာ ရှမ်ယာနမ်အား မည်သို့ကယ်တင်ရမည်ကို အတွေးလွန်နေသဖြင့် ရှမ်ယာနမ်၏အလှအပကိုတွေ့လျှက် မမြင်သယောင် မတွေ့သယောင်ဖြစ်နေသည်။



ချင်းဟိုင်နယ်သား ဝတ်ပြုသူများမှာမူ သူတို့နတ်ဘုရားယာဇ်ကောင်ဖြစ်နေသဖြင့် မည်သို့မှတဏှာရမ္မက်စိတ်မပေါ်ငုံကြပေ။

ရှိန်ရက်ငေးနေခိုက် ဝတ်ပြုသူအားလုံးကြမ်းပြင်နှင့်နဖူး ဦးခိုက်နေကြသည်ကို မြင်လိုက်ရသဖြင့် ရှိန်ရက်မှာ ကမန်းကတန်းပင် ထိုသူများနည်းတူ ပြုကျင့်ရပြန်သည်။

အတယ့်ကြောင့် ဤသို့ထပ်မံဝတ်ပြုကြသည်ကို မသိမသာအကဲခတ်လိုက်သည့်အခါ ထိုတံခါးကြီးမှပင် လူလေးဦးထမ်းလာသည့်ဝေါယာဉ်နှင့် ဝေါယာဉ်ပေါ်မှ မျက်ခုံးဖြူဖြူ မုတ်ဆိတ်ဖြူဖြူအဘိုးကြီးတစ်ဦးကို တွေ့လိုက်ရပြန်၏။

ရှိန်ရက်သည် ထိုအဘိုးကြီးကိုမသိပေ။ ဘေးမှလူများကိုမေးမြန်းရန်လည်း မဖြစ်နိုင်သဖြင့် ထိုအဘိုးအိုသည် မည်သူဖြစ်မည်ကိုသူ့ဘာသာအကြိတ်အနယ်စဉ်းစားတွေးတောနေရတော့သည်။

ဘုရားကျောင်းရဲ့ ဆရာသခင်ဂိုဏ်းချုပ်ကြီး ဟိုဖူကြွရောက်လာပြီ ချင်းကျောင်းရဲ့ ဆရာသခင်ဂိုဏ်းချုပ်ကြီး ဟိုဖူကြွရောက်လာပြီ။ ဘုရားကျောင်းရဲ့ ဆရာသခင်ဂိုဏ်းချုပ်ကြီး ဟိုဖူကြွရောက်လာပြီ။

သုံးကြိမ်သုံးခါ အော်ဟစ်ကြော်ငြာသည်ကို ကြားလိုက်သည့်အခါမှ ထိုပုဂ္ဂိုလ်၏ဇာတိဇာတ်မြစ်ကို သိလိုက်ရလေတော့၏။

"ဩော်...ဒီမှာ ရင်းလျှိုတုဖူးထက်ကြီးမြင့်တဲ့ ပုဂ္ဂိုလ်ရှိနေပါသေးသလား၊ သူ့မျက်လုံးတွေအရောင်တောက်နေပုံထောက်ရင် သူ့အတွင်းအားပညာဟာ တကယ်ထိပ်တန်းရောက်နေတာ သေချာနေပြီ"

ရှိန်ရက်သည် ချင်းဟိုင်နယ်မြေအကြောင်း သေချာကနစွာမသိရှိခဲ့ပေ။ သူ့စိတ်ထဲ၌ ရင်းလျှိုတုဖူးသည် ချင်းဟိုင်နယ်မြေ၏တစ်ဦးတည်းသော သူရဲကောင်းဖြစ်မည်ဟု မျှော်လင့်ထား၏။

ချင်းဟိုင်နယ်မြေကို ရောက်လာခဲ့သည့်အတွက်လည်း ရင်းလျှို

တဲ့ဖူး၏အမည်ကိုသာ အထပ်ထပ်ကြားခဲ့ရသဖြင့် ရှိန်ရက်၏စိတ်ထဲ၌ ရင်းလျှို့တဲ့ဖူးအထက်၌ရှိမည့် အခြားပုဂ္ဂိုလ်တစ်ဦးအကြောင်းကို လုံးဝ မတွေးမိခဲ့ပေ။

ကျူရှင်ပါကူ ဘုရားကျောင်း၏ ဂိုဏ်းချုပ်ကြီးဟိုဖူသည် နတ်ရုပ်ကြီးနှင့်မနီးမဝေး အချက်အချာကျသည့်နေရာ၌ရပ်ပြီး သူ၏လက်နှစ်ဘက်ကိုဆန့်တန်းကာ ကောင်းကင်သို့မော့ကြည့်၏။ ကောင်းကင်မှ နတ်ဘုရားအား ကိုင်တည်ဖူးမြှော်နေသည့်ပုံသဏ္ဌာန်ပေတည်း။

ထိုအခါ ဝတ်ရုံဖြူ၊ ဝတ်ရုံညို၊ ဝတ်ရုံနီ၊ ခရမ်းရောင်ဝတ်ရုံအစရှိသည့်အဆင့်မြင့်ပုဂ္ဂိုလ်အား အားလုံးကဒူးထောက်ထိုင်ချပြီး ဂိုဏ်းချုပ်ကြီးဟိုဖူအား ဦးညွှတ်ဂါရဝပြုလေတော့သည်။ ချင်းဟိုင်ဒေသ၏ အရှင်သခင်ကား ဤအဘိုးကြီး ဟိုဖူပေတကား။

* * * * *

ကျူရှင်ပါကူဘုရားကျောင်းကြီးတစ်ခုလုံး နာရီဝက်ခန့် လုံးဝတိတ်ဆိတ်သွား၏။ ချင်းဟိုင်နယ်သားများအတွက် ထိုအချိန်သည် ကြာမြင့်လှမည်မဟုတ်သော်လည်း အခွင့်အရေးကိုချောင်းနေသည့် ရှိန်ရက်အဖို့ မူ ကမ္ဘာတစ်သိန်းလောက်ကြာမြင့်သည်ဟု ထင်ရပေသည်။

"ဖျောင်း...ဖျောင်း...ဖျောင်း"

နာရီဝက်ခန့်ကြာပြီးသောအခါ လက်ခုပ်သံသုံးချက်ထွက်ပေါ်လာသည်။

ဂိုဏ်းချုပ်ကြီးဟိုဖူတီးလိုက်သည့် လက်ခုပ်သံပေတည်း။

ထိုအခါ ကျူမှ ဘုရားကျောင်းအတွင်း ဒူးထောက်ထိုင်နေသူအားလုံး မော့ကြည့်ကြသည်။ ဝတ်ရုံရောင်စုံဝတ်ဆင်သည့်ပုဂ္ဂိုလ်များလည်း



ဂိုဏ်းချုပ်ကြီးဟိုဖူ၏ ဘေးတစ်ဘက်တစ်ချက်၌သွား၍ တန်းစီရပ်ကြသည်။

"ထက်ကောင်းကင်က ကျုပ်တို့ရဲ့ နတ်ဒေဝတာက ကျုပ်တို့ကို ကြည့်ရှုနေပြီ၊ ကောင်းချီးပေးနေပြီ။ ဒီနှစ်တစ်နှစ်လုံး ချင်းဟိုင်ဒေသမှာ သစ်သီးဝလံပေါဖို့၊ မြစ်သစ်ပင်တွေရှင်သန်ဖို့၊ တိရိစ္ဆာန်တွေတိုးပွားဖို့၊ ဂရုဏာတော်ပေးသနားနေပြီ။ ဒီလိုအချိန်မျိုးမှာ ကျုပ်တို့ရဲ့ထူးခြားတဲ့ယဇ်ကောင်ကို ယဇ်မပူဇော်ရင် ဘယ်လိုအချိန်မျိုးမှာ ပူဇော်မှာလဲ"

ဂိုဏ်းချုပ်ကြီးဟိုဖူ၏အသံသည် အေးစက်စက်ဖြင့် လူတိုင်း၏နှလုံးသားထဲသို့ တိုးဖောက်ဝင်ရောက်သွား၏။

"ပူဇော်မယ်"

"ပူဇော်မယ်"

"ထူးခြားတဲ့ ယဇ်ကောင်နဲ့ပူဇော်မယ်"

သံပြိုင်ဟစ်ကြွေးလိုက်သည့်အသံများသည် ဘုရားကျောင်းခေါင်မိုးကြီးပွင့်ထွက်သွားပြီလား ထင်မှတ်ရပေသည်။

"တိတ်ကြ"

ဂိုဏ်းချုပ်ကြီးဟိုဖူ၏ အေးစိမ့်စိမ့်အသံသည် ကျယ်လောင်ခြင်းမရှိလှသော်လည်း တခဲနက်ထွက်ပေါ်လာသည့်အသံများကို တဒင်္ဂအတွင်း လွှမ်းခြုံပြီးအသံဗလံဟူသမျှကို ငြိမ်သက်တိတ်ဆိတ်သွားစေပေသည်။

"ဘုရားရေ...ဒီအဘိုးကြီးရဲ့ အတွင်းအားကောင်းလှချည်လား၊ ဒီလိုသာမန်အသံကလေးနဲ့ ပြောရုံနဲ့တစ်ခန်းလုံးကအသံတွေကို လွှမ်းမိုးစေနိုင်ပါလား"

ရှိန်ရက်သည် အထိတ်တလန့်ရေရွတ်မိ၏။ နှုတ်ဖျားက ရေရွတ်ခြင်းတော့မဟုတ်ပါ။ စိတ်ထဲကရေရွတ်ခြင်းသာဖြစ်ပါသည်။

ထိုခဏအတွင်းမှာပင် ရွှေဝတ်ရုံရှင် အခမ်းအနားမှူးဆိုသည့် အမျိုးသမီးက နှဲသံနှင့်အတူ ကခုန်လေတော့၏။

ထိုအကကား မီးနတ်အကဖြစ်၏။ ရှိန်ရက်အဖို့ လူစိမ်းဖြစ်၍ထို အကၡ၏သဘောအဓိပ္ပါယ်ကို မသိနိုင်ချေ။

ဘုရားကျောင်းသို့ဝတ်ပြုရန်လာသူများကား ထိုအက၏အဓိပ္ပါယ် ကိုကောင်းစွာ သိရှိကြလေ၏။

ထိုအမျိုးသမီးသည် တစ်ငွေ့ငွေ့တောက်လောင်နေသည့် အမွှေး နံ့သာတုံးမီးပုံကြီးကိုလှည့်ပတ်ကခုန်လျက်ရှိ၏။ ထူးဆန်းသောကကွက် များဖြစ်သော်ငြားလည်း ရှိန်ရက်မှာ ထိုကကွက်များကို လုံးဝဂရုမစိုက် နိုင်ပေ။

သူသည် တိုင်၌ချည်နှောင်ခံထားရသည့် ရှမ်ယာနမ်ကိုသာလှမ်း ကြည့်နေမိသည်။ ရှမ်ယာနမ်သည် ရွှေရုပ်တုတစ်ခုနှင့် တူနေ၏။ ရွှေရုပ်တုမဟုတ်ကြောင်းဖော်ပြနေသည့် အချက်မှာ သူမ၏မျက်ဝန်း နှစ်စုံမှမျက်ရည်များစီးကျနေခြင်းပင်ဖြစ်တော့သည်။

မကြာမီ ရွှေဝတ်ရုံအခမ်းအနားမှူး၏ ကကွက်လည်းပြီးစီးသွား ၏။ ထိုအမျိုးသမီးသည် ကကွက်ဆုံးသည်နှင့် နတ်ရုပ်ကြီးရှေ့၌ ဒူး ထောက်ထိုင်ချကာ ဦးချကန်တော့သည်။

"နတ်မင်းကြီး၊ နတ်မင်းကြီးကို ကိုးကွယ်သူတွေက နတ်မင်း ကြီးကို အလွန်တရာထူးခြားတဲ့ ယဇ်ကောင်နဲ့ပူဇော်ပသပါတော့မယ်။ ကျွန်တော်မျိုးမတို့ရဲ့ စားကျက်နဲ့ ကျွဲနွားတိရိစ္ဆာန်တွေကို တိုးပွားပေါများ စေကြောင်း ဆုမွန်ကောင်းတောင်းပါတယ် အရှင်နတ်မင်းကြီး"

ရွှေဝတ်ရုံရှင် အခမ်းအနားမှူးသည် ရုတ်တရက်ခုန်ထလာပြီး အော်ဟစ်လိုက်၏။

"ပူဇော်တဲ့အခမ်းအနားစတင်ပြီ"



ဤအစီအစဉ်ကား ဘုရားကျောင်း၏ နောက်ဆုံးအစီအစဉ်နှင့် အရေးအကြီးဆုံး အစီအစဉ်ဖြစ်၏။

ဝတ်ရုံနီဝတ်ဆင်ထားသည့် ပုဂ္ဂိုလ်နှစ်ဦးသည် ရှမ်ယာနမ်အနီးသို့ ခပ်သွက်သွက်လျှောက်သွားကြ၏။ အဖြူရောင်ဝတ်ရုံဝတ်ဆင်ထား သည့် ပုဂ္ဂိုလ်တစ်ဦးကမူ အမွှေးတုံးမီးပုံကြီးကို မီးတောက်ပိုကြီးလာ အောင် လောင်စာများလာထည့်၏။ ထိုသူများ၏အပြုအမူကိုကြည့်ရုံ မျှဖြင့် ယခုပူဇော်ပသမည့် အခမ်းအနားဆိုသည်မှာ ရှမ်ယာနမ်ကို မီးပုံထဲထည့်တော့မည်ဖြစ်ကြောင်း ရိပ်စားခန့်မှန်းနိုင်ပေသည်။

ရှိန်ရက်မှာ နေမထိ ထိုင်မသာဖြစ်လျက်ရှိ၏။ ဝတ်ရုံနက်ဝတ်ဆင် သူနှစ်ဦးသာ ရှမ်ယာနမ်ကို ဆွဲခေါ်ပါက မည်သို့ပင်ကြုံတွေ့ရပါစေ ဝင်ကယ်တော့မည်ဟု ဆုံးဖြတ်လိုက်၏။

ထိုအချိန်မှာပင် ရင်းလျှိုတုဖူးလည်း ရှမ်ယာနမ်အနီးသို့ လျှောက် လာလေတော့၏။

"ရုပ်စမ်း..."

ဝတ်ပြုနေသူလူအများအကြားမှ အော်သံတစ်သံထွက်ပေါ်လာပြီး နောက် လူတစ်ယောက်ခုန်ပျံထွက်သွား၏။ ထိုသူကား ရှိန်ရက်တည်း။

"ဘယ်သူလာပြီးစော်ကားတာလဲ"

ရင်လျှိုတုဖူး၏အသံက ခမ်းမကြီးထဲ၌ ပဲ့တင်း၍ထွက်ပေါ်လာ၏။ သို့သော် သူလည်းဤသို့ဖြစ်လာလိမ့်မည်ဟု လုံးဝမမျှော်လင့်မထားသ ဖြင့် လန့်ပြီးနောက်ဆုတ်သွားမိသည်။

ရှိန်ရက်သည် အခွင့်အရေးကိုလက်လွှတ်မခံဘဲ ဝတ်ရုံနီနှစ်ဦးကို လျှပ်တစ်ပြက် ရိုက်ချလိုက်သည်။ ရှမ်ယာနမ်အားချည်ထားသည့် ကြိုး များကိုလက်ဖြင့်ပင်ဆွဲဖြုတ်ပစ်လိုက်သည်။

ထို့နောက် ရှမ်ယာနမ်ကိုပွေ့ချီပြီး နတ်ရုပ်အနီးသို့ခုန်ထွက်နိုင်

ဖြန်းခနဲလက်ဝါးရိုက်သံထွက်ပေါ်လာ၏။ အေးစိမ့်သောလေများရိုနီရက်တစ်ကိုယ်လုံးသို့ကပ်သည်။

ရိုနီရက်သည် ရှမ်ယာနမ်လွတ်မကျစေရန် ဂရုပြုမွေ့ချထားရင်းမှ လွင့်စဉ်ထွက်သွားလေ၏။ သူ၏ကျောပြင်ကိုရင်းလျှိုတုဖူးက အအေးဓါတ်အဆိပ်လက်ဝါးဖြင့် ရိုက်ချလိုက်ခြင်းပေတည်း။

* * * * *

ရိုနီရက်သည် မီးပုံထဲမကျအောင် လွတ်အောင်ရှောင်ထွက်နိုင်ခဲ့သော်လည်း ကြမ်းပြင်ပေါ်သို့ရောက်သည့်အခါတွင်မူ ရှမ်ယာနမ်ကိုမွေ့ချီမထားနိုင်တော့ပေ။

သူတစ်ယောက်တည်း ရှုးထောက်ထိုင်နေရာမှ ဝေါခနဲသွေးများထိုးအန်တော့သည်။

ဝတ်ပြုသူအချို့သည် ရုတ်ရုတ်သဲသဲဖြစ်ရပ်ကြောင့် ဘုရားကျောင်းအပြင်ဘက်သို့ ပြေးထွက်သွားကြရာ ပရိတ်သတ်အချို့နှင့် ဘုရားကျောင်းမှ သိုင်းသမားများသာ ကျန်ရစ်ခဲ့တော့သည်။

"ဘယ်ကကောင်လဲ၊ ဘုရားကျောင်းကိုလာစော်ကားတဲ့ကောင်ကို သတ်ကွာ"

ခါးရှည်ကိုင်ထားသည့် ဝတ်ရုံနီငါးဦးသည် ရိုနီရက်နှင့် ရှမ်ယာနမ်ကိုဖမ်းရန် ခုန်ဝင်လာကြ၏။

"ဝုန်း..."

"ဖြန်း..ဖြန်း..ဖြန်း"

"ဆုတ်ကြစမ်း၊ အားလုံးသေကုန်မယ်"

အနက်ရောင်ခေါင်းစွပ်ကြီးများကိုစွပ်ထားသည့် လူသုံးဦးသည်



ဘုရားကျောင်းထဲသို့ မည်သည့်အချိန်က ထိုးဖောက်ဝင်လာမှန်းမသိရဘဲ လျှပ်တစ်ပြက်ခုန်ဝင်လာကြ၏။

ထိုသုံးဦးသည် ရိုနီရက်နှင့် ရှမ်ယာနမ်ကိုအလယ်ခေါင်၌ထားကာ ဖိုခလောက်ဆိုင်ကာကွယ်ပြီး ဝတ်ရုံနီငါးဦးအား လက်ဝါးဖြင့် ရိုက်ထုတ်လိုက်လေ၏။

ဝတ်ရုံနီငါးဦးမှာ ခေါင်းစွပ်သုံးဦး၏ လက်ဝါးဒဏ်ကိုမခံနိုင်ပေ။ လန့်၍ထွက်သွားကြသည်။

ခေါင်းစွပ်သုံးဦး၏ မျက်လုံးများသည် အပေါက်ဖောက်ထားသည့် အဝတ်နက်အပေါက်ငယ်မှ တွေ့မြင်ကြရသည်။ မျက်လုံးများတောက်ပနေပုံကြည့်ပါက အတွင်းအားကောင်းသူများဖြစ်ကြောင်း ယေဘုယျအားဖြင့် သိနိုင်ပေသည်။

သို့သော် မည်သူများဖြစ်သည်ကိုကား လုံးဝမသိနိုင်ပေ။ ကျူရှင်ပါကူဘုရားကျောင်း၏ မြင်ကွင်းကားလွန်စွာထူးဆန်းသွားလေပြီ။

ဘုရားကျောင်း၏ သိုင်းသမားများအလယ်၌ ညှိုသည်းသိုင်းသမားသုံးယောက်ရောက်ရှိလာပြီး ထိုသုံးယောက်က ရိုနီရက်နှင့် ရှမ်ယာနမ်ကိုအား ကာကွယ်ထားနေကြလေပြီ။

ရိုနီရက်သည် [illegible]သောသွေးများကို အန်ချလိုက်ပြီးနောက် သူတစ်[illegible] အားချွင်းသွားသလို ခံစားလိုက်ရ၏။ အဘယ့်ကြောင့် ဤသို့ဖြ[illegible]ကို သိရှိရန်အတွင်းအားဖြင့် သွေးများလှည့်ပတ်စီစစ်ကြည့်ပါက [illegible]ကိုသိရှိနိုင်သော်လည်း အလွန်တရာအရေးကြီးနေသည့်အခါဖြစ်၍ ဒဏ်ရာကိုမစစ်ဆေးနိုင်တော့ဘဲ ကမျာကယာထရပ်ရတော့သည်။

ရိုနီရက်ထလာသည်ကို [illegible]သည်နှင့် ဝဲဘက်အစွန်းမှ မျက်နှာဖုံးစွပ်ထားသူတစ်ဦးက ခပ်တိုးတိုးသတိပေးသည့်အသံအရ အသက်

အချယ်ကြီးရင့်နေသူတစ်ဦးဖြစ်ကြောင်း ရှိန်ရက်ခန့်မှန်းနိုင်လိုက်သည်။

ဂိုဏ်းချုပ်ကြီးရှိန်ရက် အတွင်းအားကျင့်စဉ်ကိုကျင့်ပြီး ခဏအနား ယူပါ။ ဟိုမိန်းကလေးကို ချိုင်းပြီးဘယ်လိုထားဖောက်ထွက်ပြေးနိုင် မယ်ဆိုတာကို စဉ်းစားပါ။ တစ်ခြားကိစ္စတွေကို လုံးဝမစဉ်းစားပါနဲ့။

ထိုခေါင်းစွပ်အဘိုးအိုသည် တောက်ပသည့်မျက်လုံးများဖြင့် ဂိုဏ်း ချုပ်ကြီးဟိုဖုအား လှမ်းကြည့်သည်။

ကျန်နှစ်ဦးကမူ သူတို့အားလျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက် မည့်သူများကို ကျားရဲမျက်လုံးများဖြင့် စောင့်ကြပ်ကြည့်ရှုနေ၏။

ထိုစဉ်ဝေါယာဉ်အနီး၌ရပ်နေသည့် ဂိုဏ်းချုပ်ကြီးဟိုဖုသည် လေဝဲ မိသောသစ်ရွက်ကလေးပမာ မြောက်လာပြီး ခေါင်းစွပ်သုံးဦးနှင့်မနီး မဝေးကွက်လပ်ထဲသို့ ကျရောက်လာလေ၏။

"ကောင်းလိုက်တဲ့ ကြာပန်းလေဝဲပညာပါလား၊ ဒီနေ့တော့ကောင်း ကျိုးထက် ဆိုးကျိုးများပြီလို့ ယူဆရတယ်၊ ဒီပညာကို သိုင်းလောက ထဲမှာမတွေ့ရတော့ဘူးလို့ ထင်နေမိတာ"

ထိုစကားများကို တီးတိုးရေရွတ်နေသူမှာ ရှိန်ရက်အား အတွင်း အားလေ့ကျင့်ရန်သတိပေးသည့် အဘိုးအိုပင်ဖြစ်တော့သည်။

သူ၏တီးတိုးလေသံကို သူနှင့်အနီးကပ်ဆုံးရှိနေသည့် ရှိန်ရက် သာကြားလိုက်ရသည်။

ထိုအာမေဋိတ်စကားက ခေါင်းစွပ်သုံးဦးသည် ကျုရှင်ပါကူဘုရား ကျောင်းကို အထင်သေးသေးဖြင့် ရောက်ရှိလာခဲ့ကြကြောင်း ထင်ရှား စေပါသည်။

ထိုပညာမှာ အထက်လမ်းဂိုဏ်းသိုင်းကွက်များနှင့် အောက်လမ်း မှ ထိပ်တန်းသိုင်းကွက်များကို ပေါင်းစပ်ထားသည့် သိုင်းပညာတစ်ရပ် ဖြစ်သည်။ ထိုပညာကို မည်သူမျှ လွယ်လွယ်နှင့် မလေ့ကျင့်နိုင်ပေ။



မျက်နှာဖုံးစွပ်သုံးဦး အံ့သြတုန်လှုပ်နေခိုက်မှာပင် ဂိုဏ်းချုပ်ကြီး ဟိုဖုက မေးခွန်းထုတ်လေတော့၏။

"ဘုရားကျောင်းထဲကို မဖိတ်ဘဲနှင့် နောက်ထပ်ရောက်လာတဲ့ ပုဂ္ဂိုလ်များက ဘယ်သူများပါလဲ၊ ဘာဖြစ်လို့ ကျုပ်တို့ဘုရားကျောင်းထဲ ကိုဝင်ရောက်စော်ကားပါသလဲ"

ဟိုဖု၏အေးစက်စက်အသံသည် ဘုရားကျောင်းခမ်းမကြီးထဲ၌ လှိုက်၍လှိုက်၍ထွက်ပေါ်လာလေတော့သည်။

* * * * *

မျက်နှာဖုံးစွပ်သုံးဦးသည် ဂိုဏ်းချုပ်ကြီးဟိုဖုအား လက်သီးနှစ် ဘက်ဆုပ်ဦးညွှတ်ကာ ဂါရဝပြုကြလေ၏။

"ကျုပ်တို့သုံးယောက်ကတော့ အမည်နာမမရှိတဲ့ အညတရသုံး ယောက်မို့လို့ ကျုပ်တို့နာမည်ကို ထုတ်ဖော်ပြောပြဖို့လိုမယ်မထင်တော့ ပါဘူး၊ ဘုရားကျောင်းထဲ ဝင်ရောက်စော်ကားတယ်ဆိုတာလည်း မဟုတ်ပါဘူး၊ အထဲမှာဒုက္ခရောက်နေတဲ့ ကျုပ်တို့ရဲ့မိတ်ဆွေကို လာ ကယ်ရတာမို့ ခွင့်မတောင်းနိုင်ဘဲ အလေးသုံးဆယ်ဖြစ်သွားခဲ့ရတာပါ"

ဟိုဖုက ခေါ်သသံဖြင့်လှမ်း၍ ကြိမ်းမောင်းတော့သည်။

"မင်းတို့သုံးယောက်ရဲ့စကားက ရင့်သီးလှချည်လား၊ ဒီဘုရား ကျောင်းရဲ့ ယစ်ကောင်နဲ့ ကျူးကျော်သူဟာ မင်းတို့နဲ့ဘယ်လိုပတ်သက် စပ်ဆိုင်လို့လဲ၊ အမှန်အတိုင်းပြောမပြရင်တော့ မင်းတို့သုံးယောက်စလုံး ခေါင်းမပါဘဲနဲ့ ဒီဘုရားကျောင်းထဲက ထွက်သွားရလိမ့်မယ်"

ဟိုဖု၏စကားက တင်းစီးလွန်းသည်။ ရှိန်ရက်ခေါ်သထွက်ည်။ သို့သော် ယခုအချိန်၌ သူဝင်ရန်မလိုသေးဟု ဆုံးဖြတ်သည်။

မျက်နှာဖုံးစွပ်သုံးဦး၏ ဖြေရှင်းချက်ကို စောင့်နားထောင်ပြီး
ဟိုဖူနှင့်ရင်ဆိုင်မည်ဟု စဉ်းစားသည်။

"ဂိုဏ်းချုပ်ကြီး၊ ကျုပ်တို့ကိုသိပ်ပြီးလဲ ဒြိမ်းခြောက်မနေပါ
ဂိုဏ်းချုပ်ကြီးရဲ့ ကြာပန်းလေဝဲသိုင်းပညာကို တွေ့မြင်ပြီးကတည်းက
ဂိုဏ်းချုပ်ကြီးရဲ့ သိုင်းပညာဟာ ထိပ်တန်း မှာရှိနေတယ်ဆိုတာ ကျုပ်
ရိပ်မိနေပါတယ်"

မျက်နှာဖုံးစွပ်အတိုးအိုတစ်ဦးက လေးလေးစားစားပင် ပြန်ပြော
သည်။

ဂိုဏ်းချုပ်ကြီးဟိုဖူ၏ မျက်နှာထားသည် အတန်ငယ်ပြေလျော့
သွား၏။ မျက်နှာဖုံးစွပ်အတိုးအို၏ ချောင်သောစကားသည် သူ့အတွက်
အကျိုးရှိသယောင်ဖြစ်၏။

"အင်း…ဘယ်လောက်ပညာကြီးလှပါတယ်ဆိုတဲ့လူဖြစ်ဖြစ်
အမြောက်အပင့်ကတော့ ကြိုက်ကြတာချည်းကိုး၊ ဒီလောကထဲမှာ
အမြောက်အပင့် မကြိုက်တဲ့လူဆိုလို့ တစ်ယောက်မှရှိမယ် မထင်ဘူး"

ရှိန်ရက်သည် ကျိတ်၍ရယ်လိုက်၏။ သူ့ခန္ဓာကိုယ်ထဲမှ မည်သည့်
သောဒဏ်ရာလက္ခဏာမျှ မပြသည်ကိုလည်း ရှိန်ရက်အလွန့်အံ့သြနေသည်။

သူသည် လမ်းခုလတ်၌ လီထင်းချောင်နှင့် ချောက်ကမ်းတို့၏
ချန်စွဲလက်ဝါးဒဏ်ကို သေလုမတတ်ခံခဲ့ရရုံမက ယခုအချိန်၌လည်း
ရင်းလျှိုတုဖူး၏ အအေးဓါတ်အဆိပ်လက်ဝါးဒဏ်ခံလိုက်ရသေးသည်။

ယခုထိ ဒဏ်ရာများမပေါ်လာသေး။ မည်သည့်အချိန်ကျမှ ပေါ်
လာမည်မသိပေ။

ရှိန်ရက်၏စိတ်ထဲ၌ စိုးရိမ်မှုတစ်ခုဖြစ်ပေါ်နေသည်။ ဂိုဏ်းချုပ်ကြီး
ဟိုဖူနှင့် လက်ရည်စမ်းလိုက်စဉ်၌ ထိုဒဏ်ရာပြန်လည်ပေါ်လာမည်ကို
စိုးရိမ်ခြင်းပေတည်း။



ကြာပန်းလေဝဲသိုင်းပညာအကြောင်းကို လူဗိုလ်ဂိုဏ်းချုပ်ကြီး
ဗိုင်လီကျွီက သူ့အားပြောပြခဲ့ဖူး၏။

ကြာပန်းလေဝဲသိုင်းပညာသည် အလွန်တရာထက်မြက်သည်နှင့်
အမျှ တတ်ကျွမ်းထားသည့် ပုဂ္ဂိုလ်သည်လည်း ဝမ်းသာမှု၊ ဝမ်းနည်းမှု၊
ဒေါသထွက်မှု စသည်တို့ လွန်စွာနည်းပါးသည်ဟူသည့်အကြောင်းပင်
တည်း။

ယခုသော် ဟိုဖူဂိုဏ်းချုပ်ကြီးသည် ဒေါသထွက်စရာရှိလျှင်လည်း
ဒေါသထွက်လာသည်။ မြှောက်ပင့်ပြောသည်ကိုကျေနပ်သည်။ စသည့်
အချက်များကြောင့် ကြာပန်းလေဝဲသိုင်းပညာကို အဆုံးစွန်ထိ မတတ်
မြောက်သေးဟု မှန်းဆနိုင်ခဲ့သည်။

ထို့ကြောင့် သူ့ခန္ဓာကိုယ်၌ ချန်စွဲလက်ဝါးဒဏ်နှင့် ရင်းလျှိုတုဖူး၏
လက်ဝါးဒဏ်ပြန်လည်မပေါ်သေးမီ ဟိုဖူနှင့်တစ်ပွဲတစ်လမ်း အပြတ်
လိုက်ချင်ပေသည်။

ရှိန်ရက်သည် ရှမ်ယာနမ်အားသတိရလာသဖြင့် ကမ္ဘာတယာ
ထထိုင်၍ စမ်းသပ်လိုက်သည်။

ခန္ဓာကိုယ်ပေါ်၌ ထူးထူးခြားခြားဒဏ်ရာမတွေ့ရသဖြင့် သွေးစမ်း
ကြည့်သည်။

မလှုပ်ရှားနိုင်ရန်နှင့် စကားမပြောနိုင်စေရန်အကြောပိတ်ထားမှန်း
သိသဖြင့် ထိုအကြောများကို ဖွင့်ပေးလိုက်လေသည်။

ရှမ်ယာနမ်လှုပ်ရှားလာသည်နှင့် ချင်းပိုင်ဒေသသားများနှင့်ရော
နှောစေရန်ဝတ်ဆင်လာသော အပေါ်မှ ဂျုံရှည်ကြီးကို ချွတ်၍ရှမ်ယာ
နမ်အား ဝတ်ဆင်ပေးလိုက်သည်။ ဤသို့ပြုလုပ်မပေးပါက ရှမ်ယာနမ်
အဖို့ရှက်၍ သေဆုံးဖွယ်ရှိပါတော့မည်။

ရှိန်ရက်က ရှမ်ယာနမ်အား ကူညီနေစဉ် မျက်နှာဖုံးစွပ်အတိုးအိုက
ဂိုဏ်းချုပ်ကြီးဟိုဖူနှင့် စတင်စကားစစ်ထိုးနေတော့၏။

‘ဂိုဏ်းချုပ်ကြီးဟိုဖူ ကျုပ်သိရသလောက်တော့ ချင်းဟိုင်နယ်နဲ့ ကျုပ်တို့မြေပြန့်ဒေသ သိုင်းလောကဟာ ဘယ်တုန်းကမှ နက်နဲတဲ့ရန်ငြိုးမရှိခဲ့ဘူးဆိုတာပဲ၊ ဒါကြောင့်မို့လည်း သိုင်းလောကသားအချင်းချင်း သတ်ဖြတ်ခြင်းမပြုဘဲ မသက်ကို ခွင့်လွှတ်ဖို့တောင်းပန်ရအောင် လာခဲ့ကြတာပါ’

ဟိုဖူက ခြေတစ်ချက်ဆောင့်ပြီး…

‘ဘာလဲ…ပုဂ္ဂိုလ်သုံးယောက်က ဒီသူငယ်နဲ့ ဟိုမိန်းကလေးရဲ့ အသက်ကို လာတောင်းနေတာလား’

မျက်နှာဖုံးစွပ်အဘိုးအိုက ခေါင်းညိတ်သည်။

‘မှန်ပါတယ်၊ ကျုပ်တို့လာတာ အဲဒီကိစ္စပဲ’

ဟိုဖူ၏မျက်နှာမှာ ရှုံ့မဲ့သွားသည်။

‘ဟင်း…ရှမ်ယာနမ်ဆိုတဲ့ ကောင်မလေးက ကျုပ်တပည့်တွေကို ဝင်သတ်တယ်၊ ဒါပေမယ့် ကျုပ်တို့က သူ့ကိုရက်ရက်စက်စက်ပြန်မသတ်ခဲ့ပါဘူး၊ ယစ်ပူဇော်ဖို့ ယစ်ကောင်အဖြစ်သတ်မှတ်ပေးခဲ့တယ်၊ ဒါဟာသူ့အဖို့ ကံကောင်းခြင်းတစ်ရပ်ပဲ၊ အချည်းနှီးသေရခြင်းထက် ဒါဟာကျုပ်တို့ရဲ့ သက်ညှာခြင်းပဲ၊ ဟိုကောင်ကတော့ ယစ်ပူဇော်ပွဲကိုလာဖျက်တဲ့အတွက် သေဒဏ်ထိုက်နေပြီ။ ဘယ်လိုမှခွင့်လွှတ်လို့မရတော့ဘူး၊ ခင်ဗျားတို့သုံးယောက် လေကုန်ခံပြီးဘာမျှပြောမနေနှင့်တော့၊ ကျုပ်တို့ခွင့်မပြုဘဲ ဘုရားကျောင်းထဲဝင်လာတဲ့အပြစ်ကို ဝန်ချတောင်းပန်ပြီး ပြန်ထွက်သွားကြပေတော့။ ခင်ဗျားတို့သုံးယောက်ကို လွှတ်လိုက်မယ်’

ထိုအချိန်၌ ရှမ်ယာနမ်သည် အကြောများပွင့်သွားပြီဖြစ်၍ ရှိန်ရက်အားဖက်၍ ငိုနေတော့သည်။

* * * * *



အတန်ကြာမှ---

‘အစ်ကို ရှိန်ရက် ညီမလေးကို သူတို့ကအကြီးပျော့အဆိပ်တိုက်ထားတယ်၊ ဒါကြောင့်တစ်ကိုယ်လုံး ပျော့သလိုဖြစ်နေတယ်၊ ညီမလေးရဲ့သိုင်းပညာတွေများ…’

ရှိန်ရက်၏ဒေါသများ တောင်းခနဲထလာသည်။ သူရရှိထားသည့် ဒဏ်ရာများကို မေ့သွားပြီး ရှမ်ယာနမ်အားဆွဲထူလိုက်သည်။

ရှမ်ယာနမ်မှာ သိုင်းသမားတစ်ယောက်ကဲ့သို့ လှုပ်ရှားခုန်ပျံနိုင်ခြင်းမရှိသော်လည်း သာမန်လူတစ်ယောက်ကဲ့သို့မူ လှုပ်ရှားနိုင်ပေသည်။

ရှိန်ရက်သည် မျက်နှာဖုံးစွပ်အဘိုးအိုအနီးသို့ ချဉ်းကပ်ကာ သွားပြီးရှမ်ယာနမ်ကို အပ်နှံလေ၏။

‘အဘိုးအို…ကျေးဇူးပြုပြီး လုံမလေးကိုစောင့်ရှောက်ပေးပါ’

မျက်နှာဖုံးစွပ်အဘိုးအိုမှာ ရုတ်တရက်ကြောင်သွားသည်။

‘ဂိုဏ်းချုပ်ကြီးရှိန်ရက် စောစောကပဲ ဒဏ်ရာတစ်ချက်ရထားသေးတယ်မဟုတ်လား၊ ဘာဖြစ်လို့သည်းမခံနိုင်တာလဲ’

‘အဘိုး ဒီဟိုဖူဂိုဏ်းချုပ်ကြီးဟာ စကားပြောအင်မတန်စီးတယ်၊ ကျွန်တော့်ဒဏ်ရာက ကိစ္စမရှိပါဘူး၊ သူတင်စီးတာခံလိုက်ရင် ကျွန်တော်တို့ မြေပြန့်သိုင်းလောကကြီးတစ်ခုလုံး သူ့တံတွေးခွက်မှာပက်လက်မျောလိမ့်မယ်၊ အဘိုး…ကျေးဇူးပြုပြီး၊ လုံမလေးကိုသာ စောင့်ရှောက်ပေးပါ၊ ဒီကိစ္စကို ကျွန်တော်ရှင်းပါ့မယ်’

‘ဒီမှာ ဂိုဏ်းချုပ်ကြီးဟိုဖူ ဘယ်သိုင်းလောကမှ ရန်သူကိုယစ်ကောင်အဖြစ်မပူဇော်ကြဘူး၊ သတ်ရင်သာသတ်ပစ်ကြတာ၊ အခုကိစ္စ လုံမလေးရှမ်ယာနမ်ကို သတ်မပစ်ဘဲ အရှက်တကွဲအကျိုးနည်းဖြစ်အောင်လုပ်ကြတာပဲ၊ ဒီအပြစ်တွေအတွက် ခင်ဗျားကို ဆုံးမရမယ်’

ဂိုဏ်းချုပ်ကြီးဟိုဖူ ခပ်ဆုပ်ဆုပ်ရယ်မောနေလေတော့၏။

"ရှိန်ရက်၊ ကောင်ကလေး၊ ဟိုဖူကိုဒီလိုပမာမခန့်ပြောတဲ့လူ ဒီမှာ မရှိဘူး"

ရှိန်ရက်သည် မခံမရပ်နိုင်ဖြစ်နေ၏။ သူ၏အတွင်းအားများကို ထုတ်ကြည့်ရာ အကောင်းပကတိကဲ့သို့ ဖြစ်နေသဖြင့် ဟိုဖူဆိုသူအဘိုးကြီးအား သူရဲကောင်းသဖွယ် တိုက်ခိုက်ပြီး ငိဝိကိုယ်မိမိအသေခံတော့မည်ဟု ဆုံးဖြတ်မိ၏။

ထိုအခိုက် ကျုရှင်ပါကူဘုရားကျောင်း နည်းပြမှူး ရင်းလျှိုတုဖူးသည် ရှိန်ရက်အားတိုက်ခိုက်ရန် ရှေ့ထွက်လာလေ၏။

ဟိုဖူက ချက်ချင်းတားမြစ်သည်။

"နည်းပြမှူး၊ ဒီလောက်သွေးမဆူစမ်းပါနဲ့၊ နောက်ဆုတ်လိုက်ပါ"

ရင်လျှိုတုဖူးသည် ဘာမှစောဒကမတက်ရဲတော့ဘဲ နောက်ပြန်ဆုတ်သွားရသည်။

ဟိုဖူက--

"ကောင်လေး၊ မင်းဟာ အအေးဓါတ်အဆိပ်လက်ဝါးဒဏ်မိထားတယ်ဆိုတာပဲ၊ မကြာခင်မင်းသေရတော့မယ်၊ ဒါတောင်ဘာဖြစ်လို့ မိုက်ချင်နေရသေးတာလဲ၊ မြန်မြန်အဖမ်းခံစမ်း..."

ရှိန်ရက်သည် ဟိုဖူကိုဂရုမစိုက်ဘဲ မျက်နှာဖုံးစွပ်အဘိုးအိုသုံးဦးကိုလှည့်ကြည့်ကာ လက်သီးနှစ်ဘက်ဆုပ်၍ ဂါရဝပြုသည်။

"ဆရာကြီးသုံးယောက်ရဲ့ကျေးဇူးဟာ အင်မတန်ပဲ ကြီးမြတ်ပါတယ်၊ ကျွန်တော့်ကိုတစ်ကူညီတဲ့သဘောနဲ့ လုံမလေးကိုကယ်တင်ပြီး ဒီကျောင်းထဲက ထွက်ခွါနိုင်အောင်ကြိုးစားပါ။ ကျန်တဲ့ကိစ္စကိုတော့ ကျွန်တော့်ဖာသာပဲ ဖြေရှင်းလိုက်ပါ့မယ်"

ရှိန်ရက်သည် မျက်နှာဖုံးစွပ်အဘိုးအိုများ၏ စကားပြန်ကိုမစောင့်တော့ဘဲ ဟိုဖူဘက်သို့ချက်ချင်းပြန်လှည့်သည်။



"ဂိုဏ်းချုပ်ကြီးဟိုဖူ ခင်ဗျားကကြာပန်းလေဝဲသိုင်းပညာနဲ့ ကျုပ်ကိုနိုင်မယ်ထင်နေသလား၊ အဲဒီလို ထင်ထားရင်တော့ခင်ဗျား မှားသွားပြီ၊ ဒီနေ့အရိုးပျော့ဖြေဆေး ထုတ်ပေးရင်ပေး မပေးရင်ကျုပ် အဆိုးမဆိုနဲ့၊ ဟောဒီဘုရားကျောင်းကို ဖြိုဖျက်ပစ်ပြီး ချင်းဟိုင်တစ်နယ်လုံးမွှေနှောက်ပစ်ခဲ့မယ်"

ရှိန်ရက်၏စကားက ဟိုဖူနှင့်တကွ ဘုရားကျောင်းရှိ သိုင်းသမားအားလုံးကို အကြီးအကျယ် ဒေါသထွက်စေခဲ့သည်။

"တယ်အပြောကြီးပါလား၊ ကျွန်မနဲ့ပဲ ယှဉ်ကြည့်ပါဦး"

စကားသံနှင့်အတူ ရွှေရောင်အလင်းတန်းတစ်ခု ရိပ်ခနဲရောက်ရှိလာ၏။

ရှိန်ရက်ကြည့်လိုက်ရာ ရွှေရောင်ဝတ်စုံရှင် အခမ်းအနားမှူး အမျိုးသမီးဖြစ်ကြောင်း သိလိုက်ရသည်။

သူမသည် ဂိုဏ်းချုပ်ကြီးဟိုဖူ၏ တားမြစ်သံထွက်ပေါ်လာခြင်း မရှိသည်ကိုအကြောင်းပြု၍ ရှိန်ရက်အားတရကြမ်းတိုက်ခိုက်သည်။

ရှိန်ရက်သည် အချိန်ဖြုန်းနေခြင်းမပြုတော့ဘဲ၊ တြိသူရဲကောင်း၏ သိုင်းပညာများဖြင့် တရကြမ်းခုခံတိုက်ခိုက်သည်။

ပညာစမ်းနေရမည့်အချိန်မဟုတ်သဖြင့် ရန်သူကိုနိုင်သည့်အကွက်ဖြင့်ပင် ထိုးနှက်ချလိုက်သည်။

"ဝုန်း..."

"အား..."

ရွှေဝတ်စုံရှင်အမျိုးသမီးမှာ လွင့်စဉ်ထွက်သွားသည်။

ဝတ်စုံဖြူဝတ်ဆင်ထားသည့်ပုဂ္ဂိုလ်နှစ်ယောက်က ထိုအမျိုးသမီး

အ. လာရောက်တွဲယူသွားကြရ၏။

"ဝုန်း..."

"ဝိုး…ဝိုး…ဝိုး"

ပြင်းထန်သောရိုက်အားနှင့်အတူ အေးစိမ့်သောလေလှိုင်းများတလိပ်လိပ်တိုက်ခတ်လာသဖြင့် ရှိန်ရက်ကမျက်ကယားနောက်ဆုတ်လိုက်ရ၏။

လှမ်းကြည့်လိုက်သောအခါ သူ့အားမှုန်းတီးစွာကြည့်နေသည့် ရင်လျှိုတုဖူးအားတွေ့လိုက်ရသည်။

ရှိန်ရက်က တဟားဟားရယ်ရင်း…

"ချင်းဟိုင်နယ်ဟာ သွေးကြောင်တဲ့နယ်ပဲ"

"ခွေးကောင်၊ ဘာစကားပြောတာလဲ"

"ချင်းဟိုင်နယ် သိုင်းသမားတွေဟာ တစ်ယောက်ချင်းမယှဉ်ရဲကြပဲ၊ အခုခင်ဗျားတို့က အုပ်စုဖွဲ့ဝင်တိုက်တော့မလို့မဟုတ်လား"

"တော်…တိတ်"

"မတတ်နိုင်ပါဘူး၊ ခင်ဗျားမြေပြန့်သိုင်းလောကကို စဝင်လာတဲ့အချိန်မှတ်မိသေးသလား၊ မီးအိမ်နီဂိုဏ်းသားနှစ်ယောက်ရဲ့ ဘုရားကျောင်းထဲရောက်တဲ့အထိအချိန်ကိုလေ၊ ပထမတုန်းကကျုပ်ရုပ်ဖျက်ပြီးဝင်လာခဲ့တယ်၊ နောက်ပိုင်းမှာ ကျုပ်ရှိန်ရက်ပဲဆိုတာပြပြီး ခင်ဗျားနဲ့ပညာပြိုင်ခဲ့ကြသေးတယ်၊ အဲဒီတုန်းက ခင်ဗျားရှုံးသွားခဲ့တယ်လေ၊ အခုခင်ဗျားက အများအားကိုးနဲ့ ကျုပ်ကိုတိုက်ဖို့ကြံနေတာမဟုတ်လား"

ရှိန်ရက်၏စကားများသည် ရင်းလျှိုတုဖူး၏မျက်နှာတစ်ပြင်လုံးအား နီရဲသွားစေခဲ့သည်။ ရှိန်ရက်အား ယခုမှပင် အစိမ်းလိုက်ဝါးစားတော့မလိုအမူအရာမျိုး ဖြစ်လာသည်။

လိုစဉ်ဟိုဖူက ရင်းလျှိုတုဖူးအား တားလိုက်၏။

"ရှိန်ရက်မင်းဟာ မြေပြန့်သိုင်းလောကမှာကျော်ကြားတယ်၊ မင်းပညာသိပ်ကောင်းလို့ ငါကမင်းမကိုမသတ်နိုင်ဘူးလို့များ ထင်ထားလား"



ရှိန်ရက်ဟားတိုက်ရယ်လိုက်၏။

"တစ်ယောက်ချင်းယှဉ်တာကို ရှိန်ရက်ဘယ်တော့မှမငြင်းဘူး၊ ရှိန်ရက်က ဘယ်သူ့ကိုမှမကြောက်ဘူး"

မျက်နှာဖုံးစွပ်ထားသူ သုံးဦးအနက် တစ်ဦးက ရှိန်ရက်အနီးသို့ချဉ်းကပ်လာပြီး တီးတိုးပြောသည်။

"ဂိုဏ်းချုပ်ကြီးရှိန်ရက် ဟိုဖူနဲ့ထိပ်တိုက်တွေ့လို့ အကျိုးမရှိနိုင်ဘူး၊ တစ်ခြားထွက်လမ်းကိုရှာသင့်ပါတယ်"

ရှိန်ရက်သည် ချန်ရှဲ့လက်ဝါးဒဏ်နှင့် အအေးဓါတ်အဆိပ်လက်ဝါးဒဏ်များကို ခံစားထားပြီးဖြစ်၍ သူကိုယ်သူသေလူအဖြစ်သတ်မှတ်ထားပြီးဖြစ်သည်။

"အတိုး…မစိုးရိမ်ပါနဲ့၊ သေဖို့ရှင်ဖို့ဟာ ကံတရားပါပဲ၊ တစ်ယောက်ချင်းယှဉ်လို့ရှိန်ရက်သေသွားရင် သေပျော်ပါတယ်၊ ကျွန်တော့်အကြောင်း ကျွန်တော်သိပါတယ်"

မျက်နှာဖုံးစွပ်သုံးဦးသည် ဘာမျှမပြောဘဲ သက်ပြင်းရှည်ကြီးချမိကြသည်။

"ဂိုဏ်းချုပ်ကြီးရှိန်ရက်ဟာ အအေးဓါတ်အဆိပ်လက်ဝါးမိသွားပြီးပြီ၊ ဒီလိုဒဏ်ရာကြီးနဲ့ ဟိုဖူကိုဘယ်လိုယှဉ်နိုင်မှာလဲ၊ ဟိုဖူကိုမပြောနဲ့ ရင်လျှိုတုဖူးကိုတောင် ယှဉ်နိုင်မှာမဟုတ်ပါဘူး"

ရှမ်ယာနမ်သည် ကယ်တင်ရှင်အတိုးအို၏ ညည်းညူသံကိုကြားလိုက်ရသောအခါ မျက်ရည်များယိုစီးကျလာ၏။ အဆင်ခြင်မဲ့စွာသူမအတွက်လာပြီးတိုက်ခိုက်မိသဖြင့် ရှိန်ရက်ဒုက္ခရောက်ရခြင်းဖြစ်ကြောင်းသူမတွေးမိလာခဲ့သည်။

"ငါဟာ တကယ်ထုံအတာပဲ၊ အစ်ကိုရှိန်ရက်သာ ငါ့ကိုမချစ်ဘူးဆိုရင် ဒီကိုဘယ်လိုက်လာမှာလဲ၊ အခုကြည့်စမ်း သူ့အသက်ကိုပဓာနမထားဘဲ ငါ့အတွက်ပဲ စဉ်းစားနေရှာတယ်"

ရှမ်ယာနမ်၏ရှိုက်သံကိုကြားလိုက်ရသဖြင့် ကယ်တင်ရှင်အတိုး ဖိုကလှည့်ကြည့်သည်။

'လုံမလေး ဝိုဏ်းချုပ်ကြီးရှိန်ရက်အတွက် သိပ်စိုးရိမ်မနေပါနဲ့၊ ကျုပ်တို့သုံးယောက်ရှေ့မှာတော့ ဝိုဏ်းချုပ်ကြီးရှိန်ရက်တစ်ယောက် ဝိုးစိုးပက်စက်မှုသေစေရပါဘူး'

အတိုးဆို ပြောမည့်သာပြောလိုက်ရသည်။ အားတော့မရှိလှပေ။ ရှိန်ရက်ကိုယ်တိုင်မှ ဟိုဖူကိုမနိုင်လျှင် သူတို့လည်းမည်သို့မျှမတတ်နိုင်ပေ။

ဝိုဏ်းချုပ်ကြီးဟိုဖူသည် တသိမ့်သိမ့်ရယ်ရင်း ရှိန်ရက်ကိုလှမ်းပြောသည်။

'ရှိန်ရက်...မင်းဟာအတော်ကလေးသတ္တိကောင်းတာပဲ၊ ငါဟာ အသက်ကိုးဆယ်ကျော်ပြီ၊ တစ်ရာနားကပ်နေပြီ၊ ဒီလောက်သက်တမ်း အတွင်းမှာ မင်းလောက်ကိုယ့်ကိုကိုယ် အထင်ကြီးတဲ့လူမျိုး တစ်ယောက်မှမတွေ့ဖူးသေးဘူး၊ ဒီတော့ မင်းကိုယ်မင်းအထင်သေးစိတ် ပေါက်သွားအောင် ဝိုဏ်းချုပ်ကြီးဟိုဖူက ဆုံးမပညာပေးလိုက်မယ်၊ ကဲ..ပြောစမ်း၊ မင်းဘယ်နည်းနဲ့သေချင်သလဲ'

ရှိန်ရက်က ဟိုဖူအားမထီမထင်သောအကြည့်ဖြင့် ပြန်ကြည့်လိုက်သည်။

'ဝိုဏ်းချုပ်ကြီးဟိုဖူ ခင်ဗျားရဲ့ကျောင်းတော်က ကြိုက်တဲ့လူသုံးယောက်ကိုရွေးထုတ်လိုက်ပါ။ ရှိန်ရက်အနေနဲ့ တစ်ပွဲပြီးတစ်ပွဲယှဉ်ပြိုင်မယ်။ ခင်ဗျားလူတွေက ရှိန်ရက်ကိုနိုင်ရင် ချင်းဟိုင်နယ်ရဲ့ ကျိုရှင်ပါကူဘုရားကျောင်းဟာ တရုတ်ပြည်မြေပြန့်သိုင်းလောကမှာ ကျော်ကြားသွားလိမ့်မယ်'

ဟိုဖူကခေါင်းညိတ်၏။



'အင်း..အင်မတန်ကျော်ကြားသင့်မြတ်တဲ့ အကြံဉာဏ်ပဲ၊ ဒါပေမယ့် ငါတို့ဘက်က သုံးယောက်မင်းတစ်ယောက်တည်းနဲ့တိုက်ရင် မင်းအတွက်နစ်နာတယ်လို့မထင်ဘူးလား'

ရှိန်ရက်ကစိတ်ထဲ၌ပြောမိ၏။

'ဟင်း...ဒီတစ်ခါပဲသူတို့ လူလိုသူလိုစဉ်းစားသေးတယ်..'

ရှိန်ရက်ကပြုံး၍ပြောသည်။

'ကိစ္စမရှိပါဘူး၊ ဒါဟာကျုပ်ဘာသာကျုပ် ရွေးချယ်တဲ့ကိစ္စပဲ၊ ခင်ဗျားတို့အပြစ်မဟုတ်ပါဘူး'

'ဒီလိုဆိုရင်လည်း ပြီတာပဲလေ၊ မင်းအဆိုကိုငါသဘောတူပါတယ်'

'နေဦး..ကျုပ်ပြောစရာကျန်သေးတယ်'

'ဘာပြောချင်လို့လဲ'

'အရှုံးအနိုင်ရဲ့အကျိုးဆက်ပေါ့'

'ပြော...မင်းဘာလိုချင်သလဲ'

'တကယ်လို့ကျုပ်က သုံးပွဲဆက်ပြီးအနိုင်ရတယ်ဆိုရင် လုံးမလေး ရှမ်ယာနမ်ကိုတိုက်ကျွေးထားတဲ့ အရိုးပျော့အဆိပ်ဖြေဆေးကိုထုတ်ပေးရမယ်'

'မင်းတို့နှစ်ယောက်ကို ရိုးရိုးထွက်ခွါခွင့်ပေးတာပဲ လွန်လှပြီ။ အခုမင်းတောင်းဆိုတာက ရလေလိုလေဆိုတာမျိုးဆိုတာကို တောင်းဆိုနေတာပဲ'

ရှိန်ရက်သည် ဤအတိုးကြီးထံ၌ ရိုးရိုးသားသားတောင်းဆို၍မရနိုင်ပြီကိုရိပ်မိလိုက်၏။

'ဟား...ဟား..ဟား ခင်ဗျားတို့က ရှိန်ရက်ကိုမနိုင်ဘူးဆိုတာကို ကြိုတင်သိနေတာကိုး၊ ဒီလိုဆိုရင်လဲ မတောင်းဆိုချင်တော့ပါဘူးဗျာ'

ဟိုဖူးကခြေဆောင့်၍ပြောလေ၏။

"တိတ်စမ်း..မင်းတို့ ငါတို့ဘုရားကျောင်းထဲက အသက်နဲ့ကိုယ်မြဲပြီးထွက်သွားနိုင်မနိုင်ဆိုတာ ကြည့်ကြသေးတာပေါ့၊ ဟောဒီမှာကြည့်စမ်းဘာလဲဆိုတာ"

ရှိန်ရက်နှင့် မျက်နှာဖုံးစွပ်အဘိုးအိုသုံးယောက်စလုံး အရေးတစ်ကြီးကြည့်လိုက်ကြသည်။

ပထမဆန့်တန်းပြထားသော ဟိုဖူး၏လက်ဝါးထဲ၌ မည်သည့်အရာမျှရှိမနေပေ။ သို့သော်မကြာမီ လက်ဝါးပြင်ပေါ်သို့ ပုလင်းတစ်လုံးရောက်ရှိလာ၏။

အကျိုက်ထုတ်ခါလိုက်ရာမှ ဆေးပုလင်းငယ်သည် လက်မောင်းတစ်လျှောက်လိမ့်ဆင်းလာပြီး လက်ဝါးပေါ်ရောက်လာခြင်းဖြစ်ပေလိမ့်မည်။

ရှိန်ရက်ကမေးလိုက်၏။

"အဲဒါဘာလဲ"

"ဖြေဆေး၊ အရိုးပျော့အဆိပ်ဖြေဆေးပဲ၊ တကယ် မှီမင်းအသက်ရှင်ကျန်ရစ်နေတယ်ဆိုရင် အဲဒီပုလင်းကိုမင်းယူသွားပေတော့"

ဟိုဖူးသည်စကားဆုံးသည်နှင့် ပုလင်းငယ်ကိုနတ်ရုပ်ကြီးဆီသို့ ဆတ်ခနဲလွှင့်ပစ်လိုက်သည်။

"ဟာ"

ထိုအဖြစ်အပျက်သည် ဘုရားကျောင်းအတွင်းရှိ ရှိန်ရက်နှင့်တကွ လာသောလူအားလုံးကို အမှန်တကယ်အံ့ဩသွားစေခဲ့သည်။

နတ်ရုပ်ကြီးသည် လက်တစ်ဘက်ကို ရင်ဘတ်၌ကတ်ထားပြီး တစ်ဘက်ကိုလက်ဝါးဖြန့်လျက် ရှေ့ထုတ်ဆန့်တန်းထား၏။

ဟိုဖူးနှင့်နတ်ရုပ်ကြီးအကွာအဝေးသည် အနည်းဆုံးပေနှစ်ဆယ်မျှ



ကွာ၏။ ထိုမျှကွာဝေးသည့် နတ်ရုပ်ကြီး၏ လက်ဖဝါးပေါ်သို့ ဆေးပုလင်းငယ်သည် တည့်တည့်မတ်မတ်ရောက်ရှိသွားရုံမက တည်တည်ငြိမ်ငြိမ်ပင် ထောင်လျက်သားဖြစ်နေတော့၏။

ပစ်လွှတ်လိုက်သည့်အမှန်းအဆ၊ ပုလင်း၏အရှိန်နှုန်းကိုအတွင်းအားဖြင့် ထိန်းချုပ်ပုံမှာ အလွန်တရာကောင်းမွန်လှသဖြင့် သာမန်အရပ်သားများမဆိုထားနှင့် ရှိန်ရက်၊ ရှမ်ယာနမ်နှင့် မျက်နှာဖုံးစွပ်အဘိုးအိုသုံးယောက်ပင် ဟင်ခနဲ၊ ဟာခနဲဖြစ်ကုန်ကြရသည်။

ဤပညာရပ်မှာ ကြာပန်းလေဝဲ ပညာထဲမှ ပညာရပ်တစ်ခုဖြစ်၍ အမြင့်ဆုံးအဆင့်မဟုတ်သေးပေ။ ရှိန်ရက်နှင့် မျက်နှာဖုံးစွပ်အဘိုးအို၊ ရှမ်ယာနမ်သုံးဦးမှာ အကြီးအကျယ်ချောက်ချားသွားကြရသည်။

"အင်း..ဒီလိုပုဂ္ဂိုလ်မျိုး တရုတ်ပြည်ထဲမှာတော့ ဟောဒီတစ်ယောက်တည်းရှိနေမလားပဲ၊ ငါ့ကိုဒီလိုလုပ်ပြဆိုရင် ငါလည်းလုပ်မပြနိုင်ဘူး"

ရှိန်ရက်သည် စိတ်ထဲမှချီးကျူးလိုက်မိ၏။

ရှိန်ရက်သည် လက်သီးနှစ်ဘက်ဆုပ်ပြီး ဂိုဏ်းချုပ်ကြီးဟိုဖူးကို ဂါရဝပြုလိုက်၏။

"ဂိုဏ်းချုပ်ကြီးဟိုဖူးရဲ့ သိုင်းပညာက တကယ်ပဲတော်ပါပေတယ်၊ ဒါပေမယ့်..."

ဟိုဖူးက အေးစက်စက်ဖြတ်၍ပြော၏။

"ဒါပေမယ့်တွေဘာတွေ လုပ်မနေနဲ့၊ မင်းမှာတစ်ခြားတောင်းဆိုချက်တွေမရှိတော့ဘူးမဟုတ်လား၊ မရှိရင်လည်း ပါးစပ်ကပြောမယ့်အစား လက်နဲ့ပဲအလုပ်လုပ်ပြပေတော့"

ရှိန်ရက်က အေးအေးဆေးဆေးပြော၏။

"ကျုပ်မှာတောင်းဆိုစရာကျန်ပါသေးတယ်"

ဟိုဖူက ရှုံ့မဲ့လိုက်၏။

"မင်းရဲ့တောင်းဆိုချက်တွေက ကုန်ပဲမကုန်နိုင်တော့ဘူးလား"

"ဒါနောက်ဆုံးတောင်းဆိုချက်ပဲ၊ မပြောရင်မဖြစ်လို့ပြောရတာပါ"

"ကောင်းပြီ၊ ကျုပ်ပြောမယ်၊ ကျုပ်ရဲ့နောက်ဆုံးတောင်းဆိုချက်ကတော့ ခင်ဗျားတို့ဘုရားကျောင်းကယှဉ်ပြိုင်မယ့်ပုဂ္ဂိုလ်သုံးယောက်ထဲမှာတစ်ယောက်က ခင်ဗျားကိုယ်တိုင်ဖြစ်ရမယ်ဆိုတာပဲ"

"ဘာ"

ရှိန်ရက်၏ ပြောစကားသည် ကျုရှင်ပါကူဘုရားကျောင်းကြီးတစ်ခုလုံးအား မိုးကြိုးပစ်ချလိုက်သကဲ့သို့ဖြစ်သွား၏။

ရှိန်ရက်သည် တည်ငြိမ်သောလေသံ၊ တည်ငြိမ်သောမျက်နှာအနေအထားများကြောင့် ဤစကားများကို ရှိန်ရက်နောက်ပြောင်ပြောခြင်း မဟုတ်ကြောင်း မျက်နှာဖုံးစွပ်အဘိုးအိုသုံးဦး နားလည်သဘောပေါက်သွားကြ၏။

ဒါဟာ မိမိကိုယ်မိမိ သေချာပေါက်သေအောင်လုပ်ကြံခြင်းပဲ၊ အတိုးအိုက တီးတိုးရေရွတ်မိ၏။

ဂိုဏ်းချုပ်ကြီးဟိုဖူ၏ မျက်လုံးများသည်လည်း ရုတ်တရက်အရောင်ပြောင်းသွားပြီး မှုန်မှိုင်းသွား၏။

မိမိက တော်ရုံတန်ရုံ ထင်သီးပညာရှင်က မပြုနိုင်သည့်ကြာပန်းလေးဝသိုင်းပညာမှ ထူးခြားသောပြကွက်တစ်ကွက်ကို မိမိကတမင် ထုတ်ဖော်ပြလိုက်သည်။ ရှိန်ရက်အား တမင်ခြောက်လှန့်လိုက်ခြင်းပင် ဖြစ်သည်။

သို့စဉ်လျှက် ရှိန်ရက်က … အားစိန်ခေါ်လိုက်ခြင်းမှာ မိမိပညာထက် ကောင်းသည့်အခြားပညာရပ်တစ်ခုခုကို ရှိန်ရက်တတ်မြောက်ထားလေပြီလားဟု ဂိုဏ်းချုပ်ကြီးဟိုဖူ တွေးတောချိန်ဆရတော့၏။

* * * * *



အတန်ကြာတွေးတောနေပြီးမှ ဟိုဖူသည် တစ်ဖြည်းဖြည်းတစ်သိမ့်သိမ့်ရယ်မောလာတော့၏။

"ဟား··ဟား··ဟား၊ ရှိန်ရက်၊ ရှိန်ရက် မင်းဟာတကယ်ပဲ ကိုယ့်ကိုယ်ကိုအထင်ကြီးတဲ့ ရှိန်ရက်ပဲကိုး"

ရှိန်ရက်သည် မည်သည့်စကားမှမပြောဘဲ ရပ်ကြည့်နေ၏။ ဟိုဖူကဆက်ပြော၏။

"မင်းဟာ လူဗိုလ်ဂိုဏ်းချုပ်ကြီးဆိုပြီး ကိုယ့်ကိုကိုယ်တင်မြှောက်ထားတယ်၊ လူဗိုလ်ဂိုဏ်းရဲ့ ဟန်နန်းတော်ကိုးကွက်သိုင်းပညာကိုလည်း မင်းတတ်မြောက်ထားတယ်၊ မိသားစုရဲ့အမွေကိုဆက်ခံပြီး ဖိန့်ချွန်လူထူးလူခၽွန်းလေးဦးရဲ့ သိုင်းပညာကိုလည်း တတ်မြောက်ထားတယ်၊ ကျန်တဲ့ ဘာပညာတွေတတ်ထားလည်းဆိုတာကိုတော့ ငါလည်းမသိဘူး၊ ဒါပေမယ့် ဗီးအိမ်နီဂိုဏ်းချုပ်ကို …နိုင်ခဲ့တာကိုထောက်ရင်တော့ မင်းပညာမသေးဘူးဆိုတာကို သက်သေပြနေတယ်"

"ဒါပေမယ့်··မင်းဟာ ဒီဘုရားကျောင်းထဲ…မှာပဲ အသေခေါင်းလက်ဝါးအဆိပ်မိထားပြီးပြီ။ အနေးနှင့်အမြန်သေရတော့မယ်၊ မင်းနဲ့မတိုက်ဘဲလွှတ်ပေးလိုက်ရင်လည်း မင်းဘာသာသေမှာပဲ၊ ဒါပေမယ့် ငါ့တပည့်ရင်း … သေခဲ့ရတဲ့အပြစ်ရှိယ်၊ ယစ်ကောင်ကိုလာလုတဲ့အပြစ်…၊ နှစ်ခုပေါင်းအတွက် မင်းကိုလွှတ်မပေးနိုင်တော့ဘူး၊ မင်းကို…သတ်ရတော့မယ်၊ ငါတို့က မင်းကိုမသတ်နိုင်ခဲ့ဘူးဆိုရင် ငါတို့ကျုရှင်ပါကူဘုရားကျောင်းကို နှစ်တစ်ရာတံခါးပိတ်ထားလိုက်တော့မယ်၊ သိုင်းလောကကို ငါတို့လုံးဝမဝင်စွက်တော့ဘူး၊ မင်းကိုလည်း ဂလဲ့…ကြီးစားတော့ဘူး"

"အခုငါနောက်ဆုံးပြော…တော့ တိုက်ပွဲအကွက်ပဲ၊ ငါတို့ဘုရားကျောင်းမှာ အဖြူ၊ အညို၊ အနီ၊ ခရမ်းဆိုတဲ့ အရောင်လေးမျိုး၊

အဆင့်လေးမျိုးရှိတယ်။ ခရမ်းရောင်ဟာ အဆင့်အမြင့်ဆုံးပဲ၊ ငါကိုယ်တိုင်မင်းနဲ့ နောက်ဆုံးယှဉ်ပြိုင်မယ်၊ နောက်နှစ်ယောက်ကိုတော့ ငါက ရွေးထုတ်မပေးတော့ဘူး၊ မင်းဘာသာရွေးထုတ်ပေတော့၊ ဒါမှတရားမျှတမှုရှိလိမ့်မယ်၊ ကဲ..မင်းကြိုက်တဲ့နှစ်ယောက်ကို ရွေးပေတော့"

ဝိုက်တ်ချုပ်ကြီးဟိုဖူက စကားကိုရှည်လျားစွာပြောပြီး ရှိန်ရက်ကို အေးစက်သောမျက်လုံးများဖြင့် ကြည့်နေတော့၏။

ရှိန်ရက်သည် ဟိုဖူ၏နောက်ဘက်၌ ရပ်နေကြသည့် ခရမ်းရောင်ဝတ်ပုဂ္ဂိုလ်များကို မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်၏။

"ဝိုက်တ်ချုပ်ကြီးက ကျုပ်ကိုဒီလိုရွေးခွင့်ပေးတော့ ကျုပ်ကလည်း စိတ်ကြိုက်ရွေးရတော့မှာပေါ့"

"ပထမဆုံး ကျုပ်ရွေးထုတ်မယ့်သူကတော့ သူပဲ"

ရင်းလျှိုတုဖူးသည် ဤသို့ရွေးချယ်ခြင်းအတွက် အံ့သြခြင်းမဖြစ်ချေ။ သူနှင့်ရှိန်ရက်အကြား မပြေနိုင်သော အငြိုးများရှိနေသည်မဟုတ်ပါလော။

ဟိုဖူက

"ဒုတိယတစ်ယောက်ကော"

ရှိန်ရက်သည် ခရမ်းရောင်ဝတ်ရုံဝတ်ဆင်ထားသည့် ပုဂ္ဂိုလ်တစ်ဦးကို ညွှန်ပြလိုက်၏။ ထိုသူကား ဟားလားပုဖြစ်နေ၏။

ဟိုဖူကရယ်သည်။

"ရှိန်ရက် ဒါဟာမင်းဘာသာရွေးချယ်တာပဲ၊ မင်းရွေးလိုက်တဲ့လူနှစ်ယောက်စလုံး ဒီဘုရားကျောင်းမှာ ထိပ်တန်းသိုင်းသမားချည်းပဲ၊ သူတို့ကိုကျော်လွှားနိုင်မယ်ဆိုရင်တော့၊ မင်းကံထူးတာပဲ"

ရှိန်ရက်က တဟားဟားရယ်၏။

"ဒီလိုပဲဖြစ်ပါစေလို့ ဆုတောင်းပါတယ်၊ ဒီလိုဆိုရင် ဝိုက်တ်ချုပ်



ကြီးဟိုဖူနဲ့ ကျုပ်နဲ့မတိုက်ရတော့ဘူးပေါ့၊ ကဲ..ပြိုင်ပွဲလုပ်ရင် အကဲဖြတ်လူကြီးကတော့ မပါလို့မဖြစ်ဘူး၊ ကျုပ်အနေနဲ့ကတော့ ဝိုက်တ်ချုပ်ဟိုဖူသဘောတူမယ်ဆိုရင်တော့၊ ဒီကဧည့်သည်သုံးယောက်ကို အကဲဖြတ်လူကြီးများအဖြစ် ဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံချင်ပါတယ်"

ဟိုဖူက စဉ်းစဉ်းစားစားပြော၏။

"ဒီသုံးယောက်က မင်းတို့ကိုလာကယ်တဲ့လူတွေပဲ၊ သူတို့ရဲ့သမာဓိကိုတော့ သိပ်ယုံကြည်ကိုးစားလို့မရဘူး၊ ဒါပေမယ့် ငါကသူတို့ကို သိပ်ဂရုမစိုက်ပါဘူး၊ မင်းပြောတဲ့အဆိုကို ငါလက်ခံလိုက်မယ်"

"ကျေးဇူးတင်ပါတယ်"

"မလိုဘူး၊ မင်းမသေခင် မင်းကိုနောက်ဆုံးအကြိမ်လိုက်လျောတဲ့သဘောပဲ"

ဟိုဖူသည် စကားဆုံးသည်နှင့် ရင်းလျှိုတုဖူးဘက်သို့လှည့်လိုက်သည်။

"ရင်းလျှိုတုဖူး ပထမပွဲကို မင်းပဲနွှဲပေတော့၊ မင်းရဲ့လက်ဝါးဒဏ်ရာတစ်ချက်သူ့ရထားတာမို့ မင်းအဖို့ သိပ်အခက်အခဲရှိမယ်မထင်ဘူး"

ရင်းလျှိုတုဖူးသည် ဝိုက်တ်ချုပ်ကြီးဟိုဖူအား ဦးညွှတ်ဂါရဝပြုပြီးနောက် ကွက်လပ်အလယ်သို့ ထွက်လာ၏။ ရှိန်ရက်နှင့် မျက်နှာချင်းဆိုင်ရင်ဆိုင်လိုက်သည်။

"ရှိန်ရက်..ငါလာပြီ"

ရင်းလျှိုတုဖူးက အေးစက်သောလေသံဖြင့် ကြေညာ၏။

ရှိန်ရက်ကလည်း အေးအေးစက်စက်ရယ်သည်။

"ခင်ဗျားမလာလို့မရပါဘူး၊ ခင်ဗျားသီမှာ အကြွေးတွေသိပ်များနေပြီ၊ ဖူးကွမ်ဘုရားကျောင်းအတွက်၊ ပမ်းဝူအတွက်၊ ရှမ်ယာနစ်အတွက်၊ ကျုပ်အတွက် အကြွေးတွေသိပ်များနေတော့ ခင်ဗျားမှပထမဆုံးမထွက်ရင် ဘယ်သူထွက်ရမှာလဲ"

"ကောင်းပြီ၊ မင်းတက်လာပေတော့၊ ငါက အဆင်သင့်ပဲ"

ရှိန်ရက်သည် ရှေ့သို့ခြေတစ်လှမ်းတက်ပြီးမှ တစ်စုံတစ်ခုကိုသတိရဟန်ဖြင့် နောက်ပြန်ဆုတ်သွား၏။

"ရှိန်ရက် ဘာဖြစ်လို့ နောက်ဆုတ်သွားတာလဲ"

ရှိန်ရက်ကမဖြေ မျက်နှာဖုံးစွပ်အဘိုးအိုအနီးသို့ လျင်မြန်စွာပြန်ဆုပ်သွားလေတော့သည်။

* * * * *

## တတိယအကြိမ်တိုက်နိုက်ခြင်း

"ဝိုဏ်းချုပ်ကြီးရှိန်ရက် ဘာမှာချင်လို့လဲ"

မျက်နှာဖုံးစွပ်အဘိုးအိုက ရှိန်ရက်အား လှမ်းမေးလေ၏။

ထိုစဉ် ရင်းလျှိုတုဖူးက လှမ်းမေးလေ၏။

"ဟော့.. ရှိန်ရက် ဘာဉာဏ်များတာလဲ၊ ခုပဲတိုက်တော့မယ်ပြောပြီး၊ ခုပဲနောက်ဆုတ်တယ်၊ ဘာသဘောလဲ"

ရှိန်ရက်သည် ရင်းလျှိုတုဖူးဝင်ရှုပ်လာမည်ကိုစိုးသဖြင့် ခပ်ရှင်းရှင်းပင်ပြောသည်။

"ခဏသည်းခံပါ၊ ကျုပ်မှာကြားစရာကိစ္စကလေးတစ်ခု သတိရလို့ပါ"

ရင်းလျှိုတုဖူးက ရယ်သည်။

"ကောင်းပြီ၊ ကောင်းပြီ၊ မသေခင်မှာစရာရှိတာ ပြည့်ပြည့်စုံစုံမှာထား"

ရှိန်ရက်သည် မျက်နှာဖုံးစွပ်အဘိုးအိုအနီးသို့ကပ်ပြီး တီးတိုးမှာကြားလေသည်။



"အဘိုး၊ အဘိုးတို့သုံးယောက်စလုံးမျက်နှာတွေကို ဖုံးကွယ်ထားကြတော့၊ ဘယ်သူတွေမှန်း ရှိန်ရက်လုံးဝမသိပါဘူး၊ အဘိုးတို့ရဲ့ကျေးဇူးကိုတော့ ရှိန်ရက် နောင်ဘဝကျမှပဲ ဆပ်နိုင်ပါတော့မယ်၊ အခုအရေးကြီးတဲ့စကားတွေကို မှာကြားခဲ့ချင်ပါတယ်"

"မှာပါ ဂိုဏ်းချုပ်ကြီးရှိန်ရက် ကျုပ်တို့တတ်နိုင်သမျှ ကူညီပါ့မယ်"

"အဘိုး ကျွန်တော်ဘယ်လိုပဲ အန္တရာယ်ကြုံတွေ့နေရပါစေ၊ အဘိုးတို့ဝင်ပြီး မကာကွယ်ကြပါနဲ့၊ ပထမနှစ်ယောက်ကိုတော့ ကျွန်တော်ရှင်းပစ်နိုင်လိမ့်မယ်လို့ မျှော်လင့်ထားပါတယ်၊ ဟိုဖူကိုတော့ အပြတ်ပြောလို့မရပါဘူး၊ ဒီတော့ ကျွန်တော်နဲ့ဟိုဖူတိုက်နေတဲ့အချိန်မှာ နတ်ရုပ်လက်ထဲမှာရှိနေတဲ့ အဆိပ်ဖြေဆေးပုလင်းကို ရအောင်ယူပြီး လုံမလေးရှမ်ယာနမ်ကို ကယ်ထုတ်သွားပေးပါ။ ဆရာကြီးတို့ဆေးပုလင်းယူချိန်ရအောင် ကျွန်တော်တတ်နိုင်သမျှ သူတို့အာရုံလွှဲအောင် ကြိုးစားပါ့မယ်"

"စိတ်ချပါ ဂိုဏ်းချုပ်ကြီးရှိန်ရက် ကျုပ်တို့အားလုံးကို ဆောင်ရွက်ပေးပါ့မယ်"

"ကျေးဇူးပဲ"

ရှိန်ရက်သည် စကားဆုံးသည်နှင့် ကွက်လပ်ထဲသို့ထွက်သွားသည်။

"ရှိန်ရက် မင်းဘာပရိယာယ်တွေဆင်ခဲ့သလဲ"

ရင်းလျှိုတုဖူးက လှမ်းမေး၏။

"ဟား..ဟား..ဟား၊ ခင်ဗျားနဲ့ ကျုပ် နှစ်ကြိမ်နှစ်ခါ ယှဉ်ပြိုင်ခဲ့ပြီးပြီ၊ ကျုပ်ဘယ်တုန်းက ပရိယာယ်ဆင်လို့လဲ၊ အခုကျုပ်မှာကြားနေတဲ့စကားက ခင်ဗျားနဲ့မဆိုင်ပါဘူး၊ ဘယ်လိုလဲ ကျုပ်ကိုမပြိုင်ခင်ကတည်းက ကြောက်နေပြီလား"

ရှိန်ရက် အေးအေးဆေးဆေးပင် ပြန်ဖြေသည်။

ထိုစဉ် ရှမ်ယာနမ်က လှမ်းအော်လေ၏။

"အစ်ကိုရှိန်ရက်၊ ညီမလေးကိုမကယ်ပါနဲ့တော့၊ ညီမလေးကိုယ့်ဘာသာသတ်သေလိုက်ရင် အစ်ကိုတို့တွေ အေးအေးချမ်းချမ်းဖြစ်သွားမှာပါ၊ ညီမလေးသေပါရစေ"

ရှိန်ရက်နောက်သို့လှည့်အော်သည်။

"ညီမလေး၊ ဘာမဟုတ်တာဟုတ်တွေ လျှောက်အော်နေတာလဲ၊ တိတ်စမ်း၊ ရှိန်ရက်ဟာ အလုပ်တစ်ခုလုပ်ပြီဆိုရင် ဘယ်တော့မဆိုပြတ်ပြတ်သားသားပဲလုပ်တတ်တယ်"

ရှမ်ယာနမ်ဆက်မအော်နိုင်တော့ပေ၊ ရှိန်ရှက်လည်း ရင်းလျှိုတုဖူးရှိရာသို့ ခုန်ဝင်သွားတော့၏။

"ခွေးကောင်လေး မင်းကိုငါစောင့်နေတာကြာပြီ၊ ဒါမျိုးမှငါကကြိုက်တာ"

ရင်းလျှိုတုဖူးသည် အော်ဟစ်ရင်း သူ၏အအေးဓါတ်အဆိပ်လက်ဝါးဖြင့် ရိုက်ချလေ၏။ ရှိန်ရက်သည် ရင်းလျှိုတုဖူးကို လုံးဝအထင်မသေးပါ။ လူဗိုလ်ဂိုဏ်း၏ ဟန်နန်းတော်ကိုးကွက်သိုင်းပညာကိုလည်းမသုံး၊ စိန်ချွန်လူထူးဆန်းလေးဦး၏ ပညာကိုလည်းမသုံးချေ၊ တြိသူရဲကောင်း၏ ရင်တန့်သိုင်းကွက်ကိုးကွက်၏ ပထမဆုံးကွက်နှင့် ကွက်ပြောင်းများကိုသုံးကာ ထိုအဆိပ်လက်ဝါးကို ခုခံသည်။

အရေးကြီးတာက တိုက်ခိုက်နေတုန်း ချန်ရွှဲလက်ဝါးဒဏ်နဲ့ စောစောကမိထားတဲ့ အအေးဓါတ်အဆိပ်လက်ဝါးဒဏ်တွေပြန်ပေါ်မလာဖို့ပဲ၊

**ရှိန်ရက်စိတ်ထဲ၌ ထိုသို့သာတွေးပေသည်။**

"ဝှန်း . ."



ရင်းလျှိုတုဖူးသည် နောက်သို့ ခုနစ်လှမ်းမျှ ခုန်ဆုတ်သွားရ၏။ သူ့မျက်နှာ၌လည်း အုံ့ညိုသောအရိပ်အယောင်များပေါ်လာ၏။

စောစောကပင်သူသည် ရှိန်ရက်၏ကျောပြင်ကို လက်ဝါးဖြင့်ထိထိမိမိရိုက်ခဲ့သေး၏။ ယခုရှိန်ရက်က မိမိအားနောက်ဆုတ်သွားအောင် တိုက်ခိုက်နေပြန်လေပြီ။

ယခင်နှစ်ကြိမ်က ရှိန်ရက်အားရှုံးပြီး ထွက်ပြေးခဲ့ရသည့်အဖြစ်များကို ပြန်လည်မြင်ယောင်လာပြီးနောက် ရင်းလျှိုတုဖူးမှာ ခေါင်းချွေးများပြန်လာမိတော့၏။ ဤတိုက်ပွဲသည် မိမိ၏နောက်ဆုံးတိုက်ပွဲပင်ဖြစ်လေတော့မည်လောဟုတွေးပြီး ထိတ်လန့်လာမိလေ၏။

* * * * *

ရှိန်ရက်က

"ရင်းလျှိုတုဖူး စောစောကတော့ ခင်ဗျားပဲကျုပ်ကိုစောင့်မျှော်နေတယ်ဆို၊ အခုဘာဖြစ်လို့ တစ်ကွက်တည်းနဲ့ နောက်ဆုတ်သွားတာလဲ"

ရှိန်ရက်စကားက ရင်းလျှိုတုဖူး၏ ဒေါသကိုနှိုးဆွသလို ဖြစ်သွား၏။

"ဟင်း ဒီကောင်သိပ်ပြီး ကြီးကြီးကျယ်ကျယ်ပြောနေတယ်၊ စောစောကငါ့လက်ဝါးစာမိပြီး သွေးအန်ထားတဲ့ကောင်က ဒီလိုပြောတာအံ့ဩစရာပဲ၊ ဒီလိုလက်ဝါးစာမိထားတဲ့အကောင်ကို ငါရှုံးရင်ဂိုဏ်းချုပ်ကြီးကိုငါ ဘယ်လိုမျက်နှာပြဝံ့တော့မလဲ"

သူသည် ထိုသို့တွေးလိုက်မိသဖြင့် သူ၏ထိန်ချန်ထားသည့် နောက်ဆုံးသိုင်းကွက်ကို ထုတ်လေတော့၏။

"ဟော့ကောင် ရှိန်ရက် ငါ့ဆီမှာ ရန်လင်းကွေ့ဟန်သိုင်းကွက်ဆိုတာရှိသေးတယ်ကွ၊ စမ်းကြည့်ပါဦး"

ရင်းလှိုတ္ဟုဖူးသည် စကားလည်းဆုံး ခုန်းလည်းခုန်အဆက်မပြတ် တိုက်ခိုက်တော့၏။

ထိုအချိန်မှစ၍ သူတို့သည်တစ်ယောက်တစ်ပြန် အပြန်အလှန် တိုက်ခိုက်ကြတော့သည်။ တိုက်ပွဲ၌သုံးသည့် အတွင်းအားများမှာ ပြင်းထန်လှသဖြင့် ပတ်ဝန်းကျင်ရှိလေထုပင် တုန်ဟည်းနေပေသည်။

မျက်နှာဖုံးစွပ်အဘိုးအိုသုံးယောက်သည် ဓားချွေးများပြန်လျက် နိုးရိမ်တစ်ကြီးစောင့်ကြည့်နေမိကြသည်။

မျက်နှာဖုံးစွပ်အဘိုးအိုတစ်ဦးက ပထမဆုံးအဘိုးအိုက တီးတိုးလှမ်းမေးသည်။

"အစ်ကိုကြီး အခြေအနေကို ဘယ်လိုသုံးသပ်မိသလဲ"

အစ်ကိုကြီးဟု အခေါ်ခံရသူက ခေါင်းခါ၍ ပြန်ဖြေလေသည်။

"လက်ရည်တူ၊ အားတူပဲ ညီလေးအမြင်ကကော"

"ကျွန်တော် သိပ်အံ့သြနေတယ်၊ စောစောကတည်းက ရှိန်ရက် ဒဏ်ရာရထားတာပဲ၊ ဒီအထိရှိန်ရက်အားစိုက်ပြီး တိုက်ခိုက်နေတာဟာ ရှိန်ရက်အနေနဲ့ မိုက်မဲရာကျနေပါတယ်"

နောက်ဆုံးကျန်နေသည့် အဘိုးအိုက ဒုတိယအဘိုးအိုကို လှမ်းပြောပြန်သည်။

"အစ်ကိုလတ်၊ ဟိုဖူ့ခဏခဏမျက်မှောင်ကြုတ်နေတယ်၊ အဲဒါ ဘာသဘောလဲ၊ တစ်ခုခုများအကြံရှိနေသလားမသိနိုင်ဘူး"

အကြီးဆုံးအဘိုးအိုက ခေါင်းညိတ်၏။

"ဒီအဘိုးကြီး ဘာတွေတွေးနေတယ်ဆိုတာကိုငါသိပါတယ်"

အားလုံးအံ့သြသွားသည်။

"အစ်ကိုကြီး သူဘာတွေတွေးနေသလဲ"

"ရှိန်ရက်ဒဏ်ရာရထားတယ်လေ၊ ဒဏ်ရာရထားလျက်နဲ့ ဘာ



ကြောင့်ဒီလောက် တိုက်ခိုက်နိုင်စွမ်းရှိနေရတာလဲဆိုတာ သူတွေးနေတာ၊ ညီလတ်တွေးသလိုမျိုး သူတွေးနေတာပေါ့"

မှန်ပါသည်။ ဟိုဖူသည် ယခင်ကလိုအေးစက်တည်ငြိမ်စွာရပ်ကြည့်မနေနိုင်တော့ပေ။ တစ်စုံတစ်ခုမှားနေပြီဟူသောအကြည့်ဖြင့်ကြည့်ကာ အနည်းငယ်ဂနာမငြိမ်ဖြစ်နေလေသည်။

ဟိုဖူတွေးမည်ဆိုကလည်း တွေးစရာ၊ သူတို့ရှေ့တွင်ပင် ရှိန်ရက်သွေးအန်ခဲ့သေးသည်။

ဤကဲ့သို့သော ဒဏ်ရာမျိုးကို ထိပ်သီးသိုင်းသမားများသည် ရန်သူများရှေ့မှောက်၌ ထုတ်ပြလေ့မရှိပေ။ တတ်နိုင်သမျှ မျိုသိပ်ထားတတ်ကြသည်။

ရှိန်ရက်သွေးအန်သည်မှာ ထိန်းမထားနိုင်၍သာဖြစ်သည်။ ဒါဖြင့် ဘာကြောင့်ဒီကောင် ဒီလောက်တိုက်ခိုက်နိုင်ရတာလဲ၊ ဟိုဖူထိုကဲ့သို့တွေးနေသည်။

ဟိုဖူနှင့် ကယ်တင်ရှင်အဘိုးအိုသုံးဦးသည် ရှိန်ရက်တစ်ယောက် ချွန်ရွှဲလက်ဝါးဒဏ်ခံထားရကြောင်း လုံးဝသိမထားကြပေ။ သိလျှင် ယခုထက်ပင် အံ့သြနေကြမည်လားမဆိုနိုင်ပေ။ စဉ်းစားရပိုကျပ်သွားကြပေလိမ့်မည်။

ထိုစဉ် ရူးရှသောလေချွန်သံတစ်ချက် ပေါ်လာ၏။ ရှိန်ရက်မြောက်တက်သွားသည်။ ရင်လှိုတ္ဟုဖူးရှိရာသို့ခုန်ဝင်သွားသည်။

"ရှိန်ရက် မင်းအသက်ကိုပေးပေတော့"

ရင်းလှိုတ္ဟုဖူးသည် အလွန်တရာပြင်းထန်သည့် တိုက်ကွက်တစ်ခုဖြစ်သော စန်းရင်းကျွမ်တိုးသိုင်းကွက်ကို ထုတ်သုံးလိုက်သည်။ အေးစိမ့်သောလေလှိုင်းထုသည် ရှိန်ရက်ဆီသို့ တန်းတန်းမတ်မတ်ဝင်သွား၏။

ထိုသိုင်းကွက်မထုတ်မီ ရှိန်ရက်ကုန်သွားကြောင်း အားလုံးသတိပြုမိလိုက်ကြ၏။

"ဟာ…ခုကွပဲ၊ ဒါဆိုသူရဲကောင်းရှိန်ရက် အဆိပ်ပြန်ထလာတာပဲ"

မျက်နှာဖုံးစွပ်အဘိုးအိုတစ်ဦးက အထိတ်တလန့်ရေရွတ်လိုက်မိသည်။

ဟိုဖူ၏မျက်နှာ၌ ပထမဆုံးသော အပြုံးရိပ်တစ်ခုပေါ်လာ၏။ ဖူးခန့်လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။ ယခုပုံစံအတိုင်းဆိုပါက ရင်းလျှိုတုဖူးက အောင်မြင်စွာပွဲသိမ်းနိုင်ပေတော့မည်။

ထင်ထားသည့်အတိုင်းပင် ဝုန်းခနဲမြည်ဟည်းသံနှင့်အတူ ရှိန်ရက် လွင့်စဉ်သွား၏။ သုံးလံခန့်အကွာ၌ ဖင်ထိုင်ကျသွားလေသည်။

"အစ်ကိုရှိန်ရက်"

ရှမ်ယာနမ်က စိုးရိမ်တစ်ကြီးအော်မိသည်။

အော်ရုံသာအော်နိုင်သည်။ သူမကလည်း ဘာမျှမတတ်နိုင်ပေ။

ထိုစဉ်ရင်းလျှိုတုဖူးသည် ရှိန်ရက်ထံသို့ ထပ်ကြပ်မခွာရောက်ရှိလာပြီး ရှိန်ရက်၏ဦးခေါင်းကို လက်ဝါးဖြင့်ရိုက်ချရန် လျှပ်တစ်ပြက်မြှောက်လိုက်လေသည်။

"အား…"

နာကြည်းစွာအော်ဟစ်သံနှင့်အတူ ခန်းမကြီးထဲမှလူအားလုံး ဟင်ခနဲ၊ ဟာခနဲဖြစ်ကုန်သည်။

အဖြစ်ကဆိုးလှသည်။

ရင်လျှိုတုဖူးသည် ရှိန်ရက်ကိုရိုက်မည်ဟု မြှောက်ထားသည့်လက်ကိုပင် ပြန်မချနိုင်ဘဲ အားခနဲအော်ကာ လဲကျသေဆုံးသွားတော့သည်။

* * * * *



ရှိန်ရက်သည် ရင်းလျှိုတုဖူး၏ရင်ထဲသို့ ဆတ်ခနဲထိုးသွင်းလိုက်သည့် သူ၏လက်ချှန်ထိပ်များကို လျှပ်တစ်ပြက်ဆန့်လိုက်သလို၊ ရုတ်ခနဲပြန်သိမ်းလိုက်ပြီး ထိုင်ရာမှခုန်ထလိုက်၏။

ရင်းလျှိုတုဖူးကား သေဆုံးသွားခဲ့လေပြီ။

"ပထမတစ်ပွဲပြီးပြီ"

ရှိန်ရက်က အောင်မြင်စွာအော်ဟစ်ကြေညာလိုက်သည်။

ရင်းလျှိုတုဖူး၏စိတ်ထဲ၌ ရှိန်ရက်ဒဏ်ရာရသွားပြီဟု အထင်မှားသွားခြင်းဖြစ်သည်။

ထိုအထင်ကြောင့် ရှိန်ရက်၏ ဦးခေါင်းကို အပိုင်ရိုက်ချပြီးသတ်ရန် သူ၏လက်ကိုမြှောက်လိုက်ခြင်းဖြစ်သည်။

တကယ်တမ်းတွင်မူ သူထင်သလို ဖြစ်မလာပေ။ ရှိန်ရက်က သူလက်မြှောက်လိုက်စဉ်မှာပင် သူ့ရင်ထဲသို့ လက်ဖျားချှန်များဖြင့် လျှပ်တစ်ပြက် ထိုးသွင်းနိုင်ခဲ့ပေသည်။

မျက်နှာဖုံးစွပ်အဘိုးအိုသုံးဦးနှင့် ရှမ်ယာနမ်တို့အဖို့မူ ဝမ်းသာ၍မဆုံးတော့ပေ။

ဘုရားကျောင်းမှ သိုင်းသမားများနှင့် ဂိုဏ်းချုပ်ဟိုဖူတို့မူလွန်စွာ ဒေါသထွက်နေကြ၏။

သူတို့သည် ရှိန်ရက်ကို စားမတတ်ဝါးမတတ် ဝိုင်းကြည့်နေမိကြသည်။ ရှိန်ရက်သည် ဆရာကြီးဝှမ်းဝူအတွက် ကလဲ့စားချေနိုင်ခဲ့ပြီကိုသိလိုက်ရသည့်အတွက် လွန်စွာကျေနပ်သွားတော့၏။

ဒုတိယတိုက်ပွဲ၌ ဒဏ်ရာဟောင်းပြန်ထပြီး သေလိုကသေစေတော့ ဟူသော သဘောထားပင် သူ့ရင်၌ပေါ်လာခဲ့ပေသည်။

ဘုရားကျောင်းထဲမှ အိမ်ခံသိုင်းသမားများအဖို့မူ ရင်းလျှိုတုဖူးအားသူတို့၏ သူရဲကောင်းသဖွယ် သဘောထားကြသဖြင့် ငှင်းသေဆုံး

သွားသည့်အတွက် လွန်စွာအံ့ဩတုန်လှုပ်သွားကြသည်။

ရှိန်ရက်အဖို့မူ အဆန်းမဟုတ်လှပေ။ သူသည်မည်သည့်ဒဏ်ရာမျှ ရမထားပါက ရင်းလျှိုတုဖူးအား စောစီးစွာနိုင်မည်ဟုပင် မှတ်ယူထားခဲ့ပေသည်။

ရှိန်ရက်သည် တဖြည်းဖြည်းနောက်ဆုတ်လာပြီး ရှမ်ယာနမ်အနီးသို့ကပ်လာ၏။

"ညီမလေး ရှမ်ယာနမ်၊ ငါကတိအတိုင်း ညီမလေးရဲ့ဖေဖေအတွက် ငါလက်စားချေပေးပြီးပြီ"

ရှမ်ယာနမ်မချိပြုံးပြုံးပြီး ခေါင်းညိတ်ပြရှာသည်။

"ကျေးဇူးတင်ပါတယ်အစ်ကို၊ ဒီနေ့ညီမလေးဒီမှာသေရရင်လည်း ဝမ်းမနည်းတော့ပါဘူး"

"ဘာဖြစ်လို့သေရမှာလဲ၊ ညီမလေးလွတ်ကိုလွတ်ရမယ်"

"အစ်ကိုမပါဘဲနဲ့ ညီမလေးမလွတ်မြောက်ချင်ဘူး"

"ဘယ်သူကပြောသလဲ၊ ငါဒီမှာသေမယ်လို့၊ ငါလည်းလွတ်ချင်လွတ်လာမှာပေါ့၊ ဒါကြောင့် ဒီကဆရာကြီးသုံးဦးကို စောစောစီးစီး ထွက်ဖို့အကြံပေးထားတာပေါ့"

ထိုစဉ် တစ်ဘက်မှ ကျယ်လောင်သည့် အော်သံတစ်သံထွက်ပေါ်လာလေ၏။

"ရှိန်ရက် ...သိပ်ဝမ်းသာမနေနဲ့၊ ပရိယာယ်နဲ့နိုင်တာဟာ ပထမတစ်ပွဲအတွက်ပဲရမယ်၊ နောက်ပွဲမှာ ဒီပရိယာယ်မျိုးနဲ့ အနိုင်မရတော့ဘူး၊ ပုလားအော်ရဲ့ ဦးနှောက်ဟာ ရင်းလျှိုတုဖူးနဲ့မတူဘူး၊ ရင်းလျှိုတုဖူးကတော့မင်းကို ကောက်ကျစ်တဲ့သိုင်းသမားလို့ ယူဆထားတာမဟုတ်ဘူး"

ထိုသူကား ဒုတိယပွဲအတွက် ယှဉ်ပြိုင်ရန် ရှိန်ရက်ကရွေးချယ်



ထားသည့် ခရမ်းရောင်ဝတ်ရုံဝတ်ဆင်သည့် ပုလားအော်ဆိုသည့် အဆင့်မြင့်သိုင်းသမားပေတည်း။

ပုလားအော်သည် ခန္ဓာကိုယ်ကြီးမားပြီး နားရွက်များအလွန်ကားသည်။ ထိုနားရွက်ကြီးများ၌ ရွှေနားကွင်းကြီးများတပ်ထားသဖြင့် တစ်ခါမြင်ဖူးသည်နှင့် တစ်သက်မမေ့နိုင်သော ရုပ်ရည်မျိုးဖြစ်နေပေသည်။

မျက်လုံးများက သေးငယ်ကျဉ်းမြောင်းသဖြင့် မြေခွေးကဲ့သို့ ကောက်ကျစ်ပြီး၊ ဝံပုလွေကဲ့သို့ ရက်စက်မည့်သူဖြစ်ကြောင်း သိသာနိုင်သည်။

ရှိန်ရက်က ပုလားအော်ကိုအကဲခတ်ပြီး၊ ခပ်အေးအေးပင်ပြန်လည်မေးခွန်းထုတ်လေ၏။

"မေးပါရစေ၊ ရှိန်ရက်က ဘာတွေများ ပရိယာယ်ဆင်ခဲ့လို့လဲ၊ ရှိန်ရက်ဟာ အမြဲတမ်းရိုးသားပွင့်လင်းစွာပဲ အနိုင်ယူလေ့ရှိတယ်"

ပုလားအော်က ဒေါသတစ်ကြီး အော်ဟစ်စွဲချက်တင်တော့သည်။

"ဘာရိုးသားပွင့်လင်းတာလဲ၊ ဒဏ်ရာရဟန်ဆောင်ပြီး ရန်သူကို မှားခေါ်တာဟာ ပရိယာယ်မဟုတ်ဘူးလား"

ရှိန်ရက်သည် ထိုစကားကြားလိုက်ရသောအခါမှ ဤလူကား နွားသိုးကဲ့သို့ ကမူးရှူးတိုးတိုက်မည့်သူပေတည်းဟု သိလိုက်တော့သည်။

"ရှိန်ရက်က ကြမ်းပြင်ပေါ်၌ သူထိုးအန်ခဲ့သည့် မခြောက်သေးသေးသော သွေးကွက်ကိုလက်ညှိုးဖြင့် ထိုးညွှန်ပြသည်။

"လူကြီးမင်း ဟိုကြမ်းပြင်ပေါ်က နီးစွေးစွေးသွေးတွေကိုမြင်မိပါရဲ့လား"

"ငါမျက်စိမကန်းဘူး၊ အဲဒါဘာဖြစ်သလဲ"

"ဒဏ်ရာမရဘဲနှင့် ဟန်ဆောင်ပြီးသွေးအန်ပြတတ်တဲ့ သိုင်းသမားကို ခင်ဗျားဘယ်နှစ်ခါ မြင်ဖူးသလဲ"

ပုလားအော် ကြောင်သွားသည်။ ဘာဖြေမှန်းမသိဘဲဖြစ်သွားသည်။ သူတစ်သက် ဒဏ်ရာမရဘဲ သွေးအန်ပြသူများကို တစ်ယောက်တစ်လေမျှပင် မမြင်ခဲ့ဘူးပေ။

ရှိန်ရက်က အော်လိုက်သည်။

"ဒါတွေထားတော့၊ ကဲခင်ဗျားနဲ့ကျုပ် စတိုက်လို့ရပြီ"

"ဟောကောင်ရှိန်ရက် ဘဝင်သိပ်မြင့်မနေနဲ့၊ ဒီပွဲဟာမင်းအတွက် ဒုတိယနဲ့ နောက်ဆုံးပွဲပဲ၊ နည်းပြမှူးအတွက်မင်းကို ငါဂလုပ်စားချေမယ်"

ပုလားအော်သည် သိုင်းကွက်ခင်းရန်၊ တိုက်ခိုက်ရန်ဟန်ပြင်လိုက်၏။

ထိုစဉ်…

"နေကြဦး…"

လူရိပ်တစ်ရိပ်သည် တိုက်ပွဲအတွင်းသို့ ခုန်ပျံရောက်ရှိလာသည်။ ပုလားအော်သည်လည်းကောင်း၊ ရှိန်ရက်သည်လည်းကောင်း၊ တစ်လှမ်းစီနောက်ဆုတ်သွားကြလေသည်။

## ဒုတိယပွဲဝယ် အနိုင်ရခြင်း

ခုန်ထွက်လာသူကား အခြားသူမဟုတ် ရှိန်ရက်အား အကျဉ်းအကျပ်အတွင်း၌ လာရောက်ကူညီသည့် မျက်နှာဖုံးစွပ်အဘိုးအိုသုံးဦးအနက်မှ အစ်ကိုအစ်ကြီးဆုံးဖြစ်သည့် အဘိုးအိုပေတည်း။

ပုလားအော်သည် ပထမ၌ကြောင်သွားသည်။ နောက်မှဒေါသ



တစ်ကြီးမေးသည်။

"ခင်ဗျားဘာသဘောနဲ့ ဘားတာလဲ"

အဘိုးအိုက မျက်နှာမပျက်ဘဲ အေးဆေးစွာပြောသည်။

"ဒုတိယပွဲမစခင်မှာ ကျုပ်ပြောစရာစကားတွေရှိနေသေးတယ်"

"ကျုပ်တို့အသေအလဲတိုက်မယ့်သူတွေ၊ ခင်ဗျားကဘာယှဉ်နယ်ဝင်ပြီးပါစပ်နဲ့ ပေါက်ပေါက်ဖောက်နေရတာလဲ"

"ကျုပ်က အကဲဖြတ်လူကြီးအနေနဲ့တော့ စကားပြောပိုင်ခွင့်ရှိပါသေးတယ်၊ ကျုပ်စကားကို ခင်ဗျားတို့ဂိုဏ်းချုပ်ကြီးဟိုဖူ ထောက်ခံမှာသေချာပါတယ်"

အဘိုးအိုသည် ဂိုဏ်းချုပ်ကြီးဟိုဖူအား လှမ်း၍မေးလိုက်သည်။

"ဂိုဏ်းချုပ်ကြီးဟိုဖူ ကျုပ်စကားပြောမှာကို ခင်ဗျားကန့်ကွက်ပါသလား"

ဟိုဖူက ပုလားအော်အား အမိန့်ပေးလိုက်၏။

"ပုလားအော်သူ့ကို စကားပြောခွင့်ပေးလိုက်"

ဒါပဲအဆုံးအဖြတ်ဖြစ်သည်။ ပုလားအော်အနေဖြင့် ဘာမျှမတတ်နိုင်တော့ပေ။

မျက်နှာဖုံးစွပ်အဘိုးအိုက သူပြောလိုရာကိုစတင်ပြောကြားသည်။

"လူငိုလ်ဂိုဏ်းချုပ်ရှိန်ရက်အနေနဲ့ တစ်ယောက်နဲ့သုံးယောက် သုံးပွဲယှဉ်ပြိုင်တာဟာ သူ့သဘောနဲ့သူမို့ ကျုပ်တို့မတားမြစ်နိုင်ပေမယ့် တကယ်တမ်းအများအမြင်မှာတော့ ဒီပွဲဟာမျှတမှုမရှိပါဘူး"

ဟိုဖူကခြေသောင့်၍မေးလေသည်။

"ခင်ဗျားဘာပြောချင်သလဲ၊ လိုရင်းတိုရှင်းကိုပြောပါ"

မျက်နှာဖုံးစွပ်အဘိုးအို… သား…အတွင်းအိတ်ထဲမှာ ဆေးပုလင်းငယ်တစ်လုံးကိုထုတ်ယူပြီး လက်ဝ ပေါ်တင်ပြလိုက်လေ၏။

ဟိုဖူကအထင်သေးစွာပြော၏။

"ဒါလား၊ အပိုအလုပ်တွေ၊ ဒါကျုပ်ကိုပြောနေဖို့မလိုဘူး၊ ခင်ဗျား ဘာသာတိုက်ချင်တိုက်၊ မတိုက်ချင်နေကြိုက်သလိုလုပ်လို့ရတယ်"

ဟိုဖူသည် ညွှသည်အဘိုးအို၏ဆေးလုံးကို လုံးဝအထင်ကြီးပုံမရပေ။ ထို့ကြောင့် သဘောထားကြီးဟန်ဖြင့် ခွင့်ပြုလိုက်သည်။

အဘိုးအိုက ပုလင်းထဲမှဆေးလုံးများကို မှောက်ချလိုက်သည်။ စုစုပေါင်းဆေးလုံး ငါးလုံးမျှသာရှိသည်။ ရှိန်ရက်အား ဆေးလုံးများကိုလှမ်းပေးပြီး။

"ဂိုဏ်းချုပ်ကြီးရှိန်ရက် ဒါဟာကျုပ်တို့သုံးဦး ခက်ခက်ခဲခဲဖော်စပ်ထားတဲ့၊ ထီစင်ဆေးလုံးတွေပဲ၊ ဂိုဏ်းချုပ်ကြီးရှိန်ရက်ကို ဒီပွဲနိုင်စေရမယ်လို့ အာမမခံနိုင်ပေမယ့် ကုန်ခန်းသွားတဲ့အတွင်းအားတွေကိုတော့ ဒီထီစင်ဆေးလုံးတွေက အများကြီးဖြည့်စွမ်းနိုင်အားရှိပါတယ်၊ ယုံကြည်ရင်သောက်ချလိုက်ပါ"

ရှိန်ရက်ကတဟားဟားရယ်ရင်း ဆေးလုံးများကိုရိုသေစွာလှမ်းယူလိုက်သည်။

"အဘိုးတို့ကိုမယုံရင် ကျွန်တော်ရှိန်ရက်ဘယ်သူ့ကိုသွားယုံရမှာလဲ၊ အခုကျွန်တော်သိလိုက်ပါပြီ၊ အဘိုးတို့ဘယ်သူတွေဖြစ်တယ်ဆိုတာကို..."

အဘိုးအိုက ကမန်းမတန်းလက်ကာပြကာ ..

"ဟိုး...သူ့ရဲ့ကောင်းလေးအနေနဲ့ ကျုပ်တို့ဘယ်သူဘယ်ဝါခန့်မှန်းနိုင်ပြီဆိုရင် စိတ်ထဲမှာပဲထားပါတော့၊ ထုတ်ပြောစရာမလိုတော့ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့က သိုင်းလောကရဲ့ပြင်ပလူတွေဖြစ်နေပြီ၊ ဘာပဲဖြစ်ဖြစ် ကျုပ်တို့ကသိုင်းလောကအကျိုးပဲကြည့်တယ်၊ ကဲ..ဆေးသောက်ပြီးမှ တိုက်ပွဲဝင်ပါ"



အဘိုးအိုသည်စကားဆုံးသည်နှင့် ကိုယ်ကိုတစ်ချက်မျှလှုပ်လိုက်သည်။ ပေါ့ပါးစွာနောက်သို့ရောက်ရှိသွားလေသည်။

ရှိန်ရက်သည် လက်ထဲမှနီရဲသောဆေးလုံးငါးလုံးကို စိတ်လှုပ်ရှားစွာ စူးစိုက်ကြည့်နေ၏။

"အား..လက်စသတ်တော့ ဒီအဘိုးအိုသုံးဦးဟာ သိုင်းလောကထဲကနေထွက်ခွါသွားတဲ့ လောင်လင်အဘိုးအိုသုံးဦးဖြစ်နေတာကိုး၊ ဒီထီစင်အားတိုးဆေးလုံးဟာ တစ်လုံးဆိုတစ်လုံးဆိုသလောက် ရှားရှားပါးပါးခက်ခက်ခဲခဲဖော်စပ်ရတဲ့ ဆေးလုံးလို့သိုင်းလောကမှာ ဆိုစမှတ်ပြုကြတယ်၊ သူတို့ဆီမှာလက်ကျန်တောင်မထားဘဲ ငါးလုံးကြီးများတောင် ပေးအပ်ခဲ့တဲ့ စေတနာဟာ သာမန်စေတနာမဟုတ်ဘူး၊ သူတို့မျက်နှာတွေဖုံးအုပ်ကွယ်ဝှက်ထားတဲ့ ရည်ရွယ်ချက်ကတော့ ချင်းဟိုင်နယ်သားတွေနဲ့ အရှည်ရှုံ့ငြိုးမဖွဲ့ချင် [illegible] ဖြစ်ရမယ်"

ရှိန်ရက်သည် အတွေးဆုံးသည်နှင့် ဆေးလုံးငါးလုံးကို ပါးစပ်ထဲပစ်သွင်းလိုက်၏။ မွှေးကြိုင်သောရနံ့များသည် ဦးနှောက်ထဲရောက်သွားလေသလားထင်မှတ်ရလေတော့၏။

ထီစင်ဆေးလုံး၏ အာနိသင်မှာ လွန်စွာပြည့်စုံလှ၏။ သေလုမျောပါး သေငယ်ဇောနှင့် မျောနေသည့်လူနာအား ထိုဆေးကိုတိုက်ပါက သုံးရက်အ[illegible] ဘာသက်ရှင်နိုင်၏။

သိုင်း[illegible]ဘင်သင်ကြားသည် လူငယ်တစ်ဦးဦးသာ ထိုဆေးလုံး တစ်လုံးကိုသောက်သုံးခွင့်ရပါက နှစ်နှစ်စာနှင့်ညီမျှသောအတွင်းအားကို ချက်ချင်းရရှိနိုင်သည်။

လောင်လင်အဘိုးအိုသုံးဦးသည် သူတို့တစ်သက်၌ လျှို့မြောင်ချိန်စမ်းများအကြား ပင်ပန်း[illegible]ဖော်စပ်ခဲ့ရာမှ ဤဆေးလုံးငါးလုံးကို ရရှိခဲ့ခြင်းဖြစ်ပေသည်။

ဤဆေးလုံးငါးလုံးကို ရှိန်ရက်သောက်သုံးခွင့်ရရှိသည့်အတွက် သူတစ်ပါးဆယ်နှစ်စာ လေ့ကျင့်ရယူရသည့် အတွင်းအားကို ရှိန်ရက် ရရှိသွားသည်ဟု ယေဘုယျမှတ်ယူနိုင်သည်။ ရှိန်ရက်မှာ အတွင်းအား ပညာ၌ထိပ်တန်းရောက်နေသူဖြစ်၍ ဆမ္မားတိုးတက်ကာ ရသင့်သည့် အတွင်းအားထက်ပို၍ ရရှိသွားသည်။ သို့သော်---

ဤထီစင်ဆေးလုံးများ၏ အတွင်းအားဖြည့်တင်းပေးပုံမှာ ဝုန်းခနဲမဟုတ်ပေ။ တစ်ဖြည်းဖြည်းချင်း မှုံ့ဦးပေးခြင်းဖြစ်သည်။ ထီစင်ဆေးလုံး၌ ထိုသို့သော သဘာဝရှိခြင်းကြောင့် လောင်လင်အဘိုးအိုသုံးဦး အနေဖြင့် ဆေးငါးလုံးကို တစ်ပြိုင်နက်သောက်ခိုင်းရခြင်းဖြစ်ပေသည်။ အကယ်၍ ဤသို့မှုံ့ဦးပေးခြင်းမဟုတ်ဘဲ ဝုန်းခနဲပေးခြင်းဖြစ်ပါက ရှိန်ရက်မှာ အကြီးအကျယ်ဒုက္ခရောက်သွားနိုင်ပေသည်။

ယခုနေမွန်းတည့်နေပေပြီ။

ချင်းဟိုင်နယ်မြေသည် တောတောင်နည်းပါး၏။ စားကျက်မြက်ခင်းကွင်းပြင်များ ပေါများ၏။ ထို့ကြောင့် တိရစ္ဆာန်မြောက်များစွာ မွေးမြူနိုင်ခြင်းဖြစ်သည်။

သစ်ပင်တောတောင်နည်းပါးသဖြင့် အခြားနယ်ပယ်များထက် အပူဒဏ်ပိုခံရသည်။

သို့သော် ဤကျုရှင်ပါကူဘုရားကျောင်းကြီးမှာမူ ထူးကဲမြင့်မားခြင်း၊ ကြီးမားခြင်းတို့ကြောင့် အတွင်း၌အပူဒဏ်ဒုက္ခမပေးနိုင်ဘဲ ရှိနေ၏။

ရှိန်ရက်သည် ဆေးလုံးများသောက်ပြီးနောက် ခေတ္တမျှအနားယူလိုက်၏။ မွေးကြိုင်သောရနံ့များ တစ်ကိုယ်လုံးဖုံးလွှမ်းသွားပြီးနောက် အားအင်များပြည့်ဝလာသလို ခံစားလိုက်ရသည်။

* * * * *



အတန်ကြာသော် ခုန်ထလိုက်၏။

ထိုအချင်းအရာကိုမြင်သော ပုလားအော်က ရှိန်ရက်အားလှမ်းခေါ်လေ၏။

"တစ္ဆေကောင်ကလေး ကြွတော့ခဲ့ပေတော့"

ရှိန်ရက်သည် ညှို့မှုကန့်ထွက်သွားသော မြွားတ်နယ်လှစ်ခနဲပြေးထွက်သွား၏။

ပုလားအော်သည် တစ်ချက်မျှအော်ဟစ်ပြီး အသေအလဲချောင်တိမ်းလိုက်ရ၏။ ချောင်တိမ်းရင်းမှ လက်ဝါးသုံးချက်ရိုက်ထုတ်လျှက် ခုခံလိုက်သည်။

ပုလားခဲအော်၏ ခန္ဓာကိုယ်ကြီးသည် အလွန်တရာကြီးမားသော်လည်း လှုပ်ရှားရာ၌ အလွန်တရာပေါ့ပါးသည်။ အတွေ့သဖြင့် သူ၏လက်ဝါးရိုက်ချက်များသည် ရင်းလျှိုတုဖူးနှင့်မတူ တမူကွဲပြားခြင်းကြောင့် ရှိန်ရက်ပို၍သတိထားပေသည်။

အထိုးအသွင်းအဆုတ်အတက်များ လျှင်မြန်ဖြတ်လတ်ရုံမျှမက တစ်ဦးခေါင်းပေါ်မှတစ်ဦး ကျော်လွှားပျံသန်းတိုက်ခိုက်ပုံမှာ ရှုမငြီးနိုင်လောက်အောင်ဖြစ်နေသဖြင့် ဘေးမှဝိုင်းကြည့်နေသူများမှာ အသက်ပင်မရှုနိုင်ဘဲ ဖြစ်နေကြရသည်။

ဤမြင်ကွင်းထူးခြားချက်မှာ သိုင်းလောကခရီးစဉ်တစ်လျှောက်၌ လှုပ်စစ်လုံနှင့် ရှူဗိုလ်ဂိုဏ်းလုံးကို ကိုင်တောင်ခဲ့သည့် ရှိန်ရက်တစ်ယောက် လက်နက်မပါဘဲ လက်ချည်းဗလာတိုက်ခိုက်နေခြင်းဖြစ်ပေသည်။

ရှိန်ရက်သည် ရင်းလျှိုတုဖူးကိုလည်း လက်ချည်းသက်သက်ဖြင့် အနိုင်ယူခဲ့ပေသည်။

ရင်းလျှိုတုဖူး၊ ပုလားအော်နှင့် ယှဉ်ပြိုင်ရာ၌ လက်နက်သည် အကြောင်းမဟုတ်လှသော်လည်း ဂိုဏ်းချုပ်ကြီးဟူဖူနှင့်တိုက်ရာ၌မူ

လက်နက်မပါဘဲတိုက်က သူတစ်ပန်းရှုံးတော့မည်ကို ရှိန်ရက်ကြိုတင်သိနေမိသည်။

တစ်ကြိမ်တွင် လှချင်းမှူးသွားပြီးနောက် ရှိန်ရက်၏လက်ချောင်းဆွန်များက ပုလားအော်၏ခရမ်းရောင်ဝတ်ရုံရှည်ကြီးကို ရိခနဲပြဲသွားစေခဲ့သည်။

ပုလားအော်၏မျက်နှာမှာ ထိုအခါကျမှ ခရမ်းရောင်ဝတ်ရုံနှင့် ထပ်တူထပ်မျှဖြစ်သွားပြီး တရှူးရှူးတရှဲရှဲနှာသိုးကြီးမြတ် တိုက်ခိုက်တော့သည်။

"ကောင်းတယ်၊ သူဒေါသထွက်လေ အမှားပေါ်လာလေပဲ၊ ငါစိတ်ရှည်လက်ရှည် စောင့်နိုင်တာနဲ့ သူ့ဆီကဟာကွက်ကို တွေ့ရမှာပဲ၊ အဲဒီအခါကျမှ သူ့ကိုအပိုင်သတ်မယ်"

ရှိန်ရက်သည် ကြောင်ကကြွက်ကို ဆော့ကစားသကဲ့သို့ အပြင်းအထန်မတိုက်တော့ဘဲ၊ တစ်ခါတစ်ရံတိုက်လိုက်၊ အချိန်အများအပြားၡ ရှောင်လိုက်လုပ်နေတော့၏။

ပုလားအော် စိတ်ဆိုးလာအောင် တမင်ဆွပေးခြင်းဖြစ်လေသည်။

ရှိန်ရက်၏ စိတ်ကူးမှန်သွား၏။

ပုလားအော်သည် သူသေရမည်ကို မမှုတော့ဘဲ အအေးဓါတ်အဆိပ်လက်ဝါးပညာထဲမှ အပြင်းထန်ဆုံးသောလက်ဝါးရိုက်ချက်များကိုသာ တစ်ဝုန်းဝုန်းထုတ်လေတော့၏။

သူ၏လက်ဝါးရိုက်ချက်များ ပြင်းထန်လှသဖြင့် သာမန်ဝတ်ပြုသူတစ်ချို့ပင် ကြောက်လန့်တကြားအပြင်သို့ ပြေးထွက်သွားကြ၏။

ရှိန်ရက်သည် သူ၏တြိအတွင်းအားကို တစ်ကိုယ်လုံး၌လှည့်ပတ်ပြည့်ဝစေကာ ထိုလက်ဝါးရိုက်ချက်များအတွင်းမှ ဟာကွက်တစ်ကွက်အတွင်းသို့ လျှပ်တစ်ပြက်တိုးဝင်သွား၏။



ပုလားအော်၏ တိုက်ကွက်ပြင်းထန်ပုံ၊ နောက်ဆုံးအားသွန်၍တိုက်နိုက်နေပုံကို ဟိုဖူအပါအဝင် ဘုရောင်းကျောင်းမှ သိုင်းသမားတိုင်းသိရှိကြ၏။

ထိုသို့အပြင်းအထန်တိုက်၍မှ ရှိန်ရက်ကိုအနိုင်မယူနိုင်လျှင် နောက်ပိုင်း၌ရှုံးတော့မည်မှာ သေချာသလောက်ဖြစ်နေပေသည်။

ထို့ကြောင့် ဟိုဖူ၏ဝတ်ရုံအများစုသည် မသိမသာတုန်လှုပ်နေပေသည်။

ထိုအချက်ကိုမည်သူမျှ သတိမပြုမိကြပေ။

ပုလားအော်က အပြင်းထန်ဆုံးတိုက်ကွက်ထုတ်နေစဉ်မှာပင် လောင်လင်အတိုးအိုလုံးဦး၏ ထီစင်ဆေးလုံးများ၏ အာနိသင်ထွက်ပေါ်လာ၏။

ရှိန်ရက်အလွန်ဝမ်းသာသွားသည်။

ရှိန်ရက်လှုပ်ရှားမှုသည် တစ်ဆတိုး၍လျှင်မြန်လာသည်။ ရှိန်ရက်၏ လှုပ်ရှားမှုအားလုံးကို သိုင်းသမားကြီးများမှအပ မည်သူမျှတိတိကျကျမတွေ့မြင်ကြရတော့ချေ။

"ဖုန်း…ဖုန်း…ဖုန်း"

လှုပ်ရှားနေချိန်အတွင်းမှာပင် ကျယ်လောင်လှသည့် တစ်ဖုန်းဖုန်းမြည်သံသုံးချက်ထွက်ပေါ်လာ၏။

ထိုစဉ်မှာပင် ရှိန်ရက်သည် ရုတ်တရက်နောက်ပြန်ဆုတ်လာ၏။

ပုလားအော်ကလည်း မားမားမတ်မတ်ကြီး ရပ်နေဆဲရှိသေးသည်။

"ဟင်း..ဒါဘယ်လိုဖြစ်တာလဲ၊ ဘယ်သူရှုံးလို့ ဘယ်သူနိုင်တာလဲ"

ထိုမေးခွန်းများမှာ ကြည့်နေသူအားလုံး၏ရင်ထဲမှမေးလိုက်သည့်မေးခွန်းများဖြစ်ပါသည်။

မည်သူမျှထုတ်ဖော်မေးခြင်းမဟုတ်ပါ။

"အစ်ကိုရှိန်ရက်"

ရှမ်ယာနမ်က ရှိန်ရက်အား စိုးရိမ်တကြီးလှမ်းခေါ်၏။ ရှိန်ရက်က ရှမ်ယာနမ်အား လှည့်မကြည့်ပေ။ ဤမျှအရေးကြီးသည့်အချိန်၌ မည်သူလှည့်ကြည့်နိုင်ပါမည်နည်း။

"လုံမလေး၊ စိတ်အေးအေးထားပါ၊ အခြေအနေက ဘာမှန်းမသိသေးပါဘူး"

အတိုးအိုက တီးတိုးပြောလိုက်ခြင်းဖြစ်သော်လည်း ဝန်းကျင်တစ်ခုလုံး ဆိတ်ငြိမ်နေသဖြင့် ခန်းမထဲရှိလူအားလုံးလိုလိုက ထိုစကားကို ကြားလိုက်ကြရသည်။

ထိုအချိန်မှာပင် မားမားကြီးရပ်နေသည့် ပုလားအော်သည် ရှိန်ရက်အားမဲ့ပြုံးပြုံးပြလိုက်၏။ ထို့နောက် ဂိုဏ်းချုပ်ကြီးဟိုဖူဘက်သို့ ဖြည်းညှင်းစွာလှည့်သွားသည်။

ထိုအချင်းအရာကိုမြင်လိုက်ရသည့် ဟိုဖူ၏မျက်နှာသည် ရုတ်တရက်ဖြူခနဲဖြစ်သွား၏။

"စူရှင်...မင်း...မင်း.."

ဟူဖူသည် လွန်စွာစိတ်လှုပ်ရှားနေသည်။ စကားကိုဆုံးအောင်မပြောနိုင်ဘဲဖြစ်နေသည်။ ထိုအချက်ကိုကြည့်ပြီး ရှိန်ရက်ထပ်မံ၍ ကောက်ချက်ချသည်။

"ဂိုဏ်းချုပ်ကြီးဟိုဖူ ဒီလောက်စိတ်လှုပ်ရှားတတ်တယ်ဆိုရင် သူဟာကြာပန်းလေဝဲသိုင်းပညာကို ဘယ်နည်းနဲ့မှ အဆုံးစွန်တတ်မြောက်နိုင်မှာမဟုတ်ဘူး၊ ဒါဆိုရင် ငါနောက်တစ်ပွဲနိုင်နိုင်သေးတယ်"

ပုလားအော်သည် သူ၏လက်သီးနှစ်ဘက်ကို ဖြည်းညှင်းစွာဆုတ်ကိုင်ပြီး ရင်ဝ၌ကပ်လိုက်၏။ ဟိုဖူအားအရိုအသေပေးခြင်းဖြစ်သည်၊



"ဂိုဏ်း..ဂိုဏ်း..ဂိုဏ်းချုပ်ကြီး ကျွန်..ကျွန်တော် ..ဆရာနာမည်ကို ထိ..ထိပါးစေခဲ့..."

"ဝုန်း.."

ပုလားအော်သည် စကားကိုပင် ဆုံးအောင်မပြောနိုင်တော့ဘဲ ဝုန်းခနဲလဲကျသွားလေတော့၏။

"ဟာ."

ဘုရားကျောင်းခန်းမထမှ တစ်ဦးချင်းအော်လိုက်သည့် အာမေဋိတ်သံများစုပေါင်းသွားပြီး ကျယ်လောင်သည့်အသံကြီးဖြစ်သွားလေတော့သတည်း။

* * * * *

## နတ်ရုပ်တုအကာအကွယ်

ဂိုဏ်းချုပ်ကြီးဟိုဖူနှင့် လောင်လင်အတိုးအိုသုံးဦးသည် ရှိန်ရက်ထိုးနက်တိုက်ခိုက်ခြင်းကို မမြင်လိုက်ကြရသဖြင့် လွန်စွာအံ့ဩသွားကြရသည်။

ပုလားအော် လဲကျသေဆုံးသွားမှသာ ရှိန်ရက်က အနိုင်ယူလိုက်သည်ကို ဂနသေချာစွာ သိရှိကြရတော့သည်။

ထိုစဉ်ရုုးရှသော အော်သံပေါ်လာပြီးနောက် ခရမ်းရောင်ဝတ်ရုံ ရှည်ဝတ်ဆင်သူနှစ်ဦးသည် တိုက်ပွဲစည်းအတွင်းသို့ ခုန်ဝင်လာကြလေ၏။

ထိုသူနှစ်ဦးကား စုကျင်းနှင့် စုခက်အမည်ရှိသော ထိပ်သီးသိုင်းသမားနှစ်ဦးပေတည်း။ နှစ်ယောက်စလုံး အသက်ငါးဆယ်ပတ်ဝန်းကျင်ခန့်ရှိကြသည်။

"သွေးကို သွေးနဲ့ပြန်ဆေးမယ်ဟေ့"

ဆေဟင်လင်အဘိုးအိုသုံးဦးအနက်မှ ဖေးဟုတ်လောင်လင်အဘိုးအိုက အော်ဟစ်တားဆီးလိုက်၏။

"ရပ်စမ်း။ ခင်ဗျားတို့က အိမ်ရှင်တွေဖြစ်တယ်၊ အိမ်ရှင်တွေကိုယ်တိုင်က ကတိစကားဖျက်ပြီး အများနဲ့ဝိုင်းတိုက်တော့မလို့လား၊ တစ်ယောက်တည်းနဲ့ သုံးပွဲတိုက်တာကပဲ သူ့အတွက်နစ်နာလှပြီ"

လောင်လင်အဘိုးအိုနှစ်ဦးသည် လျှပ်တစ်ပြက်ခုန်ထွက်ပြီး လက်ဝါးနှစ်ချက်ရိုက်ထုတ်လိုက်သည်။

"ဖုန်း…ဖုန်း"

ခရမ်းရောင်ဝတ်ရုံရှည်ဝတ်ဆင်ထားသည့် သိုင်းသမားနှစ်ယောက်မှာ သုံးလှမ်းစီနောက်ဆုတ်သွားရလေ၏။

ဖေးဟုတ်လောင်လင်သည် ရှမ်ယာနမ်မထွက်သွားနိုင်စေရန် ဆွဲထားရသဖြင့် သူ့ညီတော်နှစ်ယောက်ကို မကူညီနိုင်ပေ။

သို့သော်သူက ဂိုဏ်းချုပ်ကြီးဟိုဖူကို လှမ်းအော်၍သတိပေးသည်၊

"ဂိုဏ်းချုပ်ကြီးဟိုဖူ ခင်ဗျားရဲ့တပည့်တွေ စည်းကမ်းဖျက်တာကို ဒီလိုပဲ လျစ်လျူရှုထားတော့မလား၊ ဘာလဲ‥ခင်ဗျားတပည့်နှစ်ယောက် သေဆုံးသွားတာနဲ့ ခင်ဗျားရဲ့သွေးတွေလည်း ပန်းရောင်ဖြစ်ကုန်ပြီလား"

ဟိုဖူ၏မျက်လုံးများသည် နဂါးအလားရဲရဲတောက်နေသည်၊ သူကခြေဆောင့်၍ အော်ဟစ်လိုက်သည်။

"စုကျင်နဲ့စုခက်၊ နောက်ဆုတ်ကြစမ်း"

စုကျင်နဲ့စုခက်တို့သည် အမိန့်ကိုမလွန်ဆန်ရဲဘဲ နောက်သို့ချက်ချင်းခုန်ဆုတ်သွားရလေ၏။

ဟိုဖူသည် ဝတ်ရုံကြီးကိုဒေါသတကြီး ခါယမ်းလိုက်ရင်း ရှေ့သို့သုံးလံမျှ တက်လာ၏။



"ခင်ဗျားတို့နှစ်ယောက်က ရှိန်ရက်ဘက်ကဝင်ကူတိုက်ကြတော့မလို့ပေါ့ဟုတ်လား"

မျက်နှာဖုံးစွပ်အဘိုးအိုက ခေါင်းခါပြလိုက်သည်။

"မလိုပါဘူး၊ ကျုပ်တို့က အကဲဖြတ်သက်သေတွေပဲ၊ ကူချင်တာတောင် သိုင်းလောကစည်းကမ်းအရ ကူနိုင်ခွင့်မရှိဘူး"

အဘိုးအို၏လေသံက ပုံမှန်ပင်ဖြစ်သည်။

နိမ့်ချလွန်းခြင်းလည်းမရှိ၊ မောက်မာလွန်းခြင်းလည်းမရှိပေ။

ဟိုဖူက လှောင်ရယ်ရယ်ပြီး‥

"ဟင်း…သိုင်းလောကစည်းကမ်းတွေကိုတော့ အတော်ထိန်းသိမ်းလိုက်နာကြတဲ့ ပုဂ္ဂိုလ်တွေပါပဲ၊ ခင်ဗျားတို့မျက်နှာတွေကို ဘာဖြစ်လို့ဖုံးကွယ်ထားကြတာလဲ၊ ဒီလောက်စည်းကမ်းရှိတဲ့ပုဂ္ဂိုလ်တွေကို ကြည့်စမ်းပါရစေ"

"ဝမ်းနည်းပါတယ်၊ ကျုပ်တို့ဟာ မကြာခင်မှာပဲ သိုင်းလောကကို စွန့်ခွါတော့မှာဖြစ်ပါတယ်၊ ဒါကြောင့် ကျုပ်တို့မျက်နှာတွေကို မပြလိုတော့ပါဘူး"

အဘိုးအိုနှစ်ဦးသည် ရှမ်ယာနမ်အနီးသို့ဆုတ်ခွါသွားပြီး ပထမအဘိုးအိုနှင့် သွားရောက်ပူးပေါင်းလိုက်ကြလေသည်။

ရှိန်ရက်သည် ပုလားအော်အလောင်းကိုကြည့်၍ စိတ်ထဲမှရေရွတ်နေသည်။

"ငါရထားတဲ့ဒဏ်ရာတွေကို ငါ့ကိုဘာမှဒုက္ခမပေးဘူး၊ သိပ်အံ့ဩစရာကောင်းတယ်၊ ငါအခုတိုက်နေရတာ မီးအိမ်နီဂိုဏ်းချုပ်နဲ့တိုက်ရတာထက်ပိုကောင်းနေသေးတယ်"

ရှိန်ရက်သည် ဤနှစ်ယောက်နှင့်တိုက်ခိုက်ပြီးပါက သူသေဆုံးတော့မည်ဟု ယခင်ကယုံကြည်ခဲ့၏။ သို့သော် ယခုအချိန်တွင်မူ

သူစိတ်ဓါတ်များပြောင်းလဲလာခဲ့ချေပြီ။ ဟိုဖူကိုပင် ဒဏ်ရာရအောင် လုပ်နိုင်မည်ဟု ယုံကြည်လာ၏။

သူသည် ဟိုဖူကို လှမ်းကြည့်လိုက်၏။ ဟိုဖူကလှမ်းပြောသည်၊

"လူဗိုလ်ဗိုက်းချုပ် တတိယပွဲအတွက် ဘာစည်းကမ်းတွေ ထုတ်ဦးမလဲ"

"ဘာလဲ...ဗိုက်းချုပ်ကြီးက ဒီပွဲကိုဖျက်ချင်စိတ်ပေါက်နေလို့လား"

"ဟား...ဟား...ဟား၊ မင်းမို့ပြောရက်ပလေတယ်၊ ကိုယ့်လည်ပင်းကိုယ်ဖြတ်ပြီးသတ်သေပါရစေဆိုတာတောင် ငါကမင်းကိုခွင့်မပြုဘူး"

ထိုစကားကို ကြားရသောရှိန်ရက်မှာ လွန်စွာဒေါသထွက်သွားလေသည်။

"ဗိုက်းချုပ်ကြီးဟိုဖူ ခင်ဗျားဟာ ကျွန်တော့်ထက်အသက်ကောဝါစဉ်ပါအင်မတန်ကြီးမြင့်ပါတယ်၊ ကြာပန်းလေဝဲသိုင်းပညာကလည်း ချောက်ချားစရာကောင်းတဲ့ ပညာတစ်ရပ်ပါပဲဖြစ်ပါတယ်၊ ဒါပေမယ့် ကျုပ်ကလည်း တြိသူ့ရဲကောင်းနဲ့ ရင်ဟန့်သိုင်းကိုးကွက်ကိုတတ်မြောက်ထားတာမို့လို့ ဗိုက်းချုပ်ကြီးဟိုဖူကို ကျုပ်ကလုံးဝကြောက်ရွံ့ခြင်းမရှိပါဘူး"

ဟိုဖူ၏မျက်ခုံးများ မြင့်တက်သွားသည်။

"တြိသူ့ရဲကောင်း၏ သိုင်းကိုးကွက်ဆိုပါလား"

သူသည် စောစောကရှိန်ရက်၏ ထူးဆန်းသောသိုင်းကွက်များကို စောင့်ကြည့်ခဲ့၏။ ဒုတိယပွဲ၌ ရှိန်ရက်၏လှုပ်ရှားမှုလျှင်မြန်လွန်းလှသဖြင့် အကွက်များကိုပင် မမြင်ခဲ့ရပေ။ ဟိုဖူသည် အနည်းငယ်တုန်လှုပ်သွားသည်။



ထိုစဉ်ရှမ်ယာနမ်ထံမှ အော်သံပေါ်လာ၏။

"အစ်ကိုရှိန်ရက် အစ်ကို့ကို ညီမလေးပြောစရာရှိသေးတယ်"

ရှိန်ရက်သည် ဟိုဖူအား ခေတ္တမျှစောင့်ဆိုင်းပါရန် လက်ဝါးဖြင့် အချက်ပြပြီးနောက်သို့ ခုန်ဆုတ်သွား၏။

"ညီမလေး ဘာပြောချင်လို့လဲ"

"သေဖို့ရှင်ဖို့ကိစ္စဟာ ဆံချည်မျှင်တစ်မျှင်ခြားတော့တဲ့အချိန်မို့ ညီမလေးပြောစရာရှိတာ ပြောခွင့်ပါရစေ"

"ပြောပါညီမလေး၊ ငါဟာဘယ်သူ့နှုတ်ထွက်စကားကိုမဆို ဂရုတစိုက်နားထောင်တတ်ပါတယ်"

"အစ်ကို ဗိုက်းချုပ်ကြီးဟိုဖူကို နိုင်ပါ့မလားဟင်"

ရှိန်ရက်မှာ အနည်းငယ်တွေဝေသွားသည်။

အတန်ကြာမှ -

"အတွင်းအားပညာမှာတော့ လိုက်လို့မီမယ်မထင်ဘူး၊ ဒီဆရာကြီးကဝါစဉ်ကြီးလှပြီ၊ သိုင်းကွက်အရငါကသိပ်မကြောက်ပါဘူး၊ ရင်ဟန့်သိုင်းကွက်ကိုးကွက်မှာ ကွက်ပြောင်းတွေအများကြီးရှိတယ်၊ တကယ်လို့ ငါစောစောကရထားတဲ့ဒဏ်ရာတွေသာ ပြန်ထမလာဘူးဆိုရင် ဒီတစ်ပွဲမှာ ငါသေမယ်လို့လဲ တပ်အပ်တော့မပြောနိုင်သေးပါဘူး"

ရှမ်ယာနမ်ခေါင်းညိတ်လိုက်၏။

"ညီမပြောစရာရှိတယ်"

ရှမ်ယာနမ်၏အသံများ တိုးသွားသဖြင့် ရှိန်ရက်မှာပို၍ ဂရုစိုက်နားထောင်ရသည်။

"အစ်ကိုရှိန်ရက် ဗိုက်းချုပ်ကြီးဟိုဖူနဲ့တိုက်လို့ ရှုံးနိမ့်မယ့်အခြေအနေမျိုးရောက်နေရင် နတ်ဂုပ်ကြီးကို အကာအကွယ်ယူလို့ရတယ်"

ရှိန်ရက်မျက်ခုံးများ မြင့်တက်သွား၏။

"ဒါကဘယ်လိုသဘောလဲ၊ အကျယ်ရှင်းပြပါဦး"

"ညီမလေးအဖမ်းခရပြီးမှ ဒီအချက်ကိုသိတာပါ၊ သူတို့ဟာဒီနတ်ရုပ်ကို သိပ်ရှိသေတယ်၊ ဘယ်သူမှမထိရဲဘူး"

"နတ်ရုပ်ကြီးဟာ ပြောင်လက်နေတာပဲ၊ တစ်ယောက်ယောက်က သန့်ရှင်းအောင်မပွတ်တိုက်၊ မဆေးကြောဘဲနဲ့ ဒီလိုအမြဲဘယ်ဖြစ်လို့မလဲ"

"ဘယ်သူမှမပွတ်တိုက် မဆေးကြောရဲဘူး၊ အခုအလိုလိုပြောင်လက်နေတာ တကယ်တော့အဲဒီနတ်ရုပ်ကြီးတစ်ခုလုံး ရွှေသာချည်းပဲ"

"ဪ…ဒီလိုကိုး"

"အစ်ကိုမတော်တဆ ရှုံးနိမ့်သွားမယ်ဆိုရင် နတ်ရုပ်ကြီးဆီသာ ပြေးကပ်ပါ၊ သူတို့ဘာမှမလုပ်ရဲဘူး၊ ဒီအချက်ဟာ အစ်ကို့အသက်ကို လွတ်မြောက်စေနိုင်တဲ့အချက်တော့မဟုတ်ဘူးပေါ့၊ ဒါပေမယ့် အဲဒါကိုအကာကွယ်ယူပြီး ဘယ်လိုလွတ်မြောက်အောင်လုပ်နိုင်တယ်ဆိုတာကတော့ အစ်ကိုတွေးခွင့်ရနိုင်တယ်"

ရှိန်ရက်ခေါင်းညိတ်လိုက်၏။

"ညီမလေးသတိရှိတယ်၊ ဒီအချက်ကြောင့် အစ်ကို့အသက်လွတ်မြောက်ကောင်းလွတ်မြောက်နိုင်တယ်၊ အခုလောလောဆယ်မှာ ညီမလေးပြောတဲ့နည်းလမ်းထက် ပိုကောင်းတဲ့နည်းလမ်းကို စဉ်းစားလို့မရနိုင်သေးဘူး"

ရှိန်ရက်သည် ဖေးဟုတ်လောင်လင်အနီးသို့ ချဉ်းကပ်ကာခပ်အုပ်အုပ်သတိပေးသည်။

"အဘိုး ကျွန်တော်တာပဲဖြစ်နေဖြစ်နေ၊ အရင်ကပြောထားတဲ့အတိုင်းပဲ ဆောင်ရွက်ပေးပါနော်"

အဘိုးအိုက စကားမပြောဘဲ ခေါင်းညိတ်ပြလိုက်သည်။



ရှိန်ရက်သည် ရှမ်ယာနမ်အားပြုံးပြလိုက်ပြီး တိုက်ပွဲစည်းအတွင်းသို့ ဖြန့်ခုန်ဝင်သွားလေ၏။

ထိုအချိန်၌ နေမင်းကြီးသည် အနောက်အရပ်သို့ဝင်လုဆဲဆဲဖြစ်နေလေပြီ၊ အနောက်ဘက်ပြတင်းပေါက်များမှ နေရောင်ခြည်ဝင်လာသဖြင့် လူများ၏အရိပ်သည် ဘုရားကျောင်းကြမ်းပြင်ပေါ်၌ ရှည်မျောမျောအရိပ်ကြီးများအဖြစ် ထင်နေတော့သည်။

"တိုက်ဖို့အဆင်သင့်ဖြစ်ပြီလား"

ဟိုဖူကရှိန်ရက်အား အေးစက်သောလေသံဖြင့် လှမ်း၍မေးမြန်းသည်။

ရှိန်ရက်က စကားဖြင့်မဖြေဘဲ ခေါင်းညိတ်ပြရုံညိတ်ပြသည်။ ထို့နောက် သူတို့နှစ်ဦးသည် မိမိတို့၏အတွင်းအားများကို ထုတ်၍ တိုက်ပွဲအတွက် စိတ်တည်ငြိမ်မှုရအောင် ပြုလုပ်ကြတော့သည်။

ဂိုဏ်းချုပ်ကြီးဟိုဖူသည် အတွေ့အကြုံရင့်ကျက်သူဖြစ်၍ ပထမဆုံးစိတ်တည်ငြိမ်မှုရရှိသည်။ ထို့ကြောင့် ရှေ့သို့တစ်လှမ်းချင်းတိုးလာသည်။

ရှိန်ရက်သည် ဟိုဖူစတင်လှုပ်ရှားလာသည်ကိုမြင်သည်နှင့် သူလည်းတဖြည်းဖြည်းလှုပ်ရှားတော့၏၊ လှုပ်ရှားမှုမှာ ရည်ရွယ်ချက်ရှိ၏။ နတ်ရုပ်ကြီးနှင့် ဝေးနိုင်သမျှဝေးသွားစေရန် သူ့ခန္ဓာကိုယ်ကိုဘေးတိုက်ရွေ့လျားပြီးသွားသည်။

ရှိန်ရက်က နောက်ဆုတ်သွားလေလေ ဘေးမှဝိုင်းထားသည့် သိုင်းသမားများကလည်း နောက်ဆုတ်ပေးရလေလေဖြစ်ရာ တိုက်ပွဲကွင်းပြင်မှာ တစ်ဖြည်းဖြည်းပိုကျယ်လာသည်။

နတ်ရုပ်ကြီးနှင့်လည်း တစ်ဖြည်းဖြည်းဝေးကွာလာသည်။

ယခင်က ရှိန်ရက်သည် နတ်ရုပ်ကြီးကို ကျောပေးထားခဲ့သည်။

ယခုသူတစ်ဖြည်းဖြည်းရွေ့ပြောင်းလာခဲ့ရာတွင် နတ်ရုပ်ကြီးကိုသူမြင်တွေ့နေရချေပြီ။

နတ်ရုပ်သည်တိုက်ပွဲစည်းအပြင်သို့ရောက်ရှိသွားသဖြင့် တိုက်ပွဲကိုအာရုံစိုက်ကြည့်နေကြသူအားလုံး၏မြင်ကွင်းမှ လွတ်မြောက်သွားသည်။

ရှိန်ရက်သည် သူထံသို့ဟိုဖူနှင့်တကွ အားလုံးသောပရိတ်သတ်များစုပြုံအာရုံရောက်နေစေရန် နည်းလမ်းအကုန်အသုံးပြုရတော့သည်။

အဘယ့်ကြောင့်ဆိုသော် ဖေးဟုတ်လောင်လင်အဘိုးအိုသည် နတ်ရုပ်ကြီးရှိရာသို့ မသိမသာချဉ်းကပ်နေကြောင်း သူမြင်တွေ့လိုက်ရသောကြောင့်ပေတည်း။

လောင်လင်အဘိုးအိုသည် နတ်ရုပ်အထက်သို့ခုန်တက်သည်ကိုမြင်သည့်အခါတွင် ရှိန်ရက်သည် ရူးရှသောလေချွန်သံကိုပြု၍ ဟိုဖူအား ခုန်အုပ်တော့သည်။

"ဝုန်း..."

ဟိုဖူက လက်ဝါးဖြင့်ပြန်ရိုက်ရာ ရှိန်ရက်မှာ ပြန်လည်လွင့်စင်ထွက်လာသည်။

"ဟား..ဟား..ဟား၊ ဒီရိုက်ချက်ကလေးကိုတောင် မင်းမခံနိုင်ဘူးမဟုတ်လား"

ဟိုထူသည် ချင်းဟိုင်နယ်သားများသာ တတ်မြောက်ထားသောသွေးရိပ်ဝိဉာဉ်ဖမ်းတိုက်ကွက်ကိုသုံး၍ ရှိန်ရက်အားအဆက်မပြတ်တိုက်ခိုက်တော့သည်။

ရှိန်ရက်သည် ပြန်လှန်ခုခံရန်ကိုမစဉ်းစားဘဲ ရိုက်ချက်မှလွတ်မြောက်နိုင်မည့် အကွက်များကိုသာ တရကြမ်းစဉ်းစား၍ရှောင်တိမ်းရတော့သည်။



ဟိုဖူသည် ကောက်ကျစ်စဉ်းလဲပြီး အတွေ့အကြုံများသူဖြစ်သော်လည်း ရှိန်ရက်ကသူ့အား နတ်ရုပ်ကြီးနှင့်ဝေးရာသို့ မျှားခေါ်သွားကြောင်းကိုမူ လုံးဝမရိပ်မိဘဲရှိသည်။

မည်သို့ပင်ဆိုစေ ဟိုဖူ၏သိုင်းပညာမှာ အမှန်တကယ်အဆင့်မြင့်လှသည်။ တစ္ဆေသရဲကဲ့သို့ ရှိန်ရက်အား မနားတမ်းတိုက်ခိုက်နိုင်စွမ်းရှိသည်။

ဝိဏ်းချုပ်ကြီးဟိုဖူ ဤသို့တိုက်ခိုက်ခြင်းကို ဘုရားကျောင်းမှသူ၏သားတပည့်များပင် မမြင်ဘူးကြချေ။

ထို့ကြောင့်ဘုရားကျောင်းထဲမှ သိုင်းသမားများသည် သူတို့၏ဝိဏ်းချုပ်ကြီးဟိုဖူအား ပို၍လေးစားရိုသေသွားကြတော့သည်။

"ဝိဏ်းချုပ်ကြီးဟိုဖူ သူတစ်ပါးကိုတိုက်ရလွန်းလို့ ကိုယ့်ဟာကွက်ကိုယ်မကာကွယ်နိုင်ဘဲ ဖြစ်သွားဦးမယ်"

"မင်းဘာညာဏ်များဦးမလိုလဲ"

ရှိန်ရက်သည် တြိသူရဲကောင်း၏ ဒုတိယသုံးကွက်ထဲမှ ပထမအကွက်တစ်ကွက်ကို ထုတ်သုံးလိုက်၏။ အတွင်းအားပါပေါင်းစပ်ရိုက်ထုတ်လိုက်ရာ ဟိုဖူခမျာ နောက်သို့ခြေလှမ်းသုံးလှမ်းဆုတ်ခွါပေးလိုက်ရသည်။

"ဟင်..ငါ့အင်အားက ပိုတောင်ကြီးလာပါလား"

"ဘယ်လိုတွေဖြစ်ကုန်ပါလိမ့်"

ဟိုဖူတောက်ဆုတ်သွားသည်နှင့် ရှိန်ရက်လည်း တရကြမ်းဝင်တိုက်တော့သည်။

ဟိုဖူသည် နှစ်ပေါင်းများစွာ သိုင်းကွက်များကို လေ့လာလိုက်စားခဲ့၏။ ယခုရှိန်ရက်သုံးသည့် သိုင်းကွက်များမှာ ရှုတ်ထွေးလှသဖြင့် မည်သို့ခုခံရမည်မှန်းမသိဘဲ တစ်ဆုတ်တည်းဆုတ်နေရတော့သည်။

ထိုအချိန်မှာပင် ဝေးလံသောအရပ်မှ ကျယ်လောင်သောလေချွန်သံများကို ကြားလိုက်ရသည်။

ထို့နောက်လေချွန်သံများ တစ်ဖြည်းဖြည်းပျောက်ကွယ်သွား၏။

လောင်လင်အဘိုးအိုသုံးဦးသည် အရိုးပျော့အဆိပ်ဖြေဆေးပုလင်းနှင့် ရှမ်ယာနမ်ကို ဆောင်ယူကင်တယ်သွားနိုင်ပြီဖြစ်ကြောင်း ရှိန်ရက်ရိပ်မိလိုက်သဖြင့် နှစ်မြိုက်စွာပြုံးလိုက်မိသည်။

ရှိန်ရက်မှူးခေါ်ပုံမှ ပိရိသေသပ်လှသဖြင့် ဘုရားကျောင်းခန်းမထဲရှိ မည်သူတစ်ဦးတစ်ယောက်မျှ အဘိုးအိုသုံးဦးနှင့် ရှမ်ယာနမ်တို့ပြေးထွက်သွားသည်ကို မသိလိုက်ကြချေ။

ရှိန်ရက်သည် စိတ်အေးသွားရပြီဖြစ်၍ နေရာမရွေးတော့ဘဲ ဖြစ်သလိုတိုက်ခိုက်လာသည်။

တိုက်ခိုက်ရင်း တစ်စုံတစ်ခုတွေးမိလိုက်သဖြင့် မီးပုံအနီးသို့တဖြည်းဖြည်း တွေ့ပတ်ဆုတ်လာသည်။

"ဝုန်း..."

တစ်ကြိမ်တွင် ဟိုဖူက ရှိန်ရက်အား လက်ဝါးဖြင့်ရိုက်ချလိုက်ရာ ရှိန်ရက်က ပြန်လှန်မခုခံနိုင်ဘဲ လိမ့်ချရှောင်တိမ်းသွား၏။

မီးပုံထဲကျလုလုဖြစ်သွားရာ ဘေးမှဝိုင်းကြည့်နေသူများ၏ နှုတ်မှအာမေဍိတ်သံများပင် ထွက်သွားကြ၏။

"ရှိန်ရက် မင်းပညာကတကယ်မခေဘူး၊ ငါဆရာစားချန်ထားတဲ့ သွေးစီဥာဉ်စုပ် ဗိုမအတွင်းအားသိုင်းပညာကိုမင်းခံနိုင်မလား၊ မခံနိုင်ဘူးလားဆိုတာတော့ စမ်းကြည့်ရမယ်"

ဤပညာသည် ကြာပန်းလေဝဲသိုင်းပညာထဲမှ အောက်လမ်းပညာရပ်ဖြစ်သည်။

ဟိုဖူအား လက်ဝါးချင်းယှဉ်ရိုက်ဟိုင်း ထူးထူးခြားခြားတုန်လှုပ်



မှုကို ခံစားလာရသဖြင့် ရှိန်ရက်သည် ဟိုဖူကိုအမှန်တကယ်ပင် ကြောက်ရွံ့လာသည်။

ဟိုဖူ၏သိုင်းကွက်များကို ရှိန်ရက်မမြင်ဖူးချေ။

"ငါလှည့်ပတ်ရှောင်တိမ်းနေရင် ငါပဲဒုက္ခရောက်မယ်၊ ဒီတော့ သူသေကိုယ်သေတိုက်ကွက်သုံးပြီး ဝင်တိုက်ရင်ပိုမကောင်းပေဘူးလား၊"

ရှိန်ရက်သည် ထိုသို့တွေးလိုက်မိသည်နှင့် အသက်စွန့်တိုက်ရန်ဆုံးဖြတ်မိတော့သည်။

"ခင်ဗျားရဲ့သိုင်းပညာက ဘယ်လောက်များစွမ်းလို့လဲ ကြည့်ကြသေးတာပေါ့"

ရှိန်ရက်သည် အတွေးကိုလက်တွေ့အကောင်အထည်မဖော်နိုင်မီထူးခြားစွာအော်ဟစ်လိုက်သည့်အော်သံကြောင့် ဘုရားကျောင်းတစ်ခုလုံး လွှမ်းခြုံသွားလေသည်။

"မရှိတော့ဘူး၊ မရှိတော့ဘူး၊ ယစ်ကောင်မရှိတော့ဘူး"

ဂိုဏ်းချုပ်ကြီးဟိုဖူသည် ရှိန်ရက်အား မတိုက်ခိုက်နိုင်တော့ဘဲ ကြက်သေသေသွား၏။ ဤသည်မှာ ဟိုဖူမျှော်လင့်ထားသည့် ကိစ္စမဟုတ်ပေ။

သူသည် ယစ်ကောင်နှင့်အဘိုးအိုသုံးဦးကို လုံးဝမေ့လျော့ခဲ့ချေသည်တကား။

ဟိုဖူသည် ရှိန်ရက်အား လက်ညှိုးငေါက်ငေါက်ထိုး၍ရန်တွေ့သည်။

"ခြောက်...တယ်ကောင်ကြီးတဲ့ကြံဥာဏ်ပါလား၊ စောစောကမင်းတို့ကီးတိုးတီးတိုး လုပ်နေကြ... အဲဒီကိစ္စပဲပေါ့ဟုတ်လား၊ ဒီလိုထွက်ပြေးသွားနိုင်လို့ မင်းရဲ့... မလေး လူကောင်းပကာတိဖြစ်ပြီ

မထင်ပါနဲ့၊ သူ့သိုင်းပညာက ဘာမှသုံးလို့မရတော့ဘူး၊ အဲဒါကိုမင်း သေသေချာချာမှတ်ထားကွ'

ဟိုဖူသည် တခဂ်အတွင်းမှာပင် ဖြေဆေးကိုနတ်ရုပ်ကြီး၏လက် ဝါးပေါ်သို့ ပစ်တင်ခဲ့ကြောင်းသတိရလိုက်သဖြင့် ဆတ်ခနဲမော့ကြည့် လိုက်သည်။ သူ့ပါးစပ်အဟောင်းသားဖြစ်သွားတော့၏။

ရှိန်ရက်က တဟားဟားရယ်သည်။ သူ့အဖို့ရယ်စရာတွေဖြစ်နေ ပြီကိုး။

ရှိန်ရက်သည်အလွန်ပျော်နေသည်။ ထိုခဏအတွင်းသူ့အသတ်ခံ ရလျှင် ပျော်ပျော်ကြီးအသတ်ခံရမည်သာဖြစ်သည်။

'ဒီမှာဂိုဏ်းချုပ်ကြီးဟိုဖူ ကျွန်တော်တို့မြေပြန့်သိုင်းလောကမှာ ရှန်ငြိုးကြောင့် လူတစ်ယောက်ကို သတ်ကောင်းသတ်မိမယ်၊ ဒါပေ မယ့်ဘယ်သူ့ကိုမှုတော့ နတ်တစ်ပါးပါးဆီမှာဖြစ်ဖြစ်၊ ဘုရားတစ်ပါး ပါးဆီမှာဖြစ်ဖြစ်၊ ယဇ်ကောင်အဖြစ်သတ်မှတ်ပြီး၊ လူ့အသက်နဲ့ယဇ်မပူ ဇော်ပါဘူး၊ ဒါဟာအင်မတန်ရိုင်းစိုင်းတဲ့ လူရိုင်းတွေရဲ့လုပ်ရပ်ပါ၊ ကျွန်တော်သိရသလောက်တော့ ချင်းဟိုင်ဒေသဟာ ဒီလောက်ရိုင်း စိုင်းတဲ့ဒေသမဟုတ်ဘူးဆိုတာပဲ၊ ဘာပဲဖြစ်ဖြစ်လုံမလေးရှမ်ယာနမ် ထွက်ပြေးသွားတာကို ဂိုဏ်းချုပ်ကြီးကျေးဇူးတင်ရမယ်၊ ချင်းဟိုင်ဒေ သဟာ ယဇ်ကောင်နဲ့ပူဇော်တတ်တဲ့ လူရိုင်းဒေသမဟုတ်တော့ဘူးပေါ့'

ရှိန်ရက်သည် တောတောင်တလွှား ပြေးလွှားကြီးပြင်းခဲ့သူဖြစ် သည်။ သို့အတွက်သူ့အား စကားအ...ာ၌ကျွမ်းကျင်သူဟုထင်မှတ်ရန် အကြောင်းမရှိပေ။ သို့သော်ဟိုဖူကိုမူ သာသာနှင့်နာနာကလေးနှက် လိုက်သည်။

'ဟိတ်စမ်း..'

ဟိုဖူ၏ဒေါသတစ်ကြီးအော်သံသည် ဟိန်း၍ထွက်လာ၏။



'ရှိန်ရက် မင်းဒီကထွက်သွားဖို့စိတ်မကူးနဲ့တော့၊ ငါကအစဉ်အ လာဖျက်ပြီး အပျိုစင်မိန်းကလေးယဇ်ကောင်အစား မင်းကိုပဲယဇ်ကောင် အဖြစ်သတ်မှတ်ပြီး ပူဇော်တော့မယ်'

လျှပ်တစ်ပြက်ခုန်ထွက်လာပြီး ဟိုဖူသည် ရှိန်ရက်အား တိုက်ခိုက် လေတော့၏။

'အဲဒီလိုတော့ လွယ်လွယ်ဖြစ်မယ်မထင်ပါဘူး'

ရှိန်ရက်က ဟိုဖူမခံချင်အောင်လှမ်းပြောပြီး ရှောင်တိမ်းသည်။

တခဂ်အတွင်း၌ လှုပ်ရှားမှုများရှုတ်ထွေးလာ၏။ ယခုတိုက်ပွဲ သည်စောစောကတိုက်ပွဲထက်ပို၍ ပြင်းထန်သည်။

ဟိုဖူက မီးကုန်ယမ်းကုန်တိုက်ခိုက်သကဲ့သို့ ရှိန်ရက်ကလည်း အသေအလဲကာကွယ်ရသည်။

ဟိုဖူသည် မြေပြန့်သိုင်းလောကသို့ ဝင်ရောက်ထိုးဖောက်တိုက် ခိုက်ခဲ့လျှင် မြေပြန့်သိုင်းလောက၏ ဂုဏ်သိက္ခာအနိမ့်အမြင့်သည် တစ် မျိုးတစ်ဖုံပြောင်းလဲသွားလိမ့်မည်ဟု ရှိန်ရက်တွေးမိ၏။ ဟိုဖူ၏သိုင်း ကွက်များသည် သွေးပျက်ထိတ်လန့်ဖွယ်ရာကောင်းလှသည်။

ယဇ်ကောင်နှင့်အတိုးအိုသုံးဦး လူမသိသူမသိထွက်ခွါသွားနိုင်ခဲ့ ခြင်းကြောင့် ဘုရားကျောင်းမှ အဆင့်အသီးသီးသောသိုင်းသမားများ သည် ရှိန်ရက်ထွက်ခွါမသွားနိုင်စေရန် ဝင်လမ်းထွက်လမ်းမှန်သမျှကို ပိတ်ဆို့ထားလိုက်ကြတော့၏။

ဟိုဖူသည် ရှိန်ရက်ကိုစိတ်ဆိုးနေသဖြင့် ယဇ်ကောင်အားလိုက်လံ ဖမ်းဆီးရန် အမိန့်မပေးမိဘဲရှိနေသ...။

အဆင့်အသီးသီး၌ရှိသော ဘုရားကျောင်းသိုင်းသမားများမှာလည်း ဟိုဖူ၏အမိန့်မရသဖြင့် လိုက်မဖမ်းရဲဘဲရှိသည်။

အကယ်၍ဘုရားကျောင်းအတွင်းသိုင်းသမားများသည် ရှမ်ယာ

နမ်တို့နောက်သို့လိုက်လံဖမ်းဆီးခဲ့လျှင် ရှိန်ရက်အဖို့ ဤဘုရားကျောင်းမှလွတ်မြောက်နိုင်ရန် အခွင့်အလမ်းပိုများနိုင်သည်။

ယခုသော် ဘုရားကျောင်းဝင်းတစ်ခုလုံး၌ ရောင်စုံသိုင်းသမားများပြည့်နေပြီး ရှိန်ရက်အား အေးစက်မုန်းတီးသော မျက်လုံးများဖြင့် ဝိုင်းကြည့်နေကြတော့သည်။

ရှိန်ရက်သည် ထိုအချက်ကိုသတိပြုမိသည်။ သူ့အနေနှင့်မလွတ်မြောက်နိုင်တော့လျှင် အနည်းဆုံးဒဏ်ရာရာအောင်တော့ လုပ်ခဲ့မည်ဟု ဆုံးဖြတ်ပြီး တရကြမ်းခုခံတိုက်ခိုက်တော့သည်။

သိုင်းကွက်ပေါင်းသုံးဆယ်ကျော်သောအခါ ရှိန်ရက်မှာ ဟိုဖူ၏ တိုက်ခြင်းကိုခံရသည်။ ဟိုဖူသည် သူ့အသာစီးရသည်နှင့် အေးအေးစက်စက်ရယ်မောလေတော့သည်။ ဤတစ်ပွဲ၌ သူသေချာပေါက်နိုင်တော့မည်ဟု ယူဆထားသည့်အလားပေတည်း။

"တကယ်မလွယ်ပါလား"

ရှိန်ရက်သည် ဤအတိုးအိုသာ အတွင်းအားအဆင့်အမြင့်ဆုံးအထိ တိုက်ခိုက်ပါက မုချရှုံးနိုင်သည်ဟု တွက်ဆလိုက်မိသည်။ ယခုပင်လျှင် သူဆုတ်ပေးနေရသည်မဟုတ်ပါလား။

* * * * *

နတ်ရုပ်တု။

ရုတ်တရက် ရှိန်ရက်၏ခေါင်းထဲသို့ ရှမ်ယာနမ်အကြံပေးစကားများဝင်လာသည်။

"ငါတကယ်အသုံးမကျဟဲ့ကောင်ပဲ၊ ဘာဖြစ်လို့နတ်ရုပ်ကြီးကို မေ့နေရတာလဲ"



ရှိန်ရက်သည် ရုတ်တရက်သူ၌ရှိသမျှအတွင်းအား၏ ဆယ်ပုံမြောက်ပုံကိုထုတ်၍ ဟိုဖူအားရိုက်ထုတ်လိုက်၏။ အင်္ကျီလက်စရှည်၏ ဇော့ယမ်းသံနှင့်အတူ မီးခိုးကဲ့သို့ အမှုန်များက ဟိုဖူ၏ပတ်ဝန်းကျင်၌လွှမ်းခြုံသွား၏။

"ဝုန်း…"

"အားလားလား"

ဟိုဖူသည် ရှိန်ရက်ထံမှ မထင်မှတ်သည့်အတွင်းအားဖြင့် အရိုက်ခံလိုက်ရသဖြင့်လည်းကောင်း၊ အခိုးအငွေ့များကြောင့်လည်းကောင်း၊ ရုတ်တရက်နောက်သို့ဆုတ်ပေးလိုက်ရလေသည်။

"ဗိုး"

ရှိန်ရက်သည် ရရှိလိုက်သည့်အခွင့်အရေးကို လက်လွှတ်မခံဘဲ နတ်ရုပ်ကြီးပေါ်သို့ လျှပ်တစ်ပြက်ခုန်တက်လိုက်၏။

"ဟား…ဟား…ဟား"

ရှိန်ရက်အားပါးတရ အော်ဟစ်ရယ်မောတော့သည်။

သူ့အားဝိုင်းထားသည့် ရောင်စုံဝတ်ရုံရှည်ဝတ်ဆင်ထားသည့်သိုင်းသမားများမှာ ထိတ်ထိတ်ပျာပျာဖြစ်သွားကြသည်။

ရှိန်ရက်သည် ဖြူဆွတ်သွားသည့် ဟိုဖူ၏မျက်နှာကို အားရပါးရကျေနပ်စွာကြည့်နေမိ၏။

ညီမလေးရှမ်ယာနမ်ရဲ့ အကြံဟာအဆိုးပါလား။

ရှိန်ရက်သည် နတ်ရုပ်၏ခေါင်းပေါ်၌ရပ်ပြီး ဟိုဖူကိုထပ်မံ၍စိန်ခေါ်လိုက်၏။

"ဝိုက်ထဲးချုပ်ကြီးဟိုဖူ တက်လာခဲ့စမ်းပါ၊ ကျုပ်ကနတ်ရုပ်ရဲ့ဘယ်ဘက်ပခုံးပေါ်ရပ်မယ်၊ ခင်ဗျားကညာဘက်ပခုံးပေါ်ရပ်၊ ခင်ဗျားကိုယ်ဟာပညာနဲ့ဆိုရင် ကျုပ်တို့တိုက်လို့ရပါတယ်၊ ဒီအပေါ်ကအောက်ကို

ကျသွားတဲ့လူကို အရှုံးလို့သတ်မှတ်မယ်"

ဟိုဖူက ခြောက်ကပ်စွာလှမ်းအော်လေသည်။

"ရှိန်ရက် ဒီလိုမလုပ်ပါနဲ့ ဆင်းခဲ့ပါ"

"ဟား..ဟား..ဟား၊ ဘယ်ကိုဆင်းရမှာလဲဗျ၊ လာပါတက်ခဲ့စမ်းပါ၊ ကျုပ်ကအချိန်ဆွဲတာကိုသိပ်မုန်းတယ်၊ အရှုံးအနိုင်ပေါ်အောင်မြန်မြန်ပဲတိုက်ချင်တယ်၊ ကျုပ်ဒီအထဲကိုရောက်နေတာလည်းကြာပြီ၊ ကြာကြာမနေချင်တော့ဘူးဗျာ"

"ရှိန်ရက် ကျေးဇူးပြုပြီး အောက်ဆင်းခဲ့ပါ။ အောက်မှာငါတို့အသေအကြေယှဉ်ပြိုင်ပါ့မယ်"

ဤကျရှင်ပါကူဘုရားကျောင်းကိုတည်ကတည်းက မည်သူတစ်ဦးတစ်ယောက်ကမျှ ဤနတ်ရုပ်ကို လက်နှင့်မထိခဲ့ဖူးပေ၊ ဤမျှအမွန်အမြတ်ထားသည်။

ဤရုပ်တုကြီးကို ရှိန်ရက်က ခေါင်းပေါ်တက်နင်းနေခဲ့ချေပြီ ဤအတွက် ဟိုဖူနှင့်တကွ ကျောင်းထဲရှိသိုင်းသမားအားလုံး၏ရင်ထဲ၌တကယ်ပင်စိုးရွံ့ထိတ်လန့်နေမိကြသည်။ မဖွယ်မရာအလုပ်ကြီးကိုရှန်သူတော်ကလုပ်နေခဲ့ပြီမဟုတ်ပါလား။

* * * * *

ဥပါယ်တံမျဉ်

"ရှိန်ရက် မင်းဆင်းလာခဲ့ပါ၊ မင်းနဲ့ငါနဲ့ပြန်ပြီးစကားပြောမယ်၊ ဟိုဖူက တင်းမာခြင်းမရှိသောလေသံဖြင့် အော်ပြောသည်။

"ကျုပ်တို့ဘာပြောစရာရှိမှာလဲ၊ တိုက်ဖို့ပဲရှိတော့တယ်"



"ဆင်းခဲ့ပါ၊ ဆင်းရင်မင်းကိုငါသက်ညှာမယ်"

"ဘာသက်ညှာမှာလဲ၊ လူအားလုံးနဲ့ဝိုင်းဖမ်းပြီး တစ်ယောက်တစ်ချက်ရိုက်သတ်မှာလား"

ဤနတ်ရုပ်ပေါ်၌ရပ်နေစဉ် မည်သူကမျှသူ့အား လက်ဖျားနဲ့ထိဝံ့မည်မဟုတ်ကြောင်း ရှိန်ရက်သိသည်။ သို့သော်သူကလည်း ဤနတ်ရုပ်ပေါ်၌ရပ်ပြီး တစ်ဘက်သားအား ဒေါသမဖြစ်ဖြစ်အောင် ပြောနေခြင်းသည် မိမိအတွက်ကောင်းသောနည်းလမ်းမဟုတ်ကြောင်း ရှိန်ရက်စဉ်းစားမိ၏။

ဤနတ်ရုပ်ပေါ်မှနေ၍ ပြတင်းပေါက်တစ်ပေါက်ဆီသို့ လှမ်းခုန်လျှင် ရောက်ကောင်းရောက်နိုင်သည်။ သို့သော်လည်း မသေချာပေ။ အကယ်၍မရောက်ပဲ လမ်းခုလတ်၌ပြုတ်ကျလျှင် ခွေးသေကိုလင်းတဆွဲသကဲ့သို့ဖြစ်ပေလိမ့်မည်။

အကယ်၍ပြတင်းပေါက်ဘောင်ပေါ်ရောက်ပြီး ကျောင်းဝင်းထဲမှ ပြေးထွက်နိုင်သည်ထားဦး၊ မိမိအားသူတို့သည် သုံးမိုင်အတွင်းမိသွားနိုင်သည်။

ရှိန်ရက်သည် တွေးတောနေစဉ် ဟိုဖူကလှမ်း၍အော်ပြောပြန်၏။

"ရှိန်ရက် မင်းဘာမှစဉ်းစားမနေနှင့်၊ ဆင်းသာဆင်းလာခဲ့၊ ငါတို့နှစ်ယောက်စလုံးအရှုံးအနိုင်မခွဲခြားဘူး၊ သရေပွဲအဖြစ်သတ်မှတ်မယ်၊ မင်းကိုလည်း လက်ဖျားနဲ့တောင်မတို့ဘဲ လွှတ်ပေးလိုက်မယ်"

ဟိုဖူ၏စိတ်ထဲ၌ ရှိန်ရက်သည် ရှောင်တိမ်းစရာနေရာမရှိ၍နတ်ရုပ်ကြီးပေါ်ပြေးတက်သွားခြင်းသာဖြစ်သည်ဟု ယူဆလိုက်မိသဖြင့် ဤသို့လှမ်းအော်နေခြင်းဖြစ်သည်။

ရှိန်ရက်က --

"ဝိုက်ားချုပ်ကြီးဟိုဖူ စောစောကကျုပ်ပစ်လွှတ်လိုက်တဲ့အဆိပ်တွေဟာ ဘာတွေလည်းသိလား"

ဟိုဖူသည် နတ်ရုပ်နှင့်ပတ်သက်၍ စိတ်သောကရောက်နေသဖြင့် ရှိန်ရက်က မီးနီးငွေ့ကဲ့သို့သော အငွေ့များနှင့်ပစ်ခတ်ခဲ့သည်ကို မေ့လျော့နေခဲ့မိသည်။ ရှိန်ရက်ပြောသောအခါမှ သတိရလာပြီး ခေါင်းနပန်းကြီးသွားလေသည်။

“ဘာလဲ၊ အဲဒါဘာတွေလဲ”

“ဟား..ဟား..ဟား”

ရှိန်ရက်သည် ချက်ချင်းအဖြေမပေးဘဲ အောင်နိုင်သူကဲ့သို့ရယ်မောလေတော့၏။

“ရှိန်ရက် ဘာရယ်နေတာလဲ၊ မင်းဘာတွေနဲ့ပစ်လိုက်တာလဲ”

“ပြောမယ်၊ ပြောမယ်၊ ဒါပေမယ့်စိတ်ခိုင်ခိုင်ထားပါ”

“အဲဒါအရိပ်မဲ့အဆိပ်ပဲ”

“ဘာ”

ဝိုဏ်းချုပ်ကြီးဟိုဖူမှာ အကြီးအကျယ်တုန်လှုပ်သွား၏။ မြေပြန့်သိုင်းလောကမှာ အရိပ်မဲ့အဆိပ်ဆရာကြီး ဆွေမင့်၏အဆိပ်များသည် တရုတ်ပြည်အနံ့တလျှား၌ အမှန်တကယ်ပင်ကျော်ကြားခဲ့သည်။

“အရိပ်မဲ့အဆိပ်..ဟုတ်လား...”

ဟိုဖူကထပ်မံမေး၏။

ရှိန်ရက်က ဟားတိုက်ရယ်သည်။

“မမှားပါဘူး၊ မြေပြန့်သိုင်းလောကမှာ အဆိပ်ဆရာတွေရဲ့ ဘိုးအေလို့ခေါ်လောက်တဲ့ အရိပ်မဲ့အဆိပ်ဆရာကြီးဆွေမင့်ရဲ့ ပြိုင်ဘက်မရှိတဲ့အဆိပ်ပဲ၊ ဟား..ဟား..ဟား၊ ခင်ဗျားနောက်သုံးရက်ကြာရင်သေရတော့မယ်၊ ခင်ဗျားရဲ့အရိုးပျော့အဆိပ်ဆေးက ဖြေဆေးရှိသေးတယ်၊ အခုကျုပ်သုံးလိုက်တဲ့အဆိပ်က ဖြေဆေးမရှိဘူး”

ဟိုဖူနှင့်တကွ ဘုရားကျောင်းတွင်းမှ သိုင်းသမားအားလုံး တုန်လှုပ်ချောက်ချားသွား၏။

* * * * *



သူတို့စိတ်ထဲ၌ ရှိန်ရက်အဆိပ်တစ်ခုခုသုံးလိုက်သည်ဟုထင်သော်လည်း အရိပ်မဲ့အဆိပ်ဖြစ်မည်ဟုတော့ လုံးဝမထင်မိခဲ့ကြပေ။

ဟိုဖူသည် ရှိန်ရက်အား အပိုင်းပိုင်းအတစ်တစ်ခုတ်သတ်ချင်စိတ်ပေါက်လာ၏။

“တကယ့်လူညစ်ကလေးပဲ၊ ငါတို့ချင်းဟိုင်သိုင်းသမားတွေကို အောက်လမ်းသိုင်းပညာသုံးတတ်တယ်ဘာညာစွပ်စွဲနေတဲ့ မြေပြန့်သိုင်းလောကမှာ နာမည်ကြီးနေတဲ့ ရှိန်ရက်လည်း ညစ်ပတ်တဲ့နည်းတွေကိုသုံးတာပဲ၊ သူတို့လည်းအောက်လမ်းဂိုဏ်းသားတွေနဲ့ဘာထူးလို့လဲ”

ဟိုဖူသည် စိတ်ထဲမှခါးသီးစွာ မှတ်ချက်ချနေသည်။

“ဟင်..ငါရူးနေသလား၊ သူပြောတိုင်းယုံရမှာလား၊ သူ့အဆိပ်ကို ငါမစစ်ဆေးဘဲနဲ့ သူပြောတဲ့အတိုင်း လက်ခံယုံကြည်လိုက်ရတော့မှာလား”

ဟိုဖူသည် သူ၏သွေးအသွားအလာ၊ လေအသွားအလာကိုစစ်ဆေးရန် သူ၏ခန္ဓာကိုယ်တွင်းမှ အတွင်းအားဖြင့် သွေးကြောလေကြောများကို စစ်ဆေးလေတော့၏။

ရှိန်ရက်သည် ဟိုဖူဘာလုပ်နေသည်ကို ရိပ်မိ၏။ ထို့ကြောင့်တဟားဟားရယ်လျှက် ဟိုဖူအားစိတ်ဓါတ်ပျက်ပြားအောင် စကားစစ်ထိုးတော့၏။

“ဂိုဏ်းချုပ်ကြီးဟိုဖူ ကျုပ်ပြောလိုက်တဲ့ အရိပ်မဲ့အဆိပ်ဆိုတာ တကယ်ဟုတ်မဟုတ်၊ ခင်ဗျားစစ်ဆေးနေတာမဟုတ်လား၊ ဟား..ဟား..ဟား၊ စစ်ပါစစ်ပါ၊ ကြိုက်သလိုစစ်ပါ၊ ခုနေမှာတော့ ဘာထူးခြားချက်မှ တွေ့မှာမဟုတ်ဘူး”

ဂိုဏ်းချုပ်ကြီးဟိုဖူသည် ရုတ်တရက်မျက်လုံးများလှန်ကြည့်လေ

၏။ ရှိန်ရက်၏ကောင်းများကို ယုံရကောင်းနိုးနိုး၊ မယုံရကောင်းနိုးနိုး စဉ်းစားနေသည့်ပုံစံမျိုးဖြစ်သည်။

ရှိန်ရက်ဆက်ပြော၏

"အရိပ်မဲ့အဆိပ်ဟာ အဆိပ်ဆရာကြီးဆွေမင့်ရဲ့ အတုမဲ့ရတနာ ဖြစ်တယ်၊ ဆွေမင့်ဆီမှာ အရိပ်မဲ့အဆိပ်နှစ်မျိုးရှိတယ်၊ တစ်ခုကတော့ ပထမတန်းအဆင့် အဆိပ်ဖြစ်ပြီး၊ လုံးဝအနံ့၊ အရောင်၊ အရသာကင်းတယ်၊ ဒုတိယအဆင့်ကတော့ အနံ့၊ အရောင်၊ အရသာမကင်းဘူး၊ ခုနကကျုပ်သုံးလိုက်တာဟာ ဒုတိယအဆင့်အဆိပ်ပဲ၊ ဒါပေမယ့်ဘာခံစားမှုမှ မဖြစ်ပေါ်စေဘူး၊ ခင်ဗျားငြိမ်ငြိမ်နေရင် သုံးရက်အသက်ရှင်နိုင်တယ်၊ မငြိမ်ဘူးဆိုရင်၊ အတွင်းအားမြန်မြန်ထုတ်ရင် အဆိပ်လှည့်ပတ်မှုမြန်ဆန်ပြီး ခင်ဗျားအမြန်ဆုံးသေသွားနိုင်တယ်၊ တကယ်လို့ခင်ဗျားကမယုံဘူးဆိုရင် ကျုပ်ဆင်းလာပြီး ခင်ဗျားနဲ့အကွက်တစ်ရာတိုက်မယ်၊ ဒါမှခင်ဗျားမြန်မြန်ယုံမယ်"

ဟိုဖူမှာ အဆိပ်မိမမိကို တကယ်တန်းမဆန်းစစ်နိုင်ဘဲ ရှိနေ၏။ ထို့ကြောင့် ယုံရခက်ခက်ဖြစ်နေသည်။ မယုံဘူးဆိုပြီးထတိုက်ပါမှ တစ်ခဏအတွင်း သေသွားမည်ကိုလည်း စိုးရိမ်ရသည်။

နောက်ဆုံးဟိုဖူ ဆုံးဖြတ်ချက်ချလိုက်၏။

"ကောင်းပြီ ရှိန်ရက်၊ မင်းဆင်းလာခဲ့ပါ၊ ငါနဲ့အကွက်တစ်ရာ ယှဉ်ပြိုင်ရဲတယ်မဟုတ်လား"

ရှိန်ရက်က မထီမထင်သည့်လေသံဖြင့် လှမ်းပြောလိုက်သည်။

"ဘာဖြစ်လို့မယှဉ်ရဲရမှာလဲ၊ ဒါမှခင်ဗျားမြန်မြန်သေမယ့်ဥစ္စာ"

ရှိန်ရက်သည် ရုတ်တရက်အောက်သို့ခုန်ဆင်းလိုက်၏။ ဂူခုန်ဆင်းသည့်နေရာမှာ ဟိုဖူရှိသည့်နေရာမဟုတ်ပေ။ နတ်ရုပ်ရှေ့နံ့သာတုံးများကို မီးဖိုထားသည့်နေရာဖြစ်ပါသည်။



သူသည် မီးခဲရဲရဲဖြစ်နေသည့် နံ့သာတုံးများကို အရစ်ရှစ်ချက်နှာအနံ့အပြားသို့ ခြေထောက်ဖြင့် ခပ်ထုတ်ပစ်သည်။

ထိုအခါ အချို့သူများက ထိတ်လန့်တကြား ရှောင်တိမ်းသွားပြီး၊ အချို့လူများက လက်ဝါးဖြင့်လည်းကောင်း၊ ဝတ်ရုံလက်စရှည်ဖြင့်လည်းကောင်း ရိုက်ထုတ်၊ ခါထုတ်ကြ၏။

ထိုအခါမီးကျီးခဲများ တစ်ကျောင်းလုံးခန့် ပျံ့နှံ့သွားပြီး ရုတ်ရုတ်သဲသဲဖြစ်သွားတော့၏။ ခန်းဆီးရှိနေသည့်နေရာများလည်း မီးစွဲလောင်တော့သည်။

"ရှိန်ရက် မင်းတော်တော်ယုတ်မာပါလား၊ ဘယ်လိုလုပ်လိုက်တာလဲ"

ဟိုဖူက ဒေါသတကြီးအော်ဟစ်ကြိမ်းမောင်းလိုက်၏။ ရှိန်ရက်ထံသို့သူခုန်ဝင်သွားသည့်အချိန်တွင် ရှိန်ရက်သည် နတ်ရုပ်ကြီး၏ခေါင်းပေါ်သို့ ပြန်လည်၍ခုန်တက်သွားပြန်တော့၏။

ဝတ်ရုံရှည်ဝတ်ဆင်ထားသည့် ဘုရားကျောင်းသိုင်းသမားများသည် ရှိန်ရက်တစ်ယောက် ဤသို့ပြုလိမ့်မည်ဟု လုံးပမထင်မှတ်ခဲ့ချေ။ သူတို့အားလုံး အငိုက်မိသွားကြသည်။

ထိုစဉ်ရှိန်ရက်သည် ရှိရှိသမျှအတွင်းအားကိုထုတ်လျက် နတ်ရုပ်ကြီး၏နောက်စေ့ကို ဆောင့်ချလိုက်သည်။

တစ်ပြိုင်တည်းမှာပင် သူနှင့်အနီးဆုံးရှိသည့် ပြတင်းပေါက်ဆီသို့ ကိုယ်ဖော့ပညာသုံးကာ ခုန်ကူးသွားသည်။

"အုန်း...ဝုန်း...ဝုန်း"

ကျုရှင်ပါကူဘုရားကျောင်းကြီး၏ နှစ်အဆက်ဆက်ကတည်းက တည်ရှိခဲ့သော နတ်ရုပ်ကြီးသည် အုံအားသင့်၍ရပ်နေသော ဝိုက်းချုပ်ကြီးဟိုဖူအပေါ်သို့ တည့်တည့်ကြီးပြိုလဲကျသွားသည်။

ထိတ်လန့်တကြားအော်ဟစ်သံများသည် အငိစိပျက်သကဲ့သို့ ဆူညံသွား၏။

ငိုဏ်းချုပ်ကြီး ရုပ်တုတော်ပြိုလဲကျပြီ၊ ရှောင်ပါ၊ ရှောင်ပါ'

လေးလံသောရွှေရုပ်တုကြီးဖြစ်၍ နေးကွေးစွာပြိုကျလာခြင်းဖြစ်သည်။ ဟိုဖူကဲ့သောသော ထိပ်သီးသိုင်းသမားတစ်ယောက်အဖို့ ဤရုပ်တုကြီးကို မရှောင်တိမ်းနိုင်စရာအကြောင်းမရှိပါချေ။

'ဟာ…ဂိုဏ်းချုပ်ကြီး'

ဂိုဏ်းချုပ်ကြီးဟိုဖူ၏ခန္ဓာကိုယ်ပေါ်သို့ နတ်ရုပ်ကြီးသည် တည့်တည့်မတ်မတ် ပြိုလဲကျသွားသည်။ ဟိုဖူကလည်း လုံးဝမရှောင်ချေ။

ထိုတဒင်္ဂ၌ နီရဲသောသွေးများ ပက်ဖျန်းလိုက်သလိုဖြစ်သွား၏။

ဟိုဖူသည် တမင်အသေခံလိုက်ခြင်းသာဖြစ်သည်။ ကျူရှင်ပါကူ ဘုရားကျောင်း၏ လျှို့ဝှက်ထိန်းသိမ်းထားသောကျမ်း၌ ဗျာဒိတ်စကားတစ်ခုပါရှိသည်။

ရွှေစင်နတ်ရုပ်ကား ဤဘုရားကျောင်း၏အသက်တည်း၊ ရွှေစင်နတ်ရုပ်တည်နေသမျှ ဤဘုရားကျောင်းလည်း ကမ္ဘာ့သက်တမ်းနှင့်အညီ ရပ်တည်လိမ့်မည်။ ရွှေစင်နတ်ရုပ်ပြိုလဲချိန်ကား ဤဘုရားကျောင်းပျက်စီးချိန်တည်း။

ဟိုဖူသည် မိမိအပြစ်ကို ခွင့်မလွှတ်နိုင်ချေ။ ကိုယ့်ကိုကိုယ်သေရမည့်အတူတူ မထူးတော့ပြီဟူသောသဘောဖြင့် နတ်ရုပ်အပိခံကာ အသေခံလိုက်ခြင်းဖြစ်တော့သည်။

* * * * *

<u>နောက်ဆက်တွဲပြဿနာ</u>

ရှိန်ရက်သည် ဟိုဖူ၏ကျဆုံးခန်းကို သေချာစွာကြည့်ပြီးနောက် ပြတင်းပေါက်မှအပြင်သို့ ခုန်ထွက်သွားသည်။ ထိုမှနောက်ပိုင်းတွင် မခက်ခဲတော့ချေ။ ဘုရားကျောင်းအတွင်းမှ သိုင်းသမားများလည်း ရှိန်ရက်အား လိုက်လံဖမ်းဆီးရန် သတိမရနိုင်တော့ပြီ။ နတ်ရုပ်ကြီး ဖိနေသည့် ဂိုဏ်းချုပ်ကြီးဟိုဖူရှေ့၌သာ ဝိုင်းဝိုင်းလည်နေကြတော့သည်။

'ရှူး…'

ရှိန်ရက်သည် ဘုရားကျောင်းဝင်းအပြင်သို့ရောက်သည်နှင့် စူးရှသောလေချွန်သံကို ပြုလိုက်သည်။

'ခွပ်..ခွပ်..ခွပ်..'

ခုန်းစိုင်းပြေးလွှားလာသည့် မြင်းအာဇာနည်ကြီး၏ကျောပေါ်သို့ ရှိန်ရက်လွှားခနဲ ခုန်တက်လိုက်ပြီ၊ တရကြမ်းခရီးနှင်လေတော့၏။

'ဖေ့သားကြီး မြန်နိုင်သမျှ အမြန်ဆုံးပြေးပေတော့၊ ဒီဘုရားကျောင်းနဲ့ ဝေးလေကောင်းလေပဲ၊ မြင်းလိမ္မာကြီးရေ'

ရှိန်ရက်သည် မျက်နှာပေါ်မှ ရုပ်ဖျက်ထားသည့်အရာများကိုအား လုံးဖယ်ရှားပစ်လိုက်သည်။

ချင်းဟိုင်သို့ထွက်လာသည့်ခရီး၌ ရှိန်ရက်သည် ရာခိုင်နှုန်းကိုးဆယ်ကိုသူသေရမည့်ဘက်၌ထားသည်။ ဆယ်ရာခိုင်နှုန်းသာ သူအသက်ရှင်နိုင်မည်ဟု မှန်းခဲ့၏။

ယခုမူသူသည် ရာခိုင်နှုန်းပြည့် အသက်ရှင်ခဲ့လေပြီ၊ ရန်ကြွေးလည်းကျေခဲ့လေပြီ။

မြင်းအာဇာနည်ကြီးသည် လေအဟုန်ကဲ့သို့ အရှိန်ပြင်းစွာပြေးလွှားသွားသည်။ သူသည် မြင်းပေါ်မှနောက်သို့လှည့်ကြည့်၏။ တစ်ဦးတစ်ယောက်မျှ လိုက်လာခြင်းမရှိကြောင်းကို တွေ့ရသည်။

'တယ်ထူးဆန်းပါလား၊ ချင်းဟိုင်နယ်တစ်ခုလုံး ငါ့နောက်ကိုလိုက်လာမလားအောင့်မေ့တယ်၊ အခုတော့ငါ့နောက်ကို လူမပြောနဲ့၊ ခွေးတစ်ကောင် ကြောင်တမြီးတောင်မှ လိုက်မလာပါကလား။

ရှိန်ရက်သည် သူ့မြင်းကြီး၏ ဇက်ကြိုးကိုပြန်လွှတ်ပေးလိုက်ပြန်၏။

"အရူးလား၊ ငါ့နောက်လူလိုက်မလာလေ ငါ့အတွက်ကအကျိုးရှိလေပေါ့၊ ဘာကြောင့်ငါက ရန်သူကိုမျှော်နေရမှာလဲ"

မြင်းကြီးသည် တဟုန်ထိုးပြေးနေသည်။ မြင်းကြီးမည်မျှပြေးသနည်းဟူမူ နောက်တစ်နေ့အာရုဏ်မတက်မီသူသည် တူးလန်မြို့ကလေးသို့ ရောက်ရှိနေလေပြီ။

သူသည် ဆိုင်တစ်ဆိုင်၌ မြင်းကြီးကိုရပ်လိုက်၏။ ထိုစဉ်မှောင်ရိပ်ထဲမှ မီးခိုးရောင်ဝတ်ရုံရှည်ဝတ်ဆင်ထားသည့် အဘိုးအိုတစ်ဦး ရုတ်တရက်ခုန်ထွက်လာသည်။

ရှိန်ရက်က အသေအချာကြည့်လိုက်၏။ သူကားလောင်လင်အဘိုးအိုသုံးဦးထဲမှ တစ်ဦးတည်း။ ရှီချင်လောင်လင်တည်း။

ရှိန်ရက်သည် မြင်းကြီးပေါ်မှ ခုန်ဆင်းလိုက်၏။ ရှီချင်လောင်လင်ကို လက်သီးနှစ်ဘက်ဆုပ်လျှက် ဂါရဝပြုလိုက်သည်။

"အဘိုး"

ရှီချင်လောင်လင်က ရှိန်ရက်၏လည်ပင်းကို ချစ်ခင်ရင်းနှီးစွာဖက်လိုက်၏။

သူတို့တစ်ဦးပေါ်တစ်ဦးထားသည့် မေတ္တာများမှာ သိုင်းသမားချင်းထားသည့်မေတ္တာများထက် ကျော်လွန်သွားခဲ့ချေပြီ။

"မင်းလွှတ်လာတယ်နော်"

"လွှတ်လာတယ်အဘိုး၊ ကံကောင်းထောက်မလို့ပါ၊ နို့မို့ဆိုရင်တော့မလွယ်ဘူး"

"ကိစ္စမရှိပါဘူး၊ ဒါတွေကိုနောက်မှပြောပေတော့၊ အခုငါ့နောက်ကိုလိုက်ခဲ့ပေတော့"



ရှိန်ရက်သည် လောင်လင်အဘိုးအို၏ ရည်ရွယ်ချက်ကို ချက်ချင်းသဘာပေါက်သည်။ မြို့လယ်ခေါင်တည်းခိုခန်း၌နေခြင်းသည် အန္တရာယ်ကိုဖိတ်ခေါ်ခြင်းဖြစ်ကြောင်း ရှိန်ရက်နားလည်၏။ ထို့ကြောင့် မြင်းပေါ်တက်မစီးတော့ဘဲ မြင်းဇက်ကြိုးကိုဆွဲကာ အဘိုးအိုနောက်မှ ပြေးလိုက်တော့သည်။

အဘိုးအိုသည် မြို့ပြင်ရှိစားကျက်ကွင်းပြင်များသို့ ပြေးထွက်နေသည်။

ရှိန်ရက်ကလည်း ဘာမှမေးမြန်းခြင်းမရှိဘဲ လိုက်သည်။

မကြာမီ အရှေ့အရပ်မှအလင်းရောင်ထွက်ပေါ်လာရာ မဆုံးနိုင်အောင်ကျယ်ပြောလှသည့် စားကျက်မြက်ခင်းကြီးကို တွေ့မြင်လိုက်ရသည်။

* * * * *

ထိုမြက်ခင်းပြင်ကြီးထဲ၌ ရွက်ဖျင်တဲငယ်ကလေးများကို ဟိုတစ်စု၊ သည်တစ်စုတွေ့ရသည်။ တစ်စုနှင့်တစ်စုလည်း နီးကပ်လှသည်မဟုတ်ပေ။ ထိုတဲငယ်များသည် အနီးဆုံးတစ်မိုင်မှ အဝေးဆုံးသုံးမိုင်အထိ တစ်ခုနှင့်တစ်ခုကွာသည်။

အဘိုးအိုက သုံးမိုင်နီးပါးကွာဝေးသည့် အရပ်မှရွက်ဖျင်တဲအချို့ကို လှမ်းထိုးပြသည်။

"မြို့ထဲမှာတည်းခိုတာထက်၊ ဒီမှာတည်းခိုတာက ပိုအေးကောင်းမယ်"

"ဟုတ်ကဲ့၊ အဘိုး၊ စဉ်ကောင်းပါတယ်"

အဘိုးအိုသုံးမိုင်မျှကွာဝေး ည့် ထိုအရပ်သို့ဦးဆောင်ပြေးသွား

သွား၏။ ရှိန်ရက်နှင့် မြင်းကြီးလည်း ထပ်ကြပ်မကွာလိုက်ပါသွားကြမြန်သည်။

ရှိန်ရက်၏ မြင်ကွင်းထဲ၌ သိုး၊ နွား၊ ဆိတ်များကို အုပ်စုလိုက်တွေ့နေရ၏။ အလွန်တရာလှပသော ရှုခင်းကြီးပင်ဖြစ်ပါတော့သည်။

"အင်မတန်လှပတဲ့နေရာပဲ၊ အဘိုးတို့ဒီမှာနိုဖို့စိတ်ကူးရတာ သိပ်ကောင်းတာပဲ"

ရှိန်ရက်က ချီးမွမ်းလိုက်၏။

အဘိုးအိုက ကျေနပ်သွားရယ်၏။

"ငါတို့ရဲ့အစ်ကိုကြီး ဖေးဟုတ်လောင်လင်စိတ်ကူးရတာပါကွ၊ သူကသိုးကျောင်းအုပ်စု ခေါင်းဆောင်တစ်ယောက်ဆီက ငွေသုံးကျပ်ပေးပြီး ခဏငှါးထားလိုက်တာ၊ တိတ်လည်းတိတ်ဆိတ်တယ်၊ လူအရောက်အပေါက်လည်းနည်းတယ်၊ အခြားကိုသတင်းပေါက်ကြားဖို့လည်းသိပ်မလွယ်ဘူး"

"သိပ်အဆင်ပြေတဲ့နေရာပဲ"

ရှိန်ရက်သည် ထိုသို့မှတ်ချက်ချပြီးမှ အရေးကြီးသည့်အချက်ကိုမေးမြန်းလိုက်သည်။

"အဘိုး အရိုးပျော့အဆိပ်ဖြေဆေးက အကျိုးထူးရဲ့လား"

ရှိချင်လောင်လင်က ရှေ့မှပြေးရင်းလွှားရင်း ခေါင်းညိတ်ပြသည်။

"ဝိဏ်းချုပ်ကြီးဟိုဖူက ဒါတော့မလိမ်လိုက်ဘူးကွ၊ အမှန်တကယ်ပဲ အဆိပ်ဖြေဆေးကိုပေးတယ်၊ လုံမလေးလည်း လူကောင်းပကတိဖြစ်သွားပြီ၊ နဂိုအတွင်းအားပညာနဲ့ သိုင်းပညာတွေလည်း ပြန်ရသွားပါပြီ"

ရှိန်ရက်၏စိတ်ထဲ၌ ငြိမ်းသာကျေနပ်သွား၏။ ထိုစဉ်မှာပင်သူတို့ဦးတည်ပြေးလာသည့် ရွက်ဖျင်တဲများဆီသို့ ရောက်ရှိလာတော့သည်။



ရှိန်ရက်တို့၏စကားသံကို ရွက်ဖျင်တဲထဲမှ ကောင်းစွာကြားဟန်တူသည်။ အဘိုးအိုနှစ်ဦးနှင့် မိန်းကလေးတစ်ဦး ထွက်လာကြသည်။

ဖေးဟုတ်လောင်လင်၊ တင်းဖုံလောင်လင်နှင့် ရှမ်ယာနမ်တို့ပင်ဖြစ်ပါချေသည်။

ရှမ်ယာနမ်သည် အစိမ်းနုအင်္ကျီအပြာရောင် ဘောင်းဘီနှင့် လှန်စွာလှပနေ၏။

သူမသည် ရှိန်ရက်ကို မြင်သောအခါ ပထမမင်တက်ငေးကြောင်သွားသည်။ ထို့နောက်ရှိန်ရက်ဆီသို့ပြေးဝင်ကာ ရင်ခွင်ထဲ၌ ငိုရှိုက်နေလေတော့၏။

ရှိန်ရက်က ရှမ်ယာနမ်၏ပုခုံးကိုပုတ်၍ နှစ်သိမ့်လိုက်၏။

"အားလုံးပြီးသွားပြီ၊ ညီမလေးဘာဖြစ်လို့ ဝမ်းနည်းနေတာလဲ"

"မဟုတ်ဘူး၊ အားလုံးသူသောအောင်ဖြစ်သွားတာ ညီမလေးအဖြစ်ကြောင့်"

"ဟား..ဟား..ဟား၊ လူဆိုတာ ဒီလိုပဲမှားတတ်ကြတာပဲ၊ ညီမလေးကိုအပြစ်တင်လို့ ဘာအကျိုးထူးမှာလဲ၊ လာလာတဲ့ထဲဝင်ပြီး စကားပြောကြမယ်"

ရှိန်ရက်က တဲထဲဝင်ရန်အချက်ပြနေသည့် ဖေးဟုတ်လောင်လင်ကိုကြည့်ကာ ရှမ်ယ ာနှ်အားပြောလိုက်သည်၏။

"လုံမလေးရှမ်ယာနမ်၊ ငါတို့ပြောတယ်မဟုတ်လား၊ သူရဲကောင်းလေးရှိန်ရက်ဟာ အမြဲတမ်းကံကောင်းသူဖြစ်တယ်ဆိုတာ၊ ကဲ..အခုပဲကြည့်တော့၊ ငါတို့ပြောလို့မှမဆုံးသေးဘူး သူပြန်ရောက်လာပြီ"

ရှိန်ရက်သည် ရှမ်ယာနမ်ကိုသူ့ရင်ထဲမှ အသာအယာတွန်းခွါလိုက်သည်။ အဘိုးအိုသုံးဦး ယက်နှစ်ဘက်ဆုပ်ကာ ဂါရဝပြုလိုက်သည်။

"အဘိုးအိုသုံးယောက်သာ ဝိုင်းမကူဘူးဆိုရင် ရှိန်ရက်သေတာကြာလှပြီ၊ အဘိုးတို့ရဲ့ ကြီးမားတဲ့မေတ္တာကို ရှိန်ရက်ဘယ်လိုကျေးဇူးဆပ်ရမှန်းမသိတော့ပါဘူး"

ဖေးဟုတ်လောင်လင်ကရယ်သည်။

"ရှိန်ရက်...မင်းပြောတဲ့စကားတွေက **အင်မတန်သူစိမ်းဆန်တာပဲကိုး၊ တကယ်တော့** ငါတို့ကမင်းကိုကျေးဇူးပြန်ဆပ်**နေတာပါကွ၊ ကဲ..ကဲ** ဒါတွေထားပါ၊ မင်းလည်းပင်ပန်းလာပါပြီ၊ အပန်းဖြေပါဦး၊ **အနားယူ**ပါဦး၊ အစားအသောက်တွေစားသောက်ပါဦး။

ရှိန်ရက်သည် ရွက်ဖျင်တဲအလယ်သို့ကြည့်လိုက်၏။ တဲအလယ်၌ ဖွားနို့၊ ဒိန်ခဲနှင့် အမဲခြောက်ကင်အစရှိသည့် အစားအသောက်များပြင်ဆင်ထားကြောင်း တွေ့ရ၏။

အဘိုးအိုနှင့် ရှမ်ယာနမ်တို့စားသောက်နေကြစဉ် သူရောက်လာသည်ဟု သိလိုက်ရသည်။

ရှမ်ယာနမ်က ရှိန်ရက်အတွက် စားသောက်ဖွယ်ရာများထပ်မံပြင်ဆင်ပေးသည်။ ရှိန်ရက်နှင့် ရှမ်ယာနမ်တို့ မြိန်ရေယှက်ရေစားသောက်ကြသည်။

ဖေးဟုတ်လောင်လင်က ရယ်၍ပြောသည်။

"ရှိန်ရက် ဘာမှအားနာမနေနဲ့၊ အားရပါးရစားသောက်ပါ၊ ပြောစရာရှိတာကို နောက်မှပြောကြတာပေါ့"

လောင်လင်အဘိုးအိုသုံးဦးသည် ရှိန်ရက်ကဲ့သို့ သိပ်မစားသောက်ပါ၊ အနည်းငယ်သာစားသောက်ကြသည်။

တကယ်တမ်းစားသောက်ကြသည့်အရာများမှာ အသီးအရွက်များဖြစ်၍ သစ်သားနှင့်နို့များသာရှိနေသော ဤနေရာ၌သူတို့စားရန် သိပ်မဝင်လှပါ။



အားလုံးစားသောက်ပြီးကြသောအခါ စကားဝိုင်းပြုကြ၏။

"အဘိုးအိုသုံးယောက် ဒီကိုရောက်နေတာကြာပြီလား"

ဖေးဟုတ်လောင်လင်က ဦးဆောင်၍မေးသည်။

"ဘယ်ကြာဦးမှာလည်း၊ အလွန်ဆုံးငါးရက်လောက်ကြာဦးမှာပေါ့၊ ငါတို့ဒီမှာနားနေတုန်း ညီငယ်ကမင်းကိုစောင့်ကြည့်ဖို့ ထွက်သွားတာပဲ၊ ကဲ..မင်းဘယ်လိုဖြစ်ပျက်ခဲ့တယ်ဆိုတာလေး ပြောပြစမ်းပါဦး"

ရှိန်ရက်က သက်ပြင်းချရင်းပြော၏။

ဝိုဏ်းချုပ်ကြီးဟိုဖူရဲ့ သိုင်းပညာဟာတကယ်ကောင်းပါတယ်၊ သူသာမြေပြန့်သိုင်းလောကထဲဝင်လာရင် သိုင်းဝိုဏ်းတွေရဲ့ဝါစဉ်အနိမ့်အမြင့်ဟာ တစ်မျိုးတစ်ဖုံပြောင်းလဲသွားနိုင်တယ်၊ ကျွန်တော်ဟာဒီပွဲမှာ ညစ်ကွက်နှစ်ကွက်သုံးခဲ့လို့ ဝိုဏ်းချုပ်ကြီးဟိုဖူကို အနိုင်ရခဲ့တာပါ"

လောင်လင်အဘိုးအိုသုံးဦးသည် ရှိန်ရက်၏ပွင့်လင်းသောစကားကိုကြားလိုက်ရသောအခါ တစ်ဦးကိုတစ်ဦးကြည့်ပြီး ပြုံးကြည့်လိုက်မိကြ၏။

"ဘာညစ်ကွက်တွေလဲ"

ပထမညစ်ကွက်ကတော့ နံ့သာမီးပုံဘေးကပြာမှုန့်တွေကို သူတို့သတိမထားမိခင် လှမ်းချယူသွားပြီး အိပ်ဆေးအဆိပ်လို့ ညာဖျန်းလိုက်တဲ့ညစ်ကွက်ပါ၊ ဒုတိယညစ်ကွက်ကတော့ သူတို့အမွှန်အမြတ်ထားတဲ့ ဘုရားရုပ်တုကို ကျွန်တော်အကာအကွယ်ယူလိုက်တဲ့ ကိစ္စပါ"

ရှိန်ရက်သည် ကျုရှင်ပါကူဘုရားကျောင်း၌ ဖြစ်ပျက်ခဲ့သည်များကိုအသေးစိတ်ပြန်လည်ပြောပြလိုက်ရာ လောင်လင်အဘိုးအိုသုံးဦးမှာ ပါးစပ်မပိတ်နိုင်ဘဲ ရယ်မောမိကြလေတော့သည်။

ရှီချင်လောင်လင်က ဝင်၍ပြောသည်။

"အဲဒါကတော့ ပညာရှိသတိဖြစ်ခဲ့ဆိုသလိုဖြစ်သွားတာပဲ၊ အရိပ်မှ အဆိပ်ဆရာကြီးရဲ့အဆိပ်ကို ဘယ်လိုလူစိမ်းမှ လွယ်လွယ်မရနိုင်ဘူးဆိုတာကို သူသတိပြုမိဖို့ကောင်းတယ်။"

ရှိန်ရက်သည် တဟားဟားရယ်သည်။

"ကျွန်တော်ပစ်လိုက်တဲ့ပြာမှုန့်တွေကို အဆိပ်လို့ထင်ရအောင် ကျွန်တော်အတော်ကလေးဖြီးဖြန်းလိုက်ရသေးတယ်၊ အဖြီးအဖြန်းကောင်းလို့ သူတို့မင်တက်မိနေတုန်း၊ နတ်ရုပ်ကြီးကို ကန်ချလိုက်ရတာပဲ"

ဖေးဟုတ်လောင်လင်က မှတ်ချက်ချသည်။

"အင်း..တကယ်အံ့သြစရာကောင်းတယ်၊ ကျူရှင်ပါကူဘုရားကျောင်းဆိုတာ ချင်းဟိုင်ရဲ့အသည်းနှလုံးပဲ၊ သူလည်းကံဆိုးမိုးမှောင်ကျသွားရရှာတာပဲ"

"အဘိုး ကျွန်တော်တစ်ချက်တော့ သံသယရှိတယ်၊ ကျွန်တော့်နောက်ကို ဘယ်သူမှလိုက်မလာကြဘူး၊ အဲဒါဘာဖြစ်တာလဲ၊ သူတို့မှာဘာအကြံရှိလည်းမသိဘူး၊ အဲဒီအချက်ကို ကျွန်တော်ကြိုတွက်ထားသင့်တယ်"

"ဟုတ်တယ်၊ တကယ်လို့ဂိုဏ်းချုပ်ကြီးဟိုဖူသေတာတောင် သူ့တပည့်တွေကအစ်ကို့ကို ခွင့်လွှတ်မှာမဟုတ်ဘူး၊ သူတို့ဘယ်နည်းနဲ့မှ ကျေနပ်မှာမဟုတ်ဘူး"

ရှမ်ယာနမ်ကဝင်ပြောလာ၏။

ဖေးဟုတ်လောင်လင်ကရယ်သည်။

"ဟား..ဟား..ဟား၊ ကျူရှင်ပါကူဘုရားကျောင်းကို မင်းလုံးဝဂရုမစိုက်နဲ့တော့၊ တကယ်လို့ဟိုဖူမသေသေးဘူးဆိုရင်တောင် မင်းနောက်ကိုလုံးဝလိုက်မလာတော့ပါဘူး၊ နှစ်တစ်ရာအတွင်းမှာ ချင်းဟိုင်ကသိုင်းသမားတွေ မြေပြန့်သိုင်းလောကကို မလာတော့ဘူးဆိုတာ ငါအာမခံနိုင်ပါတယ်"



ဤလောင်လင်အဘိုးအိုသုံးဦးသည် သိုင်းလောကဝါစဉ်ကြီးများဖြစ်ကြသဖြင့် ချင်းဟိုင်ဒေသနှင့်ပတ်သက်သည့် ဇာတ်သုတများကိုသိထားကောင်းသိထားမည်ဟု ရှိန်ရက်တွက်သည်။ ထိုဇာတ်သုတများကို သူသိလိုသဖြင့် ချက်ချင်းပင်မေးလိုက်သည်။

"ဘာဖြစ်လို့လဲအဘိုး"

ရီချင်လောင်လင်က ဖေးဟုတ်လောင်လင်အစားရှင်းဖြေသည်။

"အစ်ကိုကြီးဖေးဟုတ်ရဲ့စကားက မမှားဘူး၊ ချင်းဟိုင်ကျူရှင်ပါကူဘုရားကျောင်းမှာ အယူသည်းမှုတစ်ခုရှိတယ်၊ နတ်ရုပ်လဲကျရင်ဘုရားကျောင်းလည်း လဲကျရမယ်ဆိုတဲ့ အယူသည်းမှုပဲ၊ နတ်ရုပ်လဲကျသွားတာဟာ သူတို့အတွက် ကြီးစွာသောဒုက္ခရောက်မှုပဲ၊ ဒါတွေဟာ သူတို့ကျမ်းတွေထဲမှာပါတယ်လို့ တစ်ဆင့်စကား တစ်ဆင့်နားနဲ့ ငါတို့ကြားဖူးထားတယ်၊ ဒီတော့ ဒီဘေးဆိုး၊ ဒုက္ခဆိုးတွေကင်းဝေးအောင် ချင်းဟိုင်ကလူတွေ နှစ်တစ်ရာလောက် ဝတ်ပြုဆုတောင်းကြရလိမ့်မယ်။ ဒီတော့သူတို့မှာ မြေပြန့်သိုင်းလောကကို ရန်ပြုဖို့ဘယ်မှာအချိန်ရှိတော့မှာလဲ"

ထိုအခါကျမှ သူ့နောက်သို့မည်သူတစ်ဦးတစ်ယောက်မျှ လိုက်မလာသည့်အချက်ကို ရှိန်ရက်သဘောပေါက်သည်။

ဖေးဟုတ်လောင်လင်က-

"ရှိန်ရက် မင်းရဲ့ခံနိုင်ရည်ရှိမှုနှင့် ဉာဏ်ရှိမှုကို ငါသိပ်ချီးကျူးတယ်၊ ငါတို့ဘုရားကျောင်းထဲဝင်ဝပ်ချင်း ရင်းလျိုတုဖူးရဲ့ အဆေးပါတ်အဆိပ်လက်ဝါးဒဏ်ခံလိုက်ရတာ [illegible]ဘူတယ်၊ မင်းလဲကျသွားပြီးသေးအံ့နေတာကိုလည်း ငါတို့တွေ့တယ်၊ ဒါတောင်ရန်သူတွေကိုဆက်တိုက်အနိုင်ယူနိုင်ခဲ့တယ်၊ ဒီစွဲသတ္တိဟာ မြေပြန့်သိုင်းလောကမှာမော်ကွန်းထိုးနိုင်လောက်တဲ့ စွဲသတ္တိပဲ"

ဖေးဟုတ်လောင်လင်၏ ချီးကျူးမှုကိုကြားသောအခါမှ လူအားလုံးသည် ရှိန်ရက်ဒဏ်ရာရထားသည့်အကြောင်းကို ပြန်လည်သတိရလာကြတော့သည်။

\+ + + + +

အခြားသူမဆိုထားနှင့် ရှိန်ရက်ပင်လျှင် ထိုအဖြစ်ကိုမေ့နေ၏။

'ဟင်..ဟုတ်ပါရဲ့ ငါဘယ်လိုဖြစ်တာလဲ၊ ငါဒဏ်ရာရထားတာကိုတောင် ဘာကြောင့်မေ့နေပါလိမ့်'

ရှိန်ရက်အံ့ဩနေသည်။ ဤအဘိုးအိုများသိထားသည်မှာ အအေးဓါတ်အဆိပ်လက်ဝါးတစ်ခုတည်းသာရှိသည်။ သူ့မှာချန်ရွှဲလက်ဝါးဒဏ်လည်းခံထားရသေးသည်။

'ငါ့မှာ ဘာဒဏ်ရာမှပြန်ပေါ်မလာတာ အဘိုးအိုတွေပေးတဲ့ထိစင်ဆေးလုံးတွေကြောင့်ပဲဖြစ်လိမ့်မယ်၊ ဒီအားဆေးတွေကုန်သွားရင်တော့ ငါ့ဒဏ်ရာတွေ ပြန်ပေါ်လာမှာသေချာတယ်'

ရှိန်ရက်သည် ထိုအကြောင်းများကို တွေးမိလိုက်သည်နှင့် မရယ်နိုင်ဘဲဖြစ်သွားလေတော့သည်။

သူတကယ်မရယ်နိုင်တော့ပါ။

သူ့၌ကြီးမားသော တာဝန်ကြီးတစ်ရပ်ကျန်ရှိနေသေးရာ ထိုတာဝန်ကြီးကို သူကျေပွန်အောင် ဆောင်ရွက်နိုင်တော့မည်မဟုတ်ဟူသောအသိက သူ့အားလွန်စွာစိတ်ထိခိုက်စေခဲ့ပေသည်။

ရှိန်ရက်ပြောင်းလဲသွားသည့်အချက် အမူအယာကိုလောင်လင်အဘိုးအိုသုံးဦးနှင့် ရှမ်ယာနမ်ပါ ချက်ချင်းသတိပြုမိကြသည်။

ငေးမှိုင်တွေဝေသွားသည့် ရှိန်ရက်၏အမူအယာသည် အားလုံးကိုစိတ်မကောင်းဖြစ်သွားစေသည်။

ရှမ်ယာနမ်က



'အစ်ကိုရှိန်ရက် ဒဏ်ရာပြန်ပေါ်လာပြန်ပြီလား၊ ဒဏ်ရာပြန်ပေါ်လာလို့ အစ်ကိုသေရင် ညီမလေးပါလိုက်သေမယ်'

ရှိန်ရက်က အားယူ၍ပြောလိုက်၏။

'ညီမလေး ဒီလိုမတွေးစမ်းပါနဲ့၊ ငါ..'

ရှိန်ရက်သည် ပထမ၌ ငါမသေနိုင်ပါဘူးဟု ပြောရန်ရည်ရွယ်ခြင်းဖြစ်ပေသည်။ သို့သော် မကြာမီတကယ်သေရတော့မည့်လူတစ်ယောက်အနေဖြင့် ဤမျှပြောင်လိမ်လည်ရန်သင့်ပါမည်လော။

ပတ်ဝန်းကျင်၌ လေထုမရှိတော့သကဲ့သို့ အားလုံးမွန်းကျပ်သွားကြသည်။

ထိုစဉ် ရှီချင်လောင်လင်က သူ့ပေါင်ကိုပုတ်လိုက်ပြီ..

'အစ်ကိုကြီး ကျွန်တော်တို့ဘာဖြစ်လို့ဒီမှာ အူကြောင်ကြောင်ထိုင်နေကြမှာလဲ၊ ကျွန်တော်တို့သုံးယောက်စလုံး ပန်းတစ်ရာတောင်ထိပ်ကိုပြေးလိုက်မယ်၊ ဟိုမှာအအေးဓါတ်အဆိပ်လက်ဝါးဒဏ်ကိုနိုင်နင်းနိုင်တဲ့ ပိုင်းရန်ဟွေချွန်ပန်းရှိနေတာပဲဥစ္စာ၊ အဲဒါကိုပြေးယူပြီး ရှိန်ရက်ရဲ့ဒဏ်ရာကို ကုပေးလိုက်မယ်'

ကျန်အဘိုးအိုနှစ်ဦးက ဝမ်းသာအားရထလိုက်ကြသည်။

'ဟုတ်တယ်၊ ဘာဖြစ်လို့ငါတို့က ဒါကိုမေ့ရတာလဲ၊ ရှိန်ရက်လူကလေး မင်းမသေစေရဘူး၊ ပိုင်းရန်ဟွေချွန်းပန်းကို ငါတို့မရရအောင်ယူပေးမယ်'

ဖေးဟုတ်လောင်လင်က ကတိပေးသည်။

ရှိန်ရက်က မချိပြုံးပြုံးပြီး ခေါင်းခါလိုက်၏။

'အဘိုးကို အများကြီးကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ဒီနှင့်ပန်းတရာတောင်ကုန်းဟာ အများကြီးဝေးပါသေးတယ်၊ အနည်းဆုံးအသွားခြောက်ရက်၊ အပြန်ခြောက်ရက် စုစုပေါင်းဆယ့်နှစ်ရက်ကြာ

နိုင်ပါတယ်၊ ကျွန်တော်ရှင်နိုင်တဲ့ရက်က အလွန်ဆုံးဆယ်ရက်ပဲရှိတယ်

ရှီချင်လောင်လင်ကရယ်၏။

"အပြင်မှာမြင်းကောင်းတစ်စီးရှိနေတယ်၊ ငါကမြင်းနဲ့အပြင်းသွားမယ်၊ ကျန်တဲ့သုံးယောက်က ပန်းတစ်ရာတောင်ကုန်းအထိလိုက်ဖို့မလိုပါဘူး၊ ခရီးတစ်ဝက်ကစောင့်ပြီး အားကုန်သုံးပြန်ပြေးလာရင် အလွန်ဆုံး

ဖေးဟုတ်လောင်လင်က ဝင်၍ထောက်ပေးလိုက်၏။

"အလွန်ဆုံးကိုးရက်ပဲ"

ရှိန်ရက်က ခေါင်းခါပြီးရှင်းပြ၏။

"မြင်းကြီးကတော့ မြင်းအာစာနည်ကြီးပါပဲ၊ ဒါပေမယ့်အဲဒီလောက်တော့ မမြန်နိုင်ပါဘူး"

ရှီချင်လောင်လင်က ထပ်မံရှင်းပြသည်။

"ဒါလဲလွယ်ပါတယ်၊ မင်းနဲ့လုံမလေးက နောက်ဆုံးယုတ်အနေနဲ့ ပန်းတစ်ရာတောင်ကုန်းကို ခရီးထွက်ခဲ့ပေါ့၊ ဒါဆိုရင်ဒီအထိဆယ်ရက်ကြာစရာမလိုတော့ပါဘူး၊ မင်းနဲ့တွေ့တဲ့အချိန်မှာ အလွန်ဆုံးခုနစ်ရက်ပဲရှိတော့မယ်"

လောင်လင်အဘိုးအိုများ၏ အစီအစဉ်များမှာ အလွန်စနစ်ကျ၏။ ဖြစ်လည်းဖြစ်နိုင်သည်။ သူတို့သည် ရှက်ဖျင်တဲထဲမှထွက်ရန် ဟန်ပြင်ကြတော့သည်။

သူတို့အားလုံး ချက်ချင်းပင်ခရီးထွက်ကြတော့မည်။

ပထမဆုံးမြင်းနှင့်ထွက်မည့်လူက ရှီချင်လောင်လင်၊ ဖေးဟုတ်လောင်လင်နှင့် တင်းဖုံးလောင်လင်က ဒုတိယအသုတ်ခရီးထွက်မည်၊ သူတို့က ခရီးတစ်ဝက်မှ ဆေးပင်စောင့်ယူမည့်သူများဖြစ်သည်။

* * * * *



## အံ့ထွက်လာသည့် သံသယများ

ရှမ်ယာနမ်သည် မျက်ရည်ပြည့်သောမျက်လုံးများဖြင့် ရှိန်ရက်အား ကြည့်နေသည်။

ရှိန်ရက်က တဲပြင်သို့ထွက်စပြုနေသည့် အဘိုးအိုသုံးဦးအား ကမျာကယာတားဆီးလိုက်ရသည်။

"အဘိုးတို့၊ ခဏနေကြပါဦး၊ ကျွန်တော့်စကားမဆုံးသေးပါဘူး၊ ပြောစရာရှိနေပါသေးတယ်"

"ဘာဖြစ်လို့လဲ၊ ဘာပြောစရာကျန်လို့လဲ"

"ပန်းတစ်ရာတောင်ကုန်းသခင်ကြီးဖြစ်တဲ့ ဆရာကြီးဗိုင်ရှာရှန်ကျသွားပြီ"

ရှမ်ယာနမ်တုန်လှုပ်သွား၏။ ရှီချင်လောင်လင်ကတော့တဟားဟားရယ်၏။

"ပန်းတစ်ရာတောင်ကုန်းသခင် ဗိုင်ရှာရှန်ကျသေတာဘာဖြစ်သလဲ၊ သူသေပေမယ့် ဆေးပင်တွေကတော့ မသေပါဘူး၊ ဒီဆေးပင်ကို ငါသိပါတယ်ကွ၊ ငါဘာပဲဖြစ်ဖြစ်ငါတို့တစ်ခေါက်တော့ ပြေးလိုက်ဦးမယ်"

ရှိန်ရက်က သက်ပြင်းကြီးချလိုက်သည်။

"အစကတော့ အပြည့်အစုံပြောမလို့ပါပဲ၊ အားလုံးစိတ်ထိခိုက်မှာစိုးရိမ်ပြီး ကျွန်တော်မပြောဘဲနေခဲ့တာပါ၊ အခုတော့မပြောလို့မဖြစ်တော့ဘူး၊ ပြောကိုပြောရတော့မယ်"

ထိုစကားကိုကြားလိုက်ရသောအခါ လောင်လင်အဘိုးအိုသုံးဦးနှင့် ရှမ်ယာနမ်တို့မှာ အကြီးအကျယ်မျက်နှာပျက်သွားကြသည်။

သူတို့သည် တိတ်ဆိတ်စွာငေးကြည့်နေမိကြသည်။

ရှိန်ရက်အပြောကို စောင့်နေကြခြင်းဖြစ်သည်။

'မုဠက်ဆိတ်တွေတောင် အသက်ရှင်ဖို့ကြိုးစားကြတာပဲ၊ ရှိန်ရက်ဆိုတဲ့ကောင်က ဘယ်သေချင်ပါ့မလဲ၊ အသက်ရှင်ဖို့ကြိုးစားချင်တာပေါ့၊ ဒါပေမယ့် ရှိန်ရက်အဖို့ ကြိုးစားခွင့်မရှိဘဲ ဒုက္ခရောက်နေရတယ်'

ရှိန်ရက်သည် မသာယာဖြင့်ကြည့်နေသူ လေးဦးအားတစ်ချက်ကြည့်ကာ စိတ်ပျက်နွမ်းနယ်သောလေသံဖြင့် ဆက်ပြောပြ၏။

'ကျုရှင်ပါကူဘုရားကျောင်းထဲမှာ ဟိုဖူကိုကျွန်တော်စိန်ခေါ်ခဲ့တာဟာ ကျွန်တော်သေလူဖြစ်နေလို့ပါပဲ၊ အကယ်၍ဟိုဖူက ကျွန်တော့်ကိုမသတ်နိုင်လည်း ကျွန်တော်ဘာသာသေရတော့မှာပါ'

'အစ်ကိုရှိန်ရက် ဖြစ်မှဖြစ်ရလေအစ်ကိုရယ်'

ရှိန်ရက်ရှမ်ယာနမ်အား မချိပြုံးပြုံးပြလိုက်ပြီး..

'ညီမလေး ဘာမှဝမ်းမနည်းနဲ့၊ လူဟာတစ်သက်မှာတစ်ခါတော့သေရစမြဲပဲ'

ဖေးဟုတ်လောင်လင်က

'လူကလေးသေရမယ့်အကြောင်းရင်းကို ပြောပြပါဦး'

'အဘိုးတို့က ကျွန်တော်အအေးဓါတ်အဆိပ်လက်ဝါး တစ်ချက်အရိုက်ခံလိုက်ရတာကိုပဲသိတာကိုး၊ ဒီဒဏ်ရာကို ပိုင်းရန်ဟွေချွန်းပင်နဲ့ကုသနိုင်တယ်ဆိုတာ ကျွန်တော်သိတာပေါ့၊ ဒါပေမယ့် ကျွန်တော့်မှာ ဒီဒဏ်ရာအပြင် တစ်ခြားလက်ဝါးဒဏ်ရာရခဲ့သေးတယ်'

'ဟော..ဒါပေမယ့် သွေးအန်တာတစ်ချက်ကလွဲလို့ လူကလေးမှာ ဘာဒဏ်ရာမှမရသလိုဘဲရှိနေတယ်၊ အဲဒါသိပ်အံ့သြစရာကောင်းနေတယ်၊ ပထမလက်ဝါးဒဏ်ရာက ဘာလက်ဝါးကြောင့်လဲ'

ရှိန်ရက်က ခပ်တိုးတိုးပင်ပြောမိ၏။

'ချန်ရှဲ့လက်ဝါး'



လောင်လင်အဘိုးအိုသုံးဦး ယောင်ယမ်းအော်မိကြသည်။

'ဘယ်သူက ချန်ရှဲ့လက်ဝါးသုံးသွားတာလဲ၊ ဒီလက်ဝါးဒဏ်က ပေါ့သေးသေးမဟုတ်ဘူး'

'လီထင်းချောင်နဲ့ ချောင်ကန်းဆိုတဲ့ ညီအစ်ကိုနှစ်ယောက်ပဲ၊ ရန်ဘီလူးညီနောင်ရဲ့သားတွေလေ'

ဖေးဟုတ်လောင်လင်က ခေါင်းညိတ်သည်။

'ဟုတ်တယ်၊ ရန်ဘီလူးညီနောင်ဟာ ချန်ရှဲ့လက်ဝါးပညာကိုတတ်တယ်၊ ဒါပေမယ့် မပေါက်မြောက်သေးဘူး၊ ကြည့်ရတာလီထင်ချောင်နဲ့ ချောင်ကန်းတို့ကျမှ ပေါက်မြောက်သွားပုံရတယ်၊ သူတို့နဲ့ဘယ်လိုတွေ့ခဲ့တာလဲ'

ရှိန်ရက်သည် ရှမ်ယာနမ်ကိုကယ်တင်ရန် ဖြတ်လမ်းမှပြေးလွှားလာခဲ့ပုံ၊ ပိုင်ချာရွှန်ကျု၏ ဝင်္ကပါထဲမိပုံ၊ လီထင်းချောင်နဲ့ ချောင်ကန်းတို့ကိုတိုက်ခိုက်ခဲ့ရပုံ၊ ထိုသို့မတိုက်မီ ပိုင်ချာရွှန်ကျုသည် လီင်ထင်းချောင်နဲ့ ချောင်ကန်းတို့၏လက်ချက်ဖြင့် သေဆုံးရပုံတို့ကို ရှင်းလင်းပြောပြခဲ့၏။

ဖေးဟုတ်လောင်လင်က လျှပ်တစ်ပြက်ရှိန်ရက်၏ ညာလက်ကောက်ဝတ်ကိုဖမ်းကိုင်လိုက်၏။

ရှိန်ရက်ထိတ်ခနဲဖြစ်သွား၏။

'ဘာဖြစ်လို့လဲအဘိုး'

ဖေးဟုတ်လောင်လင်က တိတ်တိတ်နေရန် အချက်ပြပြီး လက်ကောက်ဝတ်မှသွေးကြောကိုစမ်းနေသည်။

အတန်ကြာစမ်းသပ်ပြီးနောက် လက်ကောက်ဝတ်ကိုလွှတ်ချပြီး တဟားဟားရယ်လေတော့၏။

* * * * *

ကျန်လူများမှာ ဖေးဟုတ်လောင်လင်ရှူးသွားလေပြီလောဟူသော အကြည့်ဖြင့် ငေးကြည့်နေကြလေ၏။

ရှီချင်လောင်လင်က မျက်မှောင်ကြုတ်၍ပြောလေ၏။

"အစ်ကိုကြီး ဒီအချိန်ဟာ ရယ်ရမယ့်အချိန်မဟုတ်ဘူး"

ဖေးဟုတ်လောင်လင်က ရယ်ချိန်မပျက်ပြန်ပြော၏။

"ရယ်ရမယ့်အချိန်မဟုတ်ဘူးလို့ ဘယ်သူပြောသလဲ၊ ငါဒီဝိဝမ်းသာနေလို့ ရယ်နေတာကွ"

တင်းဖုံလောင်လင်က စဉ်းစဉ်းစားစားပြော၏။

"တန်တော့ အစ်ကိုကြီးထူးခြားချက်တစ်ခု တွေ့ပြီနဲ့တူတယ်၊ အစ်ကိုကြီးရဲ့ သွေးစမ်းပညာအရ ရှိန်ရက်မှာဘာထူးခြားနေလို့လဲ"

ဖေးဟုတ်လောင်လင်က ရယ်၍ခေါင်းညိတ်၏။

"အဲဒီလိုစဉ်းစားမှပေါ့ကွ၊ မင်းမှန်တယ်၊ ရှိန်ရက်မသေနိုင်တော့ဘူး"

"ဗျာ…ကျွန်တော်မသေနိုင်တော့ဘူး၊ ဟုတ်လား…"

ဖေးဟုတ်လောင်လင်က ခေါင်းညိတ်၏။

"ဟုတ်တယ်၊ မသေနိုင်တော့ဘူး၊ မင်းခန္ဓာကိုယ်ထဲမှာ ဘာဒဏ်ရာမှလည်းမရှိတော့ဘူး၊ အအေးဓါတ်အဆိပ်လက်ဝါးရနေလျှက်နဲ့ ဟိုထိပ်သီးနှစ်ယောက်ကို သတ်ပစ်နိုင်မှတော့ ငါသိပ်အံ့သြတယ်၊ အခုတော့မအံ့သြတော့ပါဘူး၊ ငါသဘောပေါက်သွားပါပြီ"

"ဘာသဘောပေါက်သွာတာလဲအဘိုး၊ ရှင်းရှင်းလင်းလင်းပြောပြမှကျွန်တော်တို့ သိရမှာပေါ့"

ရှမ်ယာနမ်က ခပ်လောလောကလေးမေးလိုက်၏။

ဖေးဟုတ်လောင်လင်က ရှင်းပြ၏။

"ချန်ရှဲ့လက်ဝါးဒဏ်ရာရဲ့ဆိုးကျိုးက မီးလိုပူပြင်းစေတယ်၊ ဒဏ်ရာရသူဟာ တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူလောင်လာပြီး သုံးရက်တစ်ကြိမ်အပူဒဏ်ခံရတယ်၊ တစ်ခြားဆေးမြစ်တစ်မျိုးရှိပေ မယ့် လွယ်လွယ်နဲ့မရှာနိုင်ဘူး၊ ဒီကြားထဲမှာ အအေးဓါတ်အဆိပ်လက်ဝါးဒဏ်ရာရလိုက်တာဟာ ကံဆိုးထဲကကံကောင်းဖြစ်သွားတာပဲ၊ ရင်းလျှိုတုဖူးကို ကျေးဇူးတင်ရမလိုဖြစ်သွားတယ်"

ရှိန်ရက်က တစ်အံတစ်သြမေး၏။

"ကျွန်တော့်ကိုအသေရိုက်တဲ့လူကိုတောင် ကျွန်တော်ကပြန်ပြီး ကျေးဇူးတင်ရမှာတဲ့လား"

"တင်ရမှာပေါ့ သူ့ကြောင့်လူကလေးဒဏ်ရာတွေအားလုံးပျောက်သွားတာပဲ၊ ချန်ရှဲ့လက်ဝါးက အပူဓါတ်လေ-အဖိုဓါတ်၊ ရင်းလျှိုတုဖူးကအအေးဓါတ်-အမဓါတ်၊ ဆန့်ကျင်ဘက်နှစ်ခု ထိပ်တိုက်တွေ့သွားတော့ မင်းကိုယ်ထဲကဒဏ်ရာနှစ်ခုဟာ အလိုလိုကျေပြက်သွားတယ်၊ ဆေးဝါးနဲ့ကုရင်တောင် ဒီလောက်မြန်မြန်မပျောက်နိုင်ဘူး၊ မယုံရင် မင်းကိုယ်ထဲကသွေးကြောတွေကို အတွင်းအားနဲ့လှည့်ပတ်ကြည့်ပါလား"

ထိုသို့ရှင်းပြလိုက်မှ အားလုံးသဘောပေါက်သွားကြလေသည်။

ရှိန်ရက်သည် အချိန်ကုန်မခံဘဲ ထိုနေရာ၌ပင် တင်ပျဉ်ခွေထိုင်ကာ အတွင်းအားဖြင့် သွေးများကိုစတင်လှည့်ပတ်တော့သည်။

ခန္ဓာကိုယ်တွင်း မည်သည့်သွေးကြောနေရာမျှ အဖုအထစ်မရှိဘဲ ချောချောရှုရှုလှည့်ပတ်သွားနေသည်ကို တွေ့ရသောရှိန်ရက်သည် အလွန်တရာဝမ်းမြောက်သွားလေတော့သည်။

သူသည် ထိုင်နေရာမှ ခုန်ထလိုက်၏။

လောင်လင်အဘိုးအိုသုံးဦးအား တစ်ဦးစီဂါရဝပြုတော့သည်။

"အဘိုးအိုရဲ့ကျေးဇူးကကြီးမားလှပါတယ်၊ ကျွန်တော်ဟာ အဘိုးအိုတို့ရဲ့ ကျေးဇူးကိုတစ်သက်မမေ့တော့ပါဘူး"

ရှီချင်လောင်လင်ကရယ်၏။

"ဟား…ဟား…ဟား၊ ငါတစ်ခေါက်ထွက်မပြေးလိုက်တာတော် သွားသေးတာပေါ့၊ နို့မို့ဆိုအကျိုးမရှိပဲ အမောသာအဖတ်တင်နေမှာ၊ ဟား..ဟား..ဟား.."

ထိုစကားကြောင့် ရှမ်ယာနမ်ပါ ရယ်မိတော့သည်။

"သူတို့စကားပြောနေသည်မှာ တစ်နေ့ခင်းလုံးပင်ဖြစ်သည်။ ညနေ ဆည်းဆာလေချိုသွေးချိန်၌ တိရိစ္ဆာန်ကျောင်းနေသူများ၏ တေးသံ များလွင့်ပျံ့လာသော်အခါမှ တင်းဖုံလောင်လင်က ထိုင်ရာမှထလိုက် သည်။

"ကဲ…စာတ်ကြောင်းတွေလည်း အပြန်အလှန်သိကြရပြီ၊ လူတွေ လည်းတကယ်ပင်ပန်းခဲ့ကြရပြီ၊ ရှိန်ရက်နဲ့ လုံမလေးတို့နှစ်ယောက်က တော့ ဒီတဲထဲမှာပဲ သည်းခံတည်းခိုနေကြပေတော့၊ ကျုပ်တို့သုံးယောက် ကတော့ ဟိုဘက်ကရွက်ဖျင်တဲထဲမှာပဲ တည်းခိုအနားယူတော့မယ်၊ မနက်ဖြန်မနက်ကျမှပဲ တစ်ခါထပ်တွေ့ကြတာပေါ့"

ရှိန်ရက်သည် ဤတဲထဲ၌ ရှမ်ယာနမ်ကိုသာ တည်းခိုစေပြီးသူက လောင်လင်အဘိုးအိုသုံးဦးနှင့် လိုက်ပါတည်းခိုလိုပါသည်ဟု ပြောရန် ဟန်ပြင်လိုက်သည်။

သေးဟုတ်လောင်လင်က သူ့မပြောမီ ဗိုတ်၍ပြောလိုက်လေ၏။

"လူကလေး ငါတို့သိသလောက်တော့ မင်းဟာတကယ်ပြတ်သား ပါတယ်၊ ဒီနေရာမှာ ကျားမခွဲခြားနေဖို့မလိုပါဘူး၊ တစ်နေ့ကြုံတွေ့ ရမယ့်ကိစ္စကို ဘာဖြစ်လို့ရှောင်လွှဲစရာလိုမှာလဲ၊ ကဲ..ငါတို့သွားပြီ"

အဘိုးအိုသုံးဦးသည် အတွဲညီစွာ၏၊ ရိပ်ခနဲပြေးထွက်သွားသည်။

ရှိန်ရက်နှင့် ရှမ်ယာနမ်တို့မှာ မျက်နှာများနီ၍ ကျန်ရစ်ခဲ့ကြသည်။

အဘိုးအိုသုံးယောက်ထွက်ခွါသွားသဖြင့် ရှိန်ရက်တို့၏ရွက်ဖျင် တဲထဲမှာ တိတ်ဆိတ်၍ကျန်ရစ်သည်။



ထိုတိတ်ဆိတ်မှုကို စတင်ဖြိုခွင်းလိုက်သူမှာ ရှမ်ယာနမ်ပင်ဖြစ် သည်။

ရှမ်ယာနမ်ကိုရွက်ဖျင်တဲအပေါက်ဝဆီသို့ ငေးနေသည့်ရှိန်ရက် အား ရုတ်တရက်မေးလိုက်သည်။

"အစ်ကိုရှိန်ရက် ညီမလေးကိုမုန်းနေသလားဟင်"

ရှိန်ရက်လန့်သွား၏၊ ဖြည်းညှင်းစွာခေါင်းခါ၏။

"ညီမလေး၊ နင်ဘယ်လိုပြောလိုက်တာလဲ၊ ငါကနင့်ကိုဘာဖြစ် လို့မုန်းရမှာလဲ"

"မမုန်းဘူးဆိုရင် အစ်ကိုကဘာဖြစ်လို့ စကားမပြောဘဲ ကျောက် ရုပ်ကြီးလိုထိုင်နေရတာလဲ"

ရှိန်ရက်သက်ပြင်းချသည်။

"ညီမလေး ငါတို့ကတစ်နေ့လုံး ဒီတဲထဲမှာချည်းပဲအောင်းနေရ တယ်၊ အပြင်ထွက်ပြီး စားကျက်ကွင်းပြင်ကြီးထဲ လမ်းလျှောက်ရင် ကောင်းမယ်၊ ဒီထဲမှာအသက်ရှူရတာမဝဘူး"

ရှမ်ယာနမ်ခေါင်းညိတ်၏။

"ညီမလေးလည်း အဲဒီအကြံကိုသဘောတူပါတယ်၊ ဒီထဲမှာနေရ ထိုင်ရတာ သိပ်စိတ်ကျဉ်းကျပ်တာပဲ၊ ဒီချင်းဟိုင်ကသိုင်းကျောင်းသား သား၊ နွားကျောင်းသားတွေအဖို့တော့ အဆန်းမဟုတ်တော့ဘူး၊ ညီမ လေးတို့လမ်းလျှောက်ရင်း စကားပြောကြမယ်"

ရှိန်ရက်နှင့် ရှမ်ယာနမ်တို့သည် မြက်ရိုင်းရှည်များ၊ မြက်ရိုင်းပွင့် များ၊ ညနေဆည်းဆာ၌ ပျံသန်းသောပျံလွှားငှက်များ၊ အနောက်အရပ် ၌ဝင်လုဆဲဆဲနေဝန်းနီကြီးရှိနေသည့် မြက်ခင်းပြင်ထဲ၌ လမ်းလျှောက် ထွက်လာကြလေ၏။

ရှိန်ရက်၏ ဘဝတစ်သက်တာ၌ သဘာဝပတ်ဝန်းကျင်အလှအပဆုံးကိုတွေ့မြင်သတိပြုမိသည့်နေ့ပင်ဖြစ်တော့သည်။

* * * * *

သိုးကျောင်းသား၊ ဆိတ်ကျောင်းသားတို့၏ ညနေချိုချိုသီချင်းဆိုသံများကလည်း လေထဲ၌လွင့်မျှ၊ ဝဲပျံလာရာ သီချင်းသံသည် အလှအပဆုံးသော ပန်းချီကားကြီး၏အလှကို အစွမ်းကုန်ဖြည့်ဆည်းလျက် ရှိတော့သည်။

ဤပန်းချီကားကြီး၏အလှကို ထပ်မံဖြည့်စွက်လိုက်သည့်အရာကား ရှိန်ရက်ဟူသောလူလင်ပျိုနှင့် ရှမ်ယာနမ်တည်းဟူသော လုံမပျိုတို့ပင်တည်း။

နေ့တထိတ်ထိတ်၊ ညတထိတ်ထိတ် ချောင်းမြောင်းလုပ်ကြံမည့်သူ၊ တိုက်ခိုက်မည့်သူများကို ဘဝတစ်လျှောက်လုံး စိုးရိမ်ထိတ်လန့်ခဲ့ရသူများအဖို့ ဤကဲ့သို့စိတ်အေးလက်အေးလျှောက်ရသည့်ဘဝမှာ ကြုံတောင့်ကြုံခဲအခြေအနေတစ်ခုပေတည်း။

ရှိန်ရက်နှင့် ရှမ်ယာနမ်တို့သည် အတိတ်ကအဖြစ်အပျက်များကို ပြန်ပြောင်းပြောဆိုမိကြ၏။

ရှေ့အစီအစဉ်ကိုလည်း ရှိန်ရက်ကပြောပြသည်။

သူပြောမပြသည့်အချက်မှာ သူ့ဇနီးအဖြစ်လက်မခံ၍ လက်ခံရွေးချယ်ထားရသူမှာ ကျိုဗွမ်းကျွင်းဖြစ်ကြောင်းကိုပင်တည်း။

ဖခင်သေဆုံး၍စိတ်ထိခိုက်နေရာမှ ယခုခဏပျော်ပျော်ရွှင်ရွှင်နေသူကလေးအား စိတ်ချမ်းသာစွာဖြစ်သွားစေလိုသည့် စေတနာသည် **ရှိန်ရက်၏ ရင်ထဲ၌အပြည့်အဝရှိပေသည်။**



သူတို့သည် ကွင်းပြင်ကျယ်ကြီးအတွင်း လျှောက်ကောင်းကောင်းနဲ့ လျှောက်သွားရာ နေဝန်းနီကြီးကွယ်ပျောက်၍ လမင်းကြီးပင်ပေါ်ထွက်လာသည်အထိ ဖြစ်ခဲ့ရသည်။

ရှိန်ရက်က သူတို့လျှောက်ခဲ့သည့်ခရီးသည် အတော်ဝေးခဲ့ပြီဖြစ်၍ပြန်လှည့်ရန်ပြောသည်။ ရှမ်ယာနမ်ကခေါင်းညိတ်သဖြင့် ပြန်လှည့်လာကြသည်။

ရှိန်ရက်က..

"ညီမလေး နင့်ကိုငါတစ်ခုမေးချင်တယ်"

"အစ်ကိုကလဲ မေးချင်တာများမေးရောပေါ့၊ ပဏ္ဏာမစကားခံနေရသေးတယ်၊ ဘာမေးမလို့လဲ"

"မှူးကွမ်းဘုရားကျောင်းမီးရှို့ဖျက်ဆီးခံရပြီးတဲ့နောက် ငါတို့တည်းခိုခန်းမှာပင်နားကြတယ်၊ ညီမလေးကဘာဖြစ်လို့ မပြောမဆိုတဲ့အဲဒီက ပျောက်သွားရတာလဲ၊ ငါ့မှာစိတ်မောလိုက်တာ"

ရှမ်ယာနမ်ငေးငေးငိုင်ငိုင်ကလေးဖြစ်သွားသည်။

ညအမှောင်အောက်၌ ရှိန်ရက်နှင့် ဘွန်ကျယ်ကြွင်းချန်းဆိုသောစကားပြောဆိုကြသည့်အဖြစ်ကို သူမတွေးမိတိုင်း ရင်နာခဲ့သည်။

ယခုသူမနှင့် ရှိန်ရက်တို့စကားများစွာပြောခဲ့ကြသော်လည်း သူမသည် ထိုအကြောင်းကို လုံးဝထည့်မပြောဘဲ ချန်လှပ်ထားခဲ့သည်။ ရှိန်ရက်က ကျိုဗွမ်းကျွင်းနဲ့ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်ကို ချန်ထားသကဲ့သို့တည်း။

ရှမ်ယာနမ်ခပ်တိုးတိုးပြော၏။

"အဲဒီအကြောင်းကို ညီမလေးပြန်ပြောနေဖို့မလိုဘူးထင်တယ်"

"ဘာဖြစ်လို့လဲ"

ရှိန်ရက်က နားမလည်နိုင်စွာခေါင်းခါသည်။

ရှမ်ယာနှမ်သည် ရှိန်ရက်၏မျက်နှာကိုကြည့်၏။ ရှိန်ရက်၏မျက်နှာပေါ်မှ ပကတိတည်ကြည်သောအချက်ကို တွေ့လိုက်ရသောအခါ သက်ပြင်းချမိသည်။

"အစ်ကို မိန်းမတိုင်းဟာ သူတို့ချစ်တဲ့သူက တစ်ခြားမိန်းကလေး တစ်ယောက်နဲ့ချိန်းဆိုစကားပြောတာတွေ့ရင် သဝန်တိုမိကြတာပဲ"

ရှိန်ရက်တုန်လှုပ်သွားသည်။

"သူ..သူ ငါနဲ့ကျိုဝှမ်းကျွင်းဖြစ်ခဲ့တာကို စောင်းပါးရိပ်ခြည်ပြောသလားမသိဘူး၊ ဒါမဖြစ်နိုင်ဘူး၊ အဲဒီအချိန်မှာသူဟာ ချင်းဟိုင်နယ်ထဲရောက်နေလောက်ပြီ၊ သူဘာကိုရည်ရွယ်ပြောတာပါလိမ့်"

ရှိန်ရက်မှာ မည်သို့ပြန်လည်ဖြေရှင်းရမှန်းမသိသဖြင့် တိတ်ဆိတ်စွာပင်လိုက်လာသည်။

ရှမ်ယာနှမ်ထံမှ အပြစ်တင်သည့်အသံ ဆက်လက်ထွက်ပေါ်လာသည်။

"အစ်ကိုမှားတယ်သိလား၊ အချစ်စိတ်ဆိုတာ အတင်းလုယူလို့မရဘူး၊ ညီမလေးလည်းသိတာပဲ၊ ဒါပေမယ့် ပေပေသေခါနီးဖြစ်နေတော့ ညီမလေးလည်း ဝင်တားလို့ဘယ်ဖြစ်မလဲ၊ အစ်ကို့အနေနဲ့အခြေအနေကိုရှင်းပြပြီ၊ ညီမလေးကိုဘဝတစ်လျှောက်လုံးစောင့်ရှောက်ဖို့မဖြစ်နိုင်ဘူးလို့ ငြင်းဖို့ကောင်းတယ်"

ရှိန်ရက်သည် စကားတစ်ခွန်းမှမပြောဘဲ နားထောင်နေမိသည်။ သူ့စိတ်ထဲ၌ ဆို့နင့်မှုကိုခံစားနေရသည်။ ရင်ထဲ၌တစ်ခုခုဆို့နေသလို ခံစားနေရသည်။ အသက်ရှူမဝသလိုဖြစ်နေသည်။ မိမိ၌အခက်အခဲများစွာရှိနေသည်။ မိမိသည်မပြတ်သားသူတစ်ယောက်မဟုတ်။

ပြတ်ပြတ်သားသားလုပ်သူတစ်ယောက်၊ တစ်ခုခုကိုပြတ်ပြတ်သားသားလုပ်၍ တစ်ယောက်ယောက်စိတ်ဒုက္ခရောက်မည်ကို မိမိ



မစိုးရိမ်။ တစ်ခုခုကိုပြတ်ပြတ်သားသားလုပ်လိုက်ရာမှ လူများစွာဒုက္ခရောက်မည့်အဖြစ်မျိုးကိုတော့ အရောက်မခံနိုင်၊ အားလုံးအတွက်ငဲ့ရမည်။ အများအတွက်ငဲ့ရမည်။

ချစ်ခြင်းမေတ္တာသည် အခြားအခြားသောလူသားများအတွက် ချိုမြသောစပျစ်သီးဖြစ်လိမ့်မည်။

မိမိအတွက်မူ အလွန်ခါးသီးသော အရက်တစ်ခွက်ဖြစ်နေ၏။ ရှိန်ရက်အဖို့ ခါးသီးသောအရက်ကို အကုန်မသောက်နိုင်သေး၊ သူသည် ကျိတ်၍သက်ပြင်းချလိုက်မိလေသည်။

"လူ့ဘဝဆိုတာ ဒါပဲလား၊ မပြည့်စုံခြင်းဟာ လူ့ဘဝပဲလား၊ စိတ်သောကရောက်ခြင်းဟာ လူ့ဘဝပဲလား၊ လူ့ဘဝမှာ ဘာများတပ်မက်စရာရှိနေလို့လဲ"

ရှိန်ရက်သည် စိတ်ရှုပ်ထွေးစွာတွေးနေစဉ် ရှမ်ယာနှမ်ကိုဆက်၍ပြောနေ၏။

"တကယ်တော့လည်း အစ်ကို့ကိုအပြစ်တင်ဖို့မဖြစ်ပြန်ဘူး၊ သေခါနီးလူတစ်ယောက်ကို ဘယ်သူကစိတ်သောကရောက်စေမှာလဲ၊ ဒါထားတော့၊ ဒါပေမယ့် တစ်ခြားမိန်းကလေးတစ်ယောက်နဲ့ ညကြီးမင်းကြီးချိန်းတွေ့တာမျိုးတော့ မလုပ်သင့်ဘူး၊ ဒါကညီမလေးရဲ့အသည်းကိုခွဲတာနဲ့အတူတူပဲ"

ရှမ်ယာနှမ်၏စကားသည် မူလလမ်းကြောင်းပေါ်သို့ ပြန်ရောက်လာ၏။

"တည်းခိုခန်းမှာတည်းတဲ့ညက အစ်ကိုဘာဖြစ်လို့ဘွန်ကျယ်ကြွင်းနဲ့ချိန်းပြီး စကားပြောရတာလဲ"

ရှိန်ရက်သည် ထိုအခါကျမှ ရှမ်ယာနှမ်၏ရင်ထဲမှ မကျေနပ်ချက်ကိုသိရတော့သည်။

"ဖြစ်ရလေမိန်းကလေးရယ်"

ရှိန်ရက်သည် ဟင်းခနဲသက်ပြင်းချလိုက်မိတော့သည်။

* * * * *

## <u>တိဗက်သမားတို့၏စိန်ခေါ်မှု</u>

ရှိန်ရက်က တီးတိုးပြောလေသည်။

"ညီမလေးခိုးပြီးနားထောင်ခဲ့သေးလား"

ရှမ်ယာနမ်ခေါင်းခါ၏။

"ညီမလေးခိုးပြီးနားမထောင်ပါဘူး၊ ချောင်းပြီးကြည့်ခဲ့တာပါ၊ ဒါဟာလူယဉ်ကျေးတွေရဲ့ လုပ်ရပ်မဟုတ်မှန်းသိပေမယ့် အစ်ကိုနဲ့ပတ်သက်ရင် ညီမလေးအရာရာကို စိတ်ပူတယ်"

ရှမ်ယာနမ်က ဆက်မပြောပေ။

ရှိန်ရက်ခေါင်းညိတ်လိုက်၏။

"အဲဒါညီမလေးမှားတာပေါ့"

"ဘာမှားတာလဲ"

"ငါတို့ဘာပြောတယ်ဆိုတာ ဆက်ပြီးနားထောင်သင့်တယ်"

"ဘာဖြစ်လို့ ဘွန်ကျန်ကြွင်းက အစ်ကိုရင်ခွင်ထဲမှာဝင်နေတာပဲဥစ္စာ၊ ညီမလေးက အသံကိုဆက်နားထောင်သင့်သေးသလား"

"ဘယ်လို"

"ညီမလေး ဘွန်ကျန်ကြွင်းဟာငါ့ကိုချစ်တယ်၊ ငါကသူ့ကိုညီမလေးလိုပဲချစ်တယ်၊ သူ့အဖေဟာ ငါ့အဖေရဲ့သွေးသောက်ညီပဲ၊ ငါဘယ်လိုလုပ်ပစ်ပစ်ခါခါပြောသင့်မလဲ၊ ငါသူ့ကိုစောင့်ရှောက်ရမယ်"



"အစ်ကိုတကယ်ပြောတာလား"

"ရှိန်ရက် ဘယ်တော့မှမလိမ်ဘူး၊ ဒါပေမယ့်..."

ရှိန်ရက်သည် ခုရှပ်မှနောင်ရှင်းဟူသောစကားကို စဉ်းစားမိပြီး ကျိုဝှမ်းကျွင်းနဲ့ သူကျူးကျူးလွန်လွန်ဖြစ်ပျက်ခဲ့သည့်အဖြစ်၊ ထိုအဖြစ်ကြောင့် ဇနီးအရာ၌ ကျိုဝှမ်းကြွင်းကိုသာ ထားရမည့်အဖြစ်တို့ကိုပြောပြလိုက်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်ရှမ်ယာနမ်ကဖြတ်၍ပြောလာသဖြင့် ရှိန်ရက်မှာမပြောသာဘဲ ဖြစ်သွားတော့သည်။

"အစ်ကို၊ ဒါပေမယ့်တွေဘာတွေလုပ်မနေနဲ့တော့၊ အစ်ကို့စကားကိုညီမလေးယုံပြီ"

ရှမ်ယာနမ်သည် ကျေနပ်အားရစွာ ရှိန်ရက်၏လက်မောင်းကိုမှီတွယ်၍ လိုက်လာသည်။

ရှိန်ရက်မှာ ကျိုဝှမ်းကျွင်းနဲ့ ဖြစ်ပျက်ခဲ့သည့်အဖြစ်အပျက်များကို မပြောရက်ပြန်တော့ပေ။ သူမစိတ်ချမ်းသာ လက်ချမ်းသာလက်စနှင့် စိတ်ချမ်းသာပါစေတော့။

ရှမ်ယာနမ်သည် ကလေးငယ်တစ်ဦးကဲ့သို့ လွန်စွာပေါ့ပါးရွှင်မြူးနေသည်။ ယခင်ကတည်းက ယောကျ်ားကလေးနှင့်တူခဲ့သည့် ရှမ်ယာနမ်သည် ခုန်ပျံပြေးထွက်မဆော့ရုံသာရှိသည်။

ရှိန်ရက်သည် ရှမ်ယာနမ်၏မျက်နှာကိုကြည့်၍ စိတ်ထဲမှကျိတ်၍ပြောနေမိ၏။

သူ့စိတ်ဟာဒဏ်ရာရထားခဲ့တယ်။ အခုအချိန်မှာ နဂိုအနေအထားကိုပြန်ရောက်သွားပြီ၊ ငါ့ကိစ္စဟာအနေနဲ့အမြန် တစ်နေ့မှာသူသိလာရမှာပဲ၊ အဲဒီအချိန်ကျမှ သူငိုပါစေတော့၊ အခုအချိန်မှာ ငါဟာသူ့ရဲ့ပျော်ရွှင်စရာကောင်းတဲ့ အိမ်မက်ကလေးကို မဖျက်ဆီးသင့်ဘူး။

ရှိန်ရက်သည် ထိုသို့ရှိနေစဉ် ရှမ်ယာနမ်က ရှိန်ရက်အား တိုးတိုးမေးလေသည်။

"အစ်ကို…ညီမလှရဲ့လားဟင်.."

ရှိန်ရက်၏ မျက်လုံးများထဲ၌ သနားကြင်နာသော အရိပ်အရောင်များပေါ်လာသည်။

"ငါတွေ့ဖူးသမျှမိန်းကလေးတွေထဲမှာ ညည်းဟာအလှဆုံးပဲ၊ ဘယ်သူမှညည်းလို သွက်သွက်လက်လက်မြူးမြူးကြွကြွမရှိကြပါဘူး"

ရှမ်ယာနမ်ကကျေနပ်စွာ တခစ်ခစ်ရယ်လေတော့၏။

"အဲဒါကတော့ဖေဖေ့ကြောင့်ပါ၊ ဖေဖေကညီမလေးကို သမီးလို ဆက်ဆံတာမဟုတ်ပါဘူး၊ သားတစ်ယောက်လိုပဲ ဆက်ဆံတယ်၊ ညီမလေးကိုအစ်ကိုစတွေ့တော့ ယောက်ျားကလေးလို့ မထင်မိဘူးလား"

ရှိန်ရက်ခေါင်းညိတ်ပြ၏။

"ထင်တာပေါ့၊ နောက်ပြီးခါးပါတ်ပျော့ကို တော်ရုံတန်ရုံမိန်းကလေးသိုင်းသမားတွေကိုင်ကြတာမဟုတ်ဘူးလေ"

သူတို့သည် ရယ်ရင်းမောရင်း သူတို့တဲဆီသို့ပြန်လျှောက်လာကြ၏။ ရှမ်ယာနမ်က--

"အစ်ကိုရှိန်ရက် မနက်ဖြန်ကျရင် ညီမလေးတို့ခရီးထွက်ကြရတော့မှာပေါ့နော်"

"ဒါပေါ့"

"ဘယ်ကိုသွားမှာလဲဟင်"

"လူဗိုလ်တောင်ကိုပေါ့၊ ဟိုမှာစောင့်နေတဲ့လူတွေအများကြီးရှိတယ်"

"အစ်ကို ဓါးသိုင်းပြိုင်ပွဲကြီးပြီးရင် ညီမလေးတို့ရဲ့ မင်္ဂလာကိစ္စကို ကြော်ငြာမယ်နော်"



ရှမ်ယာနမ်အနေဖြင့် ဤကိစ္စကို ရေရှည်ဆွဲမထားချင်ပေ။ ရှိန်ရက်၏ ပတ်ဝန်းကျင်၌ လှပသည့်မိန်းကလေးများ ဝိုင်းဝိုင်းလည်နေသည်ကိုရှမ်ယာနမ်ကောင်းစွာသိရှိလေသည်။

"အင်း.."

ရှိန်ရက်သည် ဝန်မခံချင်သဖြင့် အင်းလိုက်ရသည်။ ထိုနေ့ထိုအချိန်မည်သို့သော ဆိုးရွားမှုမျိုးပေါ်လာမည်ကို သူမခန့်မှန်းတတ်ပေ။

ဤသို့ဖြင့်သူတို့၏ ရွက်ဖျင်တဲဆီသို့ပြန်ရောက်လာကြလေသည်။

* * * * *

"ဟာ..ဟိုမှာ"

ရှိန်ရက်သည် ရွက်ဖျင်တဲဝ၌ချိတ်ဆွဲထားသည် စာရွက်တစ်ရွက်ကိုလက်ညှိုးထိုးပြသည်။ သူတို့အလျင်အမြန်ပြေးလာမိကြ၏။

ရှိန်ရက်စိတ်ထဲ၌ စိုးရိမ်သွားသည်။ ပြဿနာတစ်ခုခုဝင်ပြီဟု ထင်လိုက်မိသည်။

"လူတစ်ယောက်ယောက်လာထားသွားတာပဲ"

သူသည် စာရွက်ကိုလျှင်မြန်စွာဖြုတ်ယူပြီး ကြည့်လိုက်သည်။ စာပါအကြောင်းအရာကား ....

"ငါတို့ပြန်တော့မလို့ မင်းတို့ကိုလာနှုတ်ဆက်တာပါ၊ မင်းတို့လမ်းလျှောက်ထွက်သွားပုံရတယ်လို့ ရိပ်မိလို့ ငါတို့အတော်ကြာကြာထိုင်စောင့်ကြပါသေးတယ်၊ မင်းတို့မလာနိုင်တာကြာလို့ ငါတို့ တီတင်မာရာကိုထွက်သွားကြပါပြီ၊ မင်းတို့ရဲ့မင်္ဂလာရက်မြတ်အတွက် ကြိုတင်ဆုမွန်ကောင်းတောင်းခဲ့ပါတယ်"

စာ၏အောက်တွင် ဖေးဟုတ်လောင်လင်၊ တင်းဖုံလောင်လင်နှင့် ရှီချင်လောင်လင်ဟူ၍ လက်မှတ်ရေးထိုးထားလေသည်။

ရှိန်ရက်က ဆိုနင့်စွာဆို၏။

"သူတို့သွားကြပြီ"

"သူတို့သွားကြပြီ၊ ပြန်မလာကြတော့ဘူးလား"

ရှမ်ယာနမ်က သံယောင်လိုက်၍မေး၏။

"မလာတော့ဘူး၊ သူတို့ဟာ သိုင်းလောကကြီးအပေါ် သိပ်သံယောဇဉ်ရှိတယ်၊ သူတို့သုံးယောက်ရဲ့ ထိန်းသိမ်းမှုဟာ သိုင်းလောကအတွက် အတော်ကလေးတန်ဘိုးရှိခဲ့တယ်၊ သွားကြပြီ..သူတို့သွားကြပြီ"

ရှိန်ရက်နှင့် ရှမ်ယာနမ်တို့သည် ရွက်ဖျင်တဲထဲမဝင်မိကြတော့ဘဲ အပြင်သို့ငေးနေမိကြတော့သည်။

သူတို့၏အသည်းနှလုံးထဲ၌ လောင်လင်အဘိုးအိုသုံးဦး၏ ရုပ်ပုံလွှာသည် စွဲကျန်ခဲ့တော့သည်။

အတန်ကြာမှ ရှမ်ယာနမ်ကငိုင်တွေနေသော ရှိန်ရက်ကို သတိပေးသည်။

"အစ်ကို ညဉ့်နက်ပြီ၊ ညီမလေးတို့ အပြင်မှာချည်းနေကြတော့မလို့လား"

ရှိန်ရက်က ခေါင်းညိတ်ပြီးတဲထဲဝင်လိုက်၏။

"ဘယ်သူလဲ"

ရှိန်ရက်၏စိတ်ထဲ၌ တဲထဲတွင်လူစိမ်းတစ်ဦးဦးရောက်နေပြီကို အလိုလိုသိလိုက်၏။ ထို့ကြောင့် ခက်ထန်မာကျောစွာအော်လိုက်မိသည်။

အေးစိမ့်စိမ့်ရယ်သံနှင့်အတူ ဖျောက်ခနဲမီးတစ်ချက်ပွင့်လာပြီး တိရိစ္ဆာန်အဆီကို အသုံးပြုထားသည့် မီးခွက်ကလေးမှ အလင်းရောင်ပေါ်လာသည်။

"ခမီလားမား၊ တူလွန်နပါ၊ ဒကာလေးကိုစောင့်နေတာကြာပြီ"

ရှည်လျားသောလူရိပ်တစ်ခု ထရပ်လာသည်။ အဝါညစ်ညစ် ဝတ်ရုံရှည်ကြီးဝတ်ဆင်ထားသည်။

အအေးဒဏ်ကိုကာကွယ်ရန် ခေါင်းစွပ်ပါတစ်ပါတည်း ပါလာသည်။ လည်ပင်း၌ကြီးမားသော ပုတီးကြီးတစ်ကုံးချိတ်ဆွဲထားသည်။ မျက်ခုံးကြီးများက ဖွေသလောက်မျက်လုံးများကလည်း တောက်ပလှသည်။ အဆင့်မြင့်ထိပ်သီးသိုင်းသမားမှန်းသိသာလှသည်။

ရှိန်ရက်သည် သူ၏အတွင်းအားများကိုစုစည်းပြီး ခတ်ဆတ်ဆတ်မေးလေ၏။

"လက်စသတ်တော့ လားမားဘုန်းကြီးကိုး၊ ဘာကိစ္စနဲ့လာတာလဲ"

လားမားဘုန်းကြီးက အေးစက်စက်ပြုံး၍ပြောသည်။

"ကိစ္စအားလုံး တဲထဲမှာရှိပါတယ်၊ ကျုပ်ရှင်းပြတာထက် မြည့်ရုံတာတွေရှိနေပါတယ်၊ ဒကာလေးဝင်ကြည့်ပါ၊ ကျုပ်သွားတော့မယ်"

ရှိန်ရက်အပေါက်ဝမှတားဆီးလိုက်၏။

"သူတစ်ပါးရဲ့ပိုင်နက်ကို ခွင့်မပြုဘဲဝင်ခြင်းဟာ အင်မတန်ရိုင်းစိုင်းတဲ့အပြုအမူပဲ၊ ဒါမလုပ်သင့်မလုပ်အပ်ဘူးဆိုတာ မသိဘူးလား"

"ဟင့်အင်း...ကျုပ်ကျူးကျော်တာမဟုတ်ဘူး၊ ဒကာလေးတို့ကြာ နေလို့ ခွင့်မတောင်းနိုင်ဘဲ ရွက်ဖျင်တဲထဲဝင်ထိုင်တာပဲရှိတယ်၊ ရွက် ဖျင်တဲထဲမှာ ဒကာလေးကို အကောက်ကြံထားတာ တစ်ခုမှမရှိပါ ဘူး၊ ကျုပ်ထားပစ်ခဲ့ရင်တော့ဖြစ်တယ်၊ မတော်တဆပျောက်ဆုံးသွား ရင်ကျုပ်တာဝန်မကင်းဖြစ်မှာစိုးလို့ ဒကာလေးတို့လာတဲ့အထိ ဒီမှာ ဝင်စောင့်နေရတာပဲ၊ ဒီအတွက်တော့ ခွင့်လွှတ်စေချင်ပါတယ်"

လားမားဘုန်းကြီးလေသံ၌ ရန်လိုသံလုံးဝမပါပေ။ စကားလုံးများ ကယဉ်ကျေးနေသည်။

"အင်း..ဝါဒါသထွက်လို့မပြီးသေးဘူး၊ အကျိုးအကြောင်းစုံစမ်းကြည့်ရဦးမယ်"

"တီဗက်လားမားဂိုဏ်းနဲ့ တပည့်တော်နဲ့ ဘာရန်ငြိုးမှမရှိပါဘူး၊ ကိုယ်တော်ဘယ်ကလာတာလဲ"

"ခမီလားမားကျောင်းကပါ၊ တဲထဲမှာဒကာလေးသိချင်တဲ့အရာအားလုံးရှိပါတယ်"

တူလွန်နသည် ရှိန်ရက်အားကွေ့ရှောင်၍ တဲပြင်သို့ထွက်သွား၏။ ရှိန်ရက်က မတားဆီးတော့ပေ။

ရှမ်ယာနမ်က တဲပြင်သို့လိုက်၍ကြည့်၏။

"တယ်ပြီးကိုယ်ဖော့ပညာကောင်းတဲ့ လားမားဘုန်းကြီးပါလား"

ရှမ်ယာနမ်ထံမှ မှတ်ချက်ချသံကြားရသည်။ မကြာမီပြန်ဝင်လာ၏။ သူမသည် စဉ်းစားနေသော ရှိန်ရက်အား သတိပေးလိုက်၏။

"အစ်ကို စဉ်းစားမနေနဲ့တော့၊ တဲထဲမှာတစ်ခုခုထားခဲ့မှာသေချာတယ်၊ ဝင်သာကြည့်ပေတော့"

ရှိန်ရက်နှင့် ရှမ်ယာနမ်တို့သည် လားမားဘုန်းကြီး တူလွန်နထိုင်ခဲ့သည့်နေရာသို့ ကိုးသွားပြီးကြည့်လိုက်သည်။ ထိုနေရာ၌ရှိရဲသော စာတစ်စောင်ဖြန့်ချထားသည်ကို တွေ့ရသည်။

ရှိန်ရက်သည် စာရွက်ကိုကောက်ယူပြီး မီးခွက်ဘေး၌ဖြန့်၍ ဖတ်လိုက်၏။

ခမီလားမားဂိုဏ်းချုပ် ဒီနိုပါထံမှ လူဗိုလ်ဂိုဏ်းချုပ်ရှိန်ရက်သို့ ပေးပို့သည့် သဝဏ်လွှာ--

ခေါင်းစဉ်ကတော့ ခန့်ခန့်ညားညားပင်၊

"ကျွန်ုပ်တို့ဂိုဏ်းသည် အစဉ်အဆက်ကပင် မြေပြန့်သိုင်းလောက၌ ဝင်ရှုပ်ခဲ့ခြင်းမရှိခဲ့ကြောင်း ရှေးဦးစွာပြောပြလိုက်သည်။ သို့သော်



ကျွန်ုပ်၏တပည့်ဖြစ်ခဲ့သော ဟူးထူခနှင့် ဟူးထူမူတို့သည် မြေပြန့်သိုင်းလောကမှ မီးအိမ်နီဂိုဏ်း၏ သွေးဆောင်မှုဖြင့် ထိုဂိုဏ်း၌သစ္စာခံခဲ့ကြောင်းသိရပေသည်။

ထိုညီနောင်သည် အောက်လမ်းဂိုဏ်း၌ သစ္စာခံခဲ့သည့်အဖြစ်ကြောင့် လူကြီးမင်း၏လက်ချက်ဖြင့် သေဆုံးခဲ့ရရှာလေပြီ၊ ထိုအတွက်နမြောတသခြင်းမဖြစ်သော်လည်း ဤညီနောင်နှစ်ဦးသည် တီဗက်လူမျိုးများဖြစ်ကြပေသည်။

တစ်ဦးသည် နဂါးရေကန်၌အသတ်ခံခဲ့ရပြီး၊ အခြားတစ်ဦးသည် မီးအိမ်နီဂိုဏ်းချုပ်၏ ဌာနချုပ်တစ်နေရာ၌ အသတ်ခံခဲ့ရပေသည်။

ထိုတီဗက်နှစ်ဦးအတွက် သွေးကြွေးဆပ်ရန်တာဝန်သည် ကျွန်ုပ်၏ခမီလားမား တီဗက်ကျောင်း၌ ကျရောက်နေခဲ့ပေပြီ။

ထို့ကြောင့် လူကြီးမင်းမြေပြန့်သိုင်းလောကသို့ပြန်သည့်ခရီးလမ်း၌ ကျွန်ုပ်က ကျွန်ုပ်တို့၏တီဗက်သိုင်းပညာကို ဟန့်ကွေ့ကျင်းကန်းတိုက်ကွက်ကို ပြင်ဆင်ထားပါမည်။ လူကြီးမင်းအနေဖြင့် နောက်မတွန့်ဟုဆိုလျှင် ခရီးစဉ်အတိုင်းရှေ့သို့ဆက်လက် ထွက်လာပါမည့်အကြောင်း"

စာသည် ဤတွင်ဆုံးသွားသည် စာရွက်အောက်ခြေ၌ လက်ဝါးပုံတစ်ပုံရိုက်ထားသည်။

ရှမ်ယာနမ်ကမေးသည်။

"အစ်ကို ဘယ်လိုမြင်သလဲဟင်"

"မျှော်လင့်မထားတဲ့အကွက်ပဲ၊ အင်းလေ သိုင်းလောကဆိုတာဒီလိုပါပဲ၊ ရန်ငြိုးရန်စတယ်များပေတာကိုး"

"ဘယ်လိုလုပ်မလဲဟင်"

"လူဗိုလ်တောင်မှာကျင်းပမယ့် သိုင်းပြိုင်ပွဲက အတော်နီးနေပြီ၊

ဒီကြားထဲမှာ ပြင်ဆင်စရာတွေ အများကြီးရှိတယ်၊ တိဗက်ကကြားထဲကပေါ်လာတော့ ငါတို့မှာ ပြင်ဆင်ချိန်အင်မတန်နည်းသွားတော့တာပေါ့၊ တကယ်လို့သူတို့ရဲ့အတားအဆီးကို မကျော်နိုင်ခဲ့ဘူးဆိုရင်တော့ ဘာမှပြောဖို့မလိုတော့ပါဘူး၊ ဟိုမှာစောင့်နေတဲ့ဆရာကြီး ကြိုဆိုကတော့ အရှက်ကွဲပြီ"

ရှမ်ယာနမ်အနည်းငယ်စဥ်းစားလိုက်၏။

"အစ်ကို ဒီလိုဆိုရင် သူတို့ကိုဂရုစိုက်မနေပါနဲ့၊ ဒီကနေမြေပြန့်အတွင်းကိုဝင်ဖို့ လမ်းနှစ်သွယ်ရှိပါတယ်၊ တစ်သွယ်က စုချွမ်မြို့ကွေ့ကျိုးကိုဖြတ်သွားရမယ်၊ နောက်တစ်လမ်းက ရှီးခန်းနဲ့ ယူနန်ကိုဖြတ်ရမယ်၊ ပထမလမ်းက ကိုဟန့်ဟွေ့ကျင်းကန်းတိုက်ကွက်ကိုခင်းကျင်းမယ်ဆိုရင် ပထမလမ်းပေါ်မှာပဲ စီစဥ်မှာသေချာတယ်"

ရှိန်ရက်ခေါင်းညိတ်လိုက်၏။

"ဖြစ်နိုင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ငါတို့အနေနဲ့မြေပြန့်ကိုရောက်အောင် အတိုဆုံးခရီးလမ်းကသွားမယ်ဆိုတာ သူတို့သိထားနေမှာပေါ့၊ ဒါနဲ့နေစမ်းပါဦး ကိုဟန့်ဟွေ့ကျင်းကန်းဆိုတာ ဘာလဲ၊ ဘာတိုက်ကွက်လဲ"

"ညီမလေးကတော့ မကြုံဖူးပါဘူး၊ ဒါပေမယ့် ဖေဖေပြောပြထားလို့နည်းနည်းပါးပါးတော့ ကြားဖူးထားပါတယ်"

"အေး..လုပ်စမ်းပါဦး၊ ဗဟုသုတပေါ့"

"ကိုဟန့်ဟွေ့ကျင်းကျန့်နဲ့ စိန်ခေါ်ပြီဆိုရင် သူတို့ဟာရန်သူကိုအစဥ်အလာရှိတဲ့ ပုဂ္ဂိုလ်အဖြစ်သတ်မှတ်တဲ့အဓိပ္ပါယ်ပဲတဲ့"

"စာကတော့ တကယ့်ကိုလေးလေးစားစားရေးသားထားတာပါပဲ၊ ကျရှင်ပါကူဘုရားကျောင်းနဲ့စာရင်တော့ ဒီတိဗက်တွေကဝိုပြီး ယဥ်ကျေးပုံရတယ်၊ သူတို့နဲ့ ရန်မဖြစ်ချင်လို့မရဘူးလား"



"ရတာပေါ့၊ ဘာဖြစ်လို့မရရမှာလဲ၊ ဝေးတဲ့လမ်းတစ်သွယ်ကနေရှောင်သွားရင်သူတို့နဲ့ ကင်းလွတ်သွားတာပေါ့"

"ဟင်..ဒီလိုဆိုရင် သူတို့နဲ့ရန်ငြိုးမပွဲ့တာပဲကောင်းမယ်၊ ငါတို့ကိုအထင်သေးရင်သေးပါစေတော့"

ရှမ်ယာနမ်က ခေါင်းညိတ်သဘောတူလေ၏။

"ကောင်းပြီ၊ ညီမလေးလည်းဒီလိုပဲ တွေးထားတယ်"

"ဒီလိုဆိုရင် သူတို့ဖိတ်ကြားထားတဲ့စာကို မီးရှို့ဖျက်ဆီးပစ်လိုက်မယ်"

ရှိန်ရက်သည် အောက်ချထားသည့်စာရွက်ကို ကောက်ကိုင်လိုက်၏။ ထိုခဏမှာပင် စာရွက်သည် အမှုန်ကလေးများဖြစ်ပြီး ကြမ်းပြင်ပေါ်သို့ ကျသွားလေတော့၏။

* * * * *

"ကျင်းကျန့်ပဒိယင်း"

ရှမ်ယာနမ်ကအလန့်တကြားအော်လိုက်မိလေ၏။

"ဘာလဲ၊ ဒါဘာပညာလဲ"

"ဒါအင်မတန်စွမ်းတဲ့ လက်ဝါးရိုက်ပညာပဲ၊ ဒီစာရွက်ကိုသူတို့အတွင်းအားနဲ့ ရိုက်ထားခဲ့တာသေချာပြီ၊ သူတို့ကြေမွစေချင်လောက်တဲ့အချိန်ကို ခန့်မှန်းပြီးဖွဖွရိုက်တာ၊ မိရိုက်တာပဲကွာမယ်၊ ရန်သူကိုဒီလက်ဝါးနဲ့ရိုက်ရင်မသက်သာဘူး၊ တစ်ခုတော့ရှိသတဲ့၊ အဲဒီလက်ဝါးနဲ့ရိုက်ရင် လက်ဝါးအလယ်မှာ အဖြူကွက်တစ်ခုထွက်ပေါ်နေတတ်သတဲ့၊ ဒီပညာဟာ တိမ်မြုပ်နေတဲ့ပညာလို့ဆိုကြတယ်၊ ညီမလေးဖေဖေပြောထားလို့သိနေတာပါ"

ရှိန်ရက်အဖို့ တွေးစရာတွေအများကြီးရသွားသည်။ ဤတိဗက်ဘုန်းကြီးများ၌ ဤမျှအဆင့်မြင့် သိုင်းပညာများရှိနေလိမ့်မည်ဟု မထင်မှတ်မိခဲ့ပေ။

ဤအတိုင်းဆိုပါက တိဗက်ဘုန်းကြီးများသည် မိမိတို့အား မည်သည့်လွတ်လမ်းမျှ ပေးမည်မဟုတ်တော့ပေ။

ရှိန်ရက်သည် သူတစ်ကိုယ်တည်းအတွက် မည်သို့မျှ မစိုးရိမ်သော်လည်း ရှမ်ယာနမ်အတွက်မူ စိုးရိမ်သည်။

"အစ်ကို သူတို့နဲ့ရင်ထိပ်တိုက်ဆိုင်ဖို့ စဉ်းစားနေတာလား၊ ရင်မဆိုင်နဲ့၊ တကယ်လို့ရင်ဆိုင်ရလည်း ညီမတို့ခက်ခက်ခဲခဲ ထိုးဖောက်ရမှာသေချာတယ်"

ရှိန်ရက်သက်ပြင်းချ၏။

"ညီမလေး ဘာမှမတွေးနဲ့တော့ အခုညဥ့်လည်းအတော်နက်နေပြီ၊ ငါတို့လည်း သိပ်ပင်ပန်းထားခဲ့ပြီးပြီ၊ ဒီတိဗက်ဘုန်းကြီးတွေနဲ့ပတ်သက်ပြီး ဘာလုပ်သင့်တယ်ဆိုတာ နက်ဖြန်မနက်ကျတော့မှ ထပ်ပြီးစဉ်းစားကြမယ်"

ရှိန်ရက်သည် ရှမ်ယာနမ်အား နှစ်သိမ့်ပြီးအိပ်ရာဝင်စေသည်။

"ဩော်…အလွန်လှပသည်၊ အလွန်အေးချမ်းသည်ဟုထင်ရသော မြက်ရိုင်းလွင်ပြင်ထဲအထိအန္တရာယ်သည် ထပ်ကြပ်မကွာလိုက်ပါလာခဲ့ရှိနေသည်တကား"

* * * * *

## တိဗက်လားမားစည့်သည်

ရှိန်ရက်သည် ရှမ်ယာနမ်စိတ်ချက်လက်ချအိပ်စေရန် သူလည်း



တဲ၏တစ်ဘက်ခြမ်း၌အိပ်ပြသည်။ ရှမ်ယာနမ်အိပ်ပျော်သလောက်ရှိသောအခါမှ သူထထိုင်ပြီး အတွင်းအားလေ့ကျင့်တော့သည်။

သူ၏အတွင်းအားများဖြင့် သွေးများကို ခန္ဓာကိုယ်ထဲလှည့်ပတ်စေရာတွင် ယခင်ကထက် နှစ်ဆသုံးဆမျှ သွေးလည်ပတ်မှုကောင်းနေကြောင်းတွေ့ရသည်။

ဤသည်မှာ သူ၏အတွင်းအားများ နောက်ထပ်အဆင့်သစ်တစ်ခုသို့တက်သွားသည့်လက္ခဏာပင်တည်း။

အဘယ့်ကြောင့် ဤသို့ဖြစ်သွားသည်ကို ရှိန်ရက်မသိခဲ့ပါ။ အမှန်မှာလောင်လင်အဘိုးအိုသုံးဦး၏ ထီစင်အားတိုးဆေးငါးလုံးကြောင့်ဖြစ်ပါသည်။

သူသည် ကံဆိုးထဲမှကံကောင်းဖြစ်သွားရခြင်းပင်၊ အကယ်၍ ရှိန်ရက်သည် နောက်ထပ်အတွင်းအား ပညာအဆင့်သစ်တစ်ခုရောက်ရှိအောင် ကြိုးစားမည်ဆိုလျှင် အနည်းဆုံးငါးနှစ်မျှ လေ့ကျင့်ရပေလိမ့်မည်၊ ယခုမူကံကောင်းထောက်မပြီး စိုင်ကော်၍ခုံပေါ်ရောက်ခဲ့ရပေပြီ။

ရှိန်ရက်သည် လေ့ကျင့်ရင်း စိတ်ဓါတ်တက်လာ၏။

ခမီလားမားတို့ကို နင်ဘယ်သူလဲ၊ ငါဘယ်သူလဲ၊ လက်စွမ်းပြချင်စိတ်များ တဖွားဖွားပေါ်လာသည်။

သူတို့ရဲ့ ကျင်းကျန့်ယိယင်းဟာ ကြားရုံနဲ့ ကြက်သီးထစရာကောင်းတဲ့သိုင်းပညာဘဲ၊ ဒါပေမယ့် ငါကိုယ်တိုင် အတွင်းအားပညာမှာ တဘက်ကမ်းခပ်တတ်မြောက်ထားပြီး၊ သူတို့ကိုရှောင်လွှဲသွားသင့်သလား၊ သူတို့ကိုရှောင်လွှဲသွားလို့ သူတို့က ကျေကျေနပ်နပ်ကျန်ခဲ့မှာလား၊ ရှိန်ရက်ဆိုတာ ဘယ်လိုလူစားဖြစ်ကြောင်း အကြောင်းပြသင့်သလား၊ မြေပြန့်သိုင်းသမားလောကတွေဆိုတာ အန္တရာယ်ကိုရှောင်

သွားတတ်တာပဲလို့ ဆိုရိုးစကားတွင်စေသင့်သလား။

ရှိန်ရက်သည် အတွင်းအားလေ့ကျင့်ပြီးသည်နှင့် မီးနီးကြွက်လျှောက် တွေးတောနေမိလေတော့၏။

ထိုမှနောက်ပိုင်းတွင် ရှိန်ရက်လည်း အိပ်စက်အနားယူလိုက်သည်။

နံနက်မိုးသောက်အလင်းရောက်သော် နှစ်ဦးစလုံးလိုလိုပင် နိုးလာကြ၏။ နှစ်ဦးစလုံး လန်းလန်းဆန်းဆန်းပင်ရှိကြသည်။

သူတို့သည် တီဗက်လားမားတို့အကြောင်းကို တွေးမနေတော့ပေ။ ကိုယ်လက်သန့်စင်ပြီး ကိစ္စများကိုဆောင်ရွက်ပြီး ယမန်နေ့ကချန်ထားသည့် ဒိန်ခဲနှင့်ရိက္ခာခြောက်အချို့ကို စားသောက်ဝမ်းဖိုက်ဖြည့်ကြသည်။

ရှမ်ယာနမ်ကစ၍စကားဆိုသည်။

"အစ်ကို ခရီးဝေးကိုသွားမှာလား၊ ခရီးဦးကိုလိုက်မှာလား.."

ရှိန်ရက်ယတိပြတ်ပြောသည်။

"ညီမလေးရှမ်ယာနမ် မနေ့ကကျင်းကျန်ယီယင်းပညာကိုတွေ့ပြီးကတည်းက သူတို့ကိုရင်ဆိုင်ဖို့ ငါဆုံးဖြတ်လိုက်ပြီ တကယ်တော့သူတို့ဟာ ဘယ်လမ်းကိုမှဖွင့်ပေးထားကြမှာမဟုတ်ပါဘူး၊ ဒီတော့လာမယ့်ဘေးကို ပြေးတွေ့တာအကောင်းဆုံးပဲမဟုတ်လား"

ရှမ်ယာနမ်သည် ရှိန်ရက်စကားကို မကန့်ကွက်တော့ပေ။ မြင်းကြီးပေါ်သို့ တစ်ယောက်ပြီးတစ်ယောက် ခုန်တက်လျှက်စတင်ခရီးထွက်တော့သည်။

ရှိန်ရက်သည် မြင်းကြီးကိုမြန်မြန်မစီးပေ၊ မှန်မှန်သာစီးသည်။

ညနေခင်းလောက်တွင် စုချွမ်းနယ်ထဲသို့ ရောက်နိုင်လိမ့်မည်ဟု ခန့်မှန်းသည်။ ဤသို့ဖြင့် တစ်ဖြည်းဖြည်းနယ်စပ်ဒေသ မင်စန်းတောင်သို့ ရောက်ရှိလာတော့သည်။



ရှေ့၌လမ်းခွဆုံတစ်ခုကို မြင်ရသည်။

ရှမ်ယာနမ်မှာ သည်ဘက်ခရီးကိုမို၍ကျွမ်းကျင်သည်။ ထို့ကြောင့် လက်ညှိုးထိုးညွှန်ကာ ရှင်းပြ၏။

"အစ်ကိုရှိန်ရက် လက်ဝဲဘက်လမ်းကိုလိုက်ရင် စုချွမ်းကိုရောက်မယ်၊ ဒီခရီးကတော့ဖြောင့်တယ်၊ ညာဘက်ကတော့ ဗိုးချွမ်းကိုရောက်မယ်၊ ယူနန်နယ်ထဲရောက်မယ်၊ အစ်ကိုဘယ်လမ်းကိုလိုက်ချင်သလဲ"

ရှိန်ရက်သည် ရှမ်ယာနမ်အား မည်သည့်စကားမျှမပြောဘဲ ပတ်ဝန်းကျင်ကိုသာမျက်စိကစားသည်။

"သစ်ပင်ပေါ်မှာစာရှိနေတယ်"

ရှိန်ရက်စကားကြောင့် ရှမ်ယာနမ်အံ့သြသွား၏။

လက်ဝဲဘက်လမ်းဘေးသစ်ပင်ကြီး၏ ပင်စည်၌စာများရေးခြစ်ထားသည်။ ဓါးလုံဖြင့်ရေးခြစ်ထားသည်လား၊ လက်ညှိုးဖြင့်ရေးခြစ်ထားသည်လားခွဲခြား၍မရပါ။

* * * * *

"လူကြီးမင်းတို့ကို ကြိုဆိုပါတယ်၊ ဖိတ်ခေါ်မှုကို လက်ခံလိမ့်မည်လို့ယုံကြည်ထားပါတယ်၊ ရှောင်ရှားသွားလို့လဲ အပြစ်မတင်ပါဘူး၊ ဒါပေမယ့်.."

စာကြောင်းကိုဆုံးအောင်ရေးမထားပေ။

ရှိန်ရက်သည် သူတွေးထားသည့်အတိုင်း မှန်နေပြီကိုရိပ်မိလိုက်၏။

ဤတိဗက်လားမားများသည် သူ့အားလွယ်လွယ်နဲ့ လွှတ်ပေးတော့မည်မဟုတ်ချေ။ အကယ်၍သူကရှောင်တိမ်းသွားလျှင် ဤတိဗက်လားမားများသည် မြေပြန့်သိုင်းလောကသို့ပင်လိုက်၍ တိုက်ကောင်းတိုက်ပေလိမ့်မည်။

ရှိန်ရက်သည် ကောင်းကင်ကိုမော့ကြည့်၍ တဟားဟားရယ်မော လေတော့၏။

“ဟား…ဟား…ဟား၊ ကျင်းကျန်ယီကျင်းဟာ တိဗက်အမျိုးအနွယ်တွေရဲ့ ထိပ်တန်းသိုင်းပညာလို့ကြားထားတယ်၊ ဒီပညာကိုရှိန်ရက်က တစ်ခါမျှ ကိုယ်တွေ့မတွေ့ရဖူးသေးဘူး၊ ဒီနေ့ဒီအခွင့်အရေးကို ရှိန်ရက်ဘယ်လက်လွှတ်ခံလိမ့်မလဲ”

ရှိန်ရက်သည် တစ်ကိုယ်တည်းရယ်မောပြောဆိုနေလေရာ ရှမ်ယန်မ်ပင် အံ့သြသွားလေ၏။

ထိုစဉ် ရှေ့ဂိုက်တစ်ရာအကွာ ဝဲယာသစ်ပင်များမှ ရိပ်ခနဲလူရိပ်များခုန်ချလာသည်ကို တွေ့ရသည်။

“လူဗိုလ်ဂိုဏ်းချုပ်ဟာတကယ်ပဲ ရဲရင့်လှပါပေတယ်၊ ကျုပ်တို့ တိဗက်လားမားတွေ ရှေ့မှာစောင့်နေကြပါတယ်”

ထိုလူရိပ်များထံမှ ကျယ်လောင်စွာစကားသံများထွက်ပေါ်လာပြီး ရှေ့ဘက်သို့ထွက်ပြေးပျောက်ကွယ်သွားကြ၏။

ရှမ်ယန်မ်က တစ်အံ့တစ်သြမေးလေ၏။

“သူတို့ရှိနေတယ်ဆိုတာ အစ်ကိုရိပ်မိထားလို့လား”

ရှိန်ရက်က ခေါင်းညိတ်၏။

“စာရေးထားတာကိုမြင်ကတည်းက သူတို့ကိုသိပ်မသက်သာတော့ဘူး၊ ဒီအနီးအနားပတ်ဝန်းကျင်မှာ စောင့်ကြည့်နေတဲ့သူတွေရှိမယ်လို့ တွက်ထားတယ်၊ ဒါကြောင့် တစ်ယောက်တည်းအရူးလိုအော်ပြောလိုက်ရတာပဲ”

ရှမ်ယန်မ်သည် ရှိန်ရက်အားပို၍ အထင်ကြီးလေးစားလာမိတော့သည်။

ထိုစဉ်ရှိန်ရက်က..



“ညီမလေး နင်တစ်ယောက်တည်း ယူနန်နယ်ဘက်ကလှည့်သွားလိုက်၊ ငါဒီဘက်မှာတိုက်ခိုက်နေရင် ညီမလေးကိုသူတို့တိုက်ခိုက်မှာမဟုတ်တော့ဘူး၊ လူဗိုလ်တောင်ကနေ ငါ့ကိုစောင့်ပါ”

ရှမ်ယန်မ်မျက်လုံးများထဲ၌ မခံမရပ်နိုင်သော အရိပ်အယောင်များ ပေါ်လာ၏။

“ဘာလဲ..အစ်ကိုက ညီမလေးကိုအထင်သေးတာလား”

“ညီမလေးကိုအထင်မသေးဘူး ဘေးကင်းစေချင်လို့ တမင်လမ်းခွဲပြီးလွှတ်တာ”

“အစ်ကိုတောင်မကြောက်သေးတာ၊ ညီမလေးဘာဖြစ်လို့ကြောက်နေရမှာလဲ၊ အစ်ကိုနဲ့ညီမက သေအတူရှင်မကွာဘဲ၊ ညီမလေးကို ဘကယ့်သေရေးရှင်ရေးမှာ ခွဲခြမ်းခွဲခြမ်းမလုပ်ပါနဲ့၊ ညီမလေးကိုခွဲခြမ်းခွဲခြမ်းလုပ်ရင် ညီမလေးက အစ်ကို့ရှေ့ကထွက်သွားလိုက်မှာ”

ရှိန်ရက်ထိတ်လန့်သွားသည်။

ရှမ်ယန်မ်စိတ်လိုက်မာန်ပါလုပ်တတ်ကြောင်း သူတစ်ကြိမ်တွေ့ခဲ့ဖူးပြီမဟုတ်ပါလား၊

“ညီမလေးသစ္စာရှိတာကို ငါသိပါတယ်၊ ဒါပေမယ့်..”

“ဘာဒါပေမယ့်မှမလိုချင်ဘူး၊ နောင်အစ်ကိုလူဗိုလ်ဂိုဏ်းချုပ်ဖြစ်ရင် ညီမလေးက လူဗိုလ်ဂိုဏ်းချုပ်ကတော်ဖြစ်မယ်၊ အခုကတည်းက ရှောင်နေရင် နောင်ညီမလေးက အစ်ကိုကိုဘယ်လိုကူညီနိုင်တော့မှာလဲ”

ရှိန်ရက်သည် ကျိတ်၍သက်ပြင်းချလိုက်၏။

“ကောင်းပြီ၊ သွားကြစို့”

သူတို့သည် မြင်းအာဇာနည်ကြီးကိုစီးကာ ဖြည်းဖြည်းမှန်မှန်ပင် လာကြသည်။ ရှေ့နှင့်ဘေးပတ်လည်ကို သတိထားကာလာကြသည်။

မကြာမီ နယ်စပ်ကျေးရွာကလေးတစ်ရွာသို့ ရောက်ရှိလာကြ၏။ ရှမ်ယာနမ်က ရှိန်ရက်အား လှမ်းပြောသည်။

"အစ်ကို ညီမလေးမှာခါးမရှိတော့ဘူး၊ ကျူရှင်ပါကူဘုရားကျောင်းမှာ ညီမလေးရဲ့ခါးပါတ်ခါးပျော့ ဆုံးရှုံးခဲ့ရပြီးပြီ။ ဒီရွာလေးမှာ ခါးကောင်းကောင်းတစ်လက်လောက်တော့ရအောင်ဝယ်မှဖြစ်မယ်၊ တိဗက်လားမားတွေဟာလက်ချည်းသုံးချင်မှသုံးမှာ"

ရှိန်ရက်ကခေါင်းညိတ်၏ သူကိုယ်တိုင် ချင်းဟိုင်နယ်သို့ရပ်ဖျက်ထွက်ခဲ့ရသည့်အတွက် သူ့ဖခင်၏လျှပ်စစ်လုံး၊ လူဗိုလ်ဂိုဏ်းချုပ်အစဉ်အဆက်အတိုင်း ကိုင်ခဲ့သည့်လှံတို့ကို သိမ်းဆည်းခဲ့ရသည်။ ယခုအထိ သူ့၌ ခါးတိုတစ်ချောင်း၊ အပ်တစ်ချောင်းမျှပင်မရှိဘဲဖြစ်နေသည်။

နယ်စပ်ဒေသဖြစ်သော်လည်း ရန်များသည့်ဒေသဖြစ်၍ ကျေးရွာသားများထံ၌ ခါးလံသက်နက်ကောင်းများ၊ အတော်များများရှိနေသည်။

ရှမ်ယာနမ်အတွက် ခါးကောင်းတစ်ချောင်း၊ သူ့အတွက်ခါးကောင်းတစ်ချောင်း ရှိန်ရက်က အခကြေးငွေပေး၍ ဝယ်ယူခဲ့လေသည်။

ရှမ်ယာနမ်သည် သူမအတွက်ရရှိသည့် ခါးကိုဆရင်းတက်ကြွစွာပြော၏။

"လူရှိရင်ခါးရှိရမယ်၊ လူဆုံးရင် ခါးလည်းဆုံးမယ်၊ သွားကြစို့အစ်ကို၊ တိဗက်လားမားသောဘာသော ဂရုမစိုက်တော့ဘူး"

သူတို့သည် မင်စန်းတောင်ကိုကျောခိုင်းထွက်လာကြရာ အတော်ဝေးဝေးအထိခရီးပေါက်လာ၏။

ရှိန်ရက်သည် ပတ်ဝန်းကျင်ကို တစ်ချက်မှအလစ်မပေးဘဲ အကဲခတ်လာ၏။ ခမီးလားမားတို့သည် စာအရယဉ်ကျေးဖွယ်ရာဆက်ဆံသော်လည်း တကယ့်လက်တွေ့တွင် စိတ်ခါတ်မြင့်မြင့်၊ သဘောထားကြီးကြီး တိုက်ခိုက်ကောင်းမှ တိုက်ခိုက်ပေလိမ့်မည်။ ရှေ့သူ့ကိုကိုယ်



နှင့်အမြဲတမ်းနိုင်း၍မကြည့်သင့်ကြောင်း ရှိန်ရက်မကြာခဏ သင်ခန်းစာရရှိပြီးခဲ့လေပြီ။

ခါးဝယ်သည့်ကျေးရွာမှ သုံးမိုင်မျှခရီးပေါက်တာသည့်အခါ သစ်ပင်များအကြားမှ ဝါညစ်ညစ်ဝတ်ရုံရှည်ကြီးများဝတ်ဆင်ထားသည့် လူတန်းရှည်ကြီးသည် သွားရာလမ်း၌ ကန့်လန့်ဖြတ်ရပ်ထားကြောင်း တွေ့လာရလေ၏။

ထိုလားမားဘုန်းကြီးတန်းအရှေ့၌ အလွန်တရာသန်မာထွားကျိုင်းသည့် လားမားဘုန်းကြီးတစ်ပါးရပ်နေ၏။

သူ၏လည်ပင်း၌ ကြီးမားသောပုတီးစေ့ကြီးတစ်ကုံးဆွဲထားသည်။ ရှိန်ရက်အား ဖိတ်စာလာပေးသော လားမားနှင့်တူလွန်းလှပေသည်။ ထိုလားမားဘုန်းကြီးက ရှိန်ရက်အား လက်အုပ်ချီ၍နှုတ်ဆက်သည်။

"ခမီလားမားကျောင်းရဲ့ တတိယဆင့်တပည့်က ဂိုဏ်းချုပ်ကြီးကိုယ်စား လူဗိုလ်ဂိုဏ်းချုပ်ကြီးရှိန်ရက်ကို နှုတ်ဆက်ပါတယ်"

ရှိန်ရက်ကလည်း လက်သီးနှစ်ဘက်ဆုပ်ကာ ပြန်လည်ဂါရဝပြုလိုက်သည်။

"ကြိုဆိုတာကျေးဇူးတင်ပါတယ်၊ ကိုယ်တော်တို့ဂိုဏ်းချုပ်ကြီးနဲ့ ဘယ်တော့တွေ့ရမှာလဲ"

"စိတ်ချပါ၊ မကြာခင်တွေ့ရတော့မှာပါ၊ ဒီကနေသွားရင်းရှေ့မှာ ကျုပ်တို့ဂိုဏ်းသားလားမားနှစ်ဆယ့်လေးပါးရှိပါတယ်၊ သူတို့ကိုကျော်သွားနိုင်ရင် ကျုပ်တို့ဂိုဏ်းချုပ်ကြီးနဲ့ တွေ့ရမှာပါပဲ"

ရှိန်ရက်က ပြုံး၍ပြောလိုက်၏။

"ကောင်းပါပြီ၊ ကိုယ်တော်တို့ရဲ့ဂိုဏ်းချုပ်ကြီး စိတ်မပျက်စေရပါဘူး"

လားမားဘုန်းကြီး တူလွန်နက္ကခြွေရရပင်ပြောသည်။

'ဒါဖြင့်ကျုပ်တို့သွားတော့မယ်၊ နောက်မှတွေ့ကြတာပေါ့'

တူလွှန်းနှင့် လားမားဘုန်းကြီးများသည် သစ်ပင်များအကြားသို့ တိုးဝင်ပျောက်ကွယ်သွားတော့သည်။

ရှိန်ရက်က ရှမ်ယာနမ်အားကြိုတင်သတိပေးလိုက်၏။

'ညီမလေး ငါသေလုမျောပါးမဖြစ်မချင်း နင်လုံးဝဝင်မတိုက်ရဘူး၊ အဲဒါကိုတော့ သတိထားပါ'

'စိတ်ချပါ၊ အစ်ကို့စကားကို တိတိကျကျနားထောင်ပါ့မယ်'

သူတို့သည် တစ်ဖြည်းဖြည်းသစ်ပင်ထူထပ်သည့် သစ်တောကြီးအတွင်းသို့ ဝင်မှန်းမသိဝင်လာခဲ့ကြသည်။

သူတို့၏ပတ်ဝန်းကျင်၌ မြင်းခွါသံမှလွဲ၍ အခြားမည်သည့်အသံမျှမရှိချေ။ သစ်တောကြီးသည် ဤမျှတိတ်ဆိတ်ငြိမ်သက်နေသည်၊

သစ်တောကြီးကို လွန်လာသောအခါ တောင်ကြားလမ်းတစ်ခု၏အဝသို့ရောက်ရှိလာ၏။ ရှိန်ရက်က သတိပေး၏။

'ညီမလေး ဒီလိုနေရာမျိုးဟာ တိုက်ပွဲတွေအတွက် အရေးကြီးတဲ့နေရာတွေပဲ သတိထားကြည့်'

ရှိန်ရက်၏ စကားမဆုံးမီမှာပင် တောင်ခါးပန်းများဆီမှ ပြေးဆင်းလာသည့်အဝါရောင်လူရိပ်နှစ်ရိပ်ကို တွေ့ရတော့သည်။

တိဗက်လားမားနှစ်ဦးပေတည်း။

လက်ဝဲဘက်မှတိဗက်လားမားသည် အသက်ငါးဆယ်ခန့်ရှိ၏၊ လက်ယာဘက်မှတိဘက်လားမားသည် အသက်ခြောက်ဆယ်ခန့်ရှိသည်။

အသက်ခြောက်ဆယ်ခန့်ရှိသည့်လားမားကြီးက လက်အုပ်ချီ၍ နှုတ်ဆက်သည်။

'ခမီလားမားကျောင်းရဲ့ ဒုတိယတပည့်ထိုးဝါနဲ့ ပညာသင်ညီလေး



ချင်မီတုကအခ်ိန့်အရ ပထမအတားအဆီးအဖြစ်တာဝန်ယူပါတယ်၊ လူဝိုလ်ဂိုဏ်းချုပ်နဲ့ပါလာတဲ့ ဒကာမလေးနဲ့ ပညာဖလှယ်ခွင့်ရမယ်ဆိုရင် ပညာဖလှယ်လိုပါတယ်'

စကားအသုံးအနှုန်းကလည်း ယဉ်ကျေးသည် သို့သော်အသံကအေးစက်သည်။

တိုက်ခိုက်ပြီဆိုလျှင် ဤလိုလူမျိုးက အသေအလဲတိုက်ခိုက်နိုင်ကြောင်း ရှိန်ရက်နားလည်သဘောပေါက်သည်။

ရှိန်ရက်က သိုင်းလောကထုံးစံအတိုင်း ပြန်လည်ဂါရဝပြုလိုက်ရသည်။

'ကိုယ်တော်တို့ရဲ့ ကြိုဆိုမှုကို တပည့်တော်ကျေနပ်ပါတယ်၊ ကိုယ်တော်တို့မသိသေးတဲ့အချက်ကိုတော့ တပည့်တော်ထောက်ပြချင်တယ်၊ ဒီကလုံမလေးဟာ ကိုယ်တော်တို့နဲ့ ဘယ်လိုမှမပတ်သက်ဘူး၊ နဂါးရေကန်မှာသေသွားတဲ့ တိဗက်ကြီးဟူထူးစကို သူသတ်တာလည်းမဟုတ်ပါဘူး၊ ဒါကြောင့်မို့ ရှောက်လျှောက်တွေ့ရမယ့်တိုက်ပွဲတွေကို ဒီလုံမလေးအနေနဲ့ ဝင်တိုက်မှာမဟုတ်ပါဘူး၊ တပည့်တော်ကပဲ တိုက်သွားမှာဖြစ်ပါတယ်'

လားမားကြီးက ခေါင်းညိတ်၏။

'ဒကာလေးတစ်ယောက်တည်းတိုက်မယ်ဆိုရင် ငဲ့ထိုးဝါနဲ့ ချင်မီထုကသဘောတူပါတယ်၊ ဘယ်သူပဲဖြစ်ဖြစ် ပညာဖလှယ်ဖို့အသင့်ပါ'

ရှမ်ယာနမ်သည် မြွေဟောက်မကဲ့သို့ အလွန်ဒေါသထွက်လွယ်သူဖြစ်၍ ခေါင်းကိုရှမ်းခနဲဆွဲထုတ်လိုက်သည်။ ရှိန်ရက်က ကမန်းကတန်းတားဆီးလိုက်ရသည်။

'ညီမလေး ဘာလုပ်တာလဲ၊ ငါဘာပြောထားသလဲ၊ ကြိုပြောထားတာတောင် ဒီလိုလုပ်ရသလား'

ရှမ်ယာနမ်သည် မကြည့်မသာဖြင့် ခါးကိုအိမ်ထဲရိုက်သွင်းပြီး နောက်ဆုတ်သွားၡ၏။

ရှိန်ရက်က လားမားနှစ်ပါးအား ဂါရဝပြုပြီးပြောလိုက်၏။

"ကဲ…နှစ်ပါးစလုံးတစ်ပြိုင်တည်း ဝင်တိုက်နိုင်ပါတယ်၊ တပည့်တော်ကကိုယ်တော်တို့နှစ်ပါးကို သုံးကွက်အကြောပေးပါတယ်"

ငွဲ့ထိုးဝါက နှာခေါင်းရှုံ့လိုက်၏။ အကြောပေးခြင်းမှာ အထင်သေးခြင်းပင်ဖြစ်ရာ လားမားနှစ်ဦးစလုံး မခံချိမခံသာဖြစ်သွားကြ၏။

"ဝိုက်အားချုပ်ကြီးရှိန်ရက် ဒီလိုဆိုရင် ကျုပ်တို့စတိုက်ပြီ"

စကားဆုံးသည်နှင့် လားမားနှစ်ပါးသည် ဝဲယာညှပ်၍တိုက်၏။ သူတို့၏လက်နက်ကား ပုတီးကုံးတည်း၊ ရှိန်ရက်ရင်ထိတ်သွားသည်။ သို့သော် သူ့စကားအတိုင်း ပြန်လှန်မခုခံနိုင်ပါ၊ သုံးကွက်အထိရှောင်တိမ်းပေးရတော့၏။

တကယ်တမ်းအားဖြင့် ထိပက်လားမားများ၏ ပုတီးတိုက်ကွက်များသည် လွန်စွာကြောက်စရာကောင်းသည်။ ပုတီးကုံးများဖြောင့်တန်းသွားလျှင် ဓါးရှည်ကဲ့သို့ပင် ကြောက်စရာကောင်းသည်။ ကွေ့ရိုက်သွားလျှင်လည်း ကျာပွတ်ကဲ့သို့ ကြောက်စရာကောင်းသည်။

ပုတီးကြိုးပြတ်သွားပြီး ပုတီးလုံးကလေးများထွက်လာပါကလည်း မြေပြန့်သိုင်းလောကမှ လက်နက်ပုန်းများကဲ့သို့ပင် တစ်လုံးတည်းနှင့် အသက်ထွက်သွားနိုင်ပေသည်။

သုံးကွက်အကြော ---

ရှိန်ရက်သည် ရတ်တရက်စကားလွန်ထားသဖြင့် ထိုသုံးကွက်အတွင်း လုံးဝပြန်လှန်မတိုက်ခိုက်နိုင်တော့ပေ။

လားမားနှစ်ပါးကလည်း သုံးကွက်အတွင်း ရှိန်ရက်သေဆုံးသွားစေရန် အစွမ်းကုန်တိုက်ခိုက်ကြတော့သည်။

* * * * *



## ပုတီးနေလက်နက်ပုန်း

လားမားနှစ်ဦးသည် အချိတ်အဆက်မိမိ တိုက်ခိုက်နိုင်ကြသည်။

ရှိန်ရက်၏စိတ်ထဲ၌ သုံးကွက်အတွင်း၌ သူအေးအေးဆေးဆေးရှောင်နိုင်မည်ဟု ထင်ခဲ့သည်။ သို့ရာတွင် တကယ်တမ်း၌ အေးအေးဆေးဆေးမရှောင်တိမ်းနိုင်ခဲ့ချေ။ အသေအလဲရှောင်တိမ်းခဲ့ရသည်။

အကယ်၍ရှိန်ရက်သာ ဤလားမားနှစ်ဦးအား ဆယ်ကွက်မျှအကြောပေးခဲ့ပါက ငါးပါးကြီးမှောက်ပေလိမ့်မည်။

ငွဲ့ထိုးဝါ၏ ပုတီးနားထင်အနီးမှဖြတ်သန်းသွားခိုက် ချင်မိထု၏ပုတီးက ရှိန်ရက်၏ခြေထောက်များသို့လာရောက်ရစ်ပတ်သည်။

ရှိန်ရက်သည် လေထဲ၌ခန္ဓာကိုယ်ကိုလှည့်၍ရှောင်ထွက်သွားသည်။

ရှမ်ယာနမ်ပင် လန့်၍အော်မိသည်။ ငွဲ့ထိုးဝါနှင့် ချင်မိထု၏တိုက်ပုံအလွန်ကောင်းသည်။

"သုံးကွက်ပြည့်သွားပြီ"

ရှိန်ရက်က အော်ဟစ်သတိပေးလိုက်၏။ သုံးကွက်ပြည့်သွားသည့်အတွက်ပင် ရှိန်ရက်မှာ အတော်ကလေးဝမ်းသာနေရပေသေးသည်။

သူ၏ခါးရှည်မှ ကြယ်ပွင့်ကလေးများလွင့်စဉ်ထွက်လာသလိုအလင်းရောင်တန်းကလေးများထွက်လာ၏။ လျှပ်စီးမိုးကြိုးသိုင်းကွက်ဖြစ်ပေသည်။

ထိုကြယ်ပွင့်ကလေးများသည် လားမားနှစ်ယောက်ဆီသို့တန်းတန်းမတ်မတ်ပြေးဝင်သွား၏။ စောစောကထိတ်သန့်နေခဲ့သော ရှမ်ယာနမ်မှာ ယခုမှပင်တည်ငြိမ်မှုရသွားသည်။

ယခုရှိန်ရက်ကြုံတွေ့နေရသည့် လားမားများသည် သိုင်းပညာ

တတ်ကြသည့်တိဗက်မျိုးနွယ်များထဲမှ အဆင့်မြင့်ဆုံးသော ပုဂ္ဂိုလ်များဖြစ်ပေသည်။

အတွေ့အကြုံရှိကြသည်။ တိုက်ရည်ခိုက်ရည်ရှိသည်။ ပရိယာယ်ရှိသည်။

သူတို့သည် ရှိန်ရက်၏ဂုဏ်သိက္ခာကိုလေးစားကြသည်။ သို့သော် သူတို့တိဗက်လူမျိုး ဟူးတုခနှင့် ဟူးတူမှုတို့အတွက် လက်စားချေရန် ဂုဏ်သိက္ခာရှိရှိတိုက်ခိုက်ကြခြင်းဖြစ်ပေသည်။

ရှိန်ရက်၏ ဓါးရှိန်သည် လားမားနှစ်ယောက်အား ထိတ်လန့်သွားစေနိုင်ခဲ့သည်။ လားမားနှစ်ယောက်၏ပုတီးများသည် မြွေလိမ်မြွေကောက်သဖွယ်ရှောင်တိမ်းနေရပြန်လေပြီ၊ ရှိန်ရက်ဓါးနှင့်တွေ့သွားပါက ပြတ်တောက်သွားမည်မှာသေချာသည်။

ရှိန်ရက်မှာ ပထမသုံးကွက်အကြောပေးပြီးကတည်းက ဤလားမားနှစ်ဦးအား လျှော့ပေါ့တိုက်ခိုက်ရန်မဖြစ်နိုင်တော့မှန်းသိလိုက်သဖြင့် အပြင်းအထန်တိုက်ခိုက်သည်။ ရက်ရက်စက်စက်တိုက်ခိုက်သည်။

ငှဲထိုးဝါနဲ့ ချင်မီထုတို့သည် မျက်နှာပျက်သွား၏။ သူတို့၏တိုက်ကွက်များကို ပိုရှုံသတိထားသည်။

ထိုစဉ်လားမားတစ်ဦးဟန်ချက်ပျက်သွားသည်။ ရှိန်ရက်၏ဓါးသည် ထိုလားမားဆီသို့ ဝိုးခနဲဝင်သွားသည်။ လားမား၏ဦးခေါင်းပြတ်လုလုအခြေအနေသို့ရောက်သွား၏။

သို့သော် ရှိန်ရက်သည် သူ့ဓါးကိုလွှဲချော်ပေးလိုက်သဖြင့် ထိုလားမားမှာအသက်ချမ်းသာရာရသွားသည်။

ဒါဟာ ပထမအတားအဆီးပဲရှိသေးတယ်၊ ဒီပထမအဟားအဆီးမှာရှိနေတဲ့ လားမားနှစ်ဦးရဲ့ ပညာပဲအတော်ကလေးအဆင့်အတန်းမြင့်နေပြီ၊ နောက်တွေ့မယ့်အတားအဆီးတွေ ဘယ်လိုဖြစ်မယ်ဆိုတာမသိ



သေးဘူး၊ ရှမ်ယာနမ်အတွက်သူတို့ရဲ့အသက်ကို ချမ်းသာခွင့်ပေးမှဖြစ်မယ်။

ရှိန်ရက်သည် သူ့ဓါးကိုပြန်လည်ရုပ်သိမ်းပြီး ရှတ်တရက်နောက်ဆုတ်သွား၏။

"ကိုယ်တော်တို့ တပည့်တော်သက်ညှာလိုက်တာကို သတိပြုမိပါရဲ့လား"

လားမားနှစ်ဦးမှာ သွေးဆုတ်ဖြူရော်နေသောမျက်နှာထားဖြင့် နောက်သို့ခုန်ဆုတ်သွားကြပြီး ရှိန်ရက်အား ဦးညွတ်ဂါရဝပြုနေကြသည်။

"သတိပြုမိပါတယ်၊ ဂိုဏ်းချုပ်ကြီးရှိန်ရက်ဟာ အင်မတန်ကြင်နာထောက်ထားတတ်ပေတာပဲ"

ချင်မီထုက အက်ကွဲသောလေသံဖြင့်ပြောသည်။ သူသည် ရှိန်ရက်၏ သနားကြင်နာမှုကိုခံယူပြီး ခေါင်းနှင့်ကိုယ်အိုးစားမကွဲဘဲရှိခဲ့ရသည်မဟုတ်ပါလား။

* * * * *

"**အဲဒီ**လိုသိထားရင် ကိုယ်တော်တို့လမ်းဖယ်ပေးကြပါတော့၊ **ကိုယ်တော်တို့ရဲ့** ဂိုဏ်းချုပ်ကြီးဆီ တပည့်တော်တို့ ဖြောင့်ဖြောင့်တန်း**တန်းသွားပါရစေတော့**"

လားမားနှစ်ဦးက ရှိန်ရက်အား ဦးညွတ်ဂါရဝပြုသည်။

"ဂိုဏ်းချုပ်ကြီးရှိန်ရက် သက်ညှာမှုကို ကျေးဇူးတင်ပါတယ်၊ ကဲသွားနိုင်ပါပြီ"

အဝါရောင်လူရိပ်များသည် တောင်ကုန်းအထက်ဆီသို့ ထွက်ပြေးပျောက်ကွယ်သွား၏။

ရှိန်ရက်သည် ရှမ်ယာနမ်အား လှည့်၍ပြောလိုက်၏။

"ညီမလေးသွားစို့"

ရှမ်ယာနမ်က လေပူတစ်ချက်မှုတ်ထုတ်လိုက်ပြီး ရှိန်ရက်အား ပြုံးပြ၏။

"ဟူး…ပထမအတားအဆီးတင် မလွယ်ဘဲဖြစ်နေပါလား"

သူတို့သည် ရှေ့သို့ခရီးဆက်ကြရပြန်လေ၏။ လားမားမတွေ့ဆုံရသေးပါက သူတို့၏ခရီးစဉ်မှာ ဤသို့ပင်ကျီးလန့်စာစားဘဝဖြင့်သွားနေရပေလိမ့်မည်။

သူတို့သည် ကောင်းကင်ကြီးကိုမော့ကြည့်မိ၏။ လျှပ်စီးလက်နေသောကြောင့်ဖြစ်သည်။ မိုးသားများအလိပ်လိုက်တက်လာသည်။

ရှမ်ယာနမ်က--

"အစ်ကို…ဒီပုံစံအတိုင်းဆိုရင် မိုးရွာတော့မှာသေချာတယ်"

"ဒါလည်းကောင်းတာပဲ၊ ကမ္ဘာဖျက်မိုးကြီးရွာချရင် ပိုကောင်းမယ်၊ ဒီကမ္ဘာမြေမှာ မကောင်းမှုတွေသိပ်များနေတယ်"

ကွမ်းတစ်ရာညက်လောက်သည့်အချိန်တွင် သစ်ပင်ကြီးတစ်ပင်ပေါ်တွင် လူဦးခေါင်းနှစ်ခုချိတ်ဆွဲထားကြောင်း တွေ့ရှိကြရသည်။

ရှိန်ရက်က

"အခုငါတို့ဆက်ဆံရသလောက်တော့ လားမားတွေဟာသိပ်မရိုးနိုင်းလှပါဘူး၊ ဘယ့်နှယ်ခုမှ ခေါင်းပြတ်တွေဘာတွေ တွေ့နေရတာလဲ"

သူတို့သည် ဦးခေါင်းပြတ်များချိတ်ဆွဲထားသည့် သစ်ပင်ကြီးဆီသို့ တစ်ဖြည်းဖြည်းချဉ်းကပ်လာကြ၏။

"ဟား…ဟား…ဟား၊ ဖြစ်မှဖြစ်ရလေ၊ ဒီလားမားတွေလည်း နောက်တတ်ပြောင်တတ်ကြတာပဲ"

ရှိန်ရက်ရယ်မိသည်။ ရယ်မိမည်လေ။ သစ်ပင်၌ချိတ်ဆွဲထားသည့်



အရာများမှာ တကယ့်လူဦးခေါင်းပြတ်မဟုတ်ဘဲ မျက်နှာဖုံးများသာဖြစ်နေသည်မဟုတ်ပါလား။

ရှမ်ယာနမ်က ရှိန်ရက်၏လက်မောင်းကိုဆွဲ၍ပြောလိုက်၏။

"အခုမှညီမလေးသတိရတယ်၊ ဒါဟာလားမားတွေရဲ့သတိပေးချက်တစ်ခုပဲအစ်ကို"

"ဘာသတိပေးတာလဲ"

"သူတို့ခုခံမှုအဆင့်ရဲ့ အပျော့အမာကိုဖော်ပြတဲ့သတိပေးချက်လေ"

"ဒါဖြင့်အခုဘာအဓိပ္ပါယ်ကိုပြတာလဲ"

"ဖေဖေပြောခဲ့တဲ့စကားအရတော့ မျက်နှာဖုံးတွေဟာ စတုတ္ထအတားအဆီးတွေမှာပဲပေါ်တတ်သတဲ့၊ ဒါပေမယ့်အခုဒုတိယအတားအဆီးပဲရှိသေးတယ်၊ မျက်နှာဖုံးတွေကပေါ်နေပြီ၊ ကြည့်ရတာပထမအတားအဆီးရှုံးသွားလို့ ဒုတိယနဲ့တတိယအဆင့်ကိုဖြုတ်ချပြီ၊ စတုတ္ထအဆင့်နဲ့အစားထိုးလိုက်သလားမသိဘူး"

"ဖြစ်နိုင်တယ်"

ရှိန်ရက်ကမှတ်ချက်ချပြီး ရှေ့သို့ဆက်သွား၏။

သူတို့နှစ်ယောက် တောင်ကြားလမ်းကိုဖြတ်ကျော်မိပြီးသည့်အခါတွင် လမ်း၏အလယ်ကောင်၌ဖြတ်၍ရပ်နေကြသော တိဗက်လားမားဆယ့်ရှစ်ယောက်ကို ဘွားခနဲတွေ့လိုက်ကြရတော့သည်။

ကြောင်မျက်လုံးများကဲ့သို့ ဝင်းဝင်းတောက်နေသည့် မျက်လုံးသုံးဆယ့်ခြောက်လုံးတို့သည် ရှိန်ရက်နှင့် ရှမ်ယာနမ်တို့အား မမှိတ်မသုန်စောင့်ကြည့်နေကြလေ၏။

ရှိန်ရက်သည် ရှမ်ယာနမ်အား အနည်းငယ်နောက်ချန်နေစေပြီး၊ သူကရှေ့သို့တက်သွား၏။ လက်သီးနှစ်ဘက်ဆုပ်ကာ လားမားဆယ့်ရှစ်ဦးအား ဂါရဝပြုလိုက်၏။

"ကိုယ်တော်တို့စောင့်နေကြရတာ အားနာစရာဖြစ်နေပြီ၊ တပည့်တော်နဲ့ပညာဖလှယ်ဖို့ ဘယ်လိုများစီစဉ်ထားပါသလဲခင်ဗျာ"

လားမားတစ်ဦးမှအပ ကျန်လူအားလုံးမှာ လင်းကွင်းလက်နက်တစ်စုံစီကိုင်ထားကြောင်းတွေ့ရ၏။ ခေါင်းဆောင်ဖြစ်ဟန်ရှိသည့် လားမားတစ်ဦးသာ ပုတီးကိုကိုင်ထားသည်။

ပုတီးလားမားက--

"လူ့ဗိုလ်ဂိုဏ်းရဲ့သိုင်းပညာဟာ တကယ့်ထိပ်တန်းသိုင်းပညာပါပဲ၊ ကျုပ်တို့ရဲ့ ပထမအတားအဆီးမှာပို့လွှတ်ထားတဲ့ပုဂ္ဂိုလ်တွေဟာ သိပ်ညံ့လှတဲ့ပုဂ္ဂိုလ်တွေမဟုတ်ပါဘူး၊ ဒါပေမယ့်ဂိုဏ်းချုပ်ကြီးကတော့ လွယ်လွယ်နဲ့ ဖြတ်ကျော်လာနိုင်ခဲ့တယ်"

ရှိန်ရက်က ခပ်ရှင်းရှင်းပင်ပြောသည်။

"ပြီးတာတွေ ပြီးပါစေတော့ဗျာ၊ ကိုယ်တော်တို့ဟာ ဘာတွေစီစဉ်ထားသလဲ ဘယ်လိုတိုက်ချင်သလဲ"

ထိုအခါလားမားကြီးက လိုရင်းတိုရှင်းကိုပြောသည်။

"ကျုပ်တို့က အခုလိုဟန်ဆယ့်ရှစ်ယောက်က တစ္ဆေတိုက်ကွက်နဲ့စောင့်ကြိုနေတယ်၊ လူကြီးမင်းအနေနဲ့ အဆင်သင့်ဖြစ်ရင် တိုက်ရုံပါပဲ"

"ဪ..ပူးပေါင်းတိုက်ကွက်နဲ့ တိုက်မယ်ဆိုပါတော့"

"ဟုတ်ပါတယ်"

"ဒီလိုဆိုရင် ဒီတစ္ဆေပူးပေါင်းတိုက်ကွက်ကို တပည့်တော်စမ်းသပ်ပါ့မယ်၊ ဒီကလုံမလေးကတော့ အဖော်အဖြစ်ပါလာတာမို့ သူနဲ့ဘာမှမဆိုင်ပါဘူး၊ တကယ်လို့ တပည့်တော်တစ်ခုခုဖြစ်ရင်တောင် သူ့ကိုဒုက္ခမပေးကြပါနဲ့"

ပုတီးကိုကိုင်ထားသည့်လားမားကြီးသည် ရှိန်ရက်အား အာမ



ခံပြီးနောက် သူ့လူဆယ့်ခုနှစ်ယောက်ကို သတိပေးလိုက်၏။

"တိုက်ကွက်စမယ်"

ပုတီးကိုင်ထားသောလားမားသည် သူ့လူဆယ့်ခုနှစ်ယောက်နှင့်အတူ ဝင်ရောက်ရောနှောလိုက်၏။ သူတို့သည်တစ်ယောက်နှင့်တစ်ယောက်အကွာအဝေးမတူညီဘဲ ရပ်နေကြ၏။ များသောအားဖြင့် ပူးပေါင်းတိုက်ကွက်များ၏ ပုံသဏ္ဌာန်သည် အကွာအဝေးအစီပ်အကျဲတူညီလေ့ရှိကြသည်။ ဤပူးပေါင်းတိုက်ကွက်မှာ ထူးခြားနေသည်။

ရှိန်ရက်စဉ်းစား၏။

ရှောင်လင်လိုဟန်နဲ့ တစ်ရာ့ရှစ်ယောက်ပူးပေါင်းတိုက်ကွက်ကိုတောင်ငါမကြောက်ခဲ့တာ၊ ဒီတစ္ဆေဆယ့်ရှစ်ယောက်တိုက်ကွက်ကို ငါဘာဖြစ်လို့ကြောက်ရမှာလဲ"

ရှိန်ရက်သည် ခေါင်းကိုခေါင်းအိမ်မှဆွဲ... ပြီး လားမားများရှေ့သို့ ခုန်ဝင်လိုက်လေ၏။

ပုတီးကိုင်လားမားကြီးကအော်လိုက်၏။

"လင်းကွင်းတွေအသင့်ပြင်"

လင်းကွင်းရိုက်သံများက တစ်ချွမ်းချွမ်းပေါ်လာ၏။ ထိုအသံများက ကြက်သီးထဖွယ်ကောင်းပေသည်။

သို့သော် သူတို့၏လက်များကသာ လှုပ်သည်။ ခန္ဓာကိုယ်များကတော့လုံးဝမလှုပ်ချေ။

"ချွမ်း...ချွမ်း...ချွမ်း"

ရှိန်ရက်သည် သူ့ခေါင်းကိုငှဲ့ယမ်းလိုက်ရာ လှုပ်ပြက်သကဲ့သို့ အလင်းတန်းများထွက်ပေါ်လာလေတော့၏။

ထိုအချိန်မှစ၍ ရှိန်ရက်နှင့် ... ရှစ်ယောက်က တစ္ဆေတိုက်ကွက်ကိုထိပ်တိုက်တွေ့ကြတော့၏။

ရှိန်ရက်သည် လင်းကွင်းများအလယ်သို့ရောက်ရှိသွားသည်။ လားမားများ၏ ရောင်ပြတိုက်ကွက်များမှာ လှန်စွာများပြားလှသဖြင့် ရှိန်ရက်မှာ ပူးပေါင်းတိုက်ကွက်၏ ပျော့ကွက်ဟာကွက်ကို တွေ့အောင်မရှာနိုင်ဘဲဖြစ်နေရတော့၏။

ရှိန်ရက်သည် သူတစ်ပါးကိုထိခိုက်ဒဏ်ရာရအောင်လုပ်ရန်ထက် ကိုယ့်ကိုယ်ကိုမထိအောင် ပထမဆုံးကြိုးစားရတော့သည်။ လင်းကွင်းများ၏တစ်ချွမ်းချွမ်းမြည်သံနှင့် တစ်ဝိုးဝိုးမြည်သံတို့သည် ရှိန်ရက်၏အာရုံကို ပျက်ပြားအောင်အကြီးအကျယ် အနှောက်အယှက်ပေးလျှက်ရှိတော့၏။

သေးမှုရပ်ကြည့်နေသော ရှမ်ယာနမ်မှာ ခါးရိုးတစ်ကိုင်ကိုင်ဖြစ်နေ၏။ အခြေအနေမတတ်လျှင် ဝင်ရောက်တိုက်ခိုက်ရန် အသင့်ပြင်လျှက်ရှိနေပေသည်။

ထိုအချိန်မှာပင် ကောင်ကင်မှမိုးစက်မိုးပေါက်များ တစ်ဝေါဝေါရွာချလာတော့၏။ ဤသည်မှာ ရှိန်ရက်အတွက် ကုသုလ်ကံကောင်းခြင်းတစ်ရပ်ဖြစ်တော့၏။

တိုက်ပွဲသည် တစ်ဘက်နှင့်တစ်ဘက် ဒဏ်ရာရအောင်မလုပ်နိုင်ဘဲ အချိန်အတော်ကြာမြင့်သွား၏။ ထိုအချိန်ထိ ရှိန်ရက်သည် ပူးပေါင်းတိုက်ကွက်၏ ဟာကွက်ကိုရှာမတွေ့ပေ။

သို့သော် တစ်ချိတွင် ရှိန်ရက်အား လင်းကွင်းဖြင့်ဝင်တိုက်နေသည့် လားမားသုံးဦးခြေချော်သွား၏၊ ပထမအတားအဆီး၌ လားမားတစ်ဦး၏ ဟန်ချက်ပျက်သွားသကဲ့သို့ပင်တည်း။

"ချွမ်း...ရှ...ရှစ်"

**ရှိန်ရက်သည် အခွင့်အရေးကို လက်လွှတ်မခံပေ။ သူ၏ဓါးချက်သုံးချက်သည် တစ်ချက်တည်းအလား ထင်မှတ်ရပေသည်။**



"ချွမ်း...ချလွမ်း...ချလွမ်း"

တအီးအီးတအားအားအသံများနှင့်အတူ သံမဏိလင်းကွင်းများလိမ့်ဆင်းသွား၏။ အဝါရောင်လားမားသုံးဦး လွင့်စဉ်သွားသည်သူတို့ ခန္ဓာကိုယ်မှစီးကျသည့်သွေးများသည် မိုးရေနှင့်ရောနှောစီးဆင်းသွားလေ၏။

တိုက်ပွဲအတွင်း၌လှုပ်ရှားနေသည့် ပူးပေါင်းတိုက်ကွက်သည် ရုတ်တရက်ရပ်တန့်သွား၏။

ရှိန်ရက်တဟားဟားရယ်ရင်း..

"လမ်းဖယ်ကြတော့၊ ကိုယ်တော်တို့အစွမ်းကုန်ပြီ"

"ဘယ်သူပြောလဲ အစွမ်းကုန်ပြီလို့"

ပုတီးကိုင်လားမားသည် ရုတ်တရက်ခုန်ထွက်လာပြီး အော်ဟစ်လိုက်၏။

"ဝိဏ်းချုပ်ကြီးရှိန်ရက် တစ်ကွက်ကျန်သေးတယ်"

"ဝိုး...ဝို..ဝှစ်..ဝှစ်"

ရှိန်ရက်မှာ ရုတ်တရက်စကားမပြောနိုင်တော့ပေ။ သူ့လက်ထဲမှ ဓါးကိုအဆက်မပြတ်ဝှေ့ယမ်းလိုက်ရသည်။

ပုတီးကိုင်လားမားသည် ပုတီးကုံးဖြင့် မတိုက်ခိုက်တော့ဘဲ၊ ပုတီးလုံးကလေးများဖြင့် အဆက်မပြတ်ပစ်ခတ်တော့၏။ ဤကား ထိုပုတီးကိုင်လားမား၏ မုန်းကုန်ကြယ်ကြွေသိုင်းကွက်ဖြစ်၏။

စင်စစ်ကား လက်နက်ပုန်းပညာရပ်တစ်ခုသာဖြစ်တော့သည်။

* * * * *

ရှိန်ရက်သည် ဤကဲ့သို့သောပညာမျိုးဖြင့် အလစ်တိုက်ခိုက်မည်

ဟု လုံးဝမထင်ပေ။ ထို့ကြောင့် ထိုကဲ့သို့အတိုက်ခံရသောအခါ ဒေါသ အလွန်ထွက်သည်။

တကယ်တမ်းအားဖြင့် ရှိန်ရက်ကဲ့သို့ အဆင့်မြင့်သိုင်းသမားတစ် ဦးအား မျက်နှာချင်းဆိုင်မှ လက်နက်ပုန်းဖြင့် ပစ်ခတ်တိုက်ခိုက်ရန် ဆိုသည်မှာ လွယ်ကူသောကိစ္စတစ်ရပ်မဟုတ်ပါချေ။

ရှိန်ရက်သည် ရေပက်၍မဝင်နိုင်သောဓါးကွက်များဖြင့် ပုတီး စေ့များကို တားဆီးကာကွယ်ပြီး ထိုလားမားထံသို့ တစ်ဖြည်းဖြည်းတိုး ဝင်သွား၏။

"အား.."

**ပုတီးလုံးများလွင့်စဉ်ထွက်သွားသည့်လားမားကြီးသည်လည်း ဒယီးဒယိုင်ဖြင့် နောက်သို့ဆုတ်သွား၏။** ပုခုံးမှသည် ဝမ်းဗိုက်အထိ ဓါးခြစ်ရာကြီးထွက်ပေါ်လျက်ရှိပြီး သွေးနီရဲများစီးကျလျက်ရှိပေသည်။

"ကဲ..ကိုယ်တော်တို့ တားဆီးချင်သေးသလား၊ အားလုံးဖယ်ပေး ဖို့သင့်ပြီ"

လားမားများသည် ဒေါသဖြစ်သောမျက်လုံးများဖြင့် ရှိန်ရက်အား ရပ်ကြည့်နေကြသည်။ ရှိန်ရက်ကလည်း ဓါးကိုကိုင်ကာ မားမားမတ် မတ်ရပ်လျက် တိုက်ခိုက်ရန်အသင့်ပြင်ထားသည်။

နောက်ဆုံးတွင်လားမားများသည် အားမတန်မာန်လျှော့သည်သ ဘောဖြင့် ဒဏ်ရာရသူလားမားလေးယောက်ကိုတွဲခေါ်ကာ ဆုတ်ခွါ သွားကြလေတော့၏။

ရှိန်ရက်သည် သက်ပြင်းချလိုက်၏။

"ဒါသူတို့ဘာသာမှားကြလို့ပဲ၊ နို့မို့ရင် ဒီပုံပေါင်းတိုက်ကွက်ထဲ မှာ ငါအများကြီးအင်အားကုန်ခန်းသွားမှာသေချာတယ်"

ရှမ်ယာနမ်သည် ရှိန်ရက်အနီးသို့ တိုးကပ်လာ၏။



"အစ်ကိုရှိန်ရက် ပုတီးစေ့တွေ အထိခံလိုက်ရသေးလား"

"မထိပါဘူးညီမလေး၊ နင်ကောချမ်းနေသေးလား"

"မချမ်းပါဘူး၊ အစ်ကိုတို့တိုက်ပွဲကိုကြည့်ပြီး ချွေးပြန်နေရတယ်၊ သိုင်းပညာဘယ်လောက်ကောင်းတယ်ဆိုတာ ညီမလေးကိုယ်တွေ့သိ ရတော့ သိပ်ဝမ်းသာ တယ်"

ရှိန်ရက်က ရယ်၍ပြော၏။

"သူတို့နဲ့သိပ်ကြည့်မကောင်းပါဘူး၊ ဂိုဏ်းချုပ်ကြီးဟိုပွနဲ့တိုက်တာ မှ တကယ့်အသေအလဲတိုက်ကြရတာ၊ ကဲ..လာ..လာ၊ အချိန်ရှိတုန်း မြန်မြန်သွားကြမယ်"

ရှမ်ယာနမ်သည် မြင်းကြီးကိုဆွဲခေါ်လာ၏။ သူတို့သည်မြင်းပေါ် သို့တက်ကြပြီး ခရီးဆက်လာကြသည်။

မိုးသည် ရွာသွန်းဆဲပင်။

ရေနွေးတစ်အိုးဆူပွက်လောက်သည့်အချိန်တွင် သူတို့သည်သစ်ပင် များ ပါးလျားသည့်နေရာသို့ရောက်ရှိလာလေ၏။

"လူဗိုလ်ဂိုဏ်းချုပ်ပဲ၊ သိုင်းပညာဟာတကယ်ထက်မြက်တာပါ ပဲလား၊ အတားအဆီးနှစ်ခုကို ဖြတ်ကျော်နိုင်ပြီဆိုကတည်းက အတော် ချီးကျူးဖို့ကောင်းနေပြီ၊ ကျုပ်ဒီမှာစောင့်နေတာ အတော်ကြာနေပြီ"

ရှိန်ရက်နှင့် ရှမ်ယာနမ်တို့သည် အလန့်တကြားကြည့်မိလေသည်။

သစ်ပင်ကြီးတစ်ပင်၏နောက်ကွယ်မှ အသက်ကြီးကြီးလားမား ဘုန်းကြီးအိုကြီးတစ်ပါးထွက်လာသည်။ မျက်ခုံးမွေးကဖြူဖွေးနေသည်။

မိုးလည်းတိတ်သွားပြီ

ပထမအတားအဆီးတွင် လားမားနှစ်ပါးသာတွေ့ရသည်။ ဒုတိ ယအတားအဆီးတွင် လားမားဆယ့်ရှစ်ဦးတွေ့ရသည်။ ယခုတတိယ အတားအဆီးတွင် ဘုန်းကြီးအိုကြီးတစ်ပါးတည်းကိုသာတွေ့ရသည်။

"အင်း...တတိယအတားအဆီးမှာ ဒီဘုန်းကြီးတစ်ပါးတည်းသာ ရှိနေတာကိုထောက်ရင် ဒီဘုန်းကြီးရဲ့စွမ်းရည်ကို ခန့်မှန်းလို့ရနိုင်ပါတယ်"

ရှိန်ရက်သည် စိတ်ထဲမှရေရွတ်ပြီးနောက် မြင်းပေါ်မှခုန်ဆင်းလိုက်၏။

ရှမ်ယာနမ်အား နောက်သို့ဆုတ်နေရန် အချက်ပြလိုက်သည်။

"ကိုယ်တော်ကြီးအကြောကြီးစောင့်နေရတဲ့အတွက် တပည့်တော်အများကြီးအားနာပါတယ်၊ ဒီတော့စကားရှည်ရှည်ဝေးဝေးမပြောကြဘဲ တိုက်ပွဲနဲ့ပဲ အဆုံးအဖြတ်ပြုလိုက်ကြရအောင်"

မျက်ခုံးဖြူတိဗက်လားမားကြီးက တဟင်းဟင်းရယ်မောလေ၏။

"ဝိုဏ်းချုပ်ကြီးရှိန်ရက်က လူငယ်သလောက် စိတ်မြန်တာပဲကိုး၊ ဒီအတားအဆီးကိုကျော်ဖို့ သိပ်မခက်လှပါဘူး"

"ကိုယ်တော်ကြီး ဘယ်နှစ်ကွက်တိုက်ချင်သလဲ"

"ကျုပ်ရဲ့သိုင်းကွက်သုံးကွက်ကို ခုခံနိုင်ရင် ဝိုဏ်းချုပ်ကြီးရှိန်ရက်ကို ကျုပ်တို့ဝိုဏ်းချုပ်ကြီးနဲ့ တန်းတွေ့စေရမယ်"

ရှိန်ရက်ခေါင်းညိတ်၏။

"သိပ်ကောင်းတာပေါ့"

ထိုသို့ပြောပြီးသည့်အခါတွင်လည်း မျက်ခုံးဖြူတိဗက်လားမားကြီးသည် လှုပ်ရှားခြင်းမပြုသေးပေ။

"ကိုယ်တော်ကြီးက ဘာလက်နက်ထုတ်မှာလဲ"

ရှိန်ရက်က လှမ်းမေးလိုက်၏။

မျက်ခုံးဖြူလားမားကြီးက အေးစက်စက်ရယ်သည်။

"လူကြီးမင်းက ရေပြည်ကိုလောလော လောလောနဲ့သွားချင်နေတာကိုး၊ ရေပြည်ဆိုတာက ကာယ်တော့ ပျော်ဖို့မကောင်းပါဘူး"



မျက်ခုံးဖြူလားမားကြီးသည် စကားဆုံးသည်နှင့် ရှိန်ရက်ဆီသို့ လျှပ်တပြက်ခုန်ဝင်လာ၏။

သူ့လက်ဝါးသည် ရှိန်ရက်၏ ငယ်ထိပ်ဆီသို့ တန်းမတ်စွာဝင်ရောက်လာသည်။

ရှိန်ရက်သည် အလွန်အံ့ဩသွား၏။ သတိမပေးဘာမပေးဘဲနှင့် ဤသို့တိုက်ခိုက်လိမ့်မည်ဟု လုံးဝမထင်မှတ်ခဲ့ချေ။

ယခုကဲ့သို့အပြုအမူများမှာ အထူးသဖြင့် အောက်လမ်းဂိုဏ်းသားများက ပြုလုပ်လေ့ရှိကြ၏။

အထက်လမ်းဂိုဏ်းသားများအနေဖြင့် မတိုက်ခိုက်မီ သတိပေးလေ့ရှိရုံမျှမက တစ်ဘက်ရန်သူအား အကွက်ကြေညာပေးလေ့ရှိသေးသည်။ ယခုမူ ရှိန်ရက်အား အလစ်တိုက်ခိုက်ခဲ့ချေပြီ။

သို့သော် ရှိန်ရက်သည်လည်း အတွေ့အကြုံများသော သူတစ်ယောက်ဖြစ်ခဲ့ပါပြီ၊ ထို့ကြောင့် လျှပ်တစ်ပြက်ရောင်တိမ်းချိန်မှာပင် ဓါးကို ဓါးအိမ်ထဲမှ ဆွဲထုတ်နိုင်သည်။

"ပထမတစ်ကွက်"

လားမားကြီးသည် ရှိန်ရက်၏ဦးခေါင်းပေါ်မှဖြတ်ကျော်သွားပြီး ရှိန်ရက်၏ဓါးကို လက်ညှိုးဖြင့် တောက်ထုတ်သွားသည်။

ရှိန်ရက်သည် ရန်သူကိုအထင်သေးသောကြောင့်သဖြင့် သူ့ဓါးကိုခပ်သွက်သွက်ဆွဲယူလိုက်ရာ လက်ညှိုးတောက်ထုတ်ချက်မထိဘဲ လွဲချော်သွား၏။

တစ်ကြိမ်ခုန်ဝင်ပြီး နှစ်ကြိမ်တိုက်ခြင်းကို တော်ရုံတန်ရုံ ထိပ်သီးသိုင်းသမားအနေဖြင့် အလွယ်တကူမပြုလုပ်နိုင်ပေ။

ရှိန်ရက်သည် မျက်ခုံးဖြူလားမားကြီး၏ စွမ်းရည်ကိုမြင်လိုက်ရသည့်အခါ သုံးကွက်တည်းနှင့်အရှုံးအနိုင်ပေါ်စေရမည်ဟု ကြိမ်းဝါး

ထားသည့်ပုဂ္ဂိုလ်သည် အဘယ်မှာလျှင် နယ်နယ်ရရပုဂ္ဂိုလ်ဖြစ်နိုင်ပါ အံ့နည်း။

* * * * *

ငယ်ထိပ်ကိုရိုက်တယ်၊ ခါးများကိုလက်ညှိုးနဲ့တောက်တယ်၊ ငါ အင်မတန်မြန်လွန်းလို့ လွတ်သွားတာပဲ။

ထိုတဒင်္ဂအတွင်း၌ လားမားကြီးသည် သူ့ခြေနှစ်ချောင်းဖြင့် နောက်ပြန်ကန်သွားလေရာ ရှိန်ရက်မှာ ကျွမ်းပစ်ရှောင်တိမ်းသွားလိုက်ရသည်။

ထိုပထမတိုက်ကွက်သည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်သာ ကြာသည်။ ငယ်ထိပ်ရိုက်သည်၊ ခါးကိုတောက်သွားသည်၊ ခြေထောက်ဖြင့် နောက်ပြန်ကန်သွားသည်။

ဤသို့ပြီးပြည့်စုံစွာတိုက်သည့် တိုက်ကွက်မျိုးကို ရှိန်ရက်တစ်ကြိမ်တစ်ခါမျှ မတွေ့ဘူးချေ။

"ဒါ..ဒါ ယိကျုံသိုင်းပညာပဲ"

ရှိန်ရက်သည် လွတ်ခနဲအော်မိရင်း ယိကျုံသိုင်းပညာကို သူမမြင်ဘူးချေ။

သို့သော် လူဗိုလ်ဝိုက်ာင်းချုပ်ကြီး ပိုင်လိကျို့ပြောပြဖူးခဲ့သဖြင့်သူကြားဖူးနားဝရှိနေသည်။

ယိကျုံသိုင်းပညာ၏ ထူးခြားချက်မှာ ခန္ဓာကိုယ်၏ မည်သည့်အစိတ်အပိုင်းကိုမဆို ကွေးလိမ်ကောက်ချိုးပြီး တိုက်ခိုက်နိုင်သည်။

ဥပမာအားဖြင့် လူတစ်ယောက်သည် ရှေ့သို့လည်းကောင်း၊ နောက်သို့နောက်ပြန်အဖြစ်လည်းကောင်း၊ အားပါပါကန်နိုင်ရသည်။



နှစောင်းနှင့်တည့်တည့်မတ်မတ် ဘေးသို့ကန်နိုင်ရန်မှ ခက်ခဲသည်။ အားပါရန်မလွယ်ပေ။

သို့သော် ယိကျုံသိုင်းပညာရှင်မှ ကောင်းစွာကန်နိုင်သည်။ ထပ်မံရှင်းပြရလျှင် ယိကျုံသိုင်းပညာရှင်၏ ခြေနှင့်လက်များများကို ရာဘာအရုပ်တစ်ရုပ်မျှ ခြေနှင့်လက်များကဲ့သို့ လိုသလိုဆွဲဆန့်တိုက်ခိုက်နိုင်စွမ်းရှိခြင်းပင်တည်း။

မြေပြန့်သိုင်းလောကသားများသည် ယိကျုံသိုင်းပညာကို အောက်လမ်းသိုင်းပညာတစ်ရပ်အဖြစ်သာ သတ်မှတ်သည်။

ထို့ကြောင့် လေ့လာလိုက်စားသူလည်း နည်းပါးခဲ့၏။

ယခုမှ ရှိန်ရက်နားလည်သွားသည်။ မိမိအားတစ်ယောက်တည်း တားဆီးရန် အကြံရှိထားသူ၌ ဤကဲ့သို့ထူးဆန်းသော သိုင်းပညာရှိမှသာဖြစ်ပေလိမ့်မည်။

ရှိန်ရက်၏ အော်သံကြားသောအခါ မျက်ခုံးဖြူလားမားကြီးသည် တဟားဟားရယ်သည်။

"မမှားဘူး။ ဒါယိကျုံသိုင်းပညာပဲ၊ ဝိုက်ာင်းချုပ်ရှိန်ရက်က အတော်ကလေးဗဟုသုတရှိပေတာပဲ၊ ကဲ..နောက်တကွက်လာမယ်"

မျက်ခုံးဖြူလားမားကြီးသည် ပထမတစ်ကွက်တိုက်ခိုက်ပြီးချိန်တွင် တစ်ဘက်၌မားမားမတ်မတ်ရပ်နေနိုင်ပြီးဖြစ်သည်။

လားမားကြီးသည် စကားဆုံးသည်နှင့် ရှိန်ရက်ဆီသို့ လင်းယုန်ငှက်ကြီးအလား ခုန်ဝင်လာပြန်၏။

အရှိန်အဟုန်လွန်စွာကြောက်စရာကောင်း၏။

ရှိန်ရက်သည် သူ၏ဆရာလူဗိုလ်ဝိုက်ာင်းချုပ်ကြီး ပိုင်လိကျို့၏စကားများကို ထပ်မံသတိရလာပြန်သည်။

"ယိကျုံသိုင်းပညာရှင်နဲ့တွေ့ရင် ခါးကိုအားကိုးလို့မရတော့ဘူး၊

ဘာဖြစ်လို့လဲဆိုတော့ အဲဒီပညာရှင်တွေဟာ သူတို့ရဲ့ကြွက်သားတွေကို လိုသလို ရှုံ့နိုင်တွန်းနိုင်လို့ပဲ"

ရှိန်ရက်သည် ဆရာသမား၏စကားကို သတိရလာသည်နှင့်ခါး ကိုလျှော့ချကာ မျက်ခုံးဖြူလားမားကြီးအား လက်နက်မဲ့ယှဉ်ပြိုင်လေတော့၏။

ထိုအခိုက်၌ ရှိန်ရက်ကလည်း အပြန်အလှန်တိုက်ခိုက်သည်။ ကြီအတွင်းအားကို တစ်ကိုယ်လုံး၌ဖြန့်ထားပြီး တိုက်ခိုက်သဖြင့် တိုက်ပွဲစည်းအတွင်း၌ လေတဟူးဟူးထနေတော့သည်။

ရှမ်ယာနမ်သည် ရှိန်ရက်ခါးလျှော့ကျသွားသည်ကိုမြင်သောအခါ လွှတ်ခနဲအော်မိသည်။ ဒဏ်ရာရပြီးခါးလျှော့ကျသွားသည်ဟု သူမထင်မိခဲ့သည်။

သူမပြန်လည်သတိပြုမိသောအချိန်တွင် ရှိန်ရက်နှင့် မျက်ခုံးဖြူလားမားကြီးတို့သည် မျက်နှာချင်းဆိုင်ရပ်ပြီး တစ်ဦးကိုတစ်ဦး မမှိတ်မသုန်ကြည့်နေကြကြောင်း တွေ့လိုက်ရသည်။

မည်သူရှုံး၍ မည်သူနိုင်သွားသနည်း။ သူတို့၏ပုံစံအရမူ တိုက်ပွဲပြီးဆုံးနေပုံပေါ်သည်။

ထိုစဉ်

"ဝေါ့..."

မျက်ခုံးဖြူလားမားကြီးသည် ရုတ်တရက်ဝေါ့ခနဲ သွေးများထိုးအန်လိုက်၏။ ထို့နောက် တိုးညှင်းစွာပြောသည်။

"ကောင်းလိုက်တဲ့သိုင်းပညာ၊ ကောင်းလိုက်တဲ့အတွင်းအားပညာ၊ သုံးကွက်တောင်မယှဉ်လိုက်ရဘူး၊ ကျုပ်ရဲ့ဂိုဏ်းချုပ်ကြီးက တစ်နိုင်ငံအောက်မှာ လူကြီးမင်းကိုစောင့်ကြိုနေပါတယ်၊ သွားပေတော့"

မျက်ခုံးဖြူလားမားကြီးသည် ရှိန်ရက်အား ဂါရဝပြုပြီးထွက်ပြေးသွားတော့သည်။



ကိုယ်ဖော့ပညာကောင်းလှသူဖြစ်၍ မကြာမီပင် ပျောက်ကွယ်သွားသည်။

"ဝေါ့.."

ရှိန်ရက်၏ ပါးစပ်မှသွေးများအန်ကျလာသည်။

"ဟင်..အစ်ကို"

ရှမ်ယာနမ်အကြီးအကျယ်တုန်လှုပ်သွားသည်။

"အစ်ကို ဒဏ်ရာရပြီဟုတ်လား"

"ညီမလေး၊ ငါ့ကိုလာကူဦး"

ရှိန်ရက်က ဒယီးဒယိုင်ဖြစ်နေသဖြင့် ရှမ်ယာနမ်သည် လျှင်မြန်စွာပြေးလာပြီး ထိန်းပေးလိုက်ရသည်။

"ညီမဘာလုပ်ပေးရမလဲဟင်"

ရှိန်ရက်သည် ရှမ်ယာနမ်အား စကားမပြောဘဲ တင့်ပျဉ်ခွေထိုင်ရန်ကြိုးစားသည် ရှမ်ယာနမ်သဘောပေါက်သွားသဖြင့် သူမလည်း ရှိန်ရက်၏ကျောဘက်မှ တင်ပျဉ်ခွေထိုင်ကာ ရှိန်ရက်၏ မိန့်မင်သွေးကြောရှိရာကို လက်ဖဝါးဖြင့် ကပ်လျှက်အတွင်းအားဖြည့်သွင်းပေးလေတော့သည်။

ရှိန်ရက်၏ အတွင်းအားမှာ ရှမ်ယာနမ်ထက် အဆမတန်ကြီးမား၏။ သို့သော် ဒဏ်ရာရနေခိုက်တွင်မူ ရှမ်ယာနမ်၏အတွင်းအားကို ထိုက်သင့်သမျှ အမှီပြုပြီး သူ၏အတွင်းအားဖြင့် အတွင်းဒဏ်ကို တစ်ဖြည်းဖြည်းကုသရသည်။

ရှိန်ရက်တစ်ကိုယ်လုံးတွင် အငွေ့ဖြူများ ရစ်သိုင်းလွှမ်းခြုံလာသည်။ ကွမ်းတစ်ယာညက်ခန့်ကြာသည့်အချိန်မှ ရှိန်ရက်ထံမှ ဟင်းခနဲ သက်ပြင်းချသံကြားရသည်။

"ဟင်း...အတော်ဆိုးတာပဲ"

ရှိန်ရက်သည် ရှမ်ယာနမ်ကိုလှည့်ကြည့်၏။ ရှမ်ယာနမ်၏မျက်နှာ၌ ပင်ပန်းနွမ်းနယ်သည့် အရိပ်လက္ခဏာများပေါ်နေသည်။

"အစ်ကို ဒီအတားအဆီးဟာ နောက်ဆုံးအတားအဆီးပဲပေါ့နော်"

ရှိန်ရက်ခေါင်းညိတ်၏။

"သူတို့ရဲ့ ဂိုဏ်းချုပ်ကြီးဆီရောက်သွားဖို့ကိစ္စမှာတော့ ဒီအတားအဆီးဟာ နောက်ဆုံးအတားအဆီးပါပဲ၊ ငါတို့အတွက် အတားအဆီးကတော့ သူတို့ရဲ့ ဂိုဏ်းချုပ်ကြီးပဲပေါ့"

"အစ်ကိုဘယ်လိုသဘောရလဲ"

"ဘာကိုပြောတာလဲ"

"သူတို့ရဲ့ ဂိုဏ်းချုပ်ကြီးနဲ့တွေ့ဖို့ ကိစ္စကိုပြောတာပါ၊ မျက်ခုံးဖြူလာမားကြီးတောင် သိပ်အစွမ်းထက်နေတယ်၊ သူတို့ဂိုဏ်းချုပ်ကြီးဆိုရင်"

ရှိန်ရက်သည် ရှမ်ယာနမ်အား တင်းမာသော မျက်နှာထားဖြင့် ကြည့်လိုက်၏။

"ညီမလေး နင့်စေတနာကိုငါသဘောပေါက်ပါတယ်၊ ဒါပေမယ့် ရှိန်ရက်ကို နောင်ဘယ်တော့မှ အဲဒီလိုစကားမျိုးမပြောနဲ့၊ အခုငါတို့ အတားအဆီးသုံးခုကို ကျော်ခဲ့ပြီးပြီ၊ အဲဒီအတားအဆီးတွေမကျော်ခင်က လားမားဂိုဏ်းချုပ်ကြီးကိုရှောင်တယ်ဆိုတာ သိက္ခာရှိရှိငြင်းနိုင်ခွင့်ရှိသေးတယ်၊ အခုမှတော့ ဘယ်သူ့ကိုမှ ရှောင်လို့မဖြစ်တော့ဘူး၊ ရှိန်ရက်ဟာ သူများကိုလည်း အနိုင်မကျင့်ခဲ့ဘူး၊ အန္တရာယ်ရှိမယ်ထင်ပြီးလို့လည်း ဘယ်ရန်ကိုမှမရှောင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ရှိန်ရက်ဟာ သစ္စာတရားကို ကိုယ်စားပြုတဲ့ သိုင်းသမားတစ်ယောက်မို့လို့ပဲ"

ရှိန်ရက်၏ တင်းမာသောစကားကြောင့် ရှမ်ယာနမ်မှာ ငိုမဲ့မဲ့ဖြစ်သွားသည်။



"အစ်ကို ညီမလေးမှားသွားပါတယ်၊ ညီမလေးကိုကြိုက်သလို အပြစ်ပေးပါ"

ရှိန်ရက်သည် သူ့စကားများတင်းမာခက်ထန်သွားသည်ကို ရိပ်မိလိုက်သဖြင့် မျက်နှာထားနှင့် လေသံကိုကပျာကယာလျှော့ချပြီး နှစ်သိမ့်လိုက်ရ၏။

"ညီမလေး…နင့်ကိုငါဘာလို့အပြစ်တင်ရမှာလဲ၊ တိုက်ကြခိုက်ကြ သတ်ကြဖြတ်ကြလုပ်နေတဲ့ သိုင်းလောကထဲရောက်လာစေတဲ့ ဘဝကြမ္မာကိုပဲ အပြစ်တင်ရမယ်၊ မငိုပါနဲ့ညီမလေးရယ်၊ အခက်အခဲတွေအများကြီးကို ငါတို့ဖြတ်ကျော်ခဲ့ပြီးပြီ၊ ယခုတွေ့ရမယ့်အခက်အခဲကိုငါတို့ဘာဖြစ်လို့ မဖြတ်ကျော်နိုင်ရမှာလဲ"

ရှိန်ရက်က ရှမ်ယာနမ်၏ပခုံးကလေးကို အသာအယာပုတ်ကာ အားပေးနှစ်သိမ့်သည်။

ရှမ်ယာနမ်က ရှိန်ရက်အား မျက်ရည်ဝေသော မျက်လုံးများဖြင့် မော်ကြည့်၏ ရှိန်ရက်၏ သူ့ရဲကောင်းဆန်သော မျက်နှာကိုတွေ့လိုက်ရသည့်အခါမှ သူမျက်ရည်များကို ပြန်လည်သိမ်းလိုက်နိုင်သည်။

"ညီမလေး..သွားကြစို့"

ရှိန်ရက်သည် ကြံ့ခိုင်သောစိတ်ဓာတ်ဖြင့် ရှေ့ခရီးကိုဦးတည်ပြန်လေ၏။

* * * * *

<u>အတွင်းအားချင်းယှဉ်ပြိုင်ပွဲ</u>

တိဗက်လားမားနှစ်ဆယ့်လေးပါးသည် တန်းစီ၍ရပ်နေကြ၏။ ရှေ့၌ရပ်နေသူမှာ မျက်နှာနီနီဖြင့် အလွန်တရာကြီးမားကြံ့ခိုင်သည့် ကိုယ်ခန္ဓာရှိသောလားမားဘုန်းကြီးတစ်ပါးပေတည်း။

တိဗက်လားမားဘုန်းကြီးသည် ခန္ဓာကိုယ်ကြီးမားသလောက်အသံ ကြီးကလည်း ကျယ်လောင်လှသည်။

'လူဗိုလ်ဂိုဏ်းချုပ်ကြီးရောက်လာပြီလား၊ လားမားဂိုဏ်းချုပ်ဖြစ်တဲ့ ကျုပ်ကိုယ်တိုင် လူဗိုလ်ဂိုဏ်းချုပ်ကြီးနဲ့တော့တွေ့ပြီ၊ ဘာတွေဖြစ်လာမယ်ဆိုတော့ ဘုရားမှသိတော့မှာပဲ'

ရှိန်ရက်က ရှမ်ယာနမ်ကို တီးတိုးပြောလိုက်၏။

ထိုအချိန်၌ အမှောင်ပျိုးစပြုလေပြီ၊ လရောင် ာလည်း မထွက်သေး၊ သို့သော် မီးတိုင်များစိုက်ထူထားသဖြင့် ပတ်ဝန်းကျင်ကို ထင်ထင်ရှားရှားမြင်နိုင်ခွင့်ရှိပေသည်။

လားမားဂိုဏ်းချုပ်ကြီးနဲ့ မျက်နှာချင်းဆိုင်ရပ်နေသည့်ရှိန်ရက်၏ စိတ်ထဲ၌ အေးစိမ့်စိမ့်ခံစားမှုတစ်မျိုးပေါ်လာ၏။ လားလားဂိုဏ်းချုပ်ကြီးအားကြောက်ရွံ့သည့်စိတ်ပေလောဟု ရှိန်ရက်တွေးသည်။

ကျူရှင်ပါကူဘုရားကျောင်းသို့ရောက်စဉ်က ကြာပန်းလေဝဲပညာတစ်စွန်းတစ်စကို မြင်တွေ့ခဲ့ရပြီး ရှိန်ရက်တုန်လှုပ်ချောက်ချားခဲ့ရသည်၊ ကြာပန်းလေဝဲလိုင်းပညာရှင်ကိုပင် ဉာဏ်သုံးအနိုင်တိုက်ခိုက်ခဲ့သေးလျှင် ဤလားမားဘုန်းတော်ကြီးအား အဘယ့်ကြောင့် ဉာဏ်သုံးအနိုင်မယူနိုင်ရမည်နည်းဟု ရှိန်ရက်တွေးသည်။

သို့သော် တိဗက်လားမားများသည် ကျူရှင်ပါကူသိုင်းသမားများနှင့် မတူပေ။ သူတို့ကရှင်းရှင်းလင်းလင်းရင်ဆိုင်သည်။

ဤခရီးစဉ်အတွင်း အမျိုးမျိုးအနှောက်အယှက်ပေးနိုင်သော်လည်း လားမားများသည် လုံးဝဒုက္ခမပေးဘဲ အဆင့်လိုက်စည်းကမ်းတကျ တားဆီးတိုက်ခိုက်ကြသည်။ ရှမ်ယာနမ်ကိုလည်း လုံးဝရန်မပြုခဲ့ကြပေ။

ထိုအချက်ကို လားမားဂိုဏ်းချုပ်ကြီးအား ဉာဏ်ဖြင့်ပရိယာယ်



ဖြင့် အနိုင်မယူလိုပြန်တော့ချေ။ ရိုးရိုးသားသားပြန်လည်ယှဉ်ပြိုင်ခြင်းသာ တရားမျှတသည်ဟု ရှိန်ရက်ယူဆသည်။

'ကျင်းကျန့်ယိယင်းအတွင်းအားနဲ့ ကြီးအတွင်းအားတို့ဟာ နှစ်ပေါင်းများစွာတိမ်မြုပ်နေတဲ့အတွင်းအားပညာတွေဖြစ်တယ်၊ အခုတော့တိမ်မြုပ်နေတဲ့ပညာနှစ်ခု ပြန်တွေ့ကြပြီ၊ ဒီတစ်ခါ တိုက်ပွဲဟာသမိုင်းဝင်တိုက်ပွဲပဲဖြစ်လိမ့်မယ်၊

ရှိန်ရက်သည် အေးစက်စက်စိုက်ကြည့်နေသည့် လားမားများကို ကြည့်၍ တွေးများဆွဲကြွလာသည်။

'ငါဟာ ဒီနေ့တိုက်ပွဲကိုမနိုင်ရင် လူဗိုလ်တောင်မှာယှဉ်ပြိုင်မယ့်ပွဲမှာ ဘယ်လိုမျက်နှာပြရတော့မလဲ၊ လူဗိုလ်ဂိုဏ်းချုပ်ကြီးကိုပေးခဲ့တဲ့ကတိကိုဘယ်သူက အကောင်အထည်ဖော်နိုင်တော့မှာလဲ'

ရှိန်ရက်၏ မျက်လုံးများသည် တစ်လက်လက်တောက်ပလာ၏။ သူသည် တည်ကြည်လေးနက်သောအမူအယာဖြင့် လက်သီးနှစ်ဘက်ဆုပ်ကာ လားမားဂိုဏ်းချုပ်ကြီးကို ဂါရဝပြုနှုတ်ဆက်လိုက်သည်။

'ဂိုဏ်းချုပ်ဆရာတော်ကို ဂါရဝပြုပါတယ်၊ ဂိုဏ်းချုပ်ဆရာတော်ရဲ့ ကိုယ်ဟန့်ကွေ့ကျင်း ခင်းကျင်းမှုကတော့ တကယ့်ကိုစနစ်ကျတာပါပဲ'

လားမားဂိုဏ်းချုပ်ကြီးက ဟဟားဟားရယ်သည်။

'လူဗိုလ်ဂိုဏ်းချုပ်ကြီးဟာ ပီယဝါစာစကားပြောတတ်ပါပေတယ်၊ ကျုပ်ကသာ လူဗိုလ်ဂိုဏ်းချုပ်ကြီးကို ချီးကျူးရမှာဖြစ်ပါတယ်၊ ဂိုဏ်းချုပ်ကြီးဟာ မြေပြန့်သိုင်းလောကမှာ နံပါတ်တစ်လို့ပြောကြတာ ကျုပ်သိထားပြီးပါပြီ၊ ဒါကြောင့်ဒီနေရာမှာ ပညာပလှယ်ဖို့စီစဉ်ထားရတာပါပဲ'

ရှိန်ရက်သည် ဂိုဏ်းချုပ်နောက်မှ လားမားများကို လှမ်းကြည့်လိုက်သည်။ ရှေ့မှဂိုဏ်းချုပ်က မည်မျှချောင်စွာပြောနေစေကာမူ နောက်

မုလားမားများ နှစ်ဆယ့်လေးပါးကမူ ရှိန်ရက်အား စားတော့မတတ် ဝါးတော့မတတ်၊ စူးစူးစိုက်စိုက်ကြည့်နေကြပေ၏။

ဒဏ်ရာရသွားသည့် လားမားငါးပါးအတွက် သူ့အပေါ်အခဲမကျေ ဖြစ်နေကြောင်း ရှိန်ရက် ရိပ်စားမိလိုက်သည်။

"တပည့်တော်တို့ရဲ့ တိုက်ပွဲအရှုံးအနိုင်ဟာ ဘယ်လိုအကျိုးဆက်များဖြစ်ပေါ်စေမှာလဲ၊ ဂိုဏ်းချုပ်ဆရာတော်"

ရှိန်ရက်က ဖြစ်ပေါ်လာမည့်အခြေအနေကို မှန်းဆနိုင်ရန် ကြိုတင်မေးမြန်းလိုက်၏။

"ကျုပ်တို့ရှုံးသွားပြီဆိုရင်တော့ တိဗက်ဂိုဏ်းဟာ တိဗက်ကိုချက်ချင်းပြန်သွားမှာပါ"

ရှိန်ရက်က

"ဂိုဏ်းချုပ်ဆရာတော်တို့ရဲ့တပည့်ဖြစ်တဲ့ ဟူးတုခနဲ့ ဟူးထူမူတို့ဟာ သူတို့အပြစ်နဲ့သူတို့ သေဆုံးသွားကြတာပါ၊ ဒီအတွက်တပည့်တော်မှာအပြစ်မရှိဘူးလို့ထင်ပါတယ်၊ ဒီအချက်အလက်ကိုလက်ခံရင် တပည့်တော်အနေနဲ့ ဂိုဏ်းချုပ်ဆရာတော်နဲ့ ပညာမဖလှယ်ဘဲနဲ့ မြေပြန့်သိုင်းလောကကို ပြန်သွားချင်ပါတယ်"

ရှိန်ရက်က စျေးဆစ်ကြည့်ခြင်းဖြစ်သည်။ လားမားဂိုဏ်းချုပ်ကြီးက ခေါင်းညိတ်၏။

"အင်မတန်ပါးနပ်တဲ့ လူဇိုလ်ဂိုဏ်းချုပ်ကြီးပါပဲ၊ ဟူးတုခနဲ့ ဟူးထူမူတို့ဟာ အပြစ်ရှိလို့သေထိုက်ပါတယ်၊ ဒါပေမယ့်.."

လားမားဂိုဏ်းချုပ်ကြီးက စကားကိုခေတ္တတန့်ပြီးမှ ဆက်ပြော၏။

"ကျုပ်ရဲ့အတားအဆီးသုံးရပ်ဟာ မရှုမလှရှုံးသွားခဲ့ကြပြီ၊ ကျုပ်ပြန်သွားခဲ့ရင် ကျုပ်တို့တိဗက်ဂိုဏ်းဟာ သိုင်းလောကမှာဘယ်လိုလုပ်မျက်နှာပြရဲတော့မှာလဲ"



လားမားဂိုဏ်းချုပ်ကြီးက လိမ္မာပါးနပ်စွာဖြင့် ရှိန်ရက်အား စကားဖြင့်ပြန်ချည်သည်။

"ဒီလိုဆိုရင် တပည့်တော်တို့ တိုက်ကြရုံရှိတဲ့ သဘောကိုသက်ရောက်သွားတာပေါ့"

လားမားဂိုဏ်းချုပ်ကြီးက အေးစက်စက်ရယ်ပြီး ...

"တိဗက်တွေရဲ့ ကျင်းယန်ယိယင်းဟာလည်း တိဗက်မှာပြိုင်ဘက်မရှိတဲ့ပညာပါ၊ လူဇိုလ်ဂိုဏ်းချုပ်ကြီးကလည်း မြေပြန့်သိုင်းလောကမှာပြိုင်ဘက်မရှိတဲ့ သိုင်းပညာရှင်လို့ ကျော်ကြားနေတယ်၊ အခွင့်အရေးရတုန်းဘာဖြစ်လို့ ကျုပ်တို့ပညာမဖလှယ်ကြရမှာလဲ"

ရှိန်ရက်ခေါင်းညိတ်လိုက်၏။

"ဂိုဏ်းချုပ်ဆရာတော်ကတိုက်တော့မယ်ဆိုရင်တော့ ရှိန်ရက်လည်းမငြင်းနိုင်တော့ပါဘူး၊ တိုက်ရတော့မှာပေါ့"

ရှိန်ရက်က ဓါးကိုရှမ်းခနဲ လွှဲထုတ်ပြီးမှမေးလေသည်။

"ဂိုဏ်းချုပ်ဆရာတော် တပည့်တော်တို့ ဘယ်နည်းနဲ့ယှဉ်ပြိုင်ကြမှာလဲ"

"ကျုပ်ကတော့ လက်ချည်းဗလာယှဉ်ပြိုင်မယ်၊ ဂိုဏ်းချုပ်ရှိန်ရက်အနေနဲ့ကတော့ ကိုင်ဆွဲလာပြီး ဖြစ်နေတဲ့ဓါးနဲ့ပဲပြိုင်ပေါ့"

"ဒီနည်းဟာ သိပ်မကောင်းဘူး"

"ဂိုဏ်းချုပ်ရှိန်ရက်က ဘယ်လိုပြိုင်ချင်သလဲ"

"ဓားနဲ့လက်ဝါးနဲ့တိုက်မယ်ဆိုရင် အချိန်အများကြီးကုန်နေမယ်၊ အမြန်ဆုံးအရှုံးအနိုင်ပေါ်တဲ့နည်းနဲ့ ယှဉ်ပြိုင်ရင်မကောင်းဘူးလား"

လားမားဂိုဏ်းချုပ်မှာ မျက်နှာမဲ့သွားသည်။

"ပြောပါ ..ကောင်းတဲ့အကြံဉာဏ်ရှိရင် ကျုပ်လိုက်နာဖို့ဝန်မလေးပါဘူး"

"တပည့်တော်က စားသိုင်း၊ လှံသိုင်းကျွမ်းကျင်ပါတယ်၊ ဂိုဏ်းချုပ်ကြီးရဲ့ပညာကလည်း နယ်နယ်ရရပညာမဟုတ်တော့ တပည့်တော်စိတ်ထင်အကွက်တစ်ဆောင်လောက်များ ယှဉ်ပြိုင်နေရမလားမသိဘူး"

လားမားဂိုဏ်းချုပ်ကထောက်ပေး၏။

"ဒီတော့ ဂိုဏ်းချုပ်ရှိန်ရက်က ဘယ်လိုပြိုင်ချင်သလဲ"

ရှိန်ရက်က အလေးအနက်ပြောလိုက်၏။

"တပည့်တော်နဲ့ ဂိုဏ်းချုပ်ဆရာတော်ကြီး လက်ဝါးသုံးချက်အပြန်အလှန်ရိုက်မယ်၊ သုံးချက်ဟာ အရှုံးအနိုင်အတည်ဖြစ်ရမယ်"

ရှိန်ရက်သည် စကားဆုံးသည်နှင့် ဓားကိုဓားအိမ်ထဲသို့ ခုပ်ခနဲပြန်ထည့်လိုက်သည်။

ရှမ်ယာနမ်မှာ လွန်စွာစိုးရိမ်သွားသည်။

"အစ်ကိုရှိန်ရက် လားမားဂိုဏ်းချုပ်ကြီးဟာ ဝါစဉ်ကြီး၊ ဆရာကြီး"

ရှိန်ရက်က လှည့်ပေါက်လိုက်၏။

"ညီမလေး နင့်ပါးစပ်ကိုပိတ်ထားစမ်း၊ ငါ့အကြောင်းငါသိတယ်"

ရှိန်ရက်သည် မျက်ခုံးဖြူလားမားကြီးနဲ့တိုက်ခိုက်ရာ၌ အတွင်းဒဏ်ရာရလိုက်သည်။ သို့သော် အတွင်းဒဏ်ရာကို လျင်မြန်စွာကုသနိုင်ခဲ့သည်။ ဤသို့လျင်မြန်စွာ ကုသပျောက်ကင်းနိုင်ခြင်းမှာ လောင်လင်အဘိုးအိုသုံးဦး၏ ထီဆင်ဆေးလုံးများကို စားသုံးခဲ့ရခြင်းကြောင့်ဖြစ်ပေသည်။

ရှိန်ရက်သည် သူ့ခန္ဓာကိုယ်ထဲ၌ အတွင်းအားများ အဆမတန်တိုးပွားနေကြောင်း ရိပ်မိထားသဖြင့် ထိုသို့အဆုံးအဖြတ်ပြုလိုက်ခြင်းဖြစ်ပေသည်။ လားမားဂိုဏ်းချုပ်သည် ရှိန်ရက်၏စကားကိုကြားလိုက်ရသောအခါ အကြီးအကျယ်အံ့ဩသွား၏။



ထို့အပြင်စိတ်ထဲ၌လည်း သူသေချာပေါက်နိုင်ပြီဟု တွက်ဆလိုက်တော့သည်။

* * * * *

သူသည်ရှိန်ရက်အား စေ့စေ့ကြည့်ကာ အသေအချာထပ်မံမေးမြန်းလေ၏။

"ဂိုဏ်းချုပ်ကြီးရှိန်ရက် ဒီစကားဟာအတည်ပဲလား"

"အတည်ပဲ"

လားမားဂိုဏ်းချုပ်ကြီးက မျက်နှာကိုတည်ကြည်လေးနက်စွာထား၍ပြော၏။

"ဘယ်သိုင်းဂိုဏ်းမဆို ကိုယ်ကျွမ်းကျင်ရာ၊ ကိုယ်သန်ရာကိုသုံးပြီး တိုက်ကြစမြဲပဲ၊ လူ့ဗိုလ်ဂိုဏ်းရဲ့ပညာ လှံပညာပဲ၊ ကိုယ့်ဂိုဏ်းရဲ့ပညာကိုပစ်ပြီး သာမန်လက်ဝါးချင်းရိုက်မယ်ဆိုတာ အဟော်စွန့်စားလိုက်တာပဲ၊ ရှုံးရင်နောင်တရစရာဖြစ်သွားမယ်၊ ဂိုဏ်းချုပ်ကြီးရှိန်ရက်စဉ်းစားပါဦး"

ရှိန်ရက်ခေါင်းညိတ်၏။

"ဂိုဏ်းချုပ်ဆရာတော် သတိပေးတာကို တပည့်တော်တကယ်ပဲကျေးဇူးတင်ပါတယ်၊ ရှိန်ရက်သေချာထပ်ပြောပါတယ်၊ ဂိုဏ်းချုပ်ဆရာတော်နဲ့ လက်ဝါးချင်းရိုက်ပြီး ယှဉ်ပြိုင်ပါ့မယ်၊ နိုင်ရင်လည်း စိတ်ကျေနပ်ပါတယ်၊ ရှုံးရင်လည်း စိတ်ကျေနပ်ပါတယ်၊ ဒီစကားဟာလူ့ဗိုလ်ဂိုဏ်းချုပ် ရှိန်ရက်နှုတ်ထွက်စကားပါပဲ"

လားမားဂိုဏ်းချုပ်ကြီး လွန်စွာကျေနပ်သွား။

ရှိန်ရက်သည် သူ့စကား[illegible]နှုတ်ရန် မဖြစ်နိုင်တော့ပေ။ သူသည် ရှေ့သို့သုံးပေခန့်တက်လာ[illegible]

"ကောင်းပြီ၊ ဒီအတိုင်းပဲပြိုင်ကြတာပေါ့၊ ဂိုဏ်းချုပ်ရှိန်ရက်သေရင်၊ ရှင်ရင်ဘာမှဝမ်းနည်းစရာမရှိတော့ပါဘူး"

ရှိန်ရက်လည်း ရှေ့သို့သုံးပေခန့်တက်လာသည်။ လားမားဂိုဏ်းချုပ်နှင့် ရှိန်ရက်တို့သည် မျက်နှာချင်းဆိုင်အနေအထားဖြစ်သွားသည်။

"အတွင်းအားယှဉ်ပြိုင်ရုံတင်ပဲလား"

လားမားဂိုဏ်းချုပ်ကသေချာအောင်ထပ်၍မေး၏။

ရှိန်ရက်ခေါင်းခါသည်။

"သိုင်းကွက်ပါသုံးနိုင်ပါတယ်"

"ကောင်းပြီ"

လားမားဂိုဏ်းချုပ်သည်လက်ဝါးကို ဖြည်းညှင်းစွာပင်မလိုက်၏။ ရှိန်ရက်၏ မျက်နှာသို့ရိုက်ရန်ဟန်ပြပြီး ဝဲယာပြောင်း၍ရိုက်ချသည်။ ရှိန်ရက်ကလည်း သူ၏လက်ဝါးဖြင့်ပြင်းထန်စွာပြန်ရိုက်သည်။

"ဝုန်း..."

အတွင်းအားကြီးမားသူချင်းယှဉ်ပြိုင်တိုက်ခိုက်ခြင်းဖြစ်၍ လေတိုးသံကျယ်လောင်စွာထွက်ပေါ်လာသည်။

ရှိန်ရက်သည် သူ၏အတွင်းအားကို ဆယ်ပုံခုနစ်ပုံခန့်ထုတ်၍ရိုက်လိုက်ခြင်းဖြစ်၏။ သူ့ခြေထောက်ကိုနိုင်နိုင်မြဲမြဲရပ်နိုင်ရန်ကြိုးစားသေးသည်။ သို့သော် ရပ်မရပေ။ သုံးလှမ်းခန့်ဆုတ်ပေးလိုက်ရသည်။

ရှိန်ရက်၏ခြေရာကြီးသည် မြေ၌ကျန်ရစ်၏။ လားမားဂိုဏ်းချုပ်၏ရိုက်ချက်ကိုခံနိုင်ရန် အတွင်းအားထုတ်၍ ခြေမြဲမြဲရစ်ရန်ကြံစည်ခဲ့သဖြင့် ဤသို့ခြေရာထင်ကျန်ရစ်ခဲ့ခြင်းဖြစ်ပေသည်။

ရှိန်ရက်ဆုတ်သွားသည့်အခါ လားမားဂိုဏ်းချုပ်သည် တဟင်းဟင်းရယ်၏။ ရှေ့တိုး၍တိုက်ခိုက်တော့၏။ ရှိန်ရက်သည် ထိပ်တိုက်တွေ့ခြင်းကိုရှောင်၏။



ပထမတစ်ပွဲသည် ရှိန်ရက်၏ရှောင်တိမ်းမှုကြောင့် သရေပွဲဖြစ်သွား၏။

လားမားဂိုဏ်းချုပ်ကြီး၏ မျက်လုံးများ၌ ရက်စက်သည့်အရိပ်အရောင်များထွက်ပေါ်လာသည်။

"ဂိုဏ်းချုပ်ကြီးတစ်ယောက်ဖြစ်လျက်သားနဲ့ အသေအလဲတိုက်မယ်ပြောပြီးမှ ဘာဖြစ်လို့ရှောင်တိမ်းရတာလဲ"

ရှိန်ရက်က မင်သေသေဖြင့်ပြောသည်။

"သိုင်းပညာကိုအဓိကထားတယ်၊ ပါးနပ်လိမ္မာမှုကိုအရေးထားတယ်၊ ဂိုဏ်းချုပ်ဆရာတော်က တပည့်တော်ရဲ့သေနင်္ဂျုပ္ပဟာကိုနားမလည်တော့ဘူးလား"

"ကောင်းပြီ ဂိုဏ်းချုပ်ရှိန်ရက်က ခရီးရှည်အောင်လုပ်ရင် ကျုပ်က ခရီးတိုအောင်လုပ်မယ်၊ ကျုပ်ရဲ့နောက်ဆုံးသိုင်းကွက် ကင်းကျန်ယိယင်းကိုစမ်းသပ်ကြည့်စမ်းပါဦး"

လားမားဂိုဏ်းချုပ်ကြီးသည် သူ၏လက်ဖဝါးနှစ်ဘက်ကိုဖြန့်၍ ရှိန်ရက်အားပြသလိုထောင်ထားသည်။ မျက်လုံးများမှိတ်၍အတွင်းအားသွင်းနေရာ သူ၏လက်ဝါးများအလယ်၌ တစ်ဖြည်းဖြည်းအဖြူရောင်သန်းလာကြောင်းတွေ့ရ၏။ ဂိုဏ်းချုပ်ကြီးကား တကယ်တမ်း ကျင့်ကျန်ယိယင်းကိုတတ်မြောက်ထားသူ ...။

ရှိန်ရက်က သူ၏အတွင်းအား... ...နဲ့ထုတ်၏။ ဦးခေါင်းထိပ်မှရိုးတိုးရိပ်တိတ် အငွေ့ဖြူများထွက်... ...သည်။

သူတို့သည် သေရေးရှင်ရေးတိုက်ပွဲကို တိုက်ခိုက်ကြပေတော့မည်။

* * * * *

လားမားဂိုဏ်းချုပ်ကြီး၏လက်ဝါးက ရှိန်ရက်ထံသို့ဝင်လာသော အခါ အလွန်လေးလံသောတောင်ကြီးပြိုကျသကဲ့သို့ ဖိအားများထွက် ပေါ်လာ၏။

ရှိန်ရက်သည် ကျင်းကျွန်ယီယင်း၏စွမ်းရည်ကို အသေအချာမသိ သေးသည့်အတွက် ထွက်ပေါ်လာသောလေဖိအားကို တန်ပြန်တွန်းလွှတ် ခြင်း၊ ရင်ဆိုင်ခြင်းမရှိဘဲ အလိုက်သင့်အလျားသင့် နောက်ဆုတ်ပေး လိုက်သည်။

"တစ်လှမ်း...နှစ်လှမ်း...သုံးလှမ်း"

ဤသို့ဖြင့် ခုနစ်လှမ်းတိတိနောက်ဆုတ်သွားသည်။

လားမားဂိုဏ်းချုပ်ကြီးသည် ခြေလှမ်းများစွာနောက်ဆုတ်သွား သောရှိန်ရက်ကိုမြင်လိုက်သောအခါ အေးစက်စက်ရယ်လိုက်၏။

ဤလူငယ်ကလေးကား တောင်ကြီးကိုဖြိုမည့်ခါချဉ်ကောင်က လေးနှယ်သာတကားဟု တွေးလိုက်မိ၏။ သူ၏တပည့်ဟောင်းများ ဖြစ်သော ဟူးတုခနှင့် ဟူးတုမူတို့အတွက်လည်းကောင်း၊ ပထမ၊ ဒုတိယ၊ တတိယအဆင့်အသီးသီး၌စောင့်ကြပ်ခဲ့သည့်တပည့်များအတွက် လည်းကောင်း၊ ယခုတစ်ကြိမ်၌စုပြုံကြွေးဆပ်နိုင်ပြီဟု လားမားဂိုဏ်း ချုပ်ကြီး၏စိတ်ထဲ၌ ထင်မှတ်မိလိုက်သည်။

ဘေးမှရပ်ကြည့်နေသည့် လားမားနှစ်ဆယ့်လေးပါးသည် အပေါ် ယံအခြေအနေကိုကြည့်ရုံမျှဖြင့် သူတို့ဂိုဏ်းချုပ်ကြီးသာလွန်နေပြီကို သိနေရကား လွန်စွာကျေနပ်နှစ်မြို့သိမ့်မှုကို ရနေကြလေ၏။

လားမားဂိုဏ်းချုပ်ကြီးသည် ရှိန်ရက်အား မည်သို့တိုက်တိုက်သေ ချာပေါက်နိုင်ပြီဟု တွက်ထားပြီးဖြစ်သဖြင့် ထိုနေရာ၌ပင် တင်ပျဉ် ခွေထိုင်ကာ ရှိန်[illegible]က်အားစိန်ခေါ်လေသည်။

ရှမ်ယာနစ်သည် ရှိန်ရက်အတွက်စိုးရိမ်သွားသည်။ ရှိန်ရက်အို



လားမားဂိုဏ်းချုပ်ကြီးနှင့် ပြိုင်တိုက်လည်းအခက်၊ ပြိုင်မတိုက်လည်း အရှက်ဖြစ်နေကြောင်း ရှမ်ယာနစ်တွေးမိသည်။

သို့သော် ရှိန်ရက်အဖို့ အခြားရွေးချယ်စရာလမ်းမရှိပေ။ လားမား ဂိုဏ်းချုပ်နှင့်ထိုင်၍ပြိုင်ရုံမှတစ်ပါး အခြားနည်းလမ်းမရှိတော့ကြောင်း သိသည်။ ထို့ကြောင့်ရှိန်ရက်သည် လားမားဂိုဏ်းချုပ်ရှေ့၌ မျက်နှာ ချင်းဆိုင် ထိုင်လိုက်ရလေတော့သည်။

လားမားဂိုဏ်းချုပ်က အေးစက်စက်ရယ်ပြီး

"ဟင်း...ဟီး...ဟင်း၊ ဒီလိုမှပေါ့၊ နို့မို့ရင် ကျုပ်တို့ပြိုင်ပွဲကဘယ် မှာပြီးဆုံးနိုင်တော့မလဲ"

"ကိစ္စမရှိပါဘူး၊ ကိစ္စပြတ်ဖို့အတွက်တော့ ဘာမှပူမနေပါနဲ့"

ရှိန်ရက်သည် စကားဆုံးသည်နှင့် တြိအတွင်းအားကိုထုတ်လေ တော့သည်။ ချက်မှထွက်လာသောအပူငွေ့သည် တစ်ကိုယ်လုံးကိုပြန့် နှံ့သွားပြီး တစ်ကိုယ်လုံးမှအပူငွေ့များသည်လည်း တစ်စုတစ်ဝေးတည်း ချက်ဆီသို့ပြန်ဝင်သွားသည်။

ဤသို့အထပ်ထပ်လှည့်ပတ်လိုက်သောအခါ ရှိန်ရက်၏ခန္ဓာကိုယ် သည် လေထဲ၌လွင့်နေသကဲ့သို့ထင်မှတ်လာရသည်။

ဆွေးကြောပေါင်း သုံးဆယ့်ခြောက်ခုထဲမှ သွေးများသည် အမြန် အလှန်လှည့်ပတ်စီးဆင်းနေသဖြင့် [illegible]သူနှင့်တိုက်ခိုက်ရန်အင်အားသည် ရှိန်ရက်၌အဆင်သင့်ဖြစ်လာတော့သည်။

"ဝုန်း"

လားမားဂိုဏ်းချုပ်က မပြောမဆိုပင် လက်ဝါးဖြင့်ရိုက်သည်။ ရှိန်ရက်က သူ့လက်ဝါးကိုရှေ့သို့ ရိုက်ထုတ်သည်။ ဤသို့ဖြင့်လက်ဝါးငေ လေးဘက်ကပ်သွားကာ တစ်ဦးနှင့်တစ်ဦးအတွင်းအားချင်း ယှဉ်ပြိုင် ကြတော့သည်။

ရှမ်ယာနမ်သည်လည်းကောင်း၊ လားမားဘုန်းကြီးနှစ်ဆယ့်လေးပါးသည်လည်းကောင်း သိုင်းကွက်နှင့်ယှဉ်ပြိုင်သည့်ပြိုင်ပွဲများကိုသာမြင်ဖူးကြသည်။ အတွင်းအားချင်း သက်သက်ယှဉ်ပြိုင်သည့်ပွဲများကိုလုံးဝမမြင်ဘူးကြချေ။

အတွင်းအားချင်းယှဉ်ပြိုင်ကြရာ၌ ထိပ်သီးတကာ့ထိပ်သီးဂိုဏ်းချုပ်ကြီးများသာ ယှဉ်ပြိုင်လေ့ရှိကြသဖြင့် ဤသို့မြင်ရခဲခြင်းဖြစ်လေသည်။ သူတို့သည် ဂိုဏ်းချုပ်ကြီးနှစ်ယောက်ကို မျက်တောင်မခတ်ဘဲစေးစိုက်ကြည့်နေမိကြပေ၏။

* * * * *

## ကုသိုလ်ကံနှင့်အောင်ပွဲ

ရှိန်ရက်၏ဦးကင်းမှ ဆီးကင်းခန့်ရှိသော ချွေးလုံးကြီးများတစ်လိမ့်လိမ့်ကျဆင်းလာ၏။ အဘယ်ကြောင့်ဆိုသော် ကျင်းကျန့်ယီယင်းအတွင်းအားပညာက အတားအဆီးမရှိဘဲလွှတ်ပေးလိုက်ပါက၊ သူ့ခန္ဓာကိုယ်ထဲရှိ အသည်းနှလုံး၊ အဆုပ်နှင့်ကျောက်ကပ်စသည်တို့အားလုံးကြေမွပျက်စီးသွားနိုင်သောကြောင့်တည်း။

ထို့ကြောင့် ရှိန်ရက်သည် သူ၌ရှိရှိသမျှသော အတွင်းအားများကိုထုတ်ကာ ကျင်းကျန့်ယီယင်းအတွင်းအားပညာကို တောင့်ခံထားရလေ၏။ သူ့အခြေအနေဆိုးနေသော်လည်း လားမားဂိုဏ်းချုပ်ကြီးအနေဖြင့်မူ သိပ် ခြေအနေမ ကိုးလှပေ။ ဤ ခြေ့ရရပင်ရှိနေသည်။

ထိုမြင်ကွင်း ယာနမ်အား စိတ်နှလုံးပူလောင်စေပြီ လားမားနှစ်ဆယ့်လေးပါးတို့ကိုမူ ဘဝင်အေးစေသည်။



လားမားဂိုဏ်းချုပ်သည် နှစ်ပေါင်းကိုးဆယ်နီးပါးလေ့ကျင့်ထားသည့်သိုင်းပညာအား ရှိန်ရက်မည်သို့မျှ မခုခံနိုင်ဟု ကျိန်းသေတွက်ဆထားသဖြင့် သူ့အတွင်းအားသည် တသမတ်တည်း ရှိန်ရက်အားဖိထားသည်။

ရှမ်ယာနက်၏လက်သည် တစ်ဖြည်းဖြည်းသူမ၏ ဓါးရိုးပေါ်သို့ရောက်သွား၏။

ထိုစဉ် အဝေးမှတစ်ရိပ်ရိပ်ပြေးလာသော လူရိပ်များကို တွေ့လိုက်ရသဖြင့် ရှမ်ယာနမ်သည် အာရုံပြောင်းသွားပြီး ထိုလူရိပ်များကိုကြည့်လိုက်သည်။

ရှမ်ယာနမ်ကဲ့သို့ပင် တိဗက်လားမား နှစ်ဆယ့်လေးပါးသည်လည်း သတိပြုမိကြ၏။ ထို့ကြောင့် သူတို့အားလုံး တုန်လှုပ်သွားကြသည်။

မီးခိုးရောင်ဝတ်ရုံရှည်ကြီးများကိုဝတ်ဆင်ထားပြီး တောင်ဝှေးရှည်ကြီးများကိုယ်စီကိုင်ထားသော ငေါ်မေးဂိုဏ်းချုပ်လင်ခုံးနှင့်သူ၏ဂိုဏ်းတူညီလင်ရီ၊ လင်ဟွန့်တို့သည် ရှိန်ရက်တို့၏ ပတ်ဝန်းကျင်ကိုလျှင်မြန်သောအရှိန်အဟုန်ဖြင့် ရောက်ရှိလာလေ၏။

လင်ခုံးက

"ဒကာမ ကျုပ်တို့ကိုမှတ်မိသေးလား"

လေသံက အေးစက်စက်နှင့် ခြိမ်းခြောက်လိုက်သည့်လေသံပေါက်နေသည်။

လားမားဂိုဏ်းချုပ်ကြီးနှစ်ဆယ့်လေးပါးသည် ရှမ်ယာနမ်နှင့်ငေါ်မေးဂိုဏ်းသားများ မည်သို့ပြဿနာဖြစ်ခဲ့သည်ကိုမသိသဖြင့် စောင့်ကြည့်နေကြသည်။ မည်သို့ပင်ဖြစ်စေ ငေါ်မေးဂိုဏ်းသားသုံးဦးရောက် ာခြင်းသည် သူတို့အတွက်မည်သို့မျှ မကောင်းနိုင်သည်ကိုတော့ယေဘုယျသိထားကြသည်။

ရှမ်ယာနမ်သည် ငေါ်မေးဂိုဏ်းနှင့် အကြိမ်ကြိမ်ရန်ဖြစ်ခဲ့သူဖြစ်၍ ခေါင်းရှည်ကိုဆွဲထုတ်ပြီး ပြန်မေးလိုက်၏။

"ငေါ်မေးဂိုဏ်းချုပ်ကြီးကို တပည့်တော်ဘာဖြစ်လို့မမှတ်မိရမှာလဲ"

"ဟင်း…ဟင်း…ဟင်း၊ လုံမလေးက ကျုပ်တို့ကိုသိတယ်ဆိုရင်ပြီးတာပါပဲ၊ ကျုပ်တို့က ရန်ကြွေးဟောင်းတောင်းဖို့လာကြတာပဲ"

လင်ခုံသည် စကားဆုံးသည်နှင့် ရှမ်ယာနမ်အား တောင်ဝှေးဖြင့် ထိုးနှက်တိုက်ခိုက်တော့၏။ ရှမ်ယာနမ်သည် တောင်ဝှေးကိုဓါးဖြင့် ရိုက်ထုတ်လိုက်၏။

"ဂိုဏ်းချုပ်ကြီး ရှုံးနေသလား၊ လူဗိုလ်တောင်မှာ ဂိုဏ်းပေါင်းစုံ ဓါးရေးယှဉ်ပြိုင်ဖို့ ကြေငြာခဲ့ပြီးပြီ။ အဲဒီရန်ကြွေးကို ဟိုရောက်မှရှင်းလည်းဖြစ်ပါတယ်"

ငေါ်မေးဂိုဏ်းချုပ်က အေးစက်စက်ရယ်သည်။

"ကျုပ်တို့က အဲဒီအချိန်အထိ စောင့်မနေနိုင်ဘူး"

လင်ခုံသည် သူ၏ဂိုဏ်းတူညီနှစ်ယောက်ကို လှမ်းအချိန့်ပေးလိုက်သည်။

"ညီတော်တို့ မတိုက်သေးဘူးလား"

ရှမ်ယာနမ်၏ပညာသည် အံဩဖွယ်ကောင်းသောအဆင့်မြင့်၏။ သူမသည်ငေါ်မေးဂိုဏ်းသားသုံးဦးကို မကြောက်ပေ။ သို့သော် ရေရှည်တွင်တော့မနိုင်နိုင်ပေ။ ရှုံးသွားနိုင်သည်။

"ကောင်းပါပြီ၊ ဂိုဏ်းချုပ်ကြီးက အခုပဲတိုက်ချင်တယ်ဆိုရင် ကျွန်မကအခုပဲတိုက်မယ်"

တကယ်တမ်းတိုက်သောအခါတွင် လင်ခုံးနှင့်လင်ဟွမ်တို့ကသာ သုံးမကိုတိုက်သည်။ လင်ရီကမူ ရှိန်ရက်နှင့် လားမားဂိုဏ်းချုပ်တို့



အတွင်းအားပညာယှဉ်ပြိုင်နေသည့်နေရာသို့ထွက်သွား၏။

"ဟိုတစ်ယောက်က တပည့်တော်နဲ့ ရန်ကြွေးရှင်းမယ်ဆိုရင် တပည့်တော်နဲ့ပဲတိုက်ပေါ့၊ ဘာဖြစ်လို့ဟိုဘက်ကိုထွက်သွားရတာလဲ"

လင်ရီသည် ရှိန်ရက်နှင့် လားမားဂိုဏ်းချုပ်ထံသို့သာ တစ်ဖြည်းဖြည်းချဉ်းကပ်လာသည်။

ရှိန်ရက်သည် လားမားဂိုဏ်းချုပ်ကို အပြင်းအထန်တွန်းလှန်နေရ၏။ ထိုအချိန်၌ လင်ခုံးနှင့်လင်ရီတို့သာမဟုတ်ဘဲ အခြားသာမန်သိုင်းသမားကလေးတစ်ယောက်က လာလုပ်ကြံလျှင်ပင် ရှိန်ရက်သေသွားနိုင်ပေသည်။

လားမားနှစ်ဆယ့်လေးပါးတို့သည် ရှမ်ယာနမ်နှင့် ငေါ်မေးဂိုဏ်းသားတို့၏ အရေးတွင်ဝင်ရောက်စွက်ဖက်ခြင်းမပြုကြချေ။

သူတို့၏ဂိုဏ်းသည် ဝေးလံသောတိဗက်၌တည်ရှိသဖြင့် ငေါ်မေးဂိုဏ်းနှင့် မည်သို့မျှပြဿနာမရှိနိုင်ဟုဆွေးသည်။ ထို့ကြောင့်စိတ်အေးလက်အေးစောင့်ကြည့်နိုင်ကြခြင်းဖြစ်ပေသည်။

သို့သော် ယခုမူသူတို့ထင်သလိုမဟုတ်ဘဲ လင်ရီသည်အတွင်းအားပညာပြိုင်နေသည့် သူတို့ဂိုဏ်းချုပ်ကြီးဆီသို့ ချဉ်းကပ်လာနေသည်။

"ယော့ရပ်စမ်း"

လားမားသုံးပါးက ရုတ်တရက်အော်ဟစ်ပြီး တားဆီးလိုက်၏။

လင်ရီက ထိုလားမားကို တောင်ဝှေးဖြင့်ရိုက်ချလိုက်ရာ လားမားသုံးပါးကျွမ်းပစ်ရှောင်တိမ်းသွားကြရ၏။

လင်ရီလာရာလမ်းမှာ လားမားဂိုဏ်းချုပ်ကြီးနှင့် နီးကပ်သည်။ လားမားဂိုဏ်းချုပ်ကြီးကို အနီးကပ်ကျော်ဖြတ်ပြီးမှသာ ရှိန်ရက်ထံရောက်နိုင်၏။ ထို့ကြောင့်လင်ခုံးချဉ်းကပ်လာပုံကို ရုတ်တရက်ကြည့်ပါက လားမားဂိုဏ်းချုပ်ကြီးကို ရန်ပြုမည့်ပုံစံမျိုးဖြစ်နေပေသည်။

လားမားဂိုဏ်းချုပ်ကြီးသည် ရှိန်ရက်အား သူဖိနှိပ်ထားနိုင်ပြီဟု ထင်ထားဆဲ၌ သူ့ဘေးမှလေတိုးသံကြားလိုက်ရသောအခါ ထိတ်လန့်သွားသည်။

လားမားများ၏အော်သံကိုလည်း ကြားလိုက်ရသဖြင့် ရှမ်ယာနန်သည်သူ့အား ရုတ်တရက်ဝင်တိုက်ပြီဟု ထင်လိုက်မိ၏။ ထို့ကြောင့် သူ၏အစွမ်းကုန်ထုတ်ထားသောအတွင်းအားကို အနည်းငယ်ပြန်သိမ်း၍လေတိုးသံကြားသည့်ဘက်သို့ လက်ဝါးဖြင့်ရိုက်ချလိုက်၏။

ရှိန်ရက်သည် ချွေးသီးချွေးပေါက်ကျလျှက် တွန်းလှန်နေရာမှ လားမားဂိုဏ်းချုပ်ကြီး၏ အတွင်းအားလျော့သွားသည်ကို အံ့ဩဖွယ်ရာတွေ့ရှိလိုက်ရ၏။ သူသည် အခွင့်အရေးကိုလက်လွှတ်မခံဘဲရှိရှိသမျှအတွင်းအားကို အားကုန်သုံး၍ ဖိချလိုက်၏။

ထိုတခဏ်အတွင်း၌ ငေါ်မေးဂိုဏ်းမှလင်ရီသည် ကျင်းကျန့်ယီယင်းအတွင်းအားလက်ဝါးဒဏ်ဖြင့် လွင့်စဉ်ကာနလုံးသားများကြေမွသေဆုံးသွားပြီ လားမားဂိုဏ်းချုပ်ကြီးမှာလည်း ယိမ်းယိုင်သွားသည်။

"ဝေါ့"

လားမားဂိုဏ်းချုပ်ကြီးမှာ လင်ရီ၏အနှောက်အယှက်ပေးမှုကြောင့် အကြီးအကျယအတွင်းဒဏ်ရာရသွား၏။ ပါးစပ်မှသွေးများပန်းထွက်သွားသည်။

ကျန်းကျန့်ယီယင်းနှင့် တြိအတွင်းအားတို့သည် နဂိုကတည်းက သူမြင့်သည်၊ ငါမြင့်သည်ဟု ခွဲခြား၍မရစကောင်းသောအတွင်းအားပညာဖြစ်သည်။

ဤပညာရပ်နှစ်ခု၏ကွာခြားမှုမှာ အပ်ချည်ကြီးတစ်မျှင် ကသာဖြစ်သည်။

ရှိန်ရက်အနေဖြင့် လားမားဂိုဏ်းချုပ်ကြီးကို ဤမျှခုခံတိုက်ခိုက်



နိုင်ခြင်းမှာ လောဝ်လင်အဘိုးအိုသုံးဦးပေးခဲ့သည့် ထီစင်ဆေးလုံးငါးလုံးကြောင့်သာဖြစ်သည်။ **ဆေးလုံးငါးလုံးစားထားသည့်အတွက်** အနှစ်ကိုးဆယ်မျှ ကျင်းကျန့်ယီယင်းကိုလေ့ကျင့်ခဲ့သည့် လားမားဂိုဏ်းချုပ်နှင့်လက်ရည်တူယှဉ်ပြိုင်နိုင်ခြင်းဖြစ်သည်။

ယခုလင်ရီကြောင့် အားအနည်းငယ်လျော့မိသည်နှင့် လားမားဂိုဏ်းချုပ်ကြီးမှာ အရှုံးကြီးရှုံးသွားရတော့သည်။

**ရှိန်ရက်သည် သူ**၏အတွင်းအားကို ပြန်လည်ရုပ်သိမ်းလိုက်လေ၏။

**လားမားဂိုဏ်းချုပ်**ကြီးသည် ယူကျုံးမရသော ကြေကွဲဝမ်းနည်းသော**အကြည့်ဖြင့် ရှိန်**ရက်ကိုကြည့်နေ၏။ မထင်မှတ်ဘဲ **ရှုံးနိမ့်**ရခြင်းကို **သူမကျေနပ်သေး** သို့သော်အရှုံးကအရှုံးပင်။

**လင်နှင့်မှုံ့ထင်ကွစ်**တို့သည် မမျှော်လင့်သည့်အဖြစ်အပျက်**များ**ကြောင့် **ရှမ်ယာနန်ကိုမ**တိုက်တော့ဘဲ ရှောင်လိုက်ကြ၏။

ငေါ်**မေးဂိုဏ်းချုပ်သင်ခုံး**က သူ့တို့သည်ရှိန်ရက်ကိုတိုက်**ရန်လာ**ခြင်းသာဖြစ်**ကြောင်း မထင်မှတ်**သည့်အဖြစ်အပျက်များဖြစ်ကုန်**ခြင်းသာ**ဖြစ်ကြောင်းရှင်း**ပြရန် လက်အုပ်**ချီလိုက်၏။

"ဂိုဏ်းချုပ်ကြီး **အထင်**မမှားပါနဲ့၊ ကျုပ်တို့ဒီကိုလာ**တာဟာ**.."

လားမားဂိုဏ်းချုပ်ကြီးသည် မီးထွက်တောက်**မတတ်သောမျက်**လုံးများဖြင့် လင်ခုံးကိုကြည့်လိုက်**၏။ လင်ခုံးမှာအကြီးအကျယ်တုန်**လှုပ်သွား၏။

"ကျုပ်နဲ့ဂိုဏ်းချုပ်ရှိန်ရက်နဲ့ ရန်သူပဲ၊ သူနိုင်ကိုယ်**နိုင်တိုက်နေချိန်**ဖြစ်ပေမယ့် ခင်ဗျားတို့ရဲ့အပြုအမူကို ဂရုမစိုက်ဘူး၊ ကျုပ်ရှိန်ရက်ကိုရှုံးသွားပြီ၊ ဒါဟာကံတရားကြောင့်မဟုတ်ဘူး၊ ခင်ဗျားတို့ကြောင့်ပဲ၊ ဒီတော့ကျုပ်မှာ အကြွေးနှစ်ထပ်ကွမ်းရှိသွားပြီ၊ လူဗိုလ်ဂိုဏ်းရဲ့အကြွေးနဲ့

ငေါ်မေးဂိုဏ်းရဲ့အကြွေးပဲ၊ ကျုပ်တို့တီဗက်လားမားတွေဟာ တစ်နေ့မှာမြေပြန့်သိုင်းလောကကို ပြန်လာခဲ့မယ်၊ ဒီကနေ့တော့ဒီလောကနဲ့ ပဲ အားလုံးကိုနှုတ်ဆက်ခဲ့တယ်"

လားမားဂိုဏ်းချုပ်ကြီးသည် ဒယီးဒယိုင်ထလိုက်၏။

သူတပည့်များကိုအချက်ပြပြီး၊ ပြေးထွက်သွားလေ၏။ ဒဏ်ရာကိုအံကြိတ်၍တင်းခံကာ ရန်သူများရှေ့၌ ဣန္ဒြေမပျက်ပြေးသွားပုံမှာ အတုယူလောက်၏။ မကြာမီလားမားအားလုံး မြင်ကွင်းမှပျောက်ကွယ်သွားလေတော့၏။

မည်သို့ပင်ဖြစ်စေ တိဗက်လားမားများသည် ငေါ်မေးဂိုဏ်းကို လွန်စွာနာကျည်းသွားကြသည်။ ရှိန်ရက်သည် ထိုင်ရာမှထလိုက်၏။

"ငေါ်မေးဂိုဏ်းချုပ်ကြီး ဆရာတော်လုပ်ရပ်ဟာ တကယ်ပဲရွံစရာ၊ မုန်းစရာကောင်းပါတယ်၊ ဒါဟာမလုပ်သင့်မလုပ်ထိုက်တဲ့ ကိစ္စ ပဲ"

ငေါ်မေးဂိုဏ်းချုပ်မှာ မုန်းချက်နှင့်နှမ်းထွက်မကိုက်ဘဲ ဖြစ်သွားသည့်အပြင် ရွှတ်ချအပြစ်တင်ခံနေရသဖြင့် မျက်နှာတစ်ပြင်လုံးနီရဲနေတော့၏။

ရှိန်ရက်ကို

"တိတ်စမ်း၊ မင်းကျူးလွန်လာတဲ့အပြစ်တွေကများနေပြီ၊ ငါတို့ကဟိုအချိန်စောင့်၊ ဒီအချိန်စောင့်နေရမှာလား"

"အချိန်စောင့်ဖို့မလိုပါဘူး၊ တပည့်တော်နဲ့မတိုက်ရင်ပြီးတာပဲ၊ အခုဟာက သူခိုးကျင့်သူခိုးကြံ.."

ရှမ်ယာနမ်က အော်ဟစ်ပြီးလင်ခုံးကိုဓားဖြင့် ဝင်ထိုး၏။ လင်ခုံးကရှမ်ယာနမ်၏ဓားကို တောင်ဝှေးဖြင့်ရိုက်ထုတ်လိုက်သည်။

"ရှမ်ယာနမ်မလုပ်နဲ့"

ရှိန်ရက်၏တားဆီးမှုကြောင့် ရှမ်ယာနမ်နောက်ဆုတ်သွားသည်။



"အစ်ကို..ဒီလိုလူမျိုးတွေကို ဒီလိုချည်းခွင့်လွှတ်နေရမှာလား"

ရှိန်ရက်ကခေါင်းခါ၏။

"ငါကခွင့်လွှတ်ဖို့ပြောတာမဟုတ်ဘူး၊ လူဗိုလ်တောင်ထိပ်မှာ သိုင်းပညာပြိုင်ဖို့ သူတို့ကိုဖိတ်ခေါ်ပြီးပြီ။ ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်ဖို့အရေးကြီးတယ်၊ ကဲ..လူဗိုလ်တောင်မှာပြိုင်မယ့်အစား၊ ဒီမှာပြိုင်မယ်ဆိုရင်လည်း ကျုပ်ကဝန်မလေးပါဘူး၊ ကျင်းကျန့်ယီယင်နဲ့ ကျုပ်ရဲ့ကြိုအတွင်းအားတန်းတူရည်မျှမရှိဘူးဆိုရင် ပြောချင်တိုင်းပြောပါ။ ပြိုင်ချင်ရင်ရှေ့တိုးခဲ့ပါ"

ငေါ်မေးဂိုဏ်းချုပ်လင်ခုံးသည် ရှိန်ရက်အား စက်ဆုပ်မုန်းတီးစွာကြည့်၏။

"ကောင်းပြီ ငါတို့လူဗိုလ်တောင်မှာ ထပ်တွေ့ကြမယ်၊ အဲဒီကျမှ သေးကြွေးပြန်တောင်းတော့မယ်"

ငေါ်မေးဂိုဏ်းချုပ်လင်ခုံးသည် စကားဆုံးသည်နှင့် ပြေးထွက်သွား၏။ လင်ဟွမ်လည်း အပ်ကြပ်မကွာပြေးလိုက်သွားသည်။

ရှမ်ယာနမ်ခြေဆောင့်၍ပြောလေ၏။

"အစ်ကို သူတို့ဟာမြေပြန့်သိုင်းလောကနဲ့ တိဗက်သိုင်းလောကကို ရန်ငြိုးတံတားတည်ဆောက်ပေးခဲ့တဲ့လူတွေပဲ၊ ဘာဖြစ်လို့လွယ်လွယ်နဲ့အသက်ရှင်ခွင့်ပေးလိုက်ရတာလဲ"

ရှိန်ရက်သည် ရှမ်ယာနမ်အား ပြုံးပြလိုက်၏။ စကားသုံးလေးလုံးပြောသော်လည်း မပီမသအသံထွက်လာ၏။ နောက်မြေပြင်ပေါ်သို့ ဝုန်းခနဲလဲကျသွားတော့သည်။

"အစ်ကိုရှိန်ရက်"

ရှမ်ယာနမ်မှာ အလန့်တကြားအော်ဟစ်မိလေတော့သည်။ ငေါ်မေးဂိုဏ်းချုပ်လင်ခုံးနှင့် လင်ဟွမ်တို့အား အဘယ့်ကြောင့်ရန်မလုပ်ဘဲ

ခွင့်လွှတ်လိုက်သည်ကို ထရုတ္တသူမနားလည်တော့သည်။ သူ၌ပြင်းထန်သည့်အတွင်းဒဏ်ရာရရှိနေသည်တကား။

ရှမ်ယာနမ်သည် ရှိန်ရက်၏သွေးစွန်းစွန်းကို စမ်းသပ်ကြည့်၏။ သွေးစွန်းစွန်းမမှန်ပေ။ သူမသည် ရှိန်ရက်တင်ထွဋ်ခွေအနေအထားဖြစ်အောင်ပြင်ဆင်သည်။ သို့မှသာ သူမအရေးဖြင့် အတွင်းအားဖြည့်သွင်းကူညီပေးနိုင်ပေလိမ့်မည်။

ထိုစဉ်သူမ၏နောက်မှ မိန်းမတစ်ယောက်၏ ရယ်သံတစ်သံကြားလိုက်သဖြင့် လန့်သွား၏။ သူမလှည့်ကြည့်လိုက်သောအခါ ဝါးတရိုက်ခန့်အကွာ၌ အဘွားအိုတစ်ဦးရပ်နေကြောင်းတွေ့ရလေ၏။

'ရှင်ဘယ်သူလဲ"

ထိုအဘွားအိုက ရှမ်ယာနမ်အား ရန်မူလိုဟန်မရှိဘဲ၊ ခပ်ပြုံးပြုံးပြောသည်။

'လုံမလေးလန့်သွားသလား၊ မလန့်ပါနဲ့၊ ငါကလုံမလေးတို့ရဲ့မိတ်ဆွေပါ"

ရှမ်ယာနမ်က မယုံသင်္ကာသောကြည့်ဖြင့်ကြည့်နေ၏။

'ရှင်ဘယ်သူလဲ"

'ငါဘယ်သူဆိုတာ အရေးမကြီးပါဘူး၊ သူ့ရဲ့ကောင်းလေးရှိန်ရက်ကို လုံမလေးဘာမှသွားမလုပ်ပါနဲ့၊ သူကအတွင်းဒဏ်ရာရတာမဟုတ်ပါဘူး၊ အပြင်းအထန်အတွင်းအားချင်း ယှဉ်ပြိုင်ထားရလို့ အားကုန်ပင်ပန်းသွားတာပါ။ သူဘာသာရှိနေပါစေ၊ တော်ကြာလုံမလေးကတောနဲ့တစ်ခြားစီဖြစ်ပြီး ဒုက္ခရောက်မှာစိုးလို့လာသတိပေးတာပါ"

'ဟုတ်ရဲ့လားရှင်"

'ဟုတ်ပါတယ်၊ ငါကဘာဖြစ်လို့ သူ့ရဲ့ကောင်းလေးရှိန်ရက်ကို မကောင်းကြံရမှာလဲ၊ လာပါငါပြောပြဦးမယ်"



ရှမ်ယာနမ်သည် အဘွားအိုအနီးသို့ ချဉ်းကပ်လာ၏။

ထိုစဉ်နောက်မှလေတိုးသံကြားသဖြင့် လှည့်ကြည့်လိုက်မိ၏။ လူတစ်ယောက်သည် ရှိန်ရက်ကိုပွေ့ချီပြေးထွက်သွားလေတော့သည်။

'သူခိုး··ထားခဲ့စမ်း"

ရှမ်ယာနမ်သည် ရှိန်ရက်အားခိုးပြေးသွားသည့်သူနောက်သို့ ပြေးလိုက်သည်။

'လုံမလေးမပူပါနဲ့"

'အဘွားအို၏တားမြစ်သံကြောင့် ရှမ်ယာနမ်မှာ ဟိုလိုက်ရနိုးနိုးသည်လိုက်ရနိုးနိုးဖြစ်သွား၏။ ရှိန်ရက်ကိုပွေ့ချီပြေးသူမှာ ရှမ်ယာနမ်နှင့်တစ်ဖြည်းဖြည်းဝေးကွာသွားတော့သည်။

ရှမ်ယာနမ်သည် ဓားထုတ်ပြီးအ[illegible] ိုနှင့် ရင်ဆိုင်သည်။

'ရှင်ဘယ်သူလဲပြော၊ အစ်ကိုရှိန်ရ[illegible] မယူသွားတာဘယ်သူလဲ"

အဘွားအိုခေါင်းခါ၏။

'ငါဘယ်သိမလဲ၊ သူကတစ်ခြား၊ ငါကတစ်ခြားပဲ၊ ငါကစေတနာကောင်းနဲ့လာသတိပေးတာ"

'ရှင်ညာရဲ့သလား"

'ငါ[illegible]ဘယ်သူ့ကို မညာရဲရမှာလဲ၊ ငါညာချင်ညာမယ်၊ မညာချင်မညာ[illegible]းတရဲ့တချော်ကူမှာစိုးလို့ ငါကစေတနာနဲ့လာသတိပေးတာ၊ မင်းကငါ့ကိုတောင် အပြစ်တင်နေရသေးလား"

'ရှင်ဘယ်သူလဲ"

'ငါဘယ်သူဆိုတာ တကယ်သိချင်သလား"

'ပြောမှာပြောစမ်း[illegible] ဘိုးခေါ်ကြည့်"

'ငါကဘာခေါ်း[illegible]။ ငါကအရိပ်မဲ့အဆိပ်ဆရာကြီးဆွေမင့်ရှဲ့ဇနီးပဲ"

"လက်စသတ်တော့ ဆွေကတော်ကြီးပါလား၊ ရှင့်ကိုကျွန်မကြားဖူးပါတယ်၊ ကျွန်မကိုအမှန်အတိုင်းပြောပါ၊ စောစောကအစ်ကိုရှိန်ရက်ကို ချီပြေးသွားတာဘယ်သူလဲ"

"ငါ့သမီးလေး ဆွေကျင်မွန်ပါ"

ရှမ်ယာနမ်၏စိတ်ထဲ၌ မနာလိုဝန်တိုသောစိတ်များ ပြန်ပေါ်လာ၏။

"သြော်လက်စသတ်တော့ ဒီလိုကိုး၊ စောစောကဘာဖြစ်လို့ဝန်မခံတာလဲ"

"ဒါကတော့ မင်းလိုက်လို့မမီအောင်ပေါ့"

"သူ့ကိုလိုက်လို့မမီပေမယ့်၊ ရှင်ကကျွန်မလက်ကလွတ်မယ်ထင်သလား"

ဆွေကတော်ကြီးကရယ်လိုက်၏။

"ဒီမှာလုံမလေး အခုကိစ္စက သူရဲကောင်းလေးရှိန်ရက်ကို ဒုက္ခပေးဖို့ခေါ်သွားတာမဟုတ်ပါဘူး၊ သူနဲ့ရှင်းရှင်းလင်းလင်းမေးရမြန်းရမယ့်ကိစ္စရှိနေလို့ ခေါ်သွားတာပါ။ ဒါကြောင့်မင်းနဲ့လည်း ဘာမှရန်ဖြစ်နေစရာမလိုပါဘူး၊ တကယ်လို့ရန်ဖြစ်စရာလိုတယ်ဆိုရင်လည်း မင်းဟာငါ့ပြိုင်ဘက်မဟုတ်ဘူးဆိုတာ မင်းသိထားပါ"

"ရှင့်ပြိုင်ဘက်ဟုတ်ဟုတ် မဟုတ်ဟုတ် ကျွန်မကဂရုမစိုက်ဘူး၊ အစ်ကိုရှိန်ရက်ကို ပြန်ပို့ပေးဖို့ ရှင့်သမီးကိုသတိပေးလိုက်ပါ"

အဘွားအိုကခေါင်းညိတ်၏။

"စိတ်ချပါ။ ရှိန်ရက်ရဲ စိတ်သဘောမပါဘဲနဲ့ ငါတို့ကသူ့ကိုအတင်းအကျပ်ချုပ်နှောင်မထားပါဘူး၊ ငါတစ်ခုတော့သေသေချာချာအာမခံပါတယ်၊ လူဗိုလ်တောင်မှာကျင်းပမယ့် ဓါးသိုင်းပြိုင်ပွဲအမီ ရှိန်ရက်ပြန်ရောက်စေရပါမယ်၊ ကဲ..ငါ့ကိုသွားခွင့်ပြုပါ"

ဆွေကတော်ကြီးသည် ရှမ်ယာနမ်အားချော့မော့ပြောဆိုပြီးနောက် ပြေးထွက်သွားတော့သည်။ ပထမတွင် ရှမ်ယာနမ်သည် ဆွေကတော်ကြီးနောက်သို့ပြေးလိုက်ရန် ဟန်ပြင်သေးသည်။ သို့သော်ဆွေကတော်



ကြီး၏ ကိုယ်ဖော့ပညာကောင်းလွန်းကြောင်းတွေ့လိုက်ရသဖြင့် သူ့အကြံကိုဖျက်လိုက်ရသည်။

ရှမ်ယာနမ်သည် စိတ်ပျက်လက်ပျက်ဖြင့် ဓါးကိုဓါးအိမ်ထဲပစ်သွင်းလိုက်၏။ ယခုချက်ချင်းသူမဘာလုပ်ရမည်ကို စဉ်းစား၍မရအောင်ဖြစ်နေသည်။

သူမသည် ဤနယ်စပ်ဒေသကို ဆွေကတော်ကြီးနှင့်ဆွေကျင်မွန်တို့လောက်မကျွမ်းကျင်ပေ။ ထို့ကြောင့် ဆွေကတော်ကြီးတို့၏ခြေရာကိုခံရန်လည်း မတတ်စွမ်းပေ။ ရှမ်ယာနမ် ငိုချမိ၏။ ရှမ်ယာနမ်အားငယ်မိ၏။ ရှိန်ရက်ရှိစဉ်က သူမမည်သည့်အန္တရာယ်မှမမှုချေ။ ရှိန်ရက်နှင့်အတူ သေရဲသည်။ ယခု သူမ မသေရဲတော့ချေ။

"တောက်.."

ရှမ်ယာနမ်သည် တက်တစ်ချက်ခေါက်လိုက်၏။

"ဒီငေါ်မေးတွေသာရောက်မလာ .. ဒီလိုဖြစ်မှာမဟုတ်ဘူး သူတို့လာရှုပ်လို့ခုလိုဖြစ်သွားရတာ၊ သူတို့ကို ကျွမ်းသဒ္ဒါလန်အောင် လုပ်ပြစ်မယ်"

ရှမ်ယာနမ်၏ဒေါသများသည် ငေါ်မေးဂိုဏ်းအပေါ်သို့ ပုံကျသွား၏။

"ငါသေချင်သေပါစေ၊ ငေါ်မေးဂိုဏ်းသားတွေကို တစ်ယောက်မကျန်သတ်ပစ်မယ်"

ရှမ်ယာနမ်သည် လေချွန်လိုက်၏။ သူမ၏မြင်းအာစာနည်ကြီးရောက်လာ၏။ သူမမြင်းပေါ်သို့ခုန်တက်လိုက်၏။ သူမသည်လူဗိုလ်တောင်သို့ရောက်နိုင်သည့်လမ်းမှ ဖဲ့ခွါလိုက်၏။

ငေါ်မေးဂိုဏ်းတည်ရာ ရွှေရောင်တောင်ထိပ်ဘက်မြင်းကြီးကိုနှိုင်းနှင်တော့သည်။

ရှမ်ယာနမ်ထွက်သွား... အခါ မလှမ်းမကမ်းရှိတောအုပ်ထဲမှ သက်ပြင်းချသံများထွက်ပေ...လာတော့သည်။

* * * * *

## သူ့ရဲကောင်း၏ဝေဒနာ

အတွားအိုတစ်ယောက်နှင့် မိန်းမပျိုတစ်ယောက်တို့သည် သစ်ပင်အုပ်ထဲမှထွက်လာကြ၏။ မိန်းမပျိုသည်ရှိန်ရက်ကို ပွေ့ချီထား၏။

သူတို့ကား ဆွေကတော်ကြီးနှင့် ဆွေကျင်မွှန်တို့ပင်ဖြစ်တော့သည်။

ဆွေကတော်ကြီးက ခပ်ညည်းညည်းကလေးပြောသည်။

"ငါတို့ သူ့လက်ကတော့လွတ်ပါပြီ၊ ဒါပေမယ့်သူ့ငိုတယ်၊ ရှိန်ရက်အတွက်သူ့သိပ်ပြီး စိတ်ဆင်းရဲမှာပဲ"

ဆွေကျင်မွှန်က ခပ်တိုးတိုးပြောသည်။

"မေမေကဘာဖြစ်လို့ တစ်ချိန်လုံးသူများတွေအတွက်ချည်းပဲ စဉ်းစားနေတာလဲ၊ တစ်ခါတစ်လေ ကိုယ့်သမီးအတွက်လည်းစဉ်းစားစမ်းပါဦး"

ဆွေကတော်ကြီးသည် သမီးဖြစ်သူအား ကြင်နာစွာကြည့်ပြီး

"အခုသမီးကလေးအတွက် မေမေဆောင်ရွက်ပေးတာပဲမဟုတ်ဘူးလားကွယ်"

ဆွေကျင်မွှန်က ချစ်စဖွယ်ပြုံးလိုက်၏။

"သမီးပြောတာမှားတယ်ပဲထားလိုက်ပါတော့မေမေ"

"သမီးသူ့ကိုတိုက်ဖို့ ဒဏ်ကြေဆေးလုံးထုတ်ထားပြီးပြီလား"

"သမီးသူ့ကိုဆေးတိုက်ပြီးပါပြီ"

ဆွေကတော်ကြီးသည် ရှိန်ရက်၏မျက်နှာကို တစ်ချက်မျှအကဲခတ်လိုက်၏။ မကြာမီပြန်လည်သတိရလာတော့မည်ကို ရိပ်မိသည်။

"အင်း..ကောင်းတယ်သမီး"

အဆက်အစပ်မရှိခေါ်လိုက်သည့်အသံကြောင့် ဆွေကျင်မွှန်ခေါင်းမော့ကြည့်မိသည်။

"မေ..မဘာပြောမလို့လဲဟင်"

"သမီးကိုမေမေမေးစရာရှိတယ်၊ သိပ်အရေးကြီးတယ်"



"ဘာများလဲမေမေရယ်"

"တကယ်လို့သူ့ရဲကောင်းလေးရှိန်ရက်မှာ တစ်ခြားအခက်အခဲတစ်ခုခုရှိနေလို့ သမီးကိုငြင်းပယ်လိုက်ရင်"

ဆွေကတော်ကြီး၏စကားမှာမဆုံးပါ၊ ဆွေကျင်မွှန်မှာထိုစကားကြောင့် အကြီးအကျယ်တုန်လှုပ်ချောက်ချားသွားရှာသည်။

"မေမေသမီးဒါကိုမစဉ်းစားဘူး"

ဆွေကတော်ကြီးက လေးလံစွာသက်ပြင်းချလိုက်သည်။

"ဒီကိစ္စဟာရှင်းပါတယ်သမီးရယ် အမေလုပ်တဲ့သူကတော့သမီးဖြစ်သူကို စိတ်ချမ်းသာစေချင်တာချည်းပဲပေါ့၊ ဒါပေမယ့်တကယ်လို့သမီးဖြစ်သူရဲ့မျှော်လင့်ချက်ပျက်သွားပြီးတဲ့အခါမှာလည်း ဘယ်လိုစိတ်ဓာတ်တက်အောင် အားပေးထားရမလဲတွေးထားသင့်တာပေါ့"

"သမီးတစ်ခုစဉ်းစားပါကွယ်၊ သမီးလေးဟာ ရုပ်ရည်ချောသလိုစိတ်ဓာတ်လည်းလှပါတယ်၊ ဒါပေမယ့် မေမေတွေ့ဖူးသမျှထဲမှာ ရှိန်ရက်လောက်ကံဆိုးတဲ့လူကို မတွေ့ဖူးတာပဲ"

"ရှင်.."

ဆွေကျင်မွှန်ကအံ့ဩသွားသည်။

"သူဘာတွေကံဆိုးတာလဲမေမေ"

"အေး..မေမေမှားသွားတယ်၊ သူပဲကံဆိုးတာလား၊ သမီးတို့ပဲကံဆိုးတာလားမသိဘူး၊ မေမေစုံစမ်းထားရသလောက်တော့ ရှိန်ရက်နဲ့ ပတ်သက်ဆက်စပ်နေတဲ့ မိန်းကလေးမှန်သမျှလိုလို သမီးလိုရုပ်ရည်ချောမောပြီး စိတ်ဓာတ်လှကြတယ်ဆိုတာပါပဲ၊ ခပ်ရှင်းရှင်းပြောရင် ရှိန်ရက်တွေ့နေရတဲ့ မိန်းကလေးတွေဟာ သမီးထက်ညံ့တဲ့လူတစ်ယောက်မှမရှိဘူးဆိုတာပါပဲကွယ်၊ အေး..မေမေသာသူ့နေရာမှာရောက်နေရင် မေမေ့အနေနဲ့ ဘယ်သူ့ကိုရွေးမယ်လို့ ယတိပြတ်ဆုံးဖြတ်နိုင်မှာမဟုတ်ပါဘူး"

သည်အချက်ကိုတော့ ဆွေကျင်မွှန်လက်ခံသည်။ သူမ၏မိခင်

သည် အမှန်တရားများကိုသာ ပြောနေခြင်းဖြစ်သည်။ ထို့ကြောင့်သဘောတူကြောင်း ခေါင်းညိတ်ပြမိသည်။

"ကိစ္စမရှိပါဘူးမေမေ၊ သူသာမေ့မေ့စကားကို ငြင်းပယ်ခဲ့ရင် မေမေကိုယ်စားသူ့ကိုသတ်မယ်၊ နောက်မှသမီးကိုယ်သမီးသတ်သေမယ်"

ဆွေကတော်ကြီး၏မျက်နှာထားမှာ ရုတ်ချည်းတင်းမာသွားသည်။

"သမီးဘာယ်လိုပြောလိုက်တာလဲ အဲဒီလိုစိတ်လိုက်မာန်ပါလုပ်မှာ စိုးလို့ ဒီလောက်စကားပလ္လင်ခံပြီးပြောနေတဲ့ဥစ္စာကို"

ဆွေကျင်မွန်သည် ရှိန်ရက်ကိုပြေပြင်သို့ချ၍ မိခင်ကြီး၏ရင်ခွင်ထဲဝင်၍ငိုမိတော့သည်။

"မေမေသူငြင်းရင်သမီးဘာယ်လိုလုပ်ရမလဲဟင်"

ဆွေကတော်ကြီးသည် သမီးဖြစ်သူ၏ ဆံပင်ကလေးကို သပ်ပေးပြီးဖြည်းညှင်းစွာ ပြောသည်။

"သမီး...ကြံ့ခိုင်စမ်းပါ၊ စိတ်ခိုင်စမ်းပါ၊ လောကမှာရှိသမျှမိခင်တွေဟာ သူတို့ရဲ့ သမီးတွေကို စိတ်ချမ်းသာစေချင်တာချည်းပဲ၊ သမီးကိုမေမေ တတ်နိုင်သမျှကူညီမယ်၊ အောင်မြင်သော်၎င်း၊ မအောင်မြင်သော်၎င်း သမီးအရူးမလုပ်ရဘူး၊ အရမ်းမလုပ်ပါဘူးလို့ မေမေ့ကိုကတိပြုပါသမီးရယ်"

ဆွေကျင်မွန်က အားငယ်စွာပြော၏။

"သမီး...ကတိပေးပါတယ်မေမေရယ်"

ဆွေကတော်ကြီးသည် ကြံကြံစွာပြုံးလိုက်၏။ သမီးဖြစ်သူကသာ လူငယ်စိတ်ဖြင့် မျှော်လင့်ခြင်းကြီးစွာပျော်ရွှင်နေသော်လည်း သူမကဲ့သို့ အတွေ့အကြုံရင့်ကျက်ပြီးသူဖြင့်မူ သမီးကဲ့သို့မျှော်လင့်ချက် မရှိလှပေ။ သူမသည် ရှိန်ရက်၏ အကြောင်းကို အစေ့အစပ်မကျန်လေ့လာ စုံစမ်းပြီးလေပြီ။ သူမသိသည့်အချက်မှာ ရှိန်ရက်နှင့် ကျိုဂွမ်းကျင်း



မှားယွင်းသည့်အချက်တစ်ချက်သာဖြစ်သည်။ သို့တိုင်ရှိန်ရက်အနေဖြင့် သူ့ပတ်ပတ်လည်၌ ရှိနေသည့်မည်သည့်မိန်းကလေးကိုမျှ ရွေးချယ်လိမ့်မည်မဟုတ်ဟု သူမထင်မိသည်။

ရှိန်ရက်သည် ငယ်စဉ်ဘဝမှစ၍ ရည်မှန်းချက်ကြီးကြီးဖြင့် ဘဝလုပ်ငန်းများကို ကျေပြွန်ပြေလည်အောင် ထမ်းဆောင်ခဲ့သည်။ အချစ်ကိစ္စသည်သူ့ဘဝ၌ အတော်ကလေးကင်းရှင်းခဲ့၏။ ရှိန်ရက်ကိုယ်တိုင်ကင်းရှင်းအောင်နေနိုင်ခဲ့ခြင်းဖြစ်ကြောင်းကိုလည်း ဆွေကတော်ကြီးစုံစမ်းသိရှိခဲ့ပေသည်။

ထို့ကြောင့် သမီးဖြစ်သူအတွက် ရှိန်ရက်၏မေတ္တာရဖို့ကို မျှော်လင့်ချက်မထားလှပေ။ ထို့ပြင် သူမစုံစမ်းသိရှိထားသည့် ရှမ်ယာနမ်၊ ကျိုဂွမ်းကျင်း၊ ဘွယ်ကျယ်ကြွင်းနှင့် ဖန်ဝမ်လန်တို့သည်လည်းရှိန်ရက်၏ ချစ်ခြင်းမေတ္တာကို ရရှိလိမ့်မည်ဟု မယုံကြည်ပေ။

သားအမိနှစ်ယောက်သည် ရှိန်ရက်သတိရလာအောင် ပြုစုပေးကြသည်။

မကြာမီရှိန်ရက်၏မျက်လုံးများပွင့်လာ၏။ သူမျက်စိရှေ့၌ရှမ်ယာနမ်ကိုမတွေ့ရဘဲ ဆွေကတော်ကြီးနှင့် ဆွေကျင်မွန်တို့ကိုတွေ့ရသောအခါ လွန်စွာအံ့အားသင့်သွားမိသည်။

ရှိန်ရက်ကပျာကယာထထိုင်သည်။

"ကျွန်...ကျွန်တော်"

"သူ့ရဲ့ကောင်းလေးရှိန်ရက် မင်း...ကိုမေ့နေတယ်၊ ငါတို့ကဒဏ်ကြေဆေးကျွေးပြီး သတိရအောင်လုပ်ပေးခဲ့တာပါ၊ စိတ်အေးအေးထား၊ ဘာမှပူပန်စရာမရှိတော့ပါဘူး"

"ဟုတ်...ဟုတ်ကဲ့၊ ကျွန်တော်...လည်တာက"

ဆွေကတော်ကြီးက သဘောပေါက်သည် ထို့ကြောင့်ရှင်းပြသည်။

"ရှမ်ယာနမ်ကိုမေးတာလား"

"ဟုတ်...ဟုတ်ကဲ့"

ရှမ်ယာနမ်အတွက်မပူပါနဲ့၊ မင်းကိုယ်မင်းအတွင်းအားကျင့်စဉ်နဲ့

လေ့ကျင့်ပါ။ မင်းအခြေအနေကောင်းသွင်းရင် အားလုံးရှင်းပြမယ်"

ရှိန်ရက်သည် ဆွေကတော်ကြီးနှင့် ဆွေကျင်မွန်တို့အား လုံးဝယုံကြည်ကိုးစားခြင်းရှိသဖြင့် မည်သည့်စကားမျှထပ်မမေးတော့ဘဲ တင်ပျဉ်ခွေထိုင်ကာ အတွင်းအားကျင့်စဉ်ကို လေ့ကျင့်လေတော့သည်။

* * * * *

ကွမ်းတစ်ရာညက်ခန့်ကြာသောအခါ ရှိန်ရက်မှာပင်ပန်းနွမ်းနယ်ထားသမျှပြေပျောက်ကုန်၏။ ထို့ကြောင့် ချက်ချင်းထရပ်ပြီး ဆွေကတော်ကြီးနှင့် ဆွေကျင်မွန်တို့ကို လက်သီးနှစ်ဘက်ဆုပ်ကာ ဂါရဝပြုမိတော့သည်။

ဆွေကတော်ကြီးကပြုံး၍ လက်တား၏။

"သူ့ရဲကောင်းလေး သက်သာသလိုနေပါ၊ သိုင်းလောကစည်းကမ်းတွေကို အခုအချိန်မှာ အသာဘေးဖယ်ထားပါ"

"ဆွေကတော်ကြီးခင်ဗျာ၊ ကျွန်တော့်ကိုတစ်ခုလောက်မေးခွင့်ပြုပါ"

"မေးပါ..မေးပါ"

လုံမလေးရှမ်ယာနမ်ကိုမတွေ့တာ ကျွန်တော်သိပ်အံ့သြနေပါတယ်၊ အဲဒါ.."

"သူလူဗိုလ်တောင်ကိုသွားပါပြီ"

"ဩော်...ကျွန်တော်ဘာဖြစ်လို့ ဒီကိုရောက်နေပါသလဲခင်ဗျာ"

"ဒီမှာမင်းနဲ့ဆွေးနွေးစရာကိစ္စလေးတွေရှိနေလို့ပါ"

"ဩော်.."

သူသည် ဆွေကျင်မွန်ကိုကြည့်ပြီး..

"ညီမလေးဆွေကျင်မွန်ငါ့ကိုခွင့်လွှတ်ပါ၊ ဟိုတစ်ခါက"

ဆွေကျင်မွန်က ကြားဖြတ်တားလိုက်၏။

"ပြီးခဲ့တာတွေ[illegible]းပါစေတော့၊ အစ်ကိုထပ်တောင်းပန်နေဖို့မလိုတော့ပါဘူး"



ထိုစဉ်ဆွေကတော်ကြီးက သက်ပြင်းချရင်းဝင်ပြောသည်။

"သူ့ရဲကောင်းလေးရှိန်ရက်"

"ခင်ဗျာ"

"ငါတို့ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြရအောင်"

"ဟုတ်..ဟုတ်ကဲ့၊ အမိန့်ရှိပါဆွေကတော်ကြီးခင်ဗျား"

"မင်းစိတ်ရင်းအတိုင်းဆွေးနွေးနိုင်ပါမလား"

"စိတ်ချပါခင်ဗျား၊ ကျွန်တော်ဘယ်တုန်းကမှ လိမ်ညာပြီးမပြောခဲ့ပါဘူး"

ဆွေကတော်ကြီးခေါင်းညိတ်လိုက်၏။

"သူ့ရဲကောင်းလေးအနေနဲ့ ငါတို့ဆွေမိသားစုကို မုန်းတီးမှုများရှိနေပါသေးသလား"

ရှိန်ရက်ကတည်ကြည်လေးနက်စွာပြန်ပြော၏။

"ဘယ်နှယ်ပြောလိုက်တာပါလိမ့်ခင်ဗျား၊ ဆရာကြီးဆွေမင့်က ကျွန်တော့်ကို ဒုက္ခပေးတာ တစ်ကြိမ်နှစ်ကြိမ်တည်းပါ၊ ဆွေကတော်ကြီးတို့က ကျွန်တော့်အသက်ကိုကယ်တင်တာ အကြိမ်ကြိမ်ပါ၊ ဒီကျေးဇူးတွေကို ကျွန်တော်ဘယ်လိုမေ့ပစ်နိုင်ပါ့မလဲခင်ဗျာ၊ ဆွေကတော်ကြီးတို့မိသားစုကို အခုထိမုန်းတီးနေရင် ကျွန်တော့်လောက်ကျေးဇူးမတင်တတ်တဲ့ကောင် ဒီလောကထဲမှာ ရှိပါဦးမလားခင်ဗျား"

ဆွေကတော်ကြီးကပြုံးလိုက်၏။

"မင်းစကားက မင်းရဲ့ရင်ထဲအသည်းထဲကလာတဲ့စကားမဟုတ်မှာကိုပဲငါတို့စိုးရိမ်တယ်"

"အထင်မလွဲကြပါနဲ့ခင်ဗျား၊ ကျွန်တော်ဟာ ဝမ်းထဲကမပါတဲ့စကားကိုဘယ်တုန်းကမှ မပြောခဲ့ပါဘူး၊ ဟိုတစ်ချိန်က ဆရာကြီးဆွေမင့်ကိုမပြောမဆို ထရိုက်မိတာကလဲ အခြေအနေမှန်ကို ရုတ်ရက်သဘောမပေါက်လို့ မှားယွင်းမိသွားတာပါခင်ဗျာ၊ အဲ..အခု..အခု၊ ဆရာကြီးဆွေမင့် နေ..နေကောင်း"

ရှိန်ရက်မှာ သူမှားယွင်းကျူးလွန်ထားမိသည့်အဖြစ်အတွက် စကားကိုဆုံးအောင်မပြောနိုင်ဘဲရှိနေသည်။

ဆွေကျင်မွှန်၏မျက်နှာ၌ ဝမ်းနည်းကြေကွဲသည့်အရိပ်အရောင်များ ပေါ်လာသဖြင့် ရှိန်ရက်မှာထိတ်လန့်သွားရလေသည်။

"ဘာလဲ--ဆရာကြီးဆွေမင့် ကွယ်လွန်သွားပြီလား"

ဆွေကတော်ကြီးက သက်ပြင်းချလိုက်ပြီ..

"သိုင်းသမားတစ်ယောက်အဖို့တော့ သေတာထက်ဆိုးတယ်လို့ ပြောရမှာပေါ့၊ ဒါပေမယ့်တို့အနေနဲ့ကတော့ ဒီအခြေအနေကိုသိပ်ဆိုးလွန်းလှတယ်လို့တော့မသတ်မှတ်ပါဘူး"

ရှိန်ရက်တွေဝေသောမျက်နှာဖြင့်ပြော၏။

"ဒီစကားကို ကျွန်တော်နားမလည်ပါဘူး၊ ဆွေကတော်ကြီးရှင်း ပြရင်တော့ အတိုင်းထက်အလွန်ကျေးဇူးတင်ရမှာပါပဲခင်ဗျာ"

"ဖေဖေဟာ အစ်ကိုရိုက်ချက်ခံလိုက်ရလို့ သေတော့မသေပါဘူး၊ ဒါပေမယ့် သိုင်းပညာတွေအားလုံးဆုံးရှုံးကုန်တယ်၊ သိုင်းပညာပျက် စီးသွားတဲ့သူ့ရဲ့ဒုက္ခကို အစ်ကိုတွေ့စေချင်ပါတယ်"

"ဟင်--ဒီလောက်တောင် အဖြစ်ဆိုးသွားသလား၊ ဖြစ်ရလေဗျာ"

ရှိန်ရက်သည် ကြိုဆို၏အဖြစ်အပျက်ကို ချက်ချင်းသတိရမိသည်။ မိမိကိုယ်တိုင်ချန်ရွှလက်ဝါးဒဏ်နှင့် အအေးဓာတ်အဆိပ်လက်ဝါးဒဏ် ကို ခံစားထားဖူးသဖြင့် ဆရာကြီးဆွေမင့်၏ဝေဒနာကို သူ့အနေဖြင့် ထိုက်သင့်သမျှကိုယ်ချင်းစာနာနိုင်ပေသည်။

"အဲ--အဲဒီတုန်းက ကျွန်တော်အခြေအနေမှန်မသိ.."

ဆွေကတော်ကြီးက ကြားဖြတ်ဝင်ပြောလာ၏။

"ဒါပေမယ့်ငါ့ခင်ပွန်းသည် မင်းကိုမမုန်းပါဘူး"

"ခင်ဗျား"

ဆွေကျင်မွှန်ခမျာ ခေါင်းငုံ့သွားဘသည်။

"သူ့ရဲ့ကောင်းလေးရှိန်ရက် ငါ့သမီးအပေါ်ဘယ်လိုမြင်ထားသလဲ"

ရှိန်ရက်မှာ ထိုမေးခွန်းကြောင့် ခေါင်းနားပန်းကြီးသွားလေ၏။



သို့သော် အကောင်းဆုံးအဖြေကို ချက်ချင်းပေးနိုင်သည်။

"ညီမလေးဆွေကျင်မွှန်ဟာ၊ ရုပ်ရည်ချောမောသလောက် နှလုံး ဖြူစင်တဲ့မိန်းကလေးဖြစ်ပါတယ်"

ဆွေကတော်ကြီးကပြုံးလိုက်၏။

"သူ့ရဲ့ကောင်းလေးရဲ့အဖြေကို ကျေးဇူးတင်ပါတယ်၊ ငါ့ခင်ပွန်း သည်ဟာ သူ့ရဲ့တစ်ဦးတည်းသော သမီးကလေးဆွေကျင်မွှန်ကို မင်း လက်ထဲအပ်လိုက်ချင်တယ်၊ တစ်သက်လုံးစောင့်ရှောက်စေချင်တယ်၊ မင်းရဲ့သဘောထားကိုတော့ မသိဘူးပေါ့ကွယ်"

ရှိန်ရက်မှာ တစ်ခေါင်းလုံးထူပူသွားသည်။ ဤကိစ္စသည် ဤမျှ မြန်မြန်ဆန်ဆန်ဖြစ်လာလိမ့်မည်ဟု သူမထင်မိခဲ့ပေ။

သူ့အနေဖြင့် ကျိုဝှမ်းကျွင်းနှင့်သာ မမှားယွင်းခဲ့မိလျှင် ဆွေက တော်ကြီးနှင့် ဆွေကျင်မွှန်တို့ စိတ်ချမ်းသာအောင်ကတိပေးကောင်း ကတိပေးမိပေလိမ့်မည်။

ယခုသော်

"ဒါ..ဒါ"

ရှိန်ရက်မှာ လုံးဝစကားမပြောနိုင်တော့ဘဲ ထစ်နေတော့သည်။

ဆွေကတော်ကြီးမှာ သက်ပြင်းချမိတော့သည်။

"သူ့ရဲ့ကောင်းလေး ထူးထူးဆန်းဆန်းလေးဦးနဲ့ အဆိပ်ဆရာကြီး ဆွေမင့်ဟာ တတန်းတည်းရှိခဲ့တဲ့ သိုင်းသမားတွေဖြစ်ပါတယ်၊ အခုဆို ရင်ဆရာကြီးဆွေမင့်ဟာ အထက်လမ်းသိုင်းဂိုဏ်းထဲရောက်သွားလို့ ပိုတောင်မျိုးကျူးစရာဖြစ်နေပါတယ်၊ နောက်ပြီးသူ့ရဲ့ကောင်းလေးကိုယ် တိုင်က ကျေးဇူးတရားသိတတ်တဲ့လူဖြစ်နေလို့ ဒီကိစ္စဟာအားလုံးဝမ်း သာစရာအဖြစ်နဲ့ ပြီးဆုံးသွားမယ်လို့ထင်မိပါတယ်"

ရှိန်ရက်မှာ ငြင်းရအခက်၊ လက်ခံရအခက်ဖြင့် ရင်ထဲမှာဗလောင် ဆူနေတော့သည်။ ဘာပြောရမှန်းလည်းမသိတော့ပေ။ သူ့အတွေးထဲ၌ ချစ်စရာကောင်းလှသော ဆွေကျင်မွှန်၊ သွက်လက်ချက်ချာလှသော ရှမ်ယာနမ်၊ ရှမ်ယာနမ်ကိစ္စကိုပင်လျှင် သူမှာမည်သို့ရှင်းရမှန်းမသိ

တော့ပေ။ ထို့နောက်သနားစရာကောင်းလှသော ဖန့်ဝမ်လန်နှင့် ဘွန်ကျယ်ကြွင်း သူတို့အားလုံးသည် မိမိကိုချစ်နေကြသည်။ မိမိကလည်း သူတို့ကိုမချစ်နိုင်စရာအကြောင်းမရှိ။ သို့သော်အားလုံး၏အချစ်ကိုယူရန် တော့မဖြစ်နိုင်ပေ။

မိမိအနေဖြင့် ကောရာဖ်တစ်ပါးဖြစ်နေလျှင်တော့ ဤကိစ္စသည်ဤမျှခေါင်းခြောက်ရမည့်ကိစ္စမဟုတ်ပေ။ ယခုမိမိမှာသာမန်သိုင်းသမားတစ်ဦးသာဖြစ်ပေသည်။

ရှိန်ရက်သည် အားလုံးအတွက် အကောင်းဆုံးဖြစ်နိုင်သောနည်းလမ်းကိုရှာ၍မရသဖြင့် တဒင်္ဂအတွင်း၌ ရှုးချင်စိတ်ပေါက်သွားပေသည်။

ဆွေကတော်ကြီးက လေးနက်စွာမေးလိုက်၏။

"သူ့ရဲ့ကောင်းလေး ဒီကိစ္စကိုဖြေရှင်းဖို့ အတော်လေးခက်ခဲနေသလား"

ရှိန်ရက်သည် သက်ပြင်းရှည်ကြီးချလိုက်၏။

"ဆွေကတော်ကြီးခင်ဗျား ဒီကိစ္စဟာကျွန်တော့်အတွက် အင်မတန်ကြီးကျယ်လေးနက်တဲ့ကိစ္စဖြစ်နေပါတယ်၊ အခုလောလောဆယ်အဖြေပေးဖို့ကတော့ အတော်ကလေးကိုခက်ခဲနေပါတယ်"

ဆွေကတော်ကြီးက ခေါင်းညိတ်လိုက်၏။ သူမသည် ရှေးမဆွကပင် ဤသို့ဖြစ်ရလိမ့်မည်ဟု ကြိုတင်တွက်ဆထားခဲ့သည်။

"သူ့ရဲ့ကောင်းလေးဆီမှာ ဘယ်လိုအခက်အခဲမျိုးရှိနေတယ်ဆိုတာ ငါနည်းနည်းရိပ်မိပါတယ်၊ အဲဒီကိစ္စနှင့်ပတ်သက်ပြီး ငါနည်းနည်းပါးပါးအကြံပေးချင်ပါတယ်၊ သူ့ရဲ့ကောင်းလေးအနေနဲ့ ကြားချင်ရဲ့လား မသိဘူး"

"ပြောပါခင်ဗျာ၊ စေတနာနဲ့အကြံပေးတဲ့စကားကို ကျွန်တော်က ဘာကြောင့် မကြားချင်ရမှာလဲ"

"သူ့ရဲ့ကောင်းလေးရှိန်ရက်ရဲ့ ဂုဏ်သိက္ခာနဲ့ပဥ္စပမိရပ်ကြောင့်မိန်း



ကလေးအတော်များများဟာ သူ့ရဲ့ကောင်းလေးကို သဘောကျနေမှာ သေချာပါတယ်၊ သူ့ရဲ့ကောင်းလေးအနေနှင့်လည်း ရွေးရခက်မှာသေချာပါတယ်၊ ငါအကြံပေးချင်တာကတော့ အဲဒီလိုရွေးတဲ့နေရာမှာ သူ့ရဲ့ကောင်းလေးအတွက် ဘယ်သူဟာဘဝရှေ့ရေးအတွက် ဘယ်လောက်ကူညီနိုင်မလဲဆိုတာ ချင့်ချိန်စဉ်းစားပေါ့၊ ဒါဟာသူ့ရဲ့ကောင်းလေးကို မေတ္တာနဲ့သစ္စာတန်ဘိုးဖြတ်နိုင်းတာတော့မဟုတ်ပါဘူး၊ ရွေးရခက်နေတာကို လွယ်သွားအောင် စံသတ်မှတ်ပေးတာပါ"

ရှိန်ရက်သည် ဆွေကတော်ကြီး၏ စကားများကို ကျေးဇူးတင်ပါသည်။ သူ့အားရှေ့ရေး၌အကူအညီပေးနိုင်သည့် မိန်းကလေးများမှာလည်း အနည်းဆုံးသုံးယောက်ခန့်ရှိနေသဖြင့် ထုံးစံအရလည်းရွေးရခက်နေပြန်ပါသေးသည်။

သူသည် ကျေးဇူးရှိသည့်မိန်းကလေးများကို အပြန်အလှန်စဉ်းစား၏။ ဆွေကျင်မွှန်၏ ကျေးဇူးတရားကပို၍ မဓာနကျကြောင်း တွေ့လာရသည်။ ကြိုးဆိုမှလွဲ၍ ဆွေကျင်မွှန်သာ ကျေးဇူးအကြီးဆုံးဖြစ်နေသည်။ သို့သော် ဆွေကျင်မွှန်ကိုလည်း သူ့ဇနီးအဖြစ်ရွေးချယ်နိုင်ခွင့်မရှိပါ။

"ဆွေကတော်ကြီးရဲ့စေတနာကို ကျွန်တော်တကယ်ပဲနားလည်သဘောပေါက်ပါတယ်၊ ဒါပေမယ့်ကျွန်တော့်မှာ ဖော်ပြလို့မဖြစ်တဲ့ အခက်အခဲတစ်ခုရှိနေပါတယ်"

ဆွေကတော်ကြီးက

"သူ့ရဲ့ကောင်းလေးအနေနဲ့ အဲဒီအခက်အခဲကို နည်းနည်းလောက်ပြောပြလို့မရဘူးလား၊ ငါဖြေရှင်းပေးလို့ရနိုင်တဲ့ကိစ္စမျိုးဖြစ်နေရင်"

ရှိန်ရက်ခေါင်းခါ၏။

"ဆွေကတော်ကြီးနဲ့ ညီမလေးဆွေကျင်မွှန်တို့ရဲ့ ကျေးဇူးတွေဟာ ကျွန်တော့်အပေါ်ကြီးမားလှပါတယ်၊ ကျွန်တော့်အနေနဲ့ တော်ရုံတန်ရုံကိစ္စကိုမပြောဘဲမနေပါဘူး၊ ခုကိစ္စက ပြောမထွက်လောက်တဲ့ကိစ္စဖြစ်နေလို့"

နောက်ဆုံးရှိန်ရက်သည် တစ်စုံတစ်ခုကိုပိုင်းဖြတ်လိုက်ဟန်ဖြင့်

‘ဆွေကတော်ကြီးခင်ဗျား ညီမလေးဆွေကျင်မွန်ဟာ ရုပ်ရည်ရောစိတ်ဓာတ်ပါ ပြောစရာမရှိပါဘူး၊ ကျွန်တော့်ထက်သာတဲ့လူကိုတွေ့နိုင်ပါတယ်၊ ကျွန်တော့်မှာတော့ တာကယ့်ခက်ခဲတဲ့ပြဿနာရှိနေလို့’

ထိုစဉ် ဆွေကျင်မွန်သည် ရှိန်ရက်ဆီသို့ ခုန်ဝင်သွားပြီး ရှိန်ရက်၏ပါးကို ဘယ်ပြန်ညာပြန်ရိုက်လေတော့သည်။

‘ကျွန်မကရှင့်ကို အောက်ကျနောက်ကျခံပြီး ပေါင်းသင်းဖို့တောင်းပန်လိမ့်မယ်များထင်နေသလား’

ဆွေကျင်မွန်မှာ ပြင်းထန်လျှင်မြန်လွန်းလှ၏။ ရှိန်ရက်မှာရှောင်တိမ်းရန်မကြိုးစားပေ။ သူ၏နှုတ်ခမ်းထောင့်စွန်းနှစ်ဘက်မှ သွေးများစီးကျလာ၏။ ဆွေကျင်မွန်သည် သူနှင့်တွေ့ခဲ့သည့် ဘဝတစ်လျှောက်လုံး လွန်စွာယဉ်ကျေးသိမ်မွေ့ခဲ့သည်။ ယခုကဲ့သို့ ကျားသစ်ရိုင်းမကလေးသဖွယ် ဖြစ်ပျက်ခဲ့သည်မျိုးကို တစ်ကြိမ်မျှမတွေ့ဘူးချေ။

‘ညီမလေး…’

ရှိန်ရက်သည် ပါးစပ်မှစီးကျလာသည့် သွေးများကိုလုံးဝမသုတ်ဘဲ ဆွေကျင်မွန်အားလှမ်းခေါ်လိုက်သည်။

‘ရှင်ကျွန်မကိုမခေါ်နဲ့၊ ရှင့်ကိုသတ်မယ်’

‘ညီမလေးငါ့ကိုသာသတ်လိုက်ပါတော့၊ ဒီကိစ္စတွေဟာငါသေသွားမှအေးသွားမယ့်ကိစ္စပါ’

ဆွေကျင်မွန်သည် နာကျည်းလွန်းလှသဖြင့် ရှိန်ရက်၏ရင်ခွင်ကိုရိုက်ချရန်ဟန်ပြင်လိုက်မိလေသတည်း။

* * * * *

## ပြေငြိမ်းမှုရှာသောငေါ်မေးဂိုဏ်း

‘သမီး… မေမေဘာတွေပြောထားသလဲ’



ဆွေကတော်ကြီး၏ ညြစာသံပါသောအသံသည် ပတ်ဝန်းကျင်တစ်ခုလုံး၌ဟိန်း၍ ထွက်လာသည်။ အသံနှင့်အတူ လူပါရိပ်ခနဲခုန်ပျံရောက်ရှိလာပြီး ဆွေကျင်မွန်၏လက်ကိုဖမ်းချုပ်လိုက်သည်။

ဆွေကျင်မွန်သည် သူမ၏မိခင်ကြီးကိုစိုက်ကြည့်လိုက်၏။ ထို့နောက်ကြုကြုပါအောင် ငိုချတော့သည်။

‘မေမေ…’

ဆွေကတော်ကြီးမှာမည်မျှပင် လောကဓံ၏ထုထောင်းရိုက်နှက်မှုကိုကြံ့ကြံ့ခံနိုင်ခဲ့လင့်ကစား သမီးကလေး၏ ကြေကွဲဝမ်းနည်းမှုတွေကိုတွေ့ရသောအခါ မျက်ရည်မဆည်နိုင်အောင် ဖြစ်ရရှာပြန်သည်။

‘သမီးကလေး ဘာဖြစ်လို့ဒီလောက်တောင် စိတ်လှုပ်ရှားရတာလဲ၊ ချစ်ခြင်းဆိုတာ ပိုင်ဆိုင်ခြင်းမဟုတ်ဘူး၊ အနစ်နာခံစွန့်လွှတ်ခြင်းပဲဖြစ်တယ်’

ဆွေကတော်ကြီးသည် ကျောက်ရုပ်ကြီးကဲ့သို့ ဘေး၌ရပ်နေသည့်ရှိန်ရက်အား မျက်ရည်ပြည့်သောမျက်လုံးများဖြင့်လှည့်ကြည့်လိုက်၏။

ရှိန်ရက်ကသို့နှ…ူးစွာပြောသည်။

‘ကျွန်…ကျွန်တော် ကျေးဇူးတရားသိတတ်ပါတယ်၊ ညီ…ညီမလေးဆွေကျင်မွန်ကိုလည်းချစ်ပါတယ်၊ ဒါ…ဒါပေမယ့် ကျွန်…ကျွန်တော်…’

ဆွေကတော်ကြီးက လက်ကာလိုက်၏။

‘သူ့ရဲ့ကောင်းလေးရှိန်ရက် တစ်သက်လုံးနဲ့ပတ်သက်တဲ့ကိစ္စကို ငါတို့အစမွှတိုက်တွန်းဖို့မသင့်လျော်ဘူး၊ ငါတို့သားအမိဒီနေရာကပဲ နှုတ်ဆက်ခဲ့ပါတယ်’

ဆွေကတော်ကြီးသည် စကားဆုံးသည်နှင့် ဆွေကျင်မွန်ကိုတွဲခေါ်၍ ထွက်ခွါသွားလေတော့သည်။

ရှိန်ရက်မှာ တားလည်းအခက်၊ မတားလည်းအခက် ဆို့နင့်သော

ဝေဒနာဖြင့် ငေးမောကျန်ရစ်ရှာတော့သည်။ သူသည် ခွေကျင်မွန်တို့ထွက်ခွါသွားသည့်ဘက်သို့ မျက်ရည်စေ့သော မျက်လုံးများဖြင့်ကြည့်၍ တီးတိုးရေရွတ်လိုက်သည်။

"ညီမလေးခွေကျင်မွန်၊ မင်းဟာငါ့ရဲ့ အဦးဆုံးအသက်သခင်ပါ၊ မင်းရဲ့ဝေဒနာကို ငါမသိမဟုတ်ပါဘူး၊ ညီမရယ်..ငါစိတ်ဆင်းရဲမှုတွေကိုမင်းတို့ဘယ်လိုသိနိုင်ပါ့မလဲ၊ ငါဟာမိန်းကလေးအများကြီးကို စိတ်ဒုက္ခပေးရမယ့် သတ္တဝါတစ်ကောင်ဖြစ်နေပါလား၊ ငါ့ကိုခွင့်လွှတ်ပါ၊ အားလုံးငါ့ကိုနားလည်ကြပါ"

သူသည် ကျိုးစမ်းကျင်းမှတစ်ပါး အခြားမည်သည့်မိန်းကလေးကိုမျှ လက်ထပ်ယူရန်မဖြစ်နိုင်သည့်အကြောင်းရင်းကို ခွေကတော်ကြီးနှင့် ခွေကျင်မွန်အား ရှင်းလင်းသင့်သည်ဟု တွေးလာမိသည်။

"ဟင်း..ခုမှတော့မထူးတော့ပါဘူး"

ရှိန်ရက်သည် ခွေကျင်မွန်တို့ကိုကျောခိုင်းကာ ဆန့်ကျင်ဘက်အရပ်သို့ထွက်ခွါသွားလေတော့သည်။

သုံးမိုင်မျှခရီးပေါက်လာသောအခါ သူ့ထံသို့မြင်းတစ်စီးအပြင်းလာနေကြောင်း သိလိုက်ရသည်။

"ဘယ်လိုရန်သူများ ရောက်လာပြန်ပြီလဲမသိဘူး"

ရှိန်ရက်သည် သစ်ပင်တစ်ပင်အကွယ်သို့ဝင်လိုက်သည်။

"ဟာ.."

မကြာမီ သူမြင်လိုက်ရသည်မှာ ရှမ်ယာနှမ်၏မြင်းလီမွှာကြီးဖြစ်နေ၏။

ရှိန်ရက်သည် ခုန်ထွက်လိုက်သည်။ မြင်းကြီးသည် ရှိန်ရက်ကို မြင်သည်နှင့် နှုတ်သီးဖြင့်ထိုးသည်။ တစ်ဘက်လာလမ်းဆီသို့ဦးတည်လှည့်ပြီးဟီသည်။

"ဒါ ထူးခြားချက်ပဲ၊ ညီမလေးရှမ်ယာနမ်တစ်ခုခုဖြစ်နေလို့ ငါ့ကိုလာခေါ်တာများလားမသိဘူး"



ရှိန်ရက်သည် မြင်းကြီးပေါ်ခုန်တက်လိုက်၏။

သူ့ကျောပေါ်သို့ ရှိန်ရက်ရောက်သည်နှင့် မြင်းလီမွှာကြီးသည် တစ်ဟုန်ထိုးပြေးလေတော့သည်။

ရှိန်ရက်သည် ဇက်ကြိုးကိုအသာထိန်းရုံထိန်းပေးပြီး မျောလိုက်သွား၏။

မကြာမီသူတို့သည် ငေါ်မေးတောင်ခြေသို့ဆိုက်ရောက်လာတော့သည်။

"ဟင်..ဒါရွှေရောင်တောင်ထိပ်ပဲ၊ ညီမလေးရှမ်ယာနမ်ဒီကိုများလာနေရှာသလား"

ရှိန်ရက်သည် ရှမ်ယာနမ်၏စိတ်ထားကို မှန်းဆကြည့်လိုက်၏။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ရွှေရောင်တောင်ထိပ်သို့တက်၍ စုံစမ်းရပေတော့မည်။

ရှိန်ရက်သည် မြင်းပေါ်မှခုန်ဆင်းလိုက်၏။

"မြင်းလီမွှာကြီး၊ မင်းဒီမှာနေခဲ့ပေတော့၊ ငါငေါ်မေးဂိုဏ်းဆီကို သွားမယ်"

သူသည်မြင်းကြီးကိုထားရစ်ခဲ့ကာ ငေါ်မေးဂိုဏ်းတည်ရှိရာရွှေရောင်တောင်ထိပ်သို့အပြေးအလွှားတက်သွားလေတော့၏။

တောင်ထိပ်နှင့်နီးကပ်လာသည်နှင့် ဆော်သံ၊ ဟစ်သံ၊ ခုတ်သံထစ်သံများကြားလာရသည်။ ရှိန်ရက်သည်လွန်စွာစိတ်ပူသွားပြီး အမြန်ဆုံးကိုယ်ဖော့ပြေးသွားလေတော့၏။

"ဟော.."

ငေါ်မေးကျောင်းကြီးကိုတွေ့ရလေပြီ၊ ဝင်းနံရံကာခြားထားသဖြင့် အတွင်းမှထိုးခုတ်ရိုက်နှက်သံများကိုသာ ကြားရသည်။ လူကိုမတွေ့ရပေ။

ရှိန်ရက်သည် ဝင်းနံရံပေါ်သို့ခုန်တက်လိုက်သည်။

ရှမ်ယာနမ်သည် ဆံပင်များဖားလျားကျလျှက်၊ အဝတ်အစားများ

စုတ်ပြတ်လျှက် ငေါ်မေးဂိုဏ်းသားများနှင့် တိုက်ခိုက်လျှက်ရှိပေသည်။

ငေါ်မေးဂိုဏ်းသားများ အများအပြားကျဆုံးနေသော်လည်း သူက ကိုယ်တိုင်လည်း ယဲ့ယဲ့သာရှိတော့သည်။ သူမ၏ထိုးခုတ်အား ရှောင်တိမ်းအားတို့မှာ နှေးကွေးလေးလံနေပြီ။

ရှိန်ရက်ရောက်လာသည်မှာ ရှမ်ယာနမ်အတွက် လက်မတင်က လေး အချိန်မီရုံကလေးရှိတော့၏။ ရှမ်ယာနမ်၏အသက်သခင်ကျေးဇူး ရှင်ကား မြင်းလိမ္မာကြီးသာတည်း။

ရှမ်ယာနမ်အား ဝိုင်းထားသူများမှာ ငေါ်မေးဂိုဏ်း၏ အဓိကရ ပုဂ္ဂိုလ်များဖြစ်ပေသည်။ သူတို့ကား လင်ခုံး၊ လင်ဟွမ်၊ လင်ကျင့်၊ လင်ကြည်၊ လင်ချင်း အစရှိသည့် ငေါ်မေးဂိုဏ်းချုပ်ကြီး၊ ဂိုဏ်းချုပ်ကြီး၏ ဂိုဏ်းတူညီများပင်ဖြစ်ကြတော့သည်။

ထိုအချိန်၌ ဂိုဏ်းချုပ်ကြီးလင်ခုံးက ရှမ်ယာနမ်အား ကြိမ်းမောင်းနေချိန်နှင့်တိုက်ဆိုင်နေသည်။

"ကောင်မလေးနှင့်အဖေသေသွားပြီးမှတော့ နင်တို့ဟာမိုးမြေကြယ် တစ်စုံဘယ်ဖြစ်တော့မလဲ၊ မိုးမြေကြယ်တစ်ခြမ်းပဲဖြစ်တော့မယ်၊ အဲဒီ ကြယ်တစ်ခြမ်းဟာ ရွှေရောင်တောင်ထိပ်မှာ မြေခကြွေကျစေရမယ်"

ရှမ်ယာနမ်က မာန်မလျှော့ဘဲ ပြန်အော်၏။

"လာစမ်းပါ၊ ရှင်သတ်နိုင်သလားဆိုတာ ကြည့်ရမယ်"

ရှိန်ရက်သည်လည်း မခံနိုင်တော့သဖြင့် ဓားကိုဆွဲထုတ်ကာတိုက်ပွဲစည်းအတွင်းသို့ ခုန်ဝင်သွားတော့၏။

"ငေါ်မေးဂိုဏ်းချုပ် မရပ်သေးဘူးလား"

ရှိန်ရက်၏ဓားသည် လျှပ်ပြက်သ[illegible]ကဲ့သို့ ဝင်းလက်သွား၏။ ငေါ်မေးဂိုဏ်းသားသုံးဦး ခေါင်းများရဲမဲဖြစ်သွားသည်။

တိုက်ပွဲသည် ငေါ်မေးဂိုဏ်းသားအားလုံးထိတ်လန့်ပြီး ရှဲခနဲနောက်ဆုတ်သွားကြသည်။

ရှိန်ရက်သည် ရှမ်ယာနမ်ဆီသို့ခုန်ဝင်သွားပြီး ပခုံးလေးကိုဖေးမလိုက်သည်။



"ညီမလေးဒဏ်ရာရနေသလား"

ရှမ်ယာနမ်မှာ ရှိန်ရက်အားမမျှော်လင့်ဘဲတွေ့လိုက်ရသဖြင့် မျက်ရည်ဖြိုင်ဖြိုင်ကျလာလေတော့၏။

"အစ်ကို..အစ်ကိုရယ်..."

"ဘာမှမဖြစ်ပါဘူး၊ အစ်ကိုရောက်လာတာကို ဝမ်းသာလွန်းလို့ပါ"

ရှမ်ယာနမ်သည် ရှိန်ရက်ရောက်လာသဖြင့် အားအင်သစ်များဝင်လာသည်။

ငေါ်မေးဂိုဏ်းချုပ်လင်ခုံးသည် သူ၏တောင်ဝှေးကြီးကိုဦးခေါင်းထက်၌ကိုင်မြှောက်ပြီး ကျယ်လောင်စွာအော်ဟစ်လိုက်၏။

"ဂိုဏ်းချုပ်အစဉ်အဆက်ကိုင်ဆောင်ခဲ့တဲ့ ဟောဒီတောင်ဝှေးကို တိုင်တည်ပြီး အမိန့်ပေးတယ်၊ ငါတို့ငေါ်မေးဂိုဏ်းသားတွေအားလုံး တစ်ယောက်မကျန် သေကာမှသေစေတော့၊ ဟောဒီကျူးကျော်စော်ကားတဲ့လူနှစ်ယောက်ကို အရှင်ဖမ်း[illegible]"

ငေါ်မေးဂိုဏ်းသားအားလုံးသည် ရှိန်ရက်နှင့် ရှမ်ယာနမ်တို့အား ချက်ချင်းဝိုင်းလိုက်ကြသည်။

သို့သော်ထိုသူများသည် ဝိုင်းဆို၍သာဝိုင်းလိုက်ကြရသည်။ မျက်နှာများကတော့ ကြောက်လန့်သည့်မျက်နှာများဖြစ်နေပေသည်။

သူတို့သည် ဂိုဏ်းချုပ်၏အမိန့်ကို မလွန်ဆန်ရဲ၍သာ ဤသို့ဝိုင်းကြခြင်းဖြစ်ကြောင်း ရှိန်ရက်ကောင်းစွာရိပ်မိလိုက်လေသည်။

* * * * *

ရှိန်ရက်သည် အပြစ်မဲ့သောငေါ်မေးဂိုဏ်းသားများကို မသတ်လိုသည်ကတစ်ကြောင်း၊ အကျယ်အကျယ်မငြိမ်းမှုယ်မဖြစ်လိုသည်က တစ်ကြောင်း၊ ထို့ကြောင့် [illegible]လင်ခုံးကို စတင်စကားစစ်ထိုး [illegible]၏။

"ဂိုဏ်းချုပ်ကြီးလင်ခုံး၊ သတ္တိရှိရင် ကိုယ့်ဘာသာကိုယ်တိုက်ပါ၊

ကူညီတွေ၊ ပညာသင်တပည့်တွေရဲ့ အသက်ကိုဘာဖြစ်လို့ရှေ့တန်းထုတ် အသေခံနိုင်းနေရတာလဲ၊ ဒါဟာအကြီးအကဲရဲ့ဂါရဝနဲ့မပြည့်ဝဘူး"

"ရှိန်ရက်က မင်းကငါ့ဂိုဏ်းသားတွေကို ကြင်နာသနားသယောင် ဖြစ်ပြီးဟန်ဆောင်မနေစမ်းပါနဲ့"

"ဟား..ဟား..ဟား၊ တပည့်တော်ကတကယ့်စေတနာနဲ့ပြောနေ တာ ၊ တပည့်တော်ကသာသတ်ချင်ရင် ဆရာတော်တပည့်တွေငါးဆယ် ယောက်သေနေပြီ၊ တပည့်တော်အကြောင်းကိုလည်းသိသားနဲ့"

ထိုစဉ်လင်ကျင့်သည် လူအုပ်ထဲမှထွက်လာကာ ရှိန်ရက်အားမေး မြန်း၏။

"သူ့ရဲ့ကောင်းလေးရှိန်ရက် လူစိုလ်တောင်ဓားရေးပြိုင်ပွဲကြီးမှာ သိုင်းပညာယှဉ်ပြိုင်ဖို့ ချိန်းဆိုဖိတ်ထားပြီးဖြစ်လျက်နဲ့ ဘာဖြစ်လို့လုံမ လေးကိုဒီကျောင်းထဲလွှတ်ပြီး စော်ကားနိုင်းတာလဲ၊ ဟောဟိုမှာကြည့် စမ်း၊ အဲဒါလုံမလေးသတ်ထားတဲ့ ငေါ်မေးဂိုဏ်းသားတွေချည်းပဲ"

ထိုစကားကိုကြားသောအခါမှ ရှိန်ရက်သည် ငေါ်မေးဂိုဏ်းချုပ်လင် ခုံး၊ ဂိုဏ်းတူညီလင်ရီနှင့် လက်ဟွမ်တို့၏ပက်စက်သောအကြံအစည် ကိုကွင်းကွင်းကြီးသဘောပေါက်လာလေတော့၏။

လင်ကျင့်ကဆက်ပြော၏။

"ကျုပ်တို့ဂိုဏ်းချုပ်အနေနဲ့ အရင်ကမှားခဲ့ကောင်း မှားခဲ့လိမ့်မယ်၊ ဒါတွေဟာလူစိုလ်တောင်ပြိုင်ပွဲမရောက်မီ သင်ပုန်းချေပြီးသွားပြီ။ သူ့ရဲ့ ကောင်းလေးဝင်နံ့ရံကျော်တက်လာခြင်းဟာ ကျုပ်တို့ငေါ်မေးဂိုဏ်းကို ထပ်မံစော်ကားခြင်းဖြစ်ပေတယ်"

ရှမ်ယာနမ်သည် စိတ်မရှည်နိုင်တော့သဖြင့် တိဗက်လားမားများ နှင့် အတွင်းအားယှဉ်ပြိုင်နေစဉ် လင်ခုံး၊ လင်ရီနှင့် လင်ဟွမ်တို့လာ ရောက်လုပ်ကြံပုံအကြောင်းကို ခရေစေ့တွင်းကျရှင်းပြလိုက်တော့သည်။

"ငေါ်မေးဂိုဏ်းချုပ်ပုဂ္ဂိုလ်များတောင် ဒီလိုအောက်တန်းကျတဲ့ လုပ်ရပ်လုပ်ခဲ့သေးတာပဲ၊ တပည့်တော်တို့ ဒီကျောင်းထဲပြောင်ပြောင်



တင်းတင်းဝင်တာက ဘာရက်စက်ရာရှိသေးသလဲ"

"ဒီခွေးမလေး သိပ်လျှာရှည်တယ်၊ နင့်ကိုပထမဆုံး ဆုံးမပစ်ရ မယ်"

ရှိန်ရက်သည် သူမအားကိုဆွဲထုတ်ပြီး လင်ခုံး၏တောင်ဝှေးကိုကာ ကွယ်လိုက်သည်။

"ဂိုဏ်းချုပ်ကြီးလင်ခုံး၊ မြေပြန့်သိုင်းလောကကိုအမည်ပျက်စေခဲ့ တဲ့အတွက် အခုဒဏ်ခံရမယ်၊ ကောက်ကျစ်မှုရဲ့ရလာဒ်ဟာ ဘာလဲဆို တာခုပဲသိရမယ်"

အပြင်းအထန်တိုက်ခိုက်ကြသော်လည်း ဂိုဏ်းချုပ်ကြီးလင်ခုံးမှာ ရှိန်ရက်၏အတွင်းအားကို မခံနိုင်ဘဲဖြစ်သွားရ၏။ ထို့ကြောင့်တစ်လှမ်း ပြီးတစ်လှမ်းဆုတ်ပေးနေရတော့သည်။

ပထမငါးကွက်ခန့်တိုက်ပြီးသည်နှင့် မည်သူကျား၊ မည်သူရှုံးဖြစ်သည်ကို ကွဲကွဲပြားပြား သိရှိသွားခဲ့ကြလေပြီ။

လင်ခုံး၏ဂိုဏ်းတူညီသားများက ကူညီရန်လှုပ်ရှားလာသည်။ ထို အခါရှိန်ရက်က သူ့ဓားကို ကြောက်မက်ဖွယ်ဓေ့ယမ်းကစားပြလိုက်၏။

ခုံချုံလင်သခင်ဆေါ် ထန်းလိုက်ဒေဝီဓားရေးကစားပြစဉ်က ကြယ် မွှင့်ကလေးများထွက်သလို ဓားထိပ်မှအလင်းရောင်ကလေးများထွက် လာ၏။

ထိုဓားချက်ကြောင့် ရှေ့သို့တိုး[illegible]ပြင်နေကြသည့် လင်ခုံး၏ ဂိုဏ်းတူညီများအားလုံးနောက်ဆုတ်[illegible]ကြလေတော့သည်။

"ဒါလား..သတ္တိရှိတဲ့ရှိန်ရက်၊ ငါ့[illegible]သားတွေကိုမြှောက်ပေးတာ ကိုး၊ ငါအသေခံပြီးတိုက်မယ်"

ငေါ်မေးဂိုဏ်းချုပ်သည်တိုက်ခိုက်ရင်း ရှေ့သို့တိုးလာ၏။ ရုတ်ခေါ သဖြင့်တစ်ရှိန်ထိုးတိုက်ခိုက်လေရာ ရှိန်ရက်ပင်လျှင် သတိထားရသည့် အခြေသို့ဆိုက်ရောက်လာရသည်။

လိုစဉ်လင်ခုံး၏ဂိုဏ်းတူညီ လင်ကျင့်ကအော်ဟစ်တားဆီးလာ၏။

"ဂိုဏ်းချုပ်ကြီးနဲ့ သူ့ရဲကောင်းရှိန်ရက် တိုက်ပွဲကိုခဏလောက်ရပ်ပါ၊ ကျုပ်တို့ပြောစရာရှိနေတယ်"

မီးခိုးရောင်ဝတ်စုံဝတ်ဆင်ထားသည့် ငေါ်မေးဂိုဏ်းသားသုံးဦးသည် တိုက်ပွဲစည်းအတွင်းသို့ လျှပ်တစ်ပြက်ခုန်ဝင်တားဆီးလာကြလေ၏။

ရှိန်ရက်သည် သူ့ဓားကိုရုပ်သိမ်းပြီး နောက်သို့ပြန်ဆုတ်လိုက်သည်၊ ငေါ်မေးဂိုဏ်းချုပ်လင်ခုံးသည်လည်း သူ၏တောင်ဝှေးကိုပြန်လည်ရုပ်သိမ်းပြီး ခုန်ဝင်လာသူများကို မျက်မှောင်ကြုတ်၍ကြည့်လေ၏။

လင်ကျင့်က ငေါ်မေးဂိုဏ်းချုပ်ကြီးလင်ခုံးအား ဦးညွှတ်ဂါရဝပြုပြီး စတင်စကားဖြေသည်။

"ဂိုဏ်းတူ..အစ်ကိုကြီး၊ အခုစကားကို မလွှဲမရှောင်သာလို့ပြောရတာပါ၊ ခွင့်ပြုပါ"

လင်ခုံးကတောင်ဝှေးကို မြေသို့ဆောင့်ချလိုက်ပြီး မေးလေ၏။

"ဂိုဏ်းတူညီသုံးဦးစလုံး တိုက်ပွဲစည်းထဲဝင်လာကြသလား၊ ဒါဘာအဓိပ္ပါယ်လဲ"

ရှိန်ရက်နှင့် ရှမ်ယာနမ်တို့သည် လင်ကျင့်တို့၏ အပြုအမူကိုနားမလည်၊ သဘောမပေါက်ပေ။ မည်သည့်အဓိပ္ပါယ်ဖြင့် လင်ခုံးနှင့်အပြန်အလှန်စကားဆိုနေမှန်းလည်း စဉ်းစား၍မရကြပေ။

လင်ကျင့်က လင်ကြည်နှင့် လင်ချင်းကိုကြည့်၏။

လင်ကြည်နှင့်လင်ချင်းက ခေါင်းညိတ်ပြ၏။ ထိုအခါကျမှ လင်ကျင့်ကပြောသည်။

"ဂိုဏ်းတူအစ်ကိုကြီး အစ်ကိုကြီးကိုင်ထားတဲ့ အာဏာတောင်ဝှေးကိုပြန်အပ်ပါလို့ ကျွန်တော်တို့တောင်းဆိုပါတယ်"

လင်ခုံးသည် မျှော်လင့်သောစကားကို ကြားလိုက်ရသဖြင့် အကြီးအကျယ်အံ့အား...သွားသည်။

"ဘာလဲ..မင်းတို့က ငါ့ကိုသစ္စာဖောက်ချင်လို့လား"



"ဂိုဏ်းတူအစ်ကိုကြီး အထင်လွဲနေပြီ၊ အမှန်ကတော့ မီးအိမ်နီဂိုဏ်းနဲ့စတင်ပေါင်းကတည်းက ကျွန်တော်တို့ကန့်ကွက်ခဲ့တာပဲ၊ ဒါကိုအစ်ကိုကြီးသိပါတယ်၊ ဒါပေမယ့်အစ်ကိုကြီးက တစ်ဦးတည်းသဘောနဲ့လုပ်ချင်ရာလုပ်တော့ ကျွန်တော်တို့လည်း ရေငုံနှုတ်ပိတ်နေခဲ့ပါတယ်၊ ကျွန်တော်တို့ဟာ ပထမတစ်ကြိမ်မှားပြီးပြီ။ ကျွန်တော်တို့မသိဘဲနဲ့လည်း တိဗက်လားမားတွေဆီမှာ အစ်ကိုကြီးဒုတိယအကြိမ်မှားခဲ့ပြီးပြီ၊ အခုတတိယတစ်ကြိမ်မှားတော့မလို့ဖြစ်နေပါတယ်၊ အာဏာတောင်ဝှေးပြန်အပ်နိုင်းတာက ဂိုဏ်းသားများရဲ့ဆန္ဒအရ ဂိုဏ်းချုပ်တစ်ဦးပြန်ရွေးချင်လို့ပါ"

လင်ကျင့်က ရှည်လျားစွာရှင်းပြသည်။ ရှိန်ရက်တို့လည်း ထိုအခါကျမှ ဂိုဏ်းသားများ၏ သဘောအမှန်ကိုသိရတော့သည်။ ထို့ကြောင့်ထို့ကြောင့် ဓားကိုဓားအိမ်ထဲပြန်ထည့်သွင်းလိုက်၏။ ရန်ဖြစ်ဖို့မလိုတော့ပေ။

လင်ခုံးကတဟားဟားရယ်သည်။

"မင်းတို့ကလူကြောက်တွေပဲ၊ ရှိန်ရက်ကိုဒီလောက်ကြောက်တယ်ဆိုတာ အခုမှပဲငါသိရတယ်"

လင်ကျင့်က လက်အုပ်ချီ၍ပြောသည်။

"အစ်ကိုကြီးပြောတာမှားနေပါပြီ၊ ကျွန်တော်တို့မကြောက်ပါဘူး၊ သူ့ရဲကောင်းရှိန်ရက်ကို အထက်လမ်းသိုင်းလောကတစ်ခုလုံးက အထက်လမ်းဂိုဏ်းသားအဖြစ် အသိအမှ...ထားတယ်၊ ကျွန်တော်တို့က သူ့ကိုအောက်လမ်းဂိုဏ်းချုပ်တစ်ယောက်လို့ ဆက်ဆံလို့သင့်လျော်ပါ့မလား"

ရှိန်ရက်သည် ခေါင်းတဆတ်ဆတ်ညိ...ပြီး နားထောင်နေမိ၏။ ငေါ်မေးဂိုဏ်း၌ အဖြူနှင့်အမည်း၊ အမှားနဲ့အမှန်ကို ခွဲခြားနိုင်သူရှိပါသေးသလားဟု တွေးတောနေမိလေ၏။

လင်ခုံး၏မျက်နှာမှာ စိမ်းပြာပြာဖြစ်သွား၏။

"အင်အားကြီးတဲ့ရန်သူနဲ့ရင်ဆိုင်နေရတဲ့အချိန်မှာ ဒီစကားမျိုးမပြော

သင့်ဘူး၊ အေးချမ်းတဲ့အချိန်မျိုးမှာတောင်းဆိုရင် ငါလိုက်လျှောဖို့ မလေးဘူး"

လင်ကျင့်သည် သက်ပြင်းရှည်ကြီးချ၏။

"အစ်ကိုကြီး စည်းကမ်းလက်လွတ်မပြောသင့်ဘူး၊ အာဏာတောင်ဇေးကိုကိုင်ထားတဲ့အတွက် အချိန်မရွေးအမိန့်ပေးနိုင်တယ်ထင်ရင် အစ်ကိုကြီးမှားပါလိမ့်မယ်၊ ငေါ်မေးစည်းမျဉ်းအမှတ်ရှစ်ကို အစ်ကိုကြီးမေ့နေပြီလား၊ အမှတ်ရှစ်မှာဆိုထားတာက ဂိုဏ်းချုပ်ဟာ ဝါစဉ်ကြီးဆရာကြီးနဲ့ ဂိုဏ်းတူညီအစ်ကိုအားလုံးကို အသိမပေးဘဲတစ်ဘက်အင်အားကြီးတဲ့ရန်သူကို သွားရောက်မထိပါးရဘူးလို့ဆိုထားတယ်၊ အဲဒီတစ်ချက်တည်းနဲ့ အစ်ကိုကြီးလက်ထဲက အာဏာတောင်ဇေးဟာ ကျွန်တော့်လက်ထဲ ပြန်ရောက်ဖို့သင့်နေပြီ"

လင်ကျင့်၏ရှည်လျားသောစကားများကိုကြားရသောအခါ လင်ခုံး၏မျက်လုံးများသည် မီးကျီးမီးခဲများကဲ့သို့ ရဲရဲတောက်လာတော့သည်။ သူသည်ဦးခေါင်းကိုမော့၍ အရူးကဲ့သို့ တဟားဟားရယ်မြန်သည်။

"ကောင်းပြီ..ကောင်းပြီ၊ ညီတော်သုံးယောက်ရဲ့ဆန္ဒကိုလိုက်လျောလိုက်မယ်၊ ငါကိုယ်တိုင်ကလည်း စည်းကမ်းနဲ့မညီဘဲဖြစ်ခဲ့ပြီကိုး"

လင်ခုံးသည်မည်သူမျှထင်မှတ်မထားသည့် အလုပ်တစ်ခုကိုလျှင်မြန်စွာလုပ်လိုက်သည်။ အာဏာတောင်ဇေးဖြင့် သူ့ဦးခေါင်းကိုသူ့ဘာသာ လျှပ်တစ်ပြက်ရိုက်ချလိုက်ခြင်းပေတည်း။

"အစ်ကိုကြီး"

သူ့ညီတော်သုံးယောက်က အလန့်တကြားအော်ဟစ်မိကြလေ၏။

သူတို့တားမြစ်ရန် အချိန်မမီတော့ပေ။ လင်ခုံးသည် ဦးဆက်ကွဲ၍သေဆုံးသွားလေ၏။ အာဏာတောင်ဇေးလည်း မြေပြင်ပေါ်သို့ကျသွားသည်။ လင်ခုံး၏ညီတော်သုံးပါးသည် သူတို့၏ဂိုဏ်းတူအစ်ကိုကြီးအား လက်အုပ်ချီ၍ ကန်တော့ကြလေ၏။



"ဂိုဏ်းတူအစ်ကိုကြီး ဘာဖြစ်လို့ဒီလိုလုပ်ရတာလဲ၊ ညီတော်တို့က အစ်ကိုကြီးကို အစမှသတ်သေနိုင်းတာမှမဟုတ်ဘဲ"

မှန်ပါသည်။ လင်ကျင့်တို့သည် လင်ခုံးအားမသေစေလိုပါ။ ရှိန်ရက်တို့အား တိုက်ခိုက်ခြင်းဖြင့် ငေါ်မေးဂိုဏ်းသားများ အချည်းနှီးမသေစေလို၍သာ အာဏာတောင်ဇေးပြန်အပ်ရန်တောင်းဆိုကြခြင်းဖြစ်ပါသည်။ ယခုသော် သူတို့မထင်မှတ်သည့်အလုပ်ကို လင်ခုံးကထလုပ်လိုက်သဖြင့် ငေါ်မေးဂိုဏ်းသားအားလုံး ဝမ်းနည်းကြေကွဲသွားကြရတော့သည်။

**လင်ကျင့်သည်** အာဏာတောင်ဇေးကိုကောက်ကိုင်လိုက်ပြီး **ရှိန်ရက်နှင့် ရင်ဆိုင်လိုက်၏။**

"**သူ့ရဲ့ကောင်း**ရှိန်ရက် ကျုပ်တို့ဂိုဏ်းရဲ့ဝမ်းနည်းစရာအခြေအနေကတော့ မျက်မြင်ပါပဲ၊ သူရဲကောင်းလေးအနေနှင့် ငေါ်မေးဂိုဏ်းနှင့် တိုက်ခိုက်လိုပါသေးသလား"

ရှိန်ရက်ကခေါင်းခါလိုက်၏။

"ဟာ..တပည့်တော်က အမြဲတမ်းရန်လိုနေတဲ့လူမဟုတ်ပါဘူး၊ အခုဖြစ်ရတဲ့ကိစ္စကလည်း ညီမလေးရှမ်ယာနမ်ပြောသလို တီဗက်လားမားတွေနဲ့တိုက်ပွဲမှာ ဂိုဏ်းချုပ်ကြီးလင်ခုံးဝင်ရောက်စွက်ဖက်ရာကဖြစ်လာရတဲ့ကိစ္စမို့လို့ တပည့်တော်တို့အပြစ်လည်းမရှိပါဘူး၊ အခုအားလုံးက အေးအေးချမ်းချမ်းဖြစ်စေချင်ရင် တပည့်တော်လည်း ပြန်သွားရုံပါပဲ၊ လှူဗိုလ်ဂိုဏ်းမှာယှဉ်ပြိုင်မယ့်သိုင်းပြိုင်ပွဲကြီးကိုတော့ အရောက်လာခဲ့ဖို့ထပ်မံဖိတ်ကြားခဲ့ပါတယ်"

လင်ကျင့်ကလက်သီးနှစ်ဘက်ဆုပ်၍ ဂါရဝပြုသည်။ ရှိန်ရက်ကလည်း ပြန်လည်ဂါရဝပြု၏။ ထို့နောက်ရှမ်ယာနမ်၏လက်ကိုဆွဲကာ ငေါ်မေးကျောင်းဝင်းနံရံကို ခုန်ကျော်ထွက်လိုက်လေတော့သည်။

"အစ်ကို...ဒီငေါ်မေးဂိုဏ်းသားတွေကို ဒီလိုပဲခွင့်လွှတ်ခဲ့ရမှာလား

ရှမ်ယာနမ်က အခဲမကျေသည့် လေသံဖြင့်ပြောသည်။ သူမ၌ဒေါသမပြေသေး၊ အမုန်းမီးများမငြိမ်းနိုင်သေး။

"ညီမလေးဟာ သိပ်ပြီးစိတ်ထက်တယ်၊ ဘယ်အရာမဆိုစိတ်တင်တိုင်းလုပ်လို့မရဘူး၊ အခုကိစ္စကငေါ်မေးဂိုဏ်းချုပ်လင်ခုံးတစ်ယောက်တည်းကြောင့်ဖြစ်ရတဲ့ကိစ္စပါ။ ကျန်တဲ့ငေါ်မေးဂိုဏ်းသားတွေဟာ အမုန်ကိုအမုန်လို့မြင်နေကြပြီ။ သူတို့ကိုလင်ခုံးနဲ့အတူ ရောမုန်းဖို့မလိုပါဘူး"

ရှိန်ရက်သည် ရှမ်ယာနမ်၏လက်ကိုဆွဲကာ တောင်အောက်သို့ဆင်းပြေးလေတော့၏။

"ညီမလေး ချင်းဟိုင်နယ်ကိုသွားရပြန်ရတဲ့ခရီးနဲ့ အချိန်ဟာနည်းတာမဟုတ်ဘူး၊ အခုငါတို့တစ်နှစ်နီးပါးကြာခဲ့ပြီ။ လူ့ဗိုလ်တောင်ကို အချိန်မီမရောက်ရင်အားလုံး အရှက်ကွဲကုန်လိမ့်မယ်"

သူတို့သည် ရွှေရောင်တောင်ထိပ်၏ ခြေရင်းသို့ရောက်ရှိလာသည်။

ရွှေရောင်တောင်ထိပ်ပေါ်မှ ဝမ်းနည်းကြေကွဲဖွယ်ရာ ခေါင်းလောင်းသံများထွက်ပေါ်လာသည်။ လင်းခုံး၏ ဈာပနအတွက်တီးခတ်လိုက်သည့် ခေါင်းလောင်းသံမှတစ်ပါး အခြားမည်သည့်ခေါင်းလောင်းသံဖြစ်နိုင်ပါမည်နည်း။

* * * * *

## လူ့ဗိုလ်ဂိုဏ်း၏ဌာနချုပ်

လူ့ဗိုလ်တောင်တန်းကြီးသည် အရှေ့နှင့်အနောက်ကာဆီးလျက်ရှိသည်။ ဤတောင်တန်းကြီးသည် ယန်ဘုရင်တောင်ထိပ်နှင့်ပါးစပ်တောင်တန်းထက်မနိမ့်ကျချေ။

ရှိန်ရက်သည် လူ့ဗိုလ်တောင်တန်းကြီးကိုကြည့်၍ သူ၏ဆရာဗိုင်လိကျို့ကိုသတိရလာသည်။

ဗိုင်လိကျို့၏ကျေးဇူးကြောင့် သူ့ရဲကောင်း၏အတွင်းအားနှင့် နက်နဲသောသိုင်းပညာများကို ရရှိခဲ့သည်မဟုတ်ပါလော၊ ထို့အတွက်ပင် ရှိန်ရက်သည် ဆရာကြီးဗိုင်လိကျို့၏ကျေးဇူးကိုဆပ်ဖြစ်အောင်ဆပ်ရန် ပိုင်းဖြတ်ထားခဲ့ခြင်းဖြစ်ပေသည်။

ယခုလူ့ဗိုလ်တောင်သည် ယခင်ကလိုတောလမ်းတောင်လမ်းသက်သက်မဟုတ်တော့ပေ။ လူသွားလမ်းပေါ်နေပေပြီ။

အရပ်ရှစ်မျက်နှာမှ သိုင်းသမားများသည် လူ့ဗိုလ်တောင်သို့လာရောက်ဆန်းစစ်လေ့လာနေကြပေပြီ။

အချို့သိုင်းသမားများသည် သိုင်းပညာယှဉ်ပြိုင်ပွဲကြီး၌ ပါဝင်ယှဉ်ပြိုင်ရန်လာကြခြင်းမဟုတ်ပေ။ လာရောက်ကြည့်ရှုခြင်းသာဖြစ်သည်။ ဝင်ရောက်ယှဉ်ပြိုင်နိုင်လောက်သည့် ပညာလည်းမရှိကြပေ။

တောင်ထိပ်၌ ရှေးဆန်ဆန်အဆောက်အအုံကြီးတစ်ခု ခန့်ညားစွာတည်ရှိနေပေပြီ။

အဆောက်အအုံကြီး၏တံခါးမကြီးသို့ရောက်ရှိရန်မှာ ကျောက်ဆယ်သောလှေကားထစ်များကို နင်းတက်ရမည်ဖြစ်သည်။

ထို့ကြောင့် ထိုအဆောက်အအုံကြီးသည် မြင့်မားစွင့်ကားလျက်ထည်ထည်ဝါဝါရှိနေပေတော့သည်။

ထိုအဆောက်အအုံ၏နဖူးစည်း၌ စာလုံးအကြီးဖြင့်ရေးသားထားသည့်စာတမ်းကား လူ့ဗိုလ်ဂိုဏ်းဌာနချုပ်ဟူသတည်း။

ဤအဆောက်အအုံကြီးကို တာဝန်ယူဆောက်လုပ်ခဲ့သူကား ဆရာကြီးလုံးရှင်ဖြစ်သည်။ လုံးရှင်သည် သူ့ကတိအတိုင်း ရှိန်ရက်အတွက် ဤအဆောက်အအုံကြီးကို အပြီးအပြတ်တည်ဆောက်ပေးခဲ့ပေသည်။

ယခုအချိန်သည်ကား သိုင်းပြိုင်ပွဲကြီးကျင်းပရန် ရက်သတ္တပတ်မျှသာလိုတော့သည့်အချိန်ဖြစ်နေသည်။ သိုင်းသမားများကို ဆရာကြီးကျိုဆို့ကဖိတ်စာနှင့်တကွ တရားဝင်ဖိတ်ကြားထားပြီးပေပြီ။ ရောက်ရှိလာသည့်သိုင်းသမားများကိုလည်း စနစ်တကျနေရာချထားပြီးပေပြီ။

ကျိုဆို့မှာ အစစအရာရာပြီးပြည့်စုံအောင် ဆောင်ရွက်နေရသော်လည်း ရှိန်ရက်ရောက်မလာသေးသည့်အတွက်မူ ရင်ပူနေရသည်။

အားလပ်ချိန်များတွင် သူသည် တောင်ခြေသို့ပွင့်သောကရှိသော မျက်လုံးများဖြင့် လှမ်းမျှော်ကြည့်နေတတ်ကြောင်း ဘွယ်ကျယ်ကြွင်း သတိပြုမိပေသည်။

သိုင်းပြိုင်ပွဲကျင်းပရန် လေးရက်သာလိုတော့သည့်အချိန်တွင် ကြိုဆိုသည် တောင်ထိပ်မှမစောင့်နိုင်တော့ပေ။ တောင်ခြေသို့ဆင်းသွားပြီး ရှိန်ရက်ကိုစောင့်တော့သည်။

ဘွန်ကျယ်ကြွင်းသည် ဆရာကြီးကြိုဆိုတောင်ခြေသို့ဆင်းသွားသည်နှင့် သူမလည်းလိုက်၍ဆင်းသွား၏။ ဘွန်ကျယ်ကြွင်းဆင်းသောအခါလူကောင်းပကတိဖြစ်နေဟန်ရှိသော ဖန့်ဝမ်လန်လည်း ဘွန်ကျယ်ကြွင်းနောက်သို့လိုက်တော့သည်။ ကျိုဝှမ်းကျွင်းလည်း တောင်ထိပ်၌ချန်မနေတော့ပေ။

"ဘိုးဘိုးကြိုဆို့ အစ်ကိုတို့ဘာကြောင့် ရောက်မလာသေးတာလဲဟင်."

ဘွန်ကျယ်ကြွင်းကမေးလိုက်၏။

ကြိုဆို့သည် အဝေးသို့ငေးမျှော်ကြည့်ပြီး စိတ်တိုသည့်လေသံဖြင့် ပြန်ပြောသည်။

"သူဘာလုပ်နေတယ်၊ ဘာကြောင့်မလာနိုင်ဖြစ်နေသလဲဆိုတာ ငါကနတ်မျက်စိမှမရှိတာ၊ ဘယ်သိနိုင်မှာလဲ၊ စောင့်ဆိုင်းရတဲ့အလုပ်ဟာအင်မတန် စိတ်ပင်ပန်းစရာကောင်းတယ်လို့ ပညာရှိကြီးတွေက ပြောခဲ့တယ်၊ အခုကျမှ ဒီစကားမှန်မှန်းသိတော့တယ်"

ကျိုဝှမ်းကျွင်းက ကြိုဆို့ဘေးသို့လျှောက်သွားပြီး နှစ်သိမ့်မှုပေးလိုက်၏။

"ဆရာကြီး၊ သိပ်စိတ်ပူမနေနဲ့၊ ရှိန်ရက်ဟာ သူချိန်းထားတဲ့ရက်ကိုသူ ဘယ်တော့မှမမေ့ပါဘူး"

ကြိုဆို့သည် ဤအချက်ကိုတော့ သံသယမရှိပါ။ ရှိန်ရက်ရောက်မလာနိုင်ခြင်းမှာ မလွဲမရှောင်သာသောအကြောင်းအရာကိစ္စတစ်ခု



ကြောင့်သာ ဖြစ်ရမည်ဖြစ်ကြောင်း ကြိုဆို့နားလည်ပါသည်။

သို့ရာတွင် ထိုအချိန်၌ ရှိန်ရက်သည် လူဗိုလ်တောင်နှင့်မနီးမဝေးသို့ရောက်ရှိနေပါပြီ။

ကျိုဝှမ်းကျွင်းသည် အဝေးမှမြင်းတစ်စီးနှင့် လူနှစ်ယောက်ကိုတွေ့လိုက်သည်နှင့် ဝမ်းသာအားရအော်ဟစ်မိလေ၏။

"သူ့ရဲ့ကောင်းရှိန်ရက် ပြန်လာပြီ"

ကျန်အမျိုးသမီးနှစ်ယောက်လည်း လွန်စွာဝမ်းသာသွားကြ၏။

မကြာမီ ရှိန်ရက်တို့၏ မြင်းကွင်းသည် ပီသကြည်မြသွား၏။ ကြိုဆို့နှင့် ကျန်လူများကလည်း ပြေးအသွား၊ ရှိန်ရက်နှင့် ရှမ်ယာနမ်တို့ကလည်း ခရီးပြင်းနှင်လာသဖြင့် မကြာမီလူနှစ်စု ပက်ပင်းတွေ့ဆုံကြတော့သည်။

ရှိန်ရက်သည် **မြင်းပေါ်မှလျှင်မြန်စွာခုန်ဆင်းပြီး** ဆရာကြီးကြိုဆို့ကိုပြေးဖက်လေ၏။

"ဆရာကြီး"

ကြိုဆို့နှင့်ရှိန်ရက်တို့ တစ်ဦးနှင့်တစ်ဦး ဝမ်းသာအားရဖက်ထားမိကြသည်။ သူတို့နှစ်ဦးမှာ သံယောဇဉ်အတော်ကြီးသည်။ စိတ်လှုပ်ရှားနေကြသဖြင့် ရုတ်တရက်စကားမပြောနိုင်ကြပေ။

အတန်ကြာမှ ကြိုဆို့ကတုန်ယင်စွာပြောသည်။

"ညီလေးရှိန်ရက် မင်းဘယ့်နှယ်သိပ်နောက်ကျနေရတာလဲ၊ ငည်သည်တွေတောင် အတော်ကလေးရောက်နေပြီ၊ ငါ့မှာစိတ်ပူလိုက်ရတာ မောနေတာပဲကွာ"

ရှိန်ရက်ခေါင်းညိတ်၏။

"ကျွန်တော်သဘောပေါက်ပါတယ်၊ လမ်းပေါ်မှာအနှောက်အယှက်တွေသိပ်များနေတယ်၊ ချင်းဟိုင်မှာဖြစ်ပျက်ခဲ့တာတွေကိုမပြောနဲ့ ချင်းဟိုင်ကအပြန် လမ်းခရီးမှာကို အချိန်တွေသိပ်ကြာခဲ့တယ်၊ ခရီးကလည်းမနီးလှဘူးမဟုတ်လား"

ရှိန်ရက်က သူ့ခရီးစဉ်ကိုရှင်းပြလေ၏။ ကြို့ဆို့က ခေါင်းခါ၏။

"ဒါတွေပြောမနေစမ်းပါနဲ့၊ သိုင်းလောကသတင်းဆိုတာ ပျံ့နှံ့တာ အင်မတန်မြန်ပါတယ်၊ မကြာခင်ဒါတွေသိလာမှာပဲ"

ရှိန်ရက်သည် သူ့အားရီဝေစွာကြည့်နေသည့် ဖန့်ဝမ်လန်ကိုတွေ့သောအခါ လွန်စွာဝမ်းသာသွား၏။

"ညီမလေးဖန်..နင်စိတ်ရောဂါပျောက်သွားပြီလား"

ဖန့်ဝမ်လန်က ခေါင်းညိတ်၏။

"ဒါကတော့ ညီမလေးဘွန်ကျယ်ကြွင်းရဲ့ ကျေးဇူးပါ၊ သူကဆေးဆရာမတစ်ပိုင်းဖြစ်နေတာပဲ"

"ဟား..ဟား..ဟား၊ သူ့မွေးစားဖခင်ကြီးက သမားတော်ကြီး ဗိုင်ချာရှန်ကျပဲဥစ္စာ၊ သူဆေးပညာတတ်နေတာ ဘာဆန်းသလဲ"

ရှိန်ရက်သည် ဘွန်ကျယ်ကြွင်းကိုလည်းနှုတ်ဆက်။ ကျိုဝှမ်းကျွင်းကိုမူ မျက်နှာပူပူဖြင့် နှုတ်ဆက်၏။ ကျိုဝှမ်းကျွင်း၏မျက်လုံးများက ချစ်ရည်ရွှန်းလဲ့နေပေသည်။ ကြို့ဆို့သည် ရှမ်ယာနမ်အား စိတ်ဆိုးသောအမူအယာဖြင့်လှမ်း ကြည့်လိုက်၏။

ရှိန်ရက် တစ်နှစ်နီးပါးခရီးထွက်သွားရသည်မှာ ရှမ်ယာနမ်ကြောင့်မဟုတ်ပါလား။

"လုံမလေးရှမ်..မင်းကဘာဖြစ်လို့ မပြောမဆိုဘဲထွက်သွားတာလဲ၊ ရှိန်ရက်ဒုက္ခရောက်ရတာက အရေးမကြီးဘူး၊ ရှိန်ရက်မရှိတော့ ကျုပ်တို့မှာ ဘယ်လောက်ဒုက္ခရောက်ရသလဲ၊ လူဗိုလ်တောင်ကဌာနချုပ်မှာ ကျုပ်ဟာဌာနမှူးကြီးဖြစ်နေပြီး၊ အစစအရာရာတာဝန်ယူနေရတော့ ကျုပ်မှာအိပ်လို့တောင်မပျော်နိုင်ဘဲ ဖြစ်နေရတယ်"

ရှမ်ယာနမ်မှာရှက်သွားသည်။

သူမထွက်သွားရသည့်အကြောင်းရင်းကို အဘယ်မှာလျှင် ရှင်းပြ၍ဖြစ်ပါအံ့နည်း။

ထို့ကြောင့် လုံးထွေး၍ဖြေလိုက်သည်။

"ကျွန်မက ရှင်းလျှိုတ့ဖူးကို သတ်ချင်စိတ်များနေလို့ ဘယ်သူ့မှ မပြောဘဲ ထွက်သွားမိတာပါ၊ အားလုံးကိုဒုက္ခပေးသလိုဖြစ်သွားတဲ့အတွက် ကျွန်မတောင်းပန်ပါတယ်"

ကြို့ဆို့မှာ သက်ပြင်းရှည်ကြီးသာချမိတော့သည်။

"လူငယ်တွေအဲဒါခက်တာပဲ၊ ဘယ်တော့ဖြစ်ဖြစ် စိတ်လိုက်မာန်ပါလုပ်ကြတယ်၊ နောက်ပြီးအမှားချည်း[illegible]တယ်၊ လူကြီးတွေရဲ့ပြောစကားကို တန်ဘိုးထားဖို့ကို သူတို့နားမ[illegible]ည်ဘူး၊ ကဲ..ကဲ..ဌာနချုပ်ကိုသွားကြစို့၊ ဘယ်လောက်အံ့ဩစရာကောင်းသလဲဆိုတာ လိုက်ကြည့်ကြဦး"

ရှိန်ရက်၊ ဘွန်ကျယ်ကြွင်း၊ ဖန့်ဝမ်လန်နှင့် ကျိုဝှမ်ကျွင်းတို့လေးယောက်သည် ရှေ့မှစကားတစ်ပြောပြောနဲ့ တက်သွားတက်သွား၏။

ဆရာကြီးကြို့ဆို့နဲ့ ရှမ်ယာနမ်တို့က နောက်ခပ်လှမ်းလှမ်းမှလိုက်လာကြသည်။

ရှမ်ယာနမ်က ကြို့ဆို့ကိုခပ်တိုးတိုးပြောသည်။

"ဘိုးဘိုး..ဆရာကြီးဘိုးဘိုး၊ ဆရာကြီးဆီမှာ ကျွန်မနည်းနည်းလောက်အကူအညီတောင်းချင်တယ်"

ရှမ်ယာနမ်က တိုးတိုးတိတ်တိတ်၊ လျှို့လျှို့ဝှက်ဝှက်ပြောသဖြင့် ကြို့ဆို့အံ့ဩသွားသည်။

"ဘာကိစ္စများလည်း၊ ငါကူညီနိုင်တဲ့အလုပ်ဆိုရင်တော့ ဘယ်တုန်းကမှမငြင်းပယ်ခဲ့ပါဘူး"

ရှမ်ယာနမ်သည် ကြို့ဆို့၏အင်္ကျီလက်စရှည်ကိုဆွဲ၍ နောက်ချန်စေခဲ့သည်။

ထို့နောက် မျက်နှာနီနီဖြင့်ပြောသည်။

"ဘိုးဘိုးဆရာကြီး၊ ပေပေမဆုံးခင်ကမှာထားခဲ့တာတွေကို ကြားခဲ့တယ်မဟုတ်လား"

ကြို့ဆို့သည် ချက်ချင်းသဘောပေါက်သွားပြီး တဟားဟားရယ်လေတော့သည်။ ရှေ့ခပ်လှမ်းလှမ်း၌သွားနေသည့် ရှိန်ရက်နှင့် မိန်းကလေးသုံးယောက်တို့ပင် ကြို့ဆို့၏ရယ်သံကြောင့် ပြန်လှည့်ကြည့်မိ

ကြ၏။

"ဘိုးဘိုးဆရာကြီးတိုးတိုးရယ်ပါ၊ ကျွန်မမှာပြိုင်ဘက်တွေများလွန်းလို့ ရင်ထဲမှာမအေးနိုင်ဘဲဖြစ်နေရပါတယ်၊ ကြိုဆို့ကရယ်ပြီးပြောသည်။

"ပြိုင်ဘက်တွေဘယ်လောက်များများ၊ ရှိန်ရက်ဟာ သေခါနီးလူကို ကတိပေးပြီးပြီ။ လုံမလေးကိုပဲ သူယူရမှာပဲ"

"မထင်နဲ့ဘိုးဘိုး၊ သူ့စိတ်ကတစ်မျိုး၊ သူတစ်ခုခုကို ချိတ်ချတ်ဖြစ်နေပုံမျိုးဖြစ်နေတယ်၊ ကျွန်မကိုဆက်ဆံတာလည်း သိပ်ပြီးရိုးသားသန့်ရှင်းတယ်"

"ဟား..ဟား..ဟား၊ ဒါကရှိန်ရက်ရဲ့စရိုက်ပဲ၊ သူဟာအမြဲတမ်းရိုးသားသန့်ရှင်းတယ်၊ ကဲ..ညည်းဆိုလိုတာက ငါ့ကိုအောင်သွယ်လုပ်နိုင်းဖို့ပဲမဟုတ်လား"

ရှမ်ယာနမ်က မျက်နှာနီနီဖြင့် ခေါင်းညိတ်ပြသည်။

"စိတ်ချ..စိတ်ချ၊ ဒီအလုပ်က ငါ့အဖို့သိပ်မခက်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဆရာကြီးဇွမ်းဝူရှေ့မှာ လုံမလေးကိုစောင့်ရှောက်မယ်လို့ သူကတိပေးထားပြီးလို့ပဲ"

ရှိန်ရက်သည် သူ၏အတွေ့အကြုံများကို မိန်းမပျိုလေးသုံးယောက်အား အပြန်အလှန်ပြောပြနေ၏။

ကျိုဇွမ်းကျွင်းနဲ့ ဖြစ်ပျက်ခဲ့သည်များကိုမူ ထိန်ချန်ထား၏။ ထို့အတွက် ကျိုဇွမ်းကျွင်းကလည်း စိတ်မဆိုးချေ။

သမားတော်ကြီးပိုင်ချာရွှန်ကျူ သေဆုံးသွားကြောင်းသိရသည့်အခါတွင်မူ ဘွန်ကျယ်ကြွင်းသည် သည်းထန်စွာငိုကြွေးတော့သည်။ ပိုင်ချာရွှန်ကျူသည် သူမအား သမီးရင်းသဖွယ် ပြုစုစောင့်ရှောက်ခဲ့သည့် ကျေးဇူးရှင်ကြီးဖြစ်ခဲ့သည်မဟုတ်ပါလား။

သူတို့အားလုံးတောင်ထိပ်သို့ရောက်လာသည့်အခါ ရှိန်ရက်နှင့်ရှမ်ယာနမ်တို့သည် လူဗိုလ်တောင်ဂိုဏ်းအတွက် အုံသြဖွယ်ကောင်း



သည့် ဌာနချုပ်အဆောက်အအုံကြီးကို တွေ့ရတော့သည်။

ကြိုဆို့သည် မည်သည့်နေရာသည်ဧည့်ခန်း၊ မည်သည့်နေရာသည် ကျမ်းစာများထားမည့်အခန်း၊ မည်သည့်နေရာသည် သိုင်းလေ့ကျင့်ရမည့်အခန်း၊ မည်သည့်နေရာသည် လူဗိုလ်ဂိုဏ်း၏ ခန်းမဆောင်ကြီးစသည်ဖြင့် တစ်ခန်းချင်းလိုက်လံပြသ၏။

ရှိန်ရက်သည် အလွန်ကြီးကျယ်သည့် ခန်းမကြီးကြောင့် ရင်သပ်ရှုမောဖြစ်နေမိသည်။

ထိုနောက်ပိုင်းတွင် ရောက်နှင့်နေပြီးသောဧည့်သည်များနှင့် ရှိန်ရက်အား လိုက်လံမိတ်ဆက်ပေး၏။ ရှိန်ရက်ကလည်း သူခရီးလွန်နေသဖြင့် ယခုမှနှုတ်ဆက်ရခြင်းဖြစ်ကြောင်း ပဋိသန္ဓာရစကားပြောသည်။

ထိုညဥ့်ရှိန်ရက် ကောင်းစွာအနားယူအိပ်စက်ခွင့်ရသည်။

နောက်တစ်နေ့နံနက်တွင် ချင်းချန်ဂိုဏ်းချုပ်ကြီးနဲ့ တပည့်သုံးယောက်၊ ၎င်းတို့နောက်မှ ဝါဆန်းဂိုဏ်းချုပ်ကြီးနဲ့ တပည့်ဆယ်ယောက်တို့ ရောက်ရှိလာကြသည်။

နောက်တစ်ရက်တွင် ခွန်းလွန်ဂိုဏ်း၊ တင်းချူဂိုဏ်း၊ ဟွာတန်းဂိုဏ်း၊ ရှောင်လင်ဂိုဏ်းများမှ ဂိုဏ်းချုပ်ကြီးများနှင့် တပည့်လက်သားများ ရောက်ရှိလာကြ၏။ ထို့ကြောင့် လူဗိုလ်တောင်တွင် ငေါ်မေးဂိုဏ်းမှ တစ်ပါး အားလုံးစုံသွားသည်။

ငိုး..းမျှဘဲ တစ်ကိုယ်တော်သမားဖြစ်နေသည့် ခုံချိုလင်သခင်ခေါ် ထန်းလိုက်ဒေဗီသည်လည်း ရောက်ရှိမလာသေးပေ။

ကြိုဆို့သည် ခုံချိုလင်နဲ့ပတ်သက်၍ ဟွာတန်ဂိုဏ်းချုပ်ကြီးအား မေးမြန်းစုံစမ်းသည်။ သို့သော် ဟွာတန်းဂိုဏ်းချုပ်ကြီးက ပြုံးရုံသာပြုံးပြီး ဘာမှပြန်မဖြေချေ၊ ကြိုဆို့လည်းဆက်မမေးသာတော့ပေ။

* * * * *

ခုံချုံလင်သခင် မည်သို့အကြံကြီးကြံနေကြောင်း မည်သူမျှမသိကြပေ။ ရှိန်ရက်အနေဖြင့်လည်း သိုင်းပညာတွင် ခုံချုံလင်သခင်ကိုသာ ဂရုစိုက်သည်။

တစ်ခုတော့ရှိသည်။ သိုင်းဂိုဏ်းကြီးများ၏အဆင့်ကိုရွေးချယ်ရာ၌ ခုံချုံလင်သခင်သည် အရေးမပါပေ။

သူမသည် တစ်ကိုယ်တော်သမားသာဖြစ်သည်။ ထို့ကြောင့်ကြီးဆို နဲ့ ရှိန်ရက်တို့က ခုံချုံလင်သခင်ကိုမစောင့်ဘဲ သိုင်းပြိုင်ပွဲကျင်းပရန် ဆုံးဖြတ်လိုက်ကြတော့သည်။

* * * * *

<u>အရက်ချိုးကြီး၏စေတနာ</u>

ခန်းမကြီး၏ ခေါင်းရင်းတွင် စင်မြင့်တစ်ခုရှိ၍ နှစ်ဆယ့်လေးယောက်သောလူဗိုလ်ဂိုဏ်းချုပ်အထိမ်းအမှတ်ပန္နည်းတစ်ခုစီတင်ထား၏။

ဝိဉာဉ်အမှတ်အသားပန္နည်းများဖြစ်ပေသည်။

ခန်းမကြီး၏အထက်တွင် ပြိုင်ပွဲယှဉ်ပြိုင်ရန် ကွက်လပ်အဖြစ်ချန်လှပ်ထားပြီး ကွက်လပ်ပတ်လည်တွင် ထိုင်ခုံများ အများအပြားချထားသည်။ ထိပ်သီးသိုင်းသမားတစ်ရာကျော်နေရာယူပြီးဖြစ်သော်လည်း အချို့ခုံများမှာ ကွက်လပ်ဖြစ်နေပေသေးသည်။ လစ်လပ်နေပေသေးသည်။

ရှိန်ရက်သည် ကွက်လပ်သို့ထွက်လာပြီး ဧည့်သည်ပရိတ်သတ်သိုင်းဆရာကြီးများအား ဂါရဝပြုကာနှုတ်ဆက်စကားပြောသည်။

"ဆရာကြီးများကို ကျွန်တော်ရှင်းပြချင်တဲ့ အချက်တစ်ချက်ရှိပါတယ်၊ အဲဒီအချက်ကတော့ နှစ်တစ်ရာလောက်တိမ်မြုပ်ပျောက်ကွယ်နေတဲ့ လူဗိုလ်ဂိုဏ်းကို သိုင်းလောကထဲမှာ ပြန်လည်ရှင်သန်စေလိုတဲ့



အချက်ဟာ အဓိကအချက်ပါပဲ"

ရှိန်ရက်သည် အားလုံးကိုတစ်ချက်မျှအကဲခတ်လိုက်ပြီး--

"အဲဒီလိုလူဗိုလ်ဂိုဏ်းကို ပြန်လည်ဖော်ထုတ်တဲ့နေရာမှာ သိုင်းပြိုင်ပွဲမလုပ်လို့ကို မရပါဘူး၊ သိုင်းပြိုင်ပွဲလုပ်မှသာ သိုင်းလောကအနေနဲ့ လူဗိုလ်ဂိုဏ်းကို အသိအမှတ်ပြုကြမှာဖြစ်ပါတယ်၊ ဒါကြောင့် ဒီပြိုင်ပွဲကိုလုပ်ရတာ သိုင်းဂိုဏ်းကြီးတွေက တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်းမသင့်မမြတ်ဖြစ်အောင်လုပ်ခြင်းမဟုတ်ကြောင်းထင်ရှားပါတယ်၊ ကျွန်တော်တို့ကို ညာတာထောက်ထားပြီး သိုင်းပြိုင်ပွဲကျင်းပဖို့လာရောက်ကြတဲ့ ဂိုဏ်းချုပ်ကြီးအားလုံးကို ကျေးဇူးတင်ကြောင်းကိုလည်း ဒီနေရာကကျွန်တော် ပြောကြားပါတယ်ခင်ဗျား"

လက်ခုပ်သြဘာသံများဆူညံသွား၏။ ရှိန်ရက်ကလေးလေးနက်နက် ဆက်လက်ပြောကြား၏။

"လူဗိုလ်ဂိုဏ်းရဲ့ အစဉ်အဆက်ဆရာ များဟာ လွန်ခဲ့တဲ့နှစ်တစ်ရာကျော်က ဝါဆန်းတောင် ခါးသိုင်းပြိုင်ပွဲကြီးမှာ အားလုံးကို အရေးနိမ့်ခဲ့တဲ့အတွက် ဂိုဏ်းတံခါးပိတ်ပြီး၊ ခါးသိုင်းပညာ၊ အဓိကအားဖြင့် လှံသိုင်းပညာကို ကြိုးစားလေ့ကျင့်ခဲ့ကြပါတယ်၊ ဆရာ့ဆရာကြီးများဟာ သူတို့လေ့ကျင့်ခဲ့တဲ့ ပညာအမွေကိုကျွန်တော့်ကိုပေးခဲ့ပါတယ်၊ ကျွန်တော်ကပဲ လူဗိုလ်ဂိုဏ်းရဲ့ဂုဏ်ကို ပြန်ဆယ်ရမှာဖြစ်ပါတယ်၊ ကျွန်တော်တတ်ထားတဲ့ပညာနဲ့ ဂိုဏ်းအသေးသေးကိုစော်ကားမော်ကားပြုလုပ်တာမဟုတ်ပါဘူးခင်ဗျား၊ အခုပြိုင်ပွဲမှာ ဘယ်ဂိုဏ်းကနံပါတ်တစ်အောင့်အဖြစ်ရပ်တည်နိုင်မယ်ဆိုတာ ဘယ်သူမှအသေအချာမပြောနိုင်ပါဘူး၊ ပြိုင်ပွဲပြီးတဲ့နောက် တစ်ဦးကိုတစ်ဦး၊ တစ်ဂိုဏ်းကိုတစ်ဂိုဏ်း လေးလေးစားစားဆက်ဆံသွားရင် သိုင်းလောကကြီးဟာလုံးဝအေးချမ်းသွားမှာဖြစ်ပါတယ်"

ရှိန်ရက်သည် သူ့အပေါ် ကျေနပ်ဖြစ်နေသည့် ဂိုဏ်းချုပ်ကြီးများအား လိမ်ပတ်လည်အောင် နိုင်ခဲ့လေသည်။ ထို့ကြောင့် သြဘာသံများ ဒုတိယအကြိမ် ထပ်မံကြားလိုက်ရလေသည်။

တိုက်ပွဲကွင်းပြင် ရှေ့ဘက်နားၡ် အထူးသီးသန့်ခင်းကျင်းထားသည့် ထိုင်ခုံဆယ်လုံးခန့်ရှိသည်။ ထိုခုံများကား ဂိုဏ်းချုပ်ကြီးခုနစ်ဂိုဏ်းမှ ဂိုဏ်းချုပ်ကြီးများနှင့် ဧည့်သည်တော်များထိုင်ရန် ခင်းကျင်းထားခြင်းဖြစ်ပေသည်။

ဂိုဏ်းကြီးခြောက်ဂိုဏ်းမှ ဂိုဏ်းချုပ်ကြီးများ သီးသန့်ထိုင်ခုံများ၌ လာထိုင်ကြ၏။

ရှိန်ရက်က စတင်ကြေညာလေ၏။

"သိုင်းပညာဖလှယ်မယ့်ပွဲကြီးကို ခုချိန်ကစပြီး ဖွင့်လှစ်လိုက်ပါပြီ"

ထိုအခါ ရှောင်လင်ဂိုဏ်းချုပ်ကြီးက ရုတ်တရက်ထလာကာ တောင်ဆေးကိုကြမ်းပြင်၌ဆောင့်ကာ လှမ်းပြောသည်။

"လူဗိုလ်ဂိုဏ်းချုပ်ကြီးရှိန်ရက် မကြေညာပါနဲ့ဦး၊ ဒီပြိုင်ပွဲကိုတက်ရောက်မယ့်လူတွေရှိသေးတယ်"

ရှိန်ရက်မျက်မှောင်ကြုတ်သွား၏။

"ရှောင်လင်ဂိုဏ်းချုပ်ကြီး ဘယ်သူ့ကိုဆိုလိုတာလဲ"

"ခုံချုံလင်သခင်ပဲပေါ့၊ သူ့ကိုလည်းဂိုဏ်းချုပ်ကြီးရှိန်ရက်တို့က ဖိတ်ကြားထားတာပဲမဟုတ်လား"

"ရှောင်လင်ဂိုဏ်းချုပ်ကြီး၊ ခုံချုံလင်သခင်နဲ့ တပည့်တော်နဲ့ဖြေရှင်းစရာကိစ္စက တစ်ကဏ္ဍပါ၊ ဒီပြိုင်ပွဲနဲ့မပတ်သက်ရင်လည်း ဖြစ်တဲ့ကိစ္စပါ၊ နောက်တစ်ချက်က ခုံချုံလင်သခင်ဟာ ဂိုဏ်းတစ်ခုထူထောင်တဲ့သဘောမျိုးမဟုတ်ပါဘူး၊ ဒါကြောင့် ကျွန်တော်တို့ရဲ့ပြိုင်ပွဲကို အခုပဲစဖော်ချင်ပါတယ်"

ရှိန်ရက်၏စကားပင်မဆုံးသေး၊ တောင်ခြေမှစူးရှသောလေချွန်သံထွက်ပေါ်လာပြီး အဝါရောင်လူရိပ်တစ်ရိပ်သည် အလွန်လျင်မြန်သောအရှိန်အဟုန်ဖြင့် ပြေးလာကြောင်းအားလုံးတွေ့ရှိလိုက်ကြရသည်။

ရှိန်ရက်အလွန်အံ့ဩသွားသည်။ အဘယ်ကြောင့်ဆိုသော် ထိုသူမှာ ခုံချုံလင်သခင်ခေါ် ထန်းလိုက်ဒေဝီဖြစ်နေသောကြောင့်ပေတည်း။



သူမသည် လူဗိုလ်ဌာနချုပ်၏လှေကားများကို နင်း၍မတက်ဘဲ ခုန်ပျံကျော်လွှားတက်လာပြီး ခန်းမဆောင်ထွက်လမ်းအတွင်းသို့ တစ်ရှိန်ထိုးတိုးဝင်လာ၏။

"ငါရောက်လာပြီ ရှိန်ရက်"

သူမသည် စကားဆုံးသည်နှင့် သူမ၏ဓါးကိုဆွဲထုတ်လိုက်၏။

ဓါးဆွဲထုတ်ပုံမှာ လျင်မြန်လွန်းလှသဖြင့် မည်သူမျှဓါးထုတ်ပုံကို မြင်လိုက်ရသည်ဟု မထင်မိကြချေ။

သူမ၏လက်ဆောက်ဝတ်ကို လက်လှည့်လှုပ်ရှားကစားလိုက်သည့်အခါ ဓါးဦးထိပ်ဖျားမှ ကြယ်ပွင့်ကလေးများစွာ လင်းလက်လာသည်ကိုတွေ့ရသည်။

"ဒီမှာရှိန်ရက်၊ ငါ့လက်ထဲကဓါးရှည်ကိုတွေ့တယ်မဟုတ်လား၊ ငါ့လက်ထဲကဓါးကိုနိုင်အောင်တိုက်ပြီးမှ နင့်သိုင်းပြိုင်ပွဲကိုကျင်းပခွင့်ပြုမယ်၊ အဲဒီလိုမှမဟုတ်ရင်တော့ နင့်လူဗိုလ်တောင်ဂိုဏ်းဌာနချုပ်ကို တံခါးပြန်ပိတ်ထားလိုက်ပေတော့"

ရှိန်ရက်မှာ အနည်းငယ်စိတ်ပျက်သွားသည်။

ဤသိုင်းလောက၌ သူ့အားပမာမခန့်ပြောဝံ့သူဆို၍ ဤအဘွားကြီးတစ်ဦးသာရှိတော့သည်။

"ထန်းလိုက်ဒေဝီ၊ ကျွန်တော်ဟာအမြဲတမ်း ခင်ဗျားအပေါ်မှာ သည်းခံခဲ့တယ်၊ အဲဒါဘာဖြစ်လို့လဲသိသလား"

ခုံချုံလင်သခင်ခေါ် ထန်းလိုက်ဒေဝီမျက်နှာပျက်သွားလေ၏။

"ဘာဖြစ်လို့လဲ၊ ငါကနန်းဟိုင်က[illegible]၊ ငါ့ဓါးပညာအစွမ်းထက်ပုံကိုသိပြီး နင်နောက်ဆုတ်နေတာမဟုတ်လား"

ရှိန်ရက်နှာခေါင်းရှုံ့လိုက်၏။

"ကြံကြီးစည်ရာဗျာ၊ ကျွန်တော့်ညီမလေး အိုင်ရှီဖုန်ရဲ့ဆရာမဖြစ်

နေလို့ပေါ့၊ နောက်ပြီးကျွန်တော်က ကိုယ့်ကိုယ်ကိုယုံကြည်မှုအပြည့်အဝရှိတယ်၊ အကွက်တစ်ရာအတွင်း ခင်ဗျားလက်ထဲကဓါးကို လွှတ်ကျသွားစေရမယ်"

ခုံချုလင်သခင်ခေါ် ထန်းလိုက်ဒေဗီသည် အလွန်တရာဒေါသထွက်သွား၏။

"ရှိန်ရက် တကယ်ပဲလျှာစောင်းထက်တဲ့ရှိန်ရက်ပါလား၊ နင့်ဘိုးဘွားပညာဖြစ်တဲ့ လျှပ်စစ်လှံသိုင်းပညာရယ်၊ လူဗိုလ်ဟန်ထိုးလှံပညာလို့ခေါ်တဲ့ ဟန်နန်းတော်ကိုးကွယ်ပညာရယ်ဟာ နင့်လျှာစောင်းထက်သလိုထက်ရဲ့လားဆိုတာ ငါစမ်းသပ်စစ်ဆေးမယ်"

"ဟား..ဟား..ဟား၊ ရှိန်ရက်ဟာ သိပ်တော်တဲ့လူတော့မဟုတ်သေးပါဘူး၊ ပညာမှန်သမျှကိုတော့ တတ်နိုင်သမျှဆည်းပူးထားတာပါ၊ တြိသူရဲကောင်းရဲ့ ရင်ဟန်သိုင်းကွက်ကိုလည်း နည်းနည်းပါးပါးတတ်မြောက်ထားပါသေးတယ်၊ ခင်ဗျားနဲ့ပြိုင်ဖို့တော့ ကျွန်တော်ဘယ်တုန်းကမှလက်မတွန့်ခဲ့ပါဘူးဗျာ"

"ကောင်းပြီ၊ ဒါဖြင့် ခုခံပေတော့"

ထိုအချိန်တွင် ရှိန်ရက်ထံ၌ လံမရှိပေ။ ဓါးရှည်တစ်ချောင်းသာရှိသည်။

မည်သို့ပင်ဆိုစေ သိုင်းပညာအတော်ကလေးပြည့်ဝလာပြီဖြစ်သည့် ရှိန်ရက်သည် လှံဖြစ်စေ၊ ဓါးဖြစ်စေကွဲပြားနေရန်မလိုတော့ပေ။ ရှိသည့်လက်နက်အသုံးဝင်သည်သာဖြစ်သည်။

ဓါး၏လေတိုးသံများက တရွှမ်းရွှမ်းထွက်ပေါ်လာ၏။

ရှိန်ရက်တစ်ကိုယ်လုံး ဓါးရောင်များဖုံးသွားသည်။

ခုံချုလင်သခင်ခေါ် ထန်းလိုက်ဒေဗီသည် သူမယနန်းဟိုင်ဒေသ၏ ဂုဏ်အတွက်လည်းကောင်း၊ တပည့်မလေးဖြစ်သူ အိုင်ရှိဖုန့်အတွက်လည်းကောင်း ရှိန်ရက်အား အပြင်းထန်ဆုံး၊ အရက်စက်ဆုံးသော ဓါးကွက်များဖြင့် တိုက်ခိုက်တော့သည်။

ရှိန်ရက်မှာ တြိသူရဲကောင်း၏ ရင်ဟန်သိုင်းကိုးကွက်ကိုတတ်



မြောက်ထားသည်ဆိုသော်လည်း ထန်းလိုက်ဒေဗီ၏ ဓါးသိုင်းက ရင်ဟန်သိုင်းကိုးကွက်ထက် အမြတ်အသတ်ညှဲနေသော ဓါးသိုင်းပညာမဟုတ်သဖြင့် အထူးဂရုစိုက်၍တိုက်ခိုက်နေခဲ့ရသည်သာဖြစ်သည်။

ထိုအချိန်တွင် ဘေးမှထူးခြားသောလေအရှိန်တစ်ခုက ဝင်လာသဖြင့် ထန်းလိုက်ဒေဗီကော ရှိန်ရက်ပါအံ့ဩသွားသည်။

ထန်းလိုက်ဒေဗီက ရူးရှူးရှားရှားအော်လိုက်၏။

"ဘယ်သူလဲဟေ့၊ အရှက်မရှိဘဲနဲ့ ဘယ်သူဝင်ရှုပ်တာလဲ"

တိုက်ပွဲကြားထဲသို့ဝင်လာသူမှာ ဆရာကြီးကြိုဆို့ဖြစ်နေတော့သည်။

သူ၏အစွမ်းထက်ဆုံးသော ကျားပျံသုံးကွက်အတွင်းမှ လေသိုင်းတစ်ကွက်ကိုရိုက်ထုတ်ပြီး ရန်ပွဲကိုဖျန်ဖြေလိုက်ခြင်းဖြစ်ပေသည်။

ကျားပျံသုံးကွက်သိုင်းပညာမှာ သိုင်းလောက၌အတော်အသင့်ကျော်ကြားသော်လည်း ခုံချုလင်သခင်ခေါ် ထန်းလိုက်ဒေဗီ၏ပညာကိုတော့လုံးဝမမီပါချေ။

ထန်းလိုက်ဒေဗီ နောက်ဆုတ်ပေးပြီး ပြန်လှန်မေးမြန်းနေခြင်းမှာ အခြေအနေမှန်ကို သိလိုသောကြောင့်သာဖြစ်ပေသည်။

ဤသိုင်းပညာပြိုင်ပွဲ၌အဓိကပုဂ္ဂိုလ်ဖြစ်နေသည့် ကြိုဆို့ဝင်လာသောအခါ ရှိန်ရက်မှာ ဘာလုပ်ရမှန်းမသိဘဲဖြစ်သွားသည်။ အခြားသူတစ်ယောက်သာဆိုလျှင် ရှိန်ရက်သည် ငေါက်ငမ်းထုတ်ပစ်မည်မှာ သေချာသည်။ ယခုသော် ဤသို့လုပ်ရန်မဖြစ်နိုင်ပေ။

ခုံချုလင်သခင်၏မျက်လုံးများက ဒေါသကြောင့်အရောင်တလက်လက်ထွက်လာသည်။

ရှိန်ရက်ကစတင်၍မေးလိုက်၏။

"ဆရာကြီး..ဘာဖြစ်လို့လဲ၊ ဘာများပြောစရာအကြောင်းပေါ်လာလို့လဲ"

ကြိုဆို့မှာ ဖြစ်ကတတ်ဆန်း ပစ်စလက်ခတ်နေတတ်သူဖြစ်၍ ဆံပင်ဘုတ်သုတ်ဖြင့် ရှေ့သို့တိုးလာသည်။ သူသည် ရှိန်ရက်၏မေးခွန်း

ကိုမဖြေဘဲ ခွန်ချုလင်သခင်ဒေါ် ထန်းလိုက်ဒေဝီကိုသာ ဦးတည်၍
ကားပြောသည်။

ကျုပ်အရက်ချိုးကြီးဟာ သိုင်းလောကထဲမှာ တစ်သက်နှစ်ဘ
ဖြန့်ဝင်လာခဲ့တဲ့လူဗျ၊ ခင်ဗျားဘယ်လောက်နာမည်ကြီးတယ်ဆိုတ
ကျုပ်သိတော့သိထားတယ်၊ ဒါပေမယ့် ဘယ်သိုင်းဂိုဏ်းကိုကိုယ်စား
ပြုတယ်ဆိုတာတော့ ကျုပ်မသိဘူး၊ ခင်ဗျားဘယ်ဂိုဏ်းကိုကိုယ်စား
ပြုတယ်ဆိုတာလေး တဆိတ်လောက်မြွက်ဟစမ်းပါဦး"

ခွန်ချုလင်သခင်က အေးစက်စက်ရယ်သည်။

"ရှင်ကဘာဖြစ်လို့ ဒီစကားကိုမေးရတာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ ဒီပွဲဟာ သိုင်းလောကမှာရှိတဲ့ ဂိုဏ်းကြီ
ရှစ်ဂိုဏ်းကို ကိုယ်စားပြုလို့ပဲ"။

"ဟား..ဟား..ဟား၊ ဒါဖြင့်လည်း ကျုပ်ကိုနန်ဟိုင်ဂိုဏ်းချုပ်
အဖြစ်သတ်မှတ်လိုက်ပါ။ ကျုပ်ဟာနန်ဟိုင်ဒေသကို ကိုယ်စားပြုလ
ခဲ့တဲ့လူပဲ"

"ဒါပေမယ့် ကျုပ်ကနန်ဟိုင်ဂိုဏ်းချုပ်ဆီကိုဖိတ်စာမပို့ခဲ့ဘဲ"

ခွန်ချုလင်သခင် အနည်းငယ်မျက်နှာပျက်သွားသည်။

"ကျုပ်ဘာဖိတ်စာမှတော့ မရခဲ့ပါဘူး"

"ဖိတ်စာမပါရင် ဒီပွဲကိုဝင်နွဲခွင့်မပြုနိုင်ဘူး"

ခွန်ချုလင်သခင်က တဟားဟားအော်ရယ်သည်။

"နေစမ်းပါဦး၊ ကျုပ်မေးစမ်းပါရစေဦး၊ ရှင်ကကောဘယ်ဂိုဏ်း
ကိုကိုယ်စားပြုလို့လဲ၊ အိမ်ရှင်တစ်ယောက်လိုပိုင်စိုးပိုင်နင်းစကားပြော
ရအောင်ရှင်က ဘာမို့လို့လဲ"

"ဟား..ဟား...ဟား၊ ကြို့ဆို့ကလူဗိုလ်ဂိုဏ်းရဲ့လက်ထောက်
ဂိုဏ်းချုပ်ပဲ"

ရှိန့်ရက်ပြုံးလိုက်စီသည်။ ကြို့ဆို့ပါးစပ်မှ လက်ထောက်ဂိုဏ်းချုပ်
ပဲပြောပြော၊ ဂိုဏ်းချုပ်ပြောပြော၊ ပြောသမျှကိုသူလက်ခံသည်



မှုအပေါ် အလွန်တရာစေတနာထားခဲ့သည့်အဖိုးကြီးမဟုတ်ပါလား။

ခွန်ချုလင်သခင်က ရှိန့်ရက်အားကြည့်၏။

"ရှိန့်ရက်၊ ဒီအဘိုးကြီးပြောတာဟုတ်သလား"

ရှိန့်ရက်ခေါင်းညိတ်၏။

"ဆရာကြီးကြို့ဆို့ဟာ လူဗိုလ်ဂိုဏ်းရဲ့ လက်ထောက်ဂိုဏ်းချုပ်ကြီး
သာမကဘူး၊ ဒီပြိုင်ပွဲရဲ့ အခန်းအနားမှူးကြီးလည်းဖြစ်တယ်"

ခွန်ချုလင်သခင်က ခေါင်းညိတ်၏။

"ကောင်းပြီ၊ ရှင်ဘာလုပ်ချင်သလဲ၊ ကျုပ်ကရှိန့်ရက်နဲ့ ချိန်းဆို
ထားချက်အရ လာပြိုင်တာပဲ"

ကြို့ဆို့က

"ဒီလိုလုပ်ပါ၊ ဂိုဏ်းချုပ်ကြီးရှိန့်ရက်နဲ့မတိုက်ခင်၊ ကျုပ်နဲ့အရင်
တိုက်ပါလား၊ ဒီလိုဆိုရင်တော့ ခင်ဗျားကိုဒီမှာပြိုင်ဖို့ခွင့်ပြုမယ်"

ထန်းလိုက်ဒေဝီကရယ်၏။

"ရှိန့်ရက်နဲ့တိုက်ပြီးမှ ရှင်နဲ့တိုက်လည်း နောက်မကျပါဘူး၊ ခဏ
တစ်ဖြုတ်လောက်ပဲစောင့်ရမှာပါ၊ ရှိန့်ရက်နဲ့ကျုပ်နဲ့က တိုက်ကွက်တစ်
ရာကျော်အောင် တိုက်ဖို့မလိုပါဘူး"

ဤစကားကိုပြောရခြင်းမှာ အချို့သောလက်ရည်တူသိုင်းဆရာကြီး
များယှဉ်ပြိုင်ကြသည့်အခါ သုံးနေ့နှင့်သုံးညအထိ ယှဉ်ပြိုင်ရသောပွဲ
မျိုးရှိတတ်ကြသောကြောင့်ပေတည်း။

ကြို့ဆို့ကရယ်သည်။

"ခွန်ချုလင်သခင် သဘာဝမကျတဲ့စကားမျိုးမပြောစမ်းပါနဲ့ဗျာ၊
ဘယ့်နှယ်ဂိုဏ်းချုပ်ကြီးနဲ့တိုက်ပြီးမှ လက်ထောက်ဂိုဏ်းချုပ်နဲ့တိုက်မယ်
ဆိုတော့ အဆင့်မှားနေတဲ့သဘောပဲဗျ၊ ခင်ဗျားရဲ့နာမည်ကြားပြီးက
တည်းက ကျုပ်ကလက်ရည်စမ်းချင်နေတာပဲဗျာ"

ခွန်ချုလင်သခင်သည် သိုင်းလောကအတွေ့အကြုံရင့်ကျက်သူဖြစ်၏။
သူမနှင့်ရှိန့်ရက်သည် အင်အားဆတူဖြစ်နေကြောင်း ရိပ်မိထားသည်။

ပါးနပ်လိမ္မာမှုနှင့် အခွင့်အရေးသုံးတတ်သူသာအနိုင်ရမည်ဖြစ် ကြောင်း ခုံချိုလင်သခင်သိသည်။ သူမအနေဖြင့် တစ်ချက်သာသည်မှာ ရှိန်ရက်သည် အလွန်ငယ်ရွယ်ပြီး သူမကအသက်အရွယ်ကြီးရင့်နေခြင်း ပေတည်း။ သိုင်းလောကအတွေ့အကြုံနှင့်ပတ်သက်၍ ရှိန်ရက်သည် သူမ၏အတွေ့အကြုံတစ်ဝက်ကိုမျှ ရရှိလိမ့်မည်မဟုတ်ဟု သူမယုံ ကြည်ထားသည်။

သူမသည် အခွင့်အရေးကိုသုံးသပ်သူဖြစ်ပြီး၊ သူမသည်သာအောင် နိုင်သူဖြစ်ရမည်ဟု ယုံကြည်ထားသည်။

ယခုကြိုးဆိုဝင်လာသည်မှာ ရှိန်ရက်နှင့်မတိုက်မီ သူမအားကျ သွားအောင် ပရိယာယ်ဆင်လုပ်ကြံခြင်းသာဖြစ်ကြောင်း ရိပ်မိသည် သို့သော် ဤအရက်ချိုးအဘိုးကြီးကို မှတ်လောက်သားလောက်အောင် ဆုံးမမှ တော်လိမ့်မည်ဟု ဆုံးဖြတ်လိုက်သည်။

"ကောင်းပြီ၊ ရှင်ကယှဉ်ချင်တယ်ဆိုရင်လည်း၊ စမ်းကြည့်တာ ပေါ့"

ခါးရိပ်ပေါင်းများစွာထွက်လာပြီး ကြိုးဆိုအပေါ်သို့ လွှမ်းခြုံလာ ဖြန်သည်။ ပန်းတစ်ရာခါးသိုင်းကွက်သည် ခုံချိုလင်သခင်၏ ထူးခြား သောပညာပင်တည်း။

ရှိန်ရက်အနေဖြင့် ခုံချိုလင်သခင်၏ ဟာကွက်၊ ပျော့ကွက်များ ကိုစောင့်ကြည့်ခွင့်ရသွားခဲ့ပေသည်။

ကြိုးဆိုကား သူ၏ကျားပျံသုံးကွက်အနေဖြင့် ရန်သူအားမယှဉ်ဖြိုင် နိုင်မှန်းသိသည်။ ရှိန်ရက်အသာစီးရရေးအတွက် သူ့အသက်ကိုပင် ပဓာနမထားဘဲ ရယ်၍ယှဉ်ဖြိုင်ပေသည်။

"ကျုပ်ကအရက်သမားပဲ၊ ခင်ဗျားလို လက်နက်သုံးဖို့မလိုဘူး"

ကြိုးဆို၏လက်ချောင်း၊ လက်ဖျံ၊ တံတောင်နှင့် ဦးခေါင်းတို့သည် သူ၏လက်နက်များပင်ဖြစ်သည်။ ကြိုးဆို၏ကျားပျံသုံးကွက်သည် မီး အိမ်နီဂိုဏ်းချုပ်တစ်ဦးတည်းကိုသာ ရှုံးနိမ့်ဖူးပေသည်။

လူဗိုလ်တောင်၌တစ်နှစ်နီးပါးအနားယူလျက် အတွင်းအားလေ



ကျင့်ခွင့်ရရှိခြင်းကြောင့် အရက်ချိုးဆိုသည့် သိုင်းလောက၌ ဆရာကြီး တစ်ပါးအခေါ်ခံနိုင်လောက်ပေသည်ဟု မှတ်ချက်ပြုနိုင်လောက်သည် အထိ ကြိုးဆိုသည်သိုင်းလောကသားများရှေ့၌ ကျားပျံသုံးကွက်၏ပထ မ အကွက်အစွမ်းကိုပြသနေတော့၏။

ခုံချိုလင်သခင်သည် အတွေ့အကြုံများပြားသူဖြစ်၍ ကြိုးဆို၏ သိုင်းကွက်ကို ပေါ့ပေါ့ဆဆယှဉ်ဖြိုင်ပါက ရေတိမ်နစ်သွားနိုင်ကြောင်း သိရှိသည်။

ထို့ကြောင့်သူမသည် တစ်ချက်မှမပေါ့ဆဘဲ ပန်းတစ်ရာခါးသိုင်း ဖြင့် ကြိုးဆို၏ကျားပျံပထမကွက်ကို ချေဖျက်ပစ်လိုက်တော့သည်။

ထိုအချိန်၌ မည်သူမျှ အနိုင်အရှုံးမရှိဘဲ သရေဖြစ်သွားချေ၏။

* * * * *

## ပန်းတစ်ရာဓားသိုင်းနှင့် ရင်ဟန့်ကိုးကွက်

ခုံချိုလင်သခင်သည် တစ်ခေတ်တစ်ယောက် သိုင်းပညာရှင်ဖြစ် လေသည်။ သူမဘာသာ နန့်ဟိုင်ဒေသ၌ လျှို့ဝှက်စွာနေထိုင်ခဲ့၍သာ သိုင်းလောက၌ ဟုန်းဟုန်းတောက်မကျော်ကြားခဲ့ခြင်းဖြစ်သည်။

ခုံချိုလင်သခင်သည် သမ္မာအရ၊ ဝါအရရှေ့မှရောက်နေသူဖြစ် ပြီး ရှိန်ရက်မှာ နောင်မှအပြင်းအထန်လိုက်လံကြိုးစားပြီး ခုံချိုလင်သ ခင်ကို အမီလိုက်ခဲ့ရသူသာဖြစ်ပေသည်။

ထို့ကြောင့် ကြိုးဆိုနှင့်ယှဉ်လိုက်သည့်အခါ ခုံချိုလင်သခင်၏ လက်ရည်တစ်ဖြည်းဖြည်းသာလာကြောင်း ပရိသတ်အားလုံး တွေ့ရှိ လာရ၏။ တစ်ကြိမ်တွင် ခုံချိုလင်သခင်၏ဓါးသည် ကြိုးဆို၏လက် ကောက်ဝတ်နှစ်ဘက်ကို ခုတ်ချမိမည်လောက်နီးနီးဖြစ်သွားသည်။ ကံအားလျော်စွာ ကြိုးဆိုရှောင်သွားနိုင်သည်။

ရှိန်ရက်မှာ ချွေးဒီးဒီးကျလာသည်။ ဤအတိုင်းကြည့်နေပါက

ကြိုးဆိုသည် သေလျှင်သော၊ မသေလျှင်ဒဏ်ရာအကြီးအကျယ်ရဖို့သာ ရှိကြောင်းသူသိနေသည်။

ထိုအချိန်၌ကြိုးဆိုသည် ကျားမျှသိုင်းကွက်သုံးကွက်အနက်မှ နှစ်ကွက်ကို အသုံးပြုပြီးပေပြီ။

ခုံချုံလင်သခင်မှာမူ သူ၏ပညာအစွမ်းကို အကုန်မထုတ်ရသေးပေ။ ကြိုးဆိုအဖို့ နောက်ဆုံးကျားမြီးခါသိုင်းကွက်တစ်ကွက်မှလွဲ၍ အားကိုးစရာမကျန်တော့ပေ။

ထိုကျားမြီးခါသိုင်းကွက်သည် ကြိုးဆိုဘဝ၌ ရန်သူအတော်များများကို အကြောင်ရိုက်အနိုင်ယူနိုင်ခဲ့သော သိုင်းကွက်ဖြစ်ပေသည်။ လူချင်းရင်ဆိုင်ယှဉ်ပြိုင်ပြီးနောက် အရေးရှုံးနိမ့်သွားဟန်ဖြင့် နောက်ဆုတ်ရင်း ရန်သူအားအငိုက်ဖမ်းတိုက်ခိုက်သည့် ကြိုးဆို၏ကျားမြီးခါသိုင်းကွက်သည် ဤတစ်ကြိမ်၌ မည်မျှအရာရောက်မရောက်သည်ကို ကြည့်ရှုရပေတော့မည်။

ကျားမြီးခါသိုင်းကွက်၏သဘောမှာရန်သူအား ရှောင်ထွက်စဉ် မြေဖျား၌ အတွင်းအားအကုန်စုပုံပြီး ရန်သူ၏သေကွက်ကိုကန်ထည့်ခြင်းပင်ဖြစ်သည်။ ထိုအချိန်၌ခန္ဓာကိုယ်အထက်ပိုင်းတစ်ခုလုံး ဟာလာဟင်းလင်းဖြစ်သွားပြီး ရန်သူအတွက်ထိုးနက်ကွက်ကြီးဖြစ်သွားတတ်သည်။

ကြိုးဆိုသည် အခြေမလှမှန်းရိပ်မိသည်နှင့် ထိုသိုင်းကွက်ကိုသုံးကာ ခုံချုံလင်သခင်အား တိုက်ခိုက်လိုက်သည်။

သို့သော် ခုံချုံလင်သခင်ဆိုသည်မှာ ရှိန်ရက်ထက်သာချင်သာမည်၊ လျှော့မည့်လူမျိုးမဟုတ်သဖြင့် ကြိုးဆို၏ကျားမြီးခါသိုင်းကွက်ကို ရှောင်တိမ်းနိုင်ရုံမျှမက ကြိုးဆို၏ဟာလာဟင်းလင်းဖြစ်သွားသည့်ကျောပြင်ကို သူမ၏ဓါးရှည်ဖြင့် လျှပ်တပြက်ပစ်သွင်းလိုက်တော့သည်။

ဓါးရှည်၏လေတိုးသံမှာ ဝုက်ခနဲသာအသံမြည်သည်။

သို့သော် ကြိုးဆိုနှင့် ခုံချုံလင်သခင်ခေါ် ထန်းလိုက်ဒေဝီတို့ကြားမှ လူရိပ်တစ်ရိပ်ဖြတ်သန်းထွက်သွားရာ မည်သူမှန်းမသိလိုက်ကြပေ။



"ဟာ..."

အာမေဋိတ်သံတစ်ပြိုင်နက်ထွက်သွား၏။

ကြိုးဆိုမှာ တစ်ဘက်သို့ခြေပစ်လက်ပစ်ကျသွား၏။

သူသေပြီထင်သော်လည်း မသေသေးသဖြင့် အံ့သြတကြီးကြည့်လိုက်ရာ တစ်ဘက်၌ ခုံချုံလင်သခင်၏ဓါးကို ဓါးလယ်မှဖြတ်ကိုင်ပြီး ရပ်နေသည့်ရှိန်ရက်အား တွေ့လိုက်ရတော့သည်။

* * * * *

"ဟူး... ညီလေးရှိန်ရက် ငါ့ကိုဝင်ကယ်လိုက်တာပါလား"

မှန်ပါသည်။ ခုံချုံလင်သခင်သည် ကြိုးဆိုအားအပိုင်သတ်လိုက်ခြင်းသာဖြစ်သည်။

သူမပစ်လွှတ်လိုက်သည့်ဓါးရှည်သည် မည်သည့်နည်းနှင့်မျှ ကြိုးဆို၏ကျောပြင်ကို မလွဲနိုင်ချေ။ ကြိုးဆိုမှာမရှောင်နိုင်၊ မကာကွယ်နိုင်အခြေအနေမျိုးဖြင့် မုချသေရမည်သာဖြစ်သည်။

ရှိန်ရက်သည် မတတ်သာတော့ဘဲ ပျံလွှားငှက်သဖွယ် ပျံသန်းဝင်ရောက်လာပြီး လေထဲမှဓါးကိုဖမ်းယူသွားခဲ့သည်။

ထို့ကြောင့် ကြိုးဆိုအသက်ချမ်းသာရာရသွားခဲ့ခြင်းဖြစ်ပေသည်။

ကြိုးဆို၏တစ်ကိုယ်လုံး ချွေးဒီးဒီးကျနေပြီး ရှိန်ရက်အားကျေးဇူးတင်သွားမိ၏။

ရှိန်ရက်က ခုံချုံလင်သခင်ခေါ် ထန်းလိုက်ဒေဝီ၏ဓါးကိုပြန်ပေးရင်း...

"ခုံချုံလင်သခင်၊ ခင်ဗျားဟာဓါးသိုင်းပညာမှာတော့ တကယ့်ကိုပြိုင်စံရှားတဲ့လူပါပဲ၊ ဒါပေမယ့်ဒီဓါးဟာ ကောက်ကျစ်မှုပါနေတယ်"

ခုံချုံလင်သခင်သည် ထိုစကားကြောင့်အကြီးအကျယ်ဒေါသထွက်သွား၏။

"နင်...ဘာပြောတာလဲ၊ ငါ့ကိုသူဘယ်လိုမှမယှဉ်ပြိုင်နိုင်တာအား

လုံးသိတယ်၊ ငါကသူ့ကို ဘာများအကောက်ကြံလို့လဲ၊ သူကသာငါ့ကိုအကောကကြံတာ၊ နင်နဲ့မတိုက်ခင် ငါ့အတွင်းအားတွေပြန်တိုးတက်အောင် သူကအလျှင်တိုက်တာမဟုတ်လား၊ ဒါကမှအကောက်ကြံတာခေါ်တယ်၊ ညစ်တာခေါ်တယ်"

"ခင်ဗျားဟာထိပ်တန်းသိုင်းပညာရှင်ပဲ၊ ခင်ဗျားရဲ့ဓါးကိုလက်ကလွှတ်ထုတ်ဖို့မသင့်ဘူး"

"နင်ရှုးနေသလား၊ ဒါဟာလက်နက်ပုန်းနဲ့ပစ်တာမဟုတ်ဘူး"

ရှိန်ရက်သည် ဆရာကြီးကြံ့ဆိုအား လက်သီးနှစ်ဘက်ဆုပ်ဂါရဝပြုရင်းပြောသည်။

"ဆရာကြီး ကျေးဇူးပြုပြီးအနားယူပါတော့၊ နောက်ပွဲကိုကျွန်တော်ပဲဆက်လက်ယှဉ်ပြိုင်ပါတော့မယ်"

ကြံ့ဆိုကခေါင်းညိတ်လိုက်၏။

"ဂိုဏ်းချုပ်ကြီးရှိန်ရက် နောက်တပွဲကိုမင်းပဲပြိုင်ပါတော့၊ လက်ထောက်ဂိုဏ်းချုပ်မနိုင်တော့တဲ့နောက် ဂိုဏ်းချုပ်ကြီးပဲပြိုင်ဖို့ရှိတော့တာပေါ့"

ရှိန်ရက်သည် ခုံချဲ့လင်သခင်နှင့် ပြန်လည်ရင်ဆိုင်လိုက်၏။

"ခုံချဲ့လင်သခင်..ညီမလေးအိုင်ရှိဖုန့်ကို မီးအိမ်နီဂိုဏ်းချုပ်ရဲ့လက်ထောက်အမျိုးသမီးနဲ့အတူရှိနေခဲ့လို့ပဲ၊ သက်ထက်ထင်ရှားတဲ့သက်သေပြဖို့ကတော့ မလွယ်ပါဘူး၊ ဒီအကြောင်းကို အကြောင်းပြပြီး ရှိန်ရက်ကိုအနိုင်ကျင့်အကျပ်ကိုင်လို့တော့ မရပါဘူး၊ အိုင်ရှိဖုန့်ဟာ ရှိန်ရက်ရဲ့ညီမလေးတစ်ယောက်လည်းဖြစ်နေပါလျှက်၊ ကဲ..သိုင်းလောကမှာဘယ်သူနံပါတ်တစ်လဲဆိုတာ ထင်ရှားအောင်ခင်ဗျားနဲ့ကျုပ် အသေအလဲတိုက်ကြမှပဲဖြစ်တော့မယ်"

ရှိန်ရက်သည် ခုံချဲ့လင်အားဓါးကိုပြန်ပေးလိုက်၏။

ကြံ့ဆိုက ရှိန်ရက်အား ဓါးတစ်ချောင်းပစ်ပေးသည်။ ရှိန်ရက်ကဓါးကိုလက်ဖြင့်ဆကြည့်ပြီးမှ လူအားလုံးထိတ်လန့်သွားစေသည့်စကားကိုပြောချလိုက်တော့သည်။



"ခုံချဲ့လင်သခင်..ခင်ဗျားရဲ့လက်ထဲကဓါးကိုဆယ်ကွက်အတွင်းလွှတ်ကျသွားအောင်မလုပ်နိုင်ဘူးဆိုရင် လူဗိုလ်ဂိုဏ်းကိုနောက်ထပ်အနှစ်တစ်ရာတံခါးပိတ်လိုက်မယ်၊ ကျွန်တော်ကိုယ်တိုင်လဲ ဘယ်တော့မှ ဓါးရေးမယှဉ်ပြိုင်တော့ဘူး"

ထိုစကားကြောင့် ဂိုဏ်းကြီးခြောက်ဂိုဏ်းမှ ဂိုဏ်းချုပ်ကြီးများသည် အကြီးအကျယ်တုန်လှုပ်ချောက်ချားသွား၏။

ကြံ့ဆို၊ ရှမ်ယာနမ်၊ ကျိုရှမ်းကျွင်း၊ ဘွန်ကျယ်ကြွင်းနှင့် ဖန်ဝမ်လန်တို့မှာ မျက်နှာများဖြူဖတ်ဖြူရော်ဖြစ်သွားကြရသည်။

"ဒါဟာမိုက်မဲမှုပဲ၊ စကားတစ်ခွန်းတည်းနဲ့ နှစ်ပေါင်းများစွာကြံစည်လာတဲ့အကြံအစည်ကြီးကို ဖျက်ဆီးပစ်လိုက်တာပဲ"

ကြံ့ဆိုမှာသူ့ဘာသာသူ တီးတိုးရေရွတ်လိုက်မိသည်။

ခုံချဲ့လင်သခင်၏ ပန်းတစ်ရာဓါးသိုင်းပညာကို ဂိုဏ်းကြီးခြောက်ဂိုဏ်းမှ ဂိုဏ်းချုပ်ကြီးအားလုံး အလွယ်တကူအနိုင်ယူနိုင်ပါသည်ဟုမည်သူမျှမပြောရဲကြချေ။

သို့သော် ရှိန်ရက်သည် လောင်လင်အတိုးဆိုသုံးဦး၏ ထိစင်အားတိုးဆေးလုံးများ၏ အစွမ်းကိုယုံကြည်သဖြင့် ဤသို့မိုက်မိုက်မဲမဲ ပြောချလိုက်ခြင်းသာဖြစ်ပေသည်။

ခန်းမထဲ၌ တီးတိုးသံများထွက်ပေါ်လာသည်။

ရှိန်ရက်သည် စကားဆုံးသည်နှင့် ဓါးရှည်ကိုအသင့်ပြင်လိုက်၏။

* * * * *

ခုံချဲ့လင်သခင်မှာမူ ရှိန်ရက်ဤသို့ နှုတ်လွန်သွားသည်ကို လွန်စွာသဘောကျသွား၏။ သို့သော် ဝမ်းသာသည့်အမူအယာကိုမူ လုံးဝဖော်မပြချေ။

"လူဗိုလ်ဂိုဏ်းချုပ်ရှိန်ရက်၊ နင်ပြောတဲ့စကားဟာ အတည်ပဲလား၊ နောက်မှပြင်ဆင်လို့မရဘူး"

ရှိန်ရက်ကခေါင်းညိတ်လိုက်၏။

"သိုင်းလောကသားအားလုံးရှေ့မှာပြောတဲ့စကားကို ကျွန်တော်က နောက်ပြောင်တဲ့စကားအဖြစ်သတ်မှတ်မလား"

သူကဆက်၍ပြော၏။

"လူဗိုလ်ဂိုဏ်းချုပ်ဟာ သာမန်ဂိုဏ်းမဟုတ်ဘူးဆိုတာ ခင်ဗျား သိသွားချင်လို့ ဒီလိုလွှန်လွှန်ကျူးကျူးပြောလိုက်ရတာပဲ"

ခုံချဲ့လင်သခင်ကရယ်၏။

"အေး..နင့်ပါးစပ်နဲ့ လက်ကိုက်ညီမှုရှိမရှိကြည့်သေးတာပေါ့"

ခုံချဲ့လင်သခင်သည် အတွေ့အကြုံကြွယ်ဝသူဖြစ်သည်။ ဤမျှ အဓိကရမ်းများပြားလှသော ပရိသတ်ရှေ့၌ ဤမျှလွှန်လွှန်ကျူးကျူးပြော ခြင်းမှာ ရှိန်ရက်၌အားကိုးဖွယ်ပညာရပ်တစ်ခုခုရှိ၍သာ ဖြစ်ရမည်ဟု တွေးမိသည်။

ထို့ကြောင့် သူမသည် ပန်းတစ်ရာခါးသိုင်းထဲမှ အထူးဆန်းဆုံး၊ အဆန်းပြားဆုံး၊ အထက်မြက်ဆုံးခါးကွက်များကို ထုတ်သုံးတိုက် ခိုက်တော့သည်။

ရှိန်ရက်သည် ထိုအကွက်ကို ထူခြေ့ရရပင် ရှောင်တိမ်းနိုင်သည်။

"ပထမတကွက်"

ဤကဲ့သို့ရှောင်တိမ်းသွားခြင်းကပင် ရှိန်ရက်အတွက် ဂုဏ်ငယ် စရာဖြစ်သွားလေပြီ။

တီးတိုးဝေဖန်သံများထွက်ပေါ်လာသည်။

ခုံချဲ့လင်သခင်က အော်ပြောသည်။

"နင့်ကိုဒုတိယတစ်ကွက်ထပ်ပြဦးမယ်၊ အခုလိုရှောင်နိုင်သေးသ လားဆိုတာကြည့်ရဦးမယ်"

ခါးရိပ်များသည် အလင်းတန်းများလိုဖြစ်လာသည်။ လူရိပ်နှစ် ရိပ်မှုံးသွားသည်။ မီးများမွှင့်ထွက်လာသည်။

ဤသိုင်းကွက်မှာ ခုံချဲ့လင်သခင်၏ မိုးနတ်ပန်းကြဲတိုက်ကွက်ဖြစ် သည်။



ရှိန်ရက်သည် သူ၏ခါးကွက်ကို အလွန်ချီးကျူးမိ၏။

ဤတိုက်ကွက်မျိုးနှင့် မကြာခဏကြုံတွေ့ရပါက သူ့စွမ်းရည်များ ယခုထက်ပို၍တောက်ပြောင်လာနိုင်ပေသည်။

နောက်တစ်ကြိမ် လူချင်းကွဲသွားသည့်အခါ ဒုတိယတိုက်ကွက် ပြီးသွားသည်။

ရှိန်ရက်သည် ဆယ်ကွက်အတွင်း ခုံချဲ့လင်အား အနိုင်ယူနိုင်ရန် မှာ သူ၏သိုင်းပညာကိုအစွမ်းကုန်ထုတ်သုံးရန်နှင့် မလုံလောက်သေး ကြောင်း တွေ့ရှိလာ၏။

သူဒေါသထွက်လာအောင်ဆွပေးရမယ်၊ သူစိတ်ဆိုးမှအမှားတွေ ပြီးငါအနိုင်ယူနိုင်မှာ။

ရှိန်ရက်သည် ပထမသိုင်းကွက်သုံးကွက်တိုက်ခိုက်ရာ၌ လူဗိုလ် ဂိုဏ်း၏ဟန်နှုန်းတော်ကိုးကွက်၊ လုံသိုင်းပညာမှ သိုင်းကွက်များကို သိုင်းပညာအဖြစ်တိုက်ခိုက်ခဲ့သည်။ သူသာရှောင်တိမ်းပေးခဲ့ရသည်။

ထို့ကြောင့် စတုတ္ထအကွက်မှစ၍ ကြီးသူရဲကောင်း၏ ရင်ဟန့်သိုင်း ကွက်ကိုးကွက်ကို စတင်အသုံးပြုရတော့သည်။

"ကျွန်တော်ဟာ ကြီးသူရဲကောင်းရဲ့ ရင်ဟန့်သိုင်းကွက်ကိုရထား တယ်ဗျ၊ ဒါကြောင့်ခင်ဗျားကိုမလောက်လေးမလောက်စားသိုင်းသမား တစ်ယောက်အဖြစ်ပဲ သဘောထားတယ်"

"လက်ကလည်းခုခံ၊ ပါးစပ်ကလည်းတိုက်ခိုက်သဖြင့် ရှိန်ရက် သည် ဟာကွက်ဟာင်းကွက်မရှိအောင် ပြဲဆင်၍ခုံချဲ့လင်သခင်ကို တိုက် ခိုက်နေရတော့သည်။

* * * * *

ခုနစ်ကွက်မြောက်အကွက်တွင် ခုံချဲ့လင်သခင်နောက်ဆုတ်သွား ရသည်။

ရှိန်ရက်၏တိုက်ခိုက်မှုမှာ မုန်တိုင်းတိုက်သလို ပြင်းထန်လာ သည်။

ဓါးနှစ်ချောင်းသည် အလင်းတန်းနှစ်ခုကဲ့သို့ ဖြာလာလေ၏။ လေရှိန်ဟပ်ပုံကလည်း ကြောက်မက်ဖွယ်ရာကောင်းနေ၏။

ပရိသတ်အားလုံး အသက်မရှူမိကြပေ။ အားလုံးအသက်အောင့် ၍စောင့်ကြည့်နေကြသည်။

ဂိုဏ်းချုပ်ကြီးခြောက်ဂိုဏ်းမှ ဂိုဏ်းချုပ်ကြီးများသည် ရှိန်ရက်၏ ဖိတ်ခေါ်ပွဲကို မနှစ်မြို့ချေ။

သို့သော် ယခုကဲ့သို့ အဆင့်အတန်းမြင့်မားလှသည့် သိုင်းပြိုင်ပွဲ ကိုတွေ့ရသောအခါ ရှိန်ရက်ကိုကျေးဇူးတင်လာကြသည်။

ခုံချဲ့လင်သခင်သည် ရှိန်ရက်၏အတွင်းအား ကောင်းမွန်လာပုံကို ကောင်းစွာသတိပြုမိ၏။ ထို့ကြောင့် စိုးရိမ်လာသည်။

ရှောင်လင်ဂိုဏ်းချုပ် ထုံးပွေ့ဆရာတော်သည် ဟူတန်းဂိုဏ်းချုပ် ကြီးအား ခပ်တိုးတိုးမေးမြန်းလေ၏။

‘နောင်တော်ဂိုဏ်းချုပ်ကြီး၊ ခုအခြေအနေကိုကြည့်ပြီး တိုက်ပွဲရဲ့ နိဂုံးအနိုင်အရှုံးကို ခန့်မှန်းစမ်းပါ’။

ဟူတန်းဂိုဏ်းချုပ်ကြီးသည် မျက်မှောင်ကြုတ်လျှက် တိုက်ပွဲကို ကြည့်သည်။

အတန်ကြာမှ

‘ဓါးသိုင်းပညာဆိုတာ ပေါ့ပါးဖျတ်လတ်မှုအဓိကဖြစ်ပါတယ်’

‘ဟုတ်ကဲ့ အမိန့်ရှိပါ’

‘စိတ်ဓာတ်တည်ငြိမ်မှုကတော့ ဓါးသိုင်းပညာမှာ အထောက်အကူ ပြုတဲ့ အကြီးဆုံးအချက်ပါပဲ’

‘ဟုတ်ကဲ့’

‘ပန်းတစ်ရာဓါးသိုင်းရဲ့ထူးခြားချက်ဟာ ကွက်ပြောင်းတွေဖြစ် ပါတယ်၊ ပန်းတစ်ရာဓါးသိုင်းရဲ့ ကွက်ပြောင်းတွေဟာ ရင်ဟန့်သိုင်း ကိုးကွက်ထက် ကွက်ပြောင်းပိုစိပ်တယ်၊ ပိုပြီးညင်သာတယ်၊ ဒါပေ မယ့် ရှိန်ရက်က သူ့သိုင်းကွက်ရဲ့အားနည်းချက်ကို သူ့အတွင်းအားနဲ့ ဖြည့်ထားတယ်’



‘ဒီတော့’

‘ဒီတော့ သူတို့နှစ်ဦးစလုံး လက်ရည်ညီသလိုဖြစ်နေတာပေါ့၊ ဒါပေမယ့်’

ရှောင်လင်ဂိုဏ်းချုပ်ကြီးမှာ လွန်စွာစိတ်ဝင်စားသွားလေသည်။

‘နောင်ကြီးတို့ ဟူတန်းဂိုဏ်းဟာ သိုင်းလောကမှာ သိုင်းပညာနှင့် ပတ်သက်ရင် ဗိုလ်တကာ့ဘုရင်ပါပဲ၊ ဓါးသိုင်းပညာအလွန်ကောင်း ပါတယ်၊ ဒါတောင်သူတို့ဓါးသိုင်းကွက်တွေကြည့်ပြီး အရှုံးအနိုင်ကို မခန့်မှန်းနိုင်ဘူးလား’

ဟူတန်းဂိုဏ်းချုပ်ကြီး သက်ပြင်းချသည်။

‘ဓါးသိုင်းပညာရဲ့ တကယ့်လျှို့ဝှက်ချက်ကို ပြောရမယ်ဆိုရင်တော့ စိတ်အာရုံပါပဲ၊ အခုလိုပြောလိုက်တော့ စောစောကကျုပ်ပြောခဲ့တဲ့ အချက်နဲ့ပြောင်းပြန်ဖြစ်သွားပါတယ်၊ စောစောကဓါးသိုင်းပညာမှာ ပေါ့ပါးဖြတ်လတ်မှုကို အဓိကကျတယ်လို့ပြောခဲ့တာကိုး’

‘ဟုတ်ပါတယ်၊ ကျုပ်လည်းသတိပြုမိပါတယ်၊ အဲဒါဘယ်လို ပြောင်းပြန်ဖြစ်သွားတာလဲ’

‘သာမန်ဓါးသမားတွေအတွက် ပေါ့ပါးဖြတ်လတ်မှုဟာ အဓိက ကျပါတယ်၊ တကယ့်ထိပ်သီးသိုင်းသမားတွေအဖို့တော့ စိတ်အာရုံအဓိ ကကျတယ်လို့ယူနိုင်ပါတယ်’

‘ဟုတ်ကဲ့၊ သဘောပေါက်ပါတယ်’

‘စိတ်အာရုံမတည်ငြိမ်ဘဲနဲ့ တရကြမ်းတိုက်ခိုက်တဲ့လူဟာ ရှုံးဖို့ သေချာသလောက်ပါပဲ၊ စိတ်အာရုံတည်ငြိမ်တဲ့လူဟာ ဖြတ်ထိုးဉာဏ် သုံးတဲ့နေရာမှာလည်း စိတ်မငြိမ်တဲ့လူထက်ပိုသာတယ်’

ဟူထန်းဂိုဏ်းချုပ်ကြီးသည် စကားကိုခေတ္တရပ်တန့်ပြီးမှ

‘အခုအခြေအနေကိုကြည့်ရင် နိဂုံးရဲ့အရှုံးအနိုင်ကို ခန့်မှန်းရခက် တာအမှန်ပဲ၊ ဒါပေမယ့် ကျုပ်ကတော့ရှိန်ရက်မှာ တည်ငြိမ်တဲ့စိတ်အာ ရုံရှိနေတာကို မြင်နေရတယ်၊ ဓါးကွက်ပြောင်းတွေညံ့နေတယ်၊ ဒါပေ မယ့် ထူးဆန်းတဲ့အားတစ်မျိုးဟာ ဓါးမှာပါနေတယ်၊ ခုံချဲ့လင်ရဲ့ဓါး

ဟာတကယ်မြန်တယ်၊ သူ့ဓါးကွက်ကို ယှဉ်ပြိုင်ဖို့မလွယ်ဘူး၊ ဒါပေမယ့်အေါသကြီးပုံရတယ်၊ ဒေါသထွက်နေတာဟာ စိတ်မတည်ငြိမ်ဘူးဆိုတဲ့သဘောပဲပေါ့၊ ဒေါသထွက်ရင်ဖြတ်ထိုးဉာဏ်သုံးဖို့သတိမရတော့ဘူးလေ'

ရှောင်လင်ဂိုဏ်းချုပ်ကြီးသည် ဟူတန်းဂိုဏ်းချုပ်ကြီး၏စကားကို အံ့ဩစွာနားထောင်နေမိ၏။

သိုင်းလောကထဲ၌ ဓါးသိုင်းပညာနှင့်ပတ်သက်၍ လက်ချိုးရေတွက်လျှင် ဟူတန်းဂိုဏ်းကို နံပါတ်တစ်ထား၍ရေတွက်ရပေမည်။ ယခုကဲ့သို့ အသေးစိတ်ဝေဖန်ပိုင်းခြားပြသောအခါတွင်မှ ဟူတန်းဂိုဏ်းကို နံပါတ်တစ်ထားခြင်းမှာ ဘာမှအံ့ဩစရာမရှိတော့ဟု ရှောင်လင်ဂိုဏ်းချုပ်ကြီးက တွေးတောနေမိ၏။

ရှိန်ရက်နဲ့ ခုံချဲ့လင်တို့၏ ဓါးသိုင်းပညာအရှုံးအနိုင်သည် ဂိုဏ်းကြီးခုနစ်ဂိုဏ်း၏ နံပါတ်စဉ်စီမှုနှင့် လွန်စွာအရေးပါနေသည်။ အကယ်၍ ရှိန်ရက်သာ ရှုံးနိမ့်သွားပါက ဓါးသိုင်းပြိုင်ပွဲကြီးမှာ အလိုအလျောက်ပျက်ပြယ်သွားပြီး သိုင်းဂိုဏ်းကြီးများသည် ယခင်ကလိုပင် ဗိုလ်နေမြဲကျားနေမြဲနေကြရုံသာရှိတော့သည်။

တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း ရက်စရာလည်းမလို။ မျက်နှာပူစရာလည်းမလိုတော့ပေ။ မည်သည့်ဂိုဏ်းကတစ်၊ မည်သည့်ဂိုဏ်းကနှစ်၊ မည်သည့်ဂိုဏ်းကသုံးဟူ၍ မည်သူကမျှမနေလိုကြပေ။ သူ့သိက္ခာ၊ ကိုယ့်သိက္ခာဖြင့် မသိမသာဟန်ထည့်ထည်နေလိုကြသည်။

ရှောင်လင်ဆရာတော်ကြီးက ရှင်းလင်းစွာမေးလိုက်၏။

'နောင်တော်..နောင်တော့်ခန့်မှန်းချက်အရဆိုရင် ခုံချဲ့လင်သခင်ဟာ အစရှုံးဖို့သေချာသလောက်ဖြစ်နေပြီပေါ့'

ဟူတန်းဂိုဏ်းချုပ်ကြီးကခေါင်းခါ၏။

'ဒီလိုပြောဖို့လည်း ခက်ပါတယ်၊ ကျုပ်ပြောတာက တကယ်ရေကုန်ရေခမ်းကစားမယ့်အခြေအနေကိုပြောတာပါ။ အဲဒီလိုကစားခဲ့ရင်



တော့ ရှိန်ရက်နိုင်နိုင်ပါတယ်၊ ဒါပေမယ့် ရှိန်ရက်ပြောသွားတဲ့စကားကို နောင်တော်ဂိုဏ်းချုပ်သတိမထားမိဘူးလား'

'ဟို ဆယ်ကွက်အတွင်းဆိုတာလား'

'အဲဒါပေါ့၊ သူဆက်ကွက်ထဲနဲ့ ခုံချဲ့လင်သခင်ရဲ့ လက်ထဲကဓါးကိုလွတ်ကျအောင် လုပ်မယ်လို့ပြောခဲ့တယ်၊ ဒါကအင်မတန်ကြီးကျယ်တဲ့စကားပဲ၊ ခုံချဲ့လင်သခင်နဲ့ ရှိန်ရက်ဟာ အရည်အချင်းသိပ်ကွာခြားတာမဟုတ်ဘူး၊ ဆယ်ကွက်ထဲနဲ့ ခုံချဲ့လင်သခင်ရဲ့ လက်ကဓါးလွတ်ကျဖို့ကိစ္စဆိုတာ ကျုပ်အမြင်တော့လုံးဝကန့်ကွက်တဲ့ကိစ္စပဲ'

ရှောင်လင်ဂိုဏ်းချုပ်သည် ထိုစကားကိုကြားသောအခါမှ စိတ်သက်သာရာရသွားသည်။ စိတ်တင်းကျပ်မှုပြေလျော့သွားပြီး ခပ်အေးအေးပြောသည်။

'ကျုပ်လည်းအဲဒီလိုပဲ ခန့်မှန်းမိတာပါပဲ၊ ဘယ်သူဘယ်သူမှ အပြတ်အသတ်မနိုင်သေးဘူး၊ ရှိန်ရက်အနေနဲ့ သိုင်းလောကသားတွေရှေ့မှာ ပေးခဲ့တဲ့ကတိတော့တည်ကောင်းပါရဲ့'

ဟူတန်းဂိုဏ်ချုပ်ကြီးက တည်ကြည်စွာပြော၏။

'ရှိန်ရက်ဟာ စကားတော့တည်ပါတယ်၊ ဒီနေရာမှာမတည်ရင် သူအရှုံးဖြစ်သွားမှာပေါ့၊ ဒီမှာရှိနေတဲ့လူတွေကလည်း သာမန်လူတွေမှမဟုတ်ကြတာပဲ'

သူတို့စကားမဆုံးမီ တိုက်ပွဲစည်းအတွင်းမှ စူးရှသောလေချွန်သံကိုကြားလိုက်ရသဖြင့် နှစ်ယောက်သားစကားဖြတ်ပြီး တိုက်ပွဲဆီသို့ အလျင်စလိုလှမ်းကြည့်လိုက်မိကြတော့သည်။

* * * * *

## သွေးမြေမကျသောတိုက်ပွဲ

တိုက်ပွဲစည်းအတွင်း၌ အခြေအနေပြောင်းလဲနေချေပြီ။

'အငှမအကွက်'

ခုံချဲ့လင်သခင်၏မျက်နှာပေါ်မှ ဒေါသအရိပ်အယောင်များကို လှတ်ိုင်းတွေ့နေကြရသည်။ ဤမျှအရေးကြီးသောပွဲ၌ ခုံချဲ့လင်သခင် ကဲ့သို့အရင့်အမာတစ်ယောက်က အဘယ့်ကြောင့်ဤမျှလောက်ဒေါသ ထွက်နေသည်ကို ဘေးမှကြည့်နေသည့် ထိပ်သီးသိုင်းသမားကြီးများ အနေဖြင့် မည်သို့မျှစဉ်းစား၍မရကြပေ။

ရှိန်ရက်က တဟင်းဟင်းရယ်သည်။

'ခုံချဲ့လင်သခင် အငှမအကွက်ကစပြီး သတိထားပေတော့'

'ခင်းသာသတိထား'

'ကျွန်တော်က ဘာမှသတိထားစရာမလိုဘူး၊ ဒီသုံးကွက်အတွင်း မှာသာ ခင်ဗျားလက်ထဲက ဓါးလွတ်မကျပါစေနဲ့'

အငှမတိုက်ကွက်တွင်လည်း ရှိန်ရက်၏တိုက်ကွက်များမှာ ထူးခြားမလာပေ။ ထို့ကြောင့် ရှိန်ရက်ကိုအထင်သေးစပြုလာ၏။

ထိုစဉ်အဖြူရောင်တန်းသုံးခုဝင်ရောက်လာသဖြင့် ခုံချဲ့လင်သခင် လန့်သွားသည်။ နောက်ဘက်သို့သုံးလှမ်းခန့်ဆုတ်ပေးလိုက်ရသည်။ ရှိန်ရက်၏ဓါးပိုက်ကွန်အတွင်းမှ သီသီကလေးလွတ်သွား၏။

'ခင်ဗျားကံကောင်းတယ်၊ နဝမမြောက်အကွက်လာပြီ၊ သတိထား ပေတော့'

ခုံချဲ့လင်သခင်ဓါးမှ အလင်းရောင်တန်းများသည် ရှိန်ရက်၏ ဓါးရိပ်အောက်၌ ပျောက်ကွယ်နေသည်။ ဒုတိယအကြိမ်၌ ဓါးပိုက်ကွန် ဖြစ်လာပြန်၏။ သူမသည် အကြိမ်ကြိမ်နောက်ဆုတ်ပေးလိုက်ပါက အရှက်တကွဲ အကျိုးနည်းဖြစ်ရတော့မည်ဖြစ်၍ ရှိန်ရက်၏ ဓါးကွန် အတွင်းသို့ သူမ၏ ဓါးကိုထိုးသွင်းလိုက်သည်။ သူသေလျှင်သေ မသေလျှင် ငါသေပါ့ဆို သည့်သဘောမျိုးပေတည်း။

'ချွမ်း··ချွမ်း··ချွမ်း'

ဓါးဓါးချင်း [illegible]ကိသံများကျွယ်လောင်စွာထွက်ပေါ်လာပြီး ခုံချဲ့ လင်သခင်၏ လက်များတုန်ခါနေ၏။



ရှိန်ရက်၏ဓါးသည် ခုံချဲ့လင်သခင်၏ တံတောင်ဆစ်ဆီသို့ဖြတ်ဝင် လာသည်။ အပြောင်းအလဲအလွန်မြန်သည်။

ခုံချဲ့လင်သခင်သည် သူမ၏ခန္ဓာကိုယ်ကို လေပွေကဲ့သို့ ကျွမ်း ပစ်သည်။ ရှိန်ရက်၏ဓါးချက်မှ ထွက်အောင်ရှောင်ခြင်းဖြစ်သည်။

သို့သော် မလွတ်ပေ။ ဓါးကိုလွှတ်ချလိုက်မှသာ လက်အနုတ် အသိမ်းမြန်ဆန်မည်၊ လက်ဖြတ်ခံရခြင်းမှလွတ်ကင်းမည်ကို တခဏ အတွင်းဒက်ခနဲသိသည်။

ခုံချဲ့လင်သခင်သည် ကျဆုံးရတော့မည့် ဂုဏ်သိက္ခာအတွက် စိတ်ကူးတစ်မျိုးပေါက်သွားသည်။

'ရှိန်ရက်ကြည့်စမ်း'

ခုံချဲ့လင်သခင်သည် လက်ရောအသက်ပါပုံကာ ရှိန်ရက်၏ရင် ဝဆီသို့ လက်ဝဲဘက်လက်ဝါးဖြင့် ရိုက်ချလိုက်၏။

ပြိုင်ပွဲကိုကြည့်နေကြသည့် သိုင်းသမားကြီးများသည် သွေးလွမ်း တော့မည့်အရိပ်နိမိတ်ကို မြင်ယောင်လာကြ၏။

သို့သော် ရှိန်ရက်က ထိုအကွက်ကိုကြိုတင်မြင်ပြီးပေပြီ၊ ဤသို့ ဖြစ်လာလိမ့်မည်ဟု ကြိုတင်တွက်ဆပြီးဖြစ်နေသည်။

ထို့ကြောင့် ခုံချဲ့လင်သခင်မရိပ်မိနိုင်ချိန်မှာပင် ဓါးကိုပြန်လည်ရုပ် သိမ်းခဲ့ပြီး လက်ဝါးရိုက်ချက်ကို လက်ဝါးဖြင့်ပြန်[illegible] လက်ယာ လက်မှဓါးကို ကြက်ခြေခတ်ဆွဲချလိုက်၏။

'ဝုန်း··'

'ချွမ်း··ချလွင်··ချလွမ်'

ခုံချဲ့လင်သခင်မှာ ခုနစ်ပေခန့်[illegible]စင်သွား၏။ သူမ၏လက် ကောက်ဝတ်၌ ကြက်ခြေခတ်ဓါးဒဏ်ရာပေါ်လာသည်။ သွေးများတ စိမ့်စိမ့်ကျလာသည်။ သူမ၏ဓါးသည် ကြမ်းပြင်ပေါ်၌ကျလျက်ရှိနေ သည်။

သူမ၏မျက်နှာ၌ ရှက်ခြင်း၊ နာကျည်းခြင်း၊ ဒေါသဖြစ်ခြင်းတို့ ရောပြွမ်းပေါ်လွင်လျက်ရှိနေသည်။

သူမသည် ရှိန်ရက်ကို မတုန်မလှုပ်ရပ်ကြည့်နေမိ၏။

ပရိတ်သတ်ကြီး၏ ဟင်းခနဲသက်ပြင်းချသံကြီးသည် ခုံချုံလင်သခင်အား လှန့်နိုးလိုက်သလိုဖြစ်သွားသည်။

ထိုသက်ပြင်းချသူများတွင် နှစ်မျိုးနှစ်စားပါဝင်နေလေသည်၊

တစ်မျိုးတစ်စားက ရှိန်ရက်အောင်မြင်မှုကို မလိုလားသူများဖြစ်ပြီး၊ ကျန်တစ်မျိုးတစ်စားက ရှိန်ရက်အောင်မြင်မှုအတွက် စိတ်အေးသွားသူများဖြစ်ပေသည်။ ထိုစဉ်

"ဝေါ့.."

ခုံချုံလင်သခင်သည် ရုတ်တရက်သွေးများထိုးအန်လေသည်၊

အတွင်းဒဏ်ရာရသောကြောင့်မဟုတ်ပါလေ။ ရှုံးနိမ့်မှုအတွက် စိတ်ထိခိုက်ကြေကွဲရသောကြောင့် ဤသို့သွေးအန်ရခြင်းဖြစ်ပါသည်။

ရှိန်ရက်သည် ခုံချုံလင်သခင်အား စိတ်မာမာဖြင့် ဖိပြောရန်ပါးစပ်ပြင်မိသေး၏။ သို့သော်သွေးများထိုးအန်သည်ကိုမြင်သည့်အခါတွင်မူ သူပါးစပ်ပြန်ပိတ်သွား၏။ ရှုံးနိမ့်သူ၏စိတ်ထိခိုက်မှုကို စာနာစိတ်ပေါ်သွားသည်။

"ငါရှုံးရင်လည်း ဒီလိုပဲဖြစ်မှာပဲ"

ရှိန်ရက်သည် စိတ်ထဲမှကြိတ်၍ပြောမိသည်။

ခုံချုံလင်သခင်သည် နန်ဟိုင်မှ မြေပြန့်သိုင်းလောကအထိ ခြေဆန့်လာခဲ့သူဖြစ်သည်။ သူမ၏ခရီးစဉ်တစ်လျှောက်လုံး လွန်စွာအောင်မြင်ခဲ့သည်။ သူမနှင့် မဟာမိတ်ဖြစ်ခဲ့သည့် ဂိုဏ်းကြီးများမှာလည်း ရှောင်လင်၊ ဟွာတန်းစသော ထိပ်တန်းဂိုဏ်းကြီးများဖြစ်ပေသည်။ ခုံချုံလင်သခင်ဟူ၍လည်းကောင်း၊ ထန်းလိုက်ဒေဝီဟူ၍လည်းကောင်း မြေပြန့်သိုင်းလောက၌ ကျော်ကြားခဲ့ပြီးဖြစ်ပေသည်။

ယခုတစ်ပွဲ၌ ရှိန်ရက်ကိုသာအနိုင်ရလျှင် သူမသည်သာသိုင်းလောက၏မကိုင်ရှိုးဦးသျှောင်ဖြစ်မပေတော့မည်။ သိုင်းလောက၌ သူမကိုယှဉ်နိုင်မည့်သူမရှိနိုင်တော့ပေ။



ယခု ငါးနှစ်မျှသူမကြိုးစားခဲ့ရသမျှ အချည်းနှီးဖြစ်သွားခဲ့ရပေပြီ၊ ဂုဏ်သိက္ခာနှင့်အရှိန်အဝါသည် ပြိုလဲကျဆင်းသွားခဲ့ရပေပြီ။

ရှိန်ရက်သည် ခုံချုံလင်သခင်အား ပြေငြိမ်းသောစကားပြောချင်သည်။ သို့သော် မည်သို့ပြောရမည်ကို စဉ်းစား၍မရဖြစ်နေသည်။ ထို့ကြောင့် ဆွံ့အစွာပ်နေမိတော့သည်၊

ထိုအချိန်မှာပင် ခုံချုံလင်သခင်က နာကျည်းစွာပြောလာလေ၏။ သူမ၏အသံသည် လွန်စွာလေးနက်နေ၏။

"ရှိန်ရက် နင်သိုင်းပညာနဲ့ မြေပြန့်သိုင်းလောကရဲ့ မကိုင်ရှိုးဦးသျှောင်ဖြစ်သွားနိုင်ပြီ၊ နင့်ကိုငါရှုံးရတာမှန်ပေမယ့် ရှုံးချက်နာတယ်၊ ငါလုံးဝမကျေနပ်ဘူး၊ ကတိအတိုင်းငါနန်ဟိုင်ကိုပြန်မယ်၊ ဒါပေမယ့်ငါနန်ဟိုင်ကတစ်ခေါက်ပြန်လာခဲ့ဦးမယ်၊ နင်နဲ့ဆယ်ကွက်ပဲထပ်ပြိုင်မယ်၊ အဲဒီတစ်ကြိမ်ဆယ်ကွက်အတွင်းမှာ နင့်ကိုမနိုင်ရင် ငါ့ကိုငါသတ်သေမယ်"

ခုံချုံလင်သခင်ခေါ် ထန်းလိုက်ဒေဝီသည် သူမ၏ခါးကိုဖနောင့်နှင့်ပေါက်လိုက်ရာ ခါးသည် ချွမ်းခနဲထက်ပိုင်းကျိုးသွားသည်။

ထို့နောက် မည်သူ့ကိုမျှလှည့်မကြည့်တော့ဘဲ တောင်ခြေသို့ပြေးဆင်းသွားလေတော့၏။

မြေပြန့်သိုင်းလောကမှ ရှောင်လင်၊ ဟွာတန်းစသောဂိုဏ်းကြီးများကို စုစည်းနိုင်ခဲ့သူ၊ မီးအိမ်နီဂိုဏ်းသားများကို လိပ်ပြာလွင့်မတတ်ကြောက်လန့်စေခဲ့သူ၊ ခုံချုံလင်ခေါ် ထန်းလိုက်ဒေဝီနန်ဟိုင်သိုင်းသူမသူရဲကောင်းသည် မြေပြန့်သိုင်းလောကမှ ပျောက်ကွယ်သွားရှာလေပြီ။

သူမသည် နန်ဟိုင်မှစိတ်အားတက်ကြွစွာလာခဲ့၏။ အပြန်ခရီး၌မူ ကြေကွဲမှုကိုရင်ဝယ်ပိုက်၍ ပြန်သွားရသည်။

ရှိန်ရက်သည် ကျောက်ရုပ်ကြီးတစ်ရုပ်လို မတုန်မလှုပ်ရပ်၍ငေးနေမိသည်။ သူမြင်ကွင်းထဲမှ ခုံချုံလင်သခင်ပျောက်ကွယ်သွားသည်အထိ ငေးနေမိသည်။ လုံးဝမလှုပ်ရှားနိုင်ဘဲဖြစ်နေသည်။

"အဟမ်း…အဟမ်း"

ကြိုဆို့သည် ရှိန်ရက်စိတ်ထိခိုက်သွားသည်ကိုရိပ်မိသဖြင့် ကမျာကယာချောင်းဟန့်ပေးလိုက်ရသည်။ ထိုအခါကျမှ ရှိန်ရက် သတိဝင်လာပြီး ဧည့်ပရိသတ်များကိုလှည့် ကြည့်လာ၏။

"ကဲ…ကျွန်တော်တို့ရဲ့ သိုင်းပြိုင်ပွဲကို စရုံပဲရှိတော့တယ်"

ဂိုဏ်းချုပ်ကြီးများသည် တုန်လှုပ်ချောက်ချားသွားကြ၏။ ယခုအခြေအနေ၌သူတို့သည် ရှိန်ရက်ကိုမည်သို့မျှ မယှဉ်နိုင်ကြပေ။ ယှဉ်လျှင်လည်းရှုံးရုံသာရှိမည်။ အရှက်ကွဲရုံသာရှိမည်။

ထို့ကြောင့် မယှဉ်လျှင်လည်းအခက် ယှဉ်လျှင်လည်း အခက်ဖြစ်နေကြသည်။

ရှိန်ရက်သည် ဂိုဏ်းချုပ်ကြီးများ၏အတွင်းစိတ်ကို ထွင်းဖောက်မြင်လိုက်သည့်အလား ရှင်းလင်းပြသည်။

"ဂိုဏ်းချုပ်ကြီးများခင်ဗျား၊ ဒီပြိုင်ပွဲဟာ တစ်ဦးနှင့်တစ်ဦးမာနအရယှဉ်ပြိုင်ကြမယ့် ပွဲမျိုးမဟုတ်ပါဘူးခင်ဗျား၊ ရှေးယခင်ကရှိခဲ့တဲ့စည်းကမ်းစည်းမျဉ်းဟောင်းကို ပြန်လည်ဖော်ထုတ်တဲ့ပြိုင်ပွဲဖြစ်ပါတယ်၊ ရှုံးနိမ့်သွားလို့လည်း ဂုဏ်ငယ်တယ်လို့ယူဆစရာမရှိပါဘူး၊ ဒီလိုပြိုင်မှလည်း သိုင်းဂိုဏ်းကြီးတွေရဲ့ ရပ်တည်မှုဟာ ဂုဏ်သိက္ခာရှိမှာဖြစ်ပါတယ်"

"ဒီလိုပြိုင်တဲ့နေရာမှာ အကဲဖြတ်တစ်ဦးစီတော့ ရှိနေသင့်ပါတယ်၊ ဥပမာအားဖြင့် ကျွန်တော်နဲ့ ရှောင်လင်ဂိုဏ်းချုပ်ကြီး ယှဉ်ပြိုင်မယ်ဆိုရင် ဟွာတန်းဂိုဏ်းချုပ်ကြီးက အကဲဖြတ်အဖြစ်ဆောင်ရွက်ပြီး၊ ကျွန်တော်နဲ့ပ ဟွာတန်းဂိုဏ်းချုပ်ကြီး ယှဉ်ပြိုင်တဲ့အခါကျတော့ ခွန်းလွန်ဂိုဏ်းချုပ်ကြီးက အကဲဖြတ်အဖြစ် ဆောင်ရွက်ပေးစေလိုပါတယ်"

ရှိန်ရက်သည် သူလုပ်မည့်အစီအစဉ်ကို တရစပ်ပြောချနေလေသည်။

ဂိုဏ်းခြောက်ဂိုဏ်းမှ ဂိုဏ်းချုပ်ကြီးများမှာလည်း ခေါင်းချင်းဆိုင်ဆွေးနွေးကုန်ကြတော့သည်။



ထိုစဉ်ကြိုဆို့သည် ရုတ်တရက်ထရပ်လိုက်ပြီး-

"ညီလေးရှိန်ရက်၊ လွန်ခဲ့တဲ့နှစ်နှစ်က ယန်ဘုရင်တောင်ထိပ်ပေါ်မှာ ငါပေးခဲ့တဲ့ကတိစကားကို မေ့သွားပြီလား"

ထိုစကားကြောင့် ခန်းမကြီးတစ်ခုလုံး မီးကိုရေနှင့်ငြိမ်းသတ်လိုက်သည့်အလား ပါးစပ်အဟောင်းသားဖြစ်သွားသည်။

ထိုကတိကို သူမေ့နေခဲ့သည်မှာအမှန်ပင်။

ရှိန်ရက်သည် သက်ပြင်းချလိုက်သည်။ ခေတ္တမျှစဉ်းစားပြီးသွက်လက်စွာပြောသည်။

"ဆရာကြီး ကျွန်တော့်ကိုခွင့်လွှတ်ပါ၊ ဂိုဏ်းကြီးခုနစ်ဂိုဏ်းကဂိုဏ်းချုပ်ကြီးတွေ ကျေနပ်နိုင်လောက်တဲ့ အစီအစဉ်တစ်ခုကို ပြန်ပြီးတင်ပြပါ့မယ်"

ရှိန်ရက်သည် ဂိုဏ်းချုပ်ကြီးခုနစ်ရဂိုဏ်းနဲ့ သူ၏လူဗိုလ်ဂိုဏ်းကိုဂုဏ်အနိမ့်အမြင့် တစ်၊ နှစ်၊ သုံးဟူ၍ စရန်မလိုတော့ကြောင်း လက်ရှိသိုင်းလောက၌ လူဗိုလ်ဂိုဏ်းကို အသိအမှတ်ပြုရေးအတွက် ဂိုဏ်းချုပ်ကြီးများအနေဖြင့် သူနှင့်ယှဉ်ပြိုင်စေလိုကြောင်း၊ သူကဂိုဏ်းချုပ်ကြီးများကိုအနိုင်ရရှိပါက လက်ရှိသိုင်းဂိုဏ်းခုနစ်ဂိုဏ်းအနေဖြင့် မည်သူ၏လူဗိုလ်ဂိုဏ်းကို ဂုဏ်သိက္ခာတူသတ်မှတ်ဆက်ဆံရန် မေတ္တာရပ်ခံပါကြောင်းအစီအစဉ်သစ်ကို ထပ်မံရှင်းလင်းတင်ပြလေ၏။

ကြိုဆို့သည် ထိုအခါကျမှ ဟင်းချနိုင်တော့၏။

လက်ရှိလူဗိုလ်တောင်ပေါ်၌ရောက်နေသော ဂိုဏ်းချုပ်အားလုံးသည်လည်း စိတ်အေးသွားကြ၏။ သူတို့အားလုံး ရှိန်ရက်ကိုရှုံးနိုင်သည်။ သို့သော် ရှိန်ရက်၏ လူဗိုလ်ဂိုဏ်းကိုတော့ နံပါတ်တစ်ဂိုဏ်းအဖြစ် မသတ်မှတ်၍လည်းရနိုင်သည်။ သူတို့အနေဖြင့် ပေးရသည့်တနယ်ပိုးမှာ ရှိန်ရက်နှင့် လူဗိုလ်ဂိုဏ်းကိုတန်းတူရည်တူဆက်ဆံရုံသာဖြစ်သဖြင့် အားလုံးစိတ်သက်သာရာရသွားကြပေသည်။

ရှောင်လင်ဂိုဏ်းချုပ်ကြီး ထရပ်လိုက်၏။

"ကဲ..ဒကာလေး၊ ဒကာလေးအနေနဲ့ ကျုပ်နဲ့စပြီး ယှဉ်ပြိုင်မယ် မဟုတ်လား"

ရိုနီရက်က လက်အုပ်ချီ၍ ဂါရဝပြုလိုက်၏။

ရှောင်လင်ဂိုဏ်းဟာ လောကကို ဦးဆောင်လာခဲ့တာကြာပါပြီ၊ တပည့်တော်အနေနဲ့ ဆရာတော်ကို မာန်မာနထောင်လွှားပြီး ယှဉ်ပြိုင်တာမဟုတ်ပါဘူး၊ လူမိုလ်ဂိုဏ်းကို အသိအမှတ်ပြုနိုင်ဖို့ ယှဉ်ပြိုင်တာဖြစ်လို့ တပည့်တော်ရဲ့ ယှဉ်ပြိုင်မှုကို ခွင့်လွှတ်ဖို့ တောင်းပန်အပ်ပါတယ်"

ရှောင်လင်ဂိုဏ်းချုပ်ကြီးက ခေါင်းညိတ်ပြသည်။

"ကိစ္စမရှိပါဘူးဒကာလေး ..ကြိုက်သလိုသာစီစဉ်ပါ"

"ဆရာတော်အနေနဲ့ မိန့်ကြားပါဘုရား၊ ဆရာတော်တို့ရဲ့ ရှောင်လင်ကျောင်းတော်ရဲ့ အကောင်းဆုံးသိုင်းပညာဟာ ဘာပညာများဖြစ်ပါသလဲဘုရား"

"ကျုပ်တို့ကျောင်းရဲ့ အကောင်းဆုံးသိုင်းပညာကတော့ ရှောင်လင်ထိပ်တန်းခုနစ်ဆယ့်နှစ်ကွက်ဆိုတဲ့ သိုင်းပညာပါပဲ၊ ရှေးကတိုမိုဆရာကြီးတီထွင်ခဲ့တဲ့ သိုင်းပညာပဲဖြစ်ပါတယ်၊ ဒါပေမယ့် နောက်ပိုင်းမှာတော့ ရှောင်လင်လိုဟန့်တစ်ရာ့ရှစ်ကွက်ပညာဟာ ရှောင်လင်ကျောင်းကိုမပြိုကွဲအောင် ကျားကန်ပေးခဲ့တဲ့ ပညာပဲဖြစ်ပါတယ်"

"ဒါဖြင့်ရင် ရှောင်လင်လိုဟန့်တစ်ရာ့ရှစ်ကွက်ဟာ လက်ရှိအကောင်းဆုံးပညာလို့ဆိုလိုတာလားဘုရား"

ရှောင်လင်ဂိုဏ်းချုပ်ကြီးခေါင်းညိတ်၏။

"ဟုတ်တယ်၊ ဒီသိုင်းပညာဟာ ကျုပ်တို့ရဲ့လက်ရှိအကောင်းဆုံးပညာပဲ"

"ဒါဖြင့်ရင် တပည့်တော်နဲ့ ဆရာတော်အဲဒီသိုင်းပညာနဲ့ပဲယှဉ်ပြိုင်ကြတာပေါ့ဘုရား"



ရှောင်လင်ဂိုဏ်းချုပ်ကြီးခေါင်းညိတ်၏။

"ဒကာလေးကြိုက်သလိုသာပြောပါ၊ ကျုပ်ကတော့ဘယ်လိုပဲဖြစ်ဖြစ်၊ ယှဉ်ပြိုင်မှာပဲ"

ရိုနီရက်သည် လက်မြှောက်အချက်ပြလိုက်သည်။ ရှမ်ပယာနမ်က ကျားကွက်ကဲ့သို့သော တစ်လံပတ်လည်ခန့်ရှိသစ်သားပြားကြီးတစ်ချပ် မယူလာ၏။ သစ်သားပြားပေါ်၌ တရုတ်ဘုန်းကြီးရုပ် တစ်ရာ့ရှစ်ရုပ်ရှိပေသည်။

ရှောင်လင်ဂိုဏ်းချုပ်ကြီးသည် ရိုနီရက်၏အစီအစဉ်ကိုသဘောပေါက်သွား၏။

"ဟား..ဟား..ဟား၊ တယ်ကောင်းတဲ့အစီအစဉ်ပဲ၊ ဒါဆိုရင်ဘယ်သူမှထိခိုက်ဒဏ်ရာမရနိုင်တော့ဘူးပေါ့"

တပည့်တော်လည်းဒဏ်ရာမရစေဖို့ ကြိုတင်စဉ်းစားထားရတာပါဘုရား၊ ဆရာတော်နဲ့တပည့်တော် ကျားကွက်ရွှေ့သလိုရွှေ့ပြီး ယှဉ်ပြိုင်ကြတာပေါ့"

ဤတိုက်ပွဲမှာ လူများစွာမသုံးရသော်လည်း ရှောင်လင်ဂိုဏ်းချုပ်ကြီးနဲ့ရိုနီရက်တို့မှာမူ စိတ်ကူးစိတ်သန်းများစွာထုတ်ရသဖြင့် စိတ်အာရုံလွန်စွာပင်ပန်းသည်။ နောက်ဆုံး၌လိုဟန့်တစ်ရာ့ရှစ်ကွက်ပုံးပေါင်းတိုက်ကွက်ကို ရိုနီရက်ကအောင်မြင်စွာအနိုင်ယူနိုင်ခဲ့ပေသည်။

ပြိုင်ပွဲပြီးသွားသည့်အခါ ရှောင်လင်ဂိုဏ်းချုပ်ဆရာတော်ကြီးမှာ ချွေးဒီးဒီးကျလျှက်ရှိနေခဲ့ပေသည်။

"အင်း..ဒကာလေးရဲ့ထိုးဖောက်ပုံကောင်းလို့ ကျုပ်ရဲ့လိုဟန့်တစ်ရာ့ရှစ်ကွက် ရှုံးနိမ့်သွားပြီ"

ရှောင်လင်ဂိုဏ်းချုပ်ကြီးသည် စကားဆုံးသည်နှင့် သူထိုင်ခုံ၌ပြန်ထိုင်ချတော့သည်။

ပထမတစ်ပွဲသည် သွေးမြေကျခြင်းမရှိဘဲ ပြီးစီးသွားသဖြင့်ကြိုဆိုသည် လွန်စွာကျေနပ်သွား၏။ သူသည် ရိုနီရက်အားသိုင်းလော

ကသားတို့က ချစ်ခင်လေးစားမှုရှိစေချင်သည်။ အကယ်၍ဤသို့အေးချမ်းသောပြိုင်ပွဲမဟုတ်ပါက နောင်ရေးတွင်ရှိန်ရက်အတွက် မကောင်းနိုင်ဖြစ်ရပေလိမ့်မည်။

ခုံချုလင်သခင်နှင့် တိုက်ရသည့်ပွဲကိုပင်ကြည့်ပါ။ ခုံချုလင်သခင်လည်း စိတ်ထိခိုက်၊ ရှိန်ရက်လည်းစိတ်ထိခိုက်ခဲ့ရပေသည်။

ထိုထက်ပိုဆိုးသည်မှာ ခုံချုလင်သခင်၏ရင်၌ မပြေနိုင်သောအငြိုးငြီးတွယ်သွားခြင်းဖြစ်တော့သည်။ ထိုရန်ငြိုးကြောင့်ပင် ခုံချုလင်သခင်သည် တစ်ချိန်ချိန်၌ နန့်ဟိုင်မှမြေပြန့်သိုင်းလောကသို့ မုချဆက်ဆက်ပြန်လည်ရောက်ရှိလာပေဦးမည်။

ကြိုဆို့သည် ရှိန်ရက်အားလှမ်းကြည့်၏။ ကြိုဆို့၏အကြည့်ကိုရှိန်ရက်နားလည်သဘောပေါက်သည်။ ထို့ကြောင့်လက်သီးနှစ်ဘက်ဆုပ်ကာ ဂါရဝပြုရင်းလှမ်းပြောသည်။

"စိတ်ချပါဆရာကြီး၊ ဆရာကြီးမျက်နှာမပျက်ရအောင် တတ်နိုင်သမျှယှဉ်ပြိုင်ပါ့မယ်"

ကြိုဆို့သည်သက်ပြင်းတစ်ချက်မျှ မှုတ်ထုတ်ပြီး သူ့ထိုင်ခုံ၌ပြန်ထိုင်ချမိတော့သည်။

* * * * *

## ဂိုဏ်းပေါင်းစုံသိုင်းပြိုင်ပွဲကြီး

ရှိန်ရက်သည် ဟွာတန်းဂိုဏ်းချုပ်ကြီးအား ဂါရဝပြုလိုက်သည်။

"ဂိုဏ်းချုပ်ကြီးခင်ဗျား၊ ဂိုဏ်းချုပ်ကြီးနဲ့ ကျွန်တော်တို့သိုင်းကွက်သုံးကွက်လောက်ဖလှယ်ပါရစေ"

ဟွာတန်းဂိုဏ်းချုပ်ကြီးသည် ထရပ်လိုက်ပြီး၊ ကွင်းလယ်သို့ထွက်လာ၏။ သူ၏ဓါးကိုရှမ်းခနဲဆွဲထုတ်လိုက်၏။

ဆိုင်းလောက၌ဓါးသိုင်းပညာအကောင်းဆုံးဂိုဏ်းမှာ ဟွာတန်းဂိုဏ်းဖြစ်၍ လွန်စွာကြည့်ကောင်းမည်ဟု သိုင်းပြိုင်ပွဲကိုလာရောက်



လေ့လာကြသည့်သိုင်းသမားအများစုက မျှော်လင့်ထားကြသည်။

ဟွာတန်းဂိုဏ်းချုပ်ကြီးက ခက်ထန်သောမျက်နှာထားဖြင့်ပြောသည်။

"ဂိုဏ်းချုပ်ရှိန်ရက်၊ ကျုပ်တို့ဟွာတန်းဂိုဏ်းဟာ မီးအိမ်နီဂိုဏ်းရဲ့မကောင်းမှုကြောင့် မီးလောင်ပျက်စီးခဲ့ရတယ်၊ ဒါကြောင့်လေ့ကျင့်ရေးကိစ္စတွေမှာ အများကြီးလစ်ဟင်းမှုရှိခဲ့တယ်၊ ဂိုဏ်းချုပ်ရှိန်ရက်ကိုကျုပ်မနိုင်နိုင်ဘူး၊ ဒါပေမယ့်ကျုပ်အသက်စွန့်ပြီးတိုက်ပါ့မယ်"

ရှိန်ရက်စိတ်မကောင်းဖြစ်သွားသည်။ ဤသိုင်းပြိုင်ပွဲကျင်းပမည်ဆိုကတည်းက မည်သည့်ဂိုဏ်းကမျှကျေနပ်ခြင်းမရှိကြောင်း သူသိပြီးဖြစ်သည်။

ယခုဂိုဏ်းကြီးများ နံပါတ်စဉ်တပ်ရန်မလိုသည့်အစီအစဉ်ကိုသူချပြခဲ့သဖြင့် သိုင်းဂိုဏ်းကြီးများ ကျေနပ်သွားပြီဟု ထင်ခဲ့သည်။

သို့ရာတွင်ဟွာတန်းဂိုဏ်းချုပ်ကြီးက သူ့အားမာမာထန်ထန်ဆက်ဆံခြင်းခံရသောအခါမှ ဂိုဏ်းချုပ်ကြီးများကသူ့အား ကျေနပ်မှုမရှိကြောင်းသိရတော့သည်။

ရှိန်ရက်က ဟွာတန်းဂိုဏ်းချုပ်ကြီးအား ထပ်မံဂါရဝပြုပြီး--

"ဂိုဏ်းချုပ်ကြီးခင်ဗျား၊ ကျွန်တော်တစ်ခုအကြံပြုလိုပါတယ်၊ ဓါးကွက်ညွှန်းပြီး၊ အထိုး၊ အဆုတ်၊ အတက်တွေအော်ရင်းတိုက်ကြရင်ကောင်းမယ်ထင်ပါတယ်"

ရှိန်ရက်၏အကြံပြုချက်များမှာ တိုက်ကွက်များကိုနှုတ်မှသာ ပြောဆိုတိုက်ခိုက်ခြင်းဖြစ်၍ သွေးမြေမကျစေသောတိုက်ပွဲဖြစ်ပေသည်။ သို့သော်ထိုတိုက်ပွဲမျိုးကို ဟွာတန်းဂိုဏ်းချုပ်ကြီးက လက်မခံချေ။

"မလိုဘူး၊ ကျုပ်ကဒါတွေဂရုမစိုက်ဘူး၊ ကျုပ်တို့တတ်သမျှဓါးကွက်ကိုအစွမ်းကုန်ထုတ်ပြီး အသေခံစရာရှိအသေခံဖို့ပြင်ထားတယ်"

ရှိန်ရက်သည် ဆရာကြီးကြိုဆို့အား လှမ်းကြည့်သည်။

ရှိန်ရက်၏အကြည့်မှာ အဓိပ္ပါယ်ပြည့်ဝလှ၏။ သွေးထွက်သံယိုမဖြစ်စေနိုင်သည့် အကြံပြုချက်ကို သူတင်ပြသော်လည်း ဟွာတန်းဂိုဏ်း

ချုပ်ကြီးက လက်မခံသဖြင့် မည်သို့လုပ်ရပါမည်နည်းဟူ၍ အဓိပ္ပါယ်မျိုးဖြင့်လှမ်းကြည့်ခြင်းဖြစ်သည်။

ထိုအချက်ကိုဟူတန်းဂိုဏ်းချုပ်ကြီးက နားလည်သဘောပေါက်သည်။ ထို့ကြောင့်ခေါင်းညိတ်ပြလိုက်၏။ ဖြစ်လိုရာဖြစ်စေတော့ဟူသည့်သဘောမျိုးပင်တည်း။

ရှိန်ရက်သည် သက်ပြင်းရှည်ကြီးချလိုက်ပြီး--

"ဂိုဏ်းချုပ်ကြီးက တိုက်ချင်တယ်ဆိုရင်လည်း သဘောပါပဲ၊ ဒါပေမယ့် ကျွန်တော်ကတော့ တိုက်ကွက်သုံးကွက်ကလွဲပြီး တစ်ခြားတိုက်ကွက်နဲ့မတိုက်ပါဘူး"

"ဟား..ဟား..ဟား၊ ဂိုဏ်းချုပ်ရှိန်ရက်က သိပ်ပြီးမာနတက်နေတာကိုး၊ ကျုပ်ကိုတိုက်ကွက်သုံးမျိုးနဲ့ပဲတိုက်မယ်ဆိုတာ ကျုပ်ကိုနှိမ့်ချရာရောက်ပါတယ်၊ ဒါပေမယ့်ကျုပ်ကျေကျေနပ်နပ်နဲ့ အဲဒီအတိုင်းတိုက်ဖို့သဘောတူတယ်"

ရှိန်ရက်၏စကားကြားသောအခါ ဟူတန်းဂိုဏ်းချုပ်ကြီး လွန်စွာကျေနပ်သွား၏။ ရှိန်ရက်နှင့်တကယ်တမ်းတိုက်လျှင် ရှိန်ရက်ကိုမည်သို့မျှ မနိုင်နိုင်ကြောင်း ခုံချဲ့လင်သခင်နှင့် ရှိန်ရက်တို့၏ တိုက်ပွဲကိုကြည့်ပြီးကတည်းက နားလည်သဘောပေါက်ခဲ့၏။

ယခုသူ့အား တိုက်ကွက်သုံးမျိုးဖြင့်သာ တိုက်မည်ဟုဆိုသောအခါ သူ့အနေဖြင့် ရှိန်ရက်အား သူတင်ကိုယ်တင်အကြိတ်အနယ်တိုက်ခွင့်ရသွားသည်။ ဓါးသိုင်းပညာကောင်းသော ဟူတန်းဂိုဏ်းကို ရှိန်ရက်အနေဖြင့် ကျော်လွှားနိုင်ကောင်းမှ ကျော်လွှားနိုင်ပေတော့မည်။

ကြည့်နေကြသည့် ပရိသတ်များမှာလည်း ရှိန်ရက်အား သူ့ရဲ ကောင်းတစ်ယောက်အဖြစ် သတ်မှတ်ထားကြသော်လည်း ဤမျှသူ့ရဲကောင်းမဆန်သင့်ဟု တီးတိုးမှတ်ချက်ချကြသည်။

ဓါးပြိုင်ပွဲ၊ သိုင်းပြိုင်ပွဲဟူသည်မှာ မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်အတွင်း ပြောင်းလဲသွားနိုင်သည့် အခြေအနေမျိုးဖြစ်သည်။



ကျိန်းသေနိုင်မည်ဟု ထင်ထားသော်လည်း မမျှော်လင့်ဘဲရှုံးရတတ်သည်။ ယခုရှိန်ရက်က တိုက်ကွက်သုံးမျိုးဖြင့်သာ တိုက်မည်ဟုဆိုခြင်းမှာ ကိုယ့်ကိုကိုယ်အထင်ကြီးလွန်းခြင်းသာဖြစ်မည်ဟု မှတ်ချက်ချသည်။

* * * * *

"ကဲ…စပြီ"

ဟူတန်းဂိုဏ်းချုပ်ကြီးသည် နဂါးတစ်ကောင်ကဲ့သို့ ရှိန်ရက်ဆီခုန်ပျံဝင်ရောက်သွား၏။ ဟူတန်းဂိုဏ်း၏ တာလို့ဓါးသိုင်းသည် ကျော်ကြားသောဓါးသိုင်းဖြစ်သည်။

သူ့ခုန်ဝင်တိုက်ခိုက်မှုသည် အလွန်တရာအားပြင်းထန်၏။ အတွင်းအားပညာနက်နဲသဖြင့် သူ၏ဓါးသည်လည်း လွန်စွာအရှိန်အဟုန်ပြင်းထန်နေပေသည်။

ခုံချဲ့လင်သခင်၏ဓါးကွက်လောက် ထူးထွေဆန်းပြားခြင်းမရှိသော်လည်း ရှိန်ရက်သည်နောက်သို့ ခြေနှစ်လှမ်းမျှဆုတ်သွားစေလောက်အောင် ပြင်းထန်မှုရှိခဲ့သည်။

ရှိန်ရက်သည် သုံးကွက်နှင့်တိုက်မည်ဟုကတိမပြုပါက ဟူတန်းဂိုဏ်းချုပ်အား အကွက်ငါးဆယ်အတွင်း အနိုင်ရရှိနိုင်သည်။ ယခုသော်အကွက်ငါးဆယ်ဖြင့် နိုင်ရန်မလွယ်တော့ပေ။ သို့သော်အကွက်တစ်ရာမျှအကြိတ်အနယ်ယှဉ်ပြိုင်ချိန်ရသွားလျှင် ဟူတန်းဂိုဏ်းချုပ်အနေဖြင့် သိက္ခာမကျဘဲ ရှုံးနိမ့်ခြင်းကို ရယူသွားနိုင်ပေသည်။

တကယ်တမ်းအားဖြင့် ရှိန်ရက်ကတိပြုခြင်းမှာ ဟူတန်းဂိုဏ်းချုပ်ကြီးဂုဏ်သိက္ခာရှိရှိရှုံးနိမ့်စေရန်စေတနာဖြင့် တမင်ကတိပြုလိုက်ခြင်းသာဖြစ်သည်။

ထိုအချက်ကို ဟူတန်းဂိုဏ်းချုပ်ကြီးသဘောမပေါက်သည်ကိုတွေ့ရသောအခါ ရှိန်ရက်မချိပြုံးပြုံးမိသည်။

ရှိန်ရက်သည် ဟူတန်းဂိုဏ်းချုပ်ကြီး၏အတွင်းအားကိုချီးကျူးမိသော်လည်း သူ့အနေဖြင့်အနိုင်ရမည်ကိုကား လုံးဝသံသယမရှိပေ။

"ဂိုဏ်းချုပ်ကြီး၊ ကျွန်တော်ကတော့ ဟန်ကျူးကျူရင်း၊ ကျူးနီပွေးခန်းနှင့် ကျုံကုံးလျှန်ဟွမ်သုံးကွက်ကိုအသုံးပြုပြီး ဒီသုံးကွက်ကိုပဲ အလှဲ့အလှယ်နဲ့တိုက်ပါမယ်"

"မင်းဘာမှပြောနေဖို့မလိုဘူး၊ သုံးကွက်ကိုပဲထပ်တလဲလဲတိုက်မတိုက်ကို ဘေးကကြည့်နေတဲ့ သိုင်းသမားတွေကြည့်တတ်တယ်၊ အဲ့တစ်ကွက်သုံးရင် မင်းကတိမင်းဖျက်တာပဲ၊ ငါ့အနေနဲ့ ဘာမှပြောနေဖို့မလိုဘူး"

ရှိန်ရက်ပြောလိုက်သည့် သိုင်းကွက်သုံးကွက်သည် လူ့ဗိုလ်ဂိုဏ်းချုပ်ကြီး ပိုင်လီကျိုက ရှိန်ရက်အား သင်ကြားပေးခဲ့သည့် ဟန်နန်းတော်ကိုးကွက် သိုင်းပညာထဲမှ ပထမသုံးကွက်ဖြစ်သည်။ စင်စစ် ထိုသိုင်းကွက်များသည် ဓါးသိုင်းပညာမဟုတ်ချေ။ လှံသိုင်းပညာသာဖြစ်သည်။ ရှိန်ရက်ကထိုအကွက်များကို ဓါးကွက်အဖြစ်ပြောင်းလဲသုံးစွဲလိုက်ခြင်းသာဖြစ်သည်။

ထိုသုံးကွက်သည် ဟူတန်းဂိုဏ်း၏ တာလို့ဓါးသိုင်းလောက် အဆင့်အတန်းမမြင့်ပေ။ သို့သော်ရှိန်ရက်အသုံးပြုလိုက်သည့်အခါတွင်မူ ဓါးကွက်များသည် ထိပ်တန်းဓါးကွက်များဖြစ်နေပေတော့သည်။ ရှိန်ရက်၏အတွင်းအား လျှင်မြန်မှုနှင့် ဖြတ်ထိုးဉာဏ်ကိုပေါင်းစပ်လိုက်ပြီးနောက် မန့်လိုတန်းမြင့်မားကွက်များဖြစ်ပေါ်ခြင်းဖြစ်ပေသည်။

ဟူတန်းဂိုဏ်းချုပ်ကြီးသည် ရှိန်ရက်အား ပြင်းထန်စွာတိုက်ခိုက်သည်။ ရှိန်ရက်တစ်ကိုယ်လုံး ဓါးရိပ်များဖုံးနေသည်။

ရှိန်ရက်သည် သူ၏တစ်ကိုယ်လုံး တြိအတွင်းအားကိုထုတ်လွှတ်ထားပြီး ဟူတန်းဂိုဏ်းချုပ်ကြီး၏ဓါးချက်များကို ဖြည်းညှင်းစွာပင် ရှောင်တိမ်းသည်။

ရှိန်ရက်သည် သိုင်းကွက်နှစ်ဆယ်ကျော်သည်အထိကို ဓါးကွက်သုံးကွက်ဖြင့်သာ လဲလှယ်ခုခံသည်။



အမျိုးသမီးလေးဦးသည် စိုးရိမ်ထိတ်လန့်စွာကြည့်နေမိကြ၏။

ဆရာကြီးကြို့ဆို့မှာမူ လေးနက်တည်ကြည်သော မျက်နှာထားဖြင့်ဓါးပြိုင်ပွဲကိုကြည့်နေ၏။ ပြိုင်ပွဲ၌မည်သူနိုင်နိုင်၊ မည်သူရှုံးရှုံးသူ့အတွက်မည်သို့မျှ အကျိုးမထူးချေ။

ကျိုဝှမ်းကျွင်းသည် စိတ်မထိန်းနိုင်တော့သဖြင့် ဆရာကြီးကြို့ဆို့အနီးသို့တိုးကပ်လာပြီး တီးတိုးမေးလေ၏။

"ဆရာကြီး...အခုပွဲမှာ ဘယ်သူရှုံးပြီး၊ ဘယ်သူနိုင်ပါသလဲ၊ ဆရာကြီးရဲ့အမြင်ကိုသိပါရစေ"

ကြို့ဆို့သက်ပြင်းတစ်ချက်ချလိုက်ပြီး--

"ပြောရခက်တယ်"

"ဆရာကြီးမှာ အတွေ့အကြုံအများကြီးရှိတာပဲ၊ အဲဒီအတွေ့အကြုံနဲ့တောင် ဒီပြိုင်ပွဲရဲ့ အရှုံးအနိုင်ကို မခန့်မှန်းနိုင်ဘူးလားရှင်"

"ရှိန်ရက်ရဲ့အတွင်းအား၊ သူ့ရဲ့သိုင်း[illegible]နဲ့ဆိုရင် ဟူတန်းဂိုဏ်းချုပ်ကြီးကို လွယ်လွယ်ကလေးနဲ့နိုင်ပါတ[illegible] ဒါပေမယ့်သူက ဟူတန်းဂိုဏ်းကကူညီခဲ့ဖူးတဲ့ကျေးဇူးကိုထောက်ထားပြီး သူကသိုင်းကွက်သုံးမျိုးနဲ့ပဲယှဉ်ပြိုင်မယ်လို့ ကြေညာခဲ့တာပဲ၊ ဒီတော့ပြိုင်ပွဲက မြန်မြန်မပြီးနိုင်တော့ဘူး၊ ဘယ်သူကခံနိုင်ရည်အားပိုကောင်းတယ်ဆိုတာပဲ စောင့်ကြည့်ရတော့မယ်"

"ဟင်း.."

ကျိုဝှမ်းကျွင်းမှာ သက်ပြင်းရှည်ကြီးချမိတော့သည်။

ထိုသက်ပြင်းချသံကို ရှမ်ယာနမ်သတိပြုမိ၏။ ထို့ကြောင့်ကျိုဝှမ်းကျွင်းကိုအမှတ်မထင် သတိပြုကြည့်မိလာသည်။ ထိုအခါကျမှ သူမ အလွန်အံ့သြသွားမိတော့သည်။

* * * * *

ကျိုဝှမ်းကျွင်းသည် တိုက်ပွဲကိုမျက်တောင်မခတ်တမ်းကြည့်နေသည်။ သူ့မျက်နှာပေါ်၌ [illegible]ရာစိုးရိမ်ထိတ်လန့်သည့်အမူအရာလည်းပေါ်နေသည်။

ရှမ်ယာနမ်သည် စိတ်ထဲ၌တစ်မျိုးကြီးခံစားမိတော့သည်။

"သူ..သူ..သူလဲအစ်ကို ရှိန်ရက်အတွက် စိုးရိမ်နေတာပဲ၊ ဒါဆို သူ..သူ၊ အစ်ကိုရှိန်ရက်ကိုချစ်နေတာပဲဖြစ်ရမယ်"

ရှမ်ယာနမ်သည် ငယ်ရွယ်နုပျိုသောမိန်းမသားဖြစ်သည်။ ထို့ကြောင့် သူမ၌ကြီးရင့်သော စိတ်ထားမျိုးမရှိရှာချေ။

အထူးသဖြင့် အချစ်နှင့်ပတ်သက်လာသောအခါ မိန်းမစိတ်မျိုးသာ ရှိတော့သည်။ ပြိုင်ဘက်တစ်ယောက်တိုးလာသည့်အတွက် စိတ်ထဲ၌ မကြည်မသာဖြစ်ခြင်းမျိုး ခံစားလာရတော့သည်။

ထို့ကြောင့် အမျိုးသိပ်နိုင်တော့ဘဲ နှုတ်မှလွှတ်ခနဲ့ပြောလိုက်မိသည်။

"သူ့ရဲ့ကောင်းမလေးကျိုဝှမ်းကျွင်း၊ အစ်ကိုရှိန်ရက်တစ်ယောက် သိုင်းပညာရှင်ပဲ၊ အဲဒီအတွက်ပူမနေပါနဲ့ သူ့လိုပညာရှင်မှမနိုင်ရင် သိုင်းလောကကြီးဓောကထိုးမိုးမျှော်ဖြစ်သွားမှာပဲရှင်"

ရှမ်ယာနမ်၏လေသံကိုက ငေါ်တော့တော့လေသံပေါက်နေသဖြင့် ကျိုဝှမ်းကျွင်းမှာ ရှမ်ယာနမ်၏သဝန်တိုသောစိတ်ထားကို ထင်ရှားစွာ သိမြင်လိုက်သည်။

သို့သော်ကျိုဝှမ်းကျွင်းအနေဖြင့် ရှမ်ယာနမ်ထက် ရှိန်ရက်တို့၏ တိုက်ပွဲကိုပို၍ စိတ်ဝင်စားနေသည်။

သို့သော် ရှမ်ယာနမ်နှင့်သူမသည် အတော်ကလေးကြာအောင် အတူတကွနေထိုင်ခဲ့ဘူးသဖြင့် လူမှုရေးအရစိတ်ရင်းအတိုင်းမင်ပြန်ပြော လိုက်သည်။

"ဩော်..သူပညာကုန်ဆိုရင်ဟုတ်တာပေါ့၊ အခုဟာကပညာကုန် မှမဟုတ်တာ၊ သူသုံးကွက်တည်းနဲ့တိုက်မှာဆိုတော့ စိတ်ပူရတာပေါ့"

ကျိုဝှမ်းကျွင်းမှာစိတ်ရင်းအတိုင်းပြောလိုက်ခြင်းဖြစ်သော် လည်း ရှမ်ယာနမ်၏နားထဲ၌ လွှမ်းစွာကလောသွားလေ၏။

ကျိုဝှမ်းကျွင်း၏လေသံအရ ရှိန်ရက်သည် သူမ၏ခင်ပွန်း၊ သို့



မဟုတ် ချစ်သူဖြစ်နေသယောင် အဓိပ္ပါယ်သက်ရောက်သွားလေသည်။

ထို့ကြောင့်ရှမ်ယာနမ်၏ သဝန်ကြောင်သောစိတ်ဓါတ်မှာ ဆထက် ထမ်းပိုးတိုး၍တိုး၍လာတော့သည်။

သူမသည် ကျိုဝှမ်းကျွင်းအား စကားနာထိုးရန် နှုတ်ခမ်းပြင်လိုက် ၏။

ထိုစဉ်သူမ၏မျက်လုံးများက ဖန့်ဝမ်လန်နှင့် ဘွန်ကျယ်ကြွင်း တို့ထံသို့ အမှတ်မထင်ရောက်ရှိသွားပြန်သည်။

"ဟင်.."

ရှမ်ယာနမ်မှာ မျက်လုံးကလေးများဝိုင်းသွား၏။ အဘယ်ကြောင့် ဆိုသော် ဖန့်ဝမ်လန်နှင့် ဘွန်ကျယ်ကြွင်းတို့သည်လည်း ကျိုဝှမ်းကြွင်း နှင့်တစ်ထပ်တည်း၊ တစ်ပုံစံတည်းဖြစ်နေတော့သောကြောင့်ပေတည်း။

"ဟင်း..ငါထင်တဲ့အတိုင်းမှန်နေပြီ၊ ငါ့ပြိုင်ဘက်တွေမနည်းပါပဲ လား"

ရှမ်ယာနမ်၏သဝန်ကြောင်အပူမီးသည် သူမ၏တစ်ကိုယ်လုံးသို့ တညီးညီးတောက်လောင်လာနေသည်။ သူမသည် ကျိုဝှမ်းကျွင်းကို လည်းမုန်းသည်။ ဖန့်ဝမ်လန်နှင့် ဘွန်ကျယ်ကြွင်းကိုလည်းမုန်းသည်။

သူမသည် ရှိန်ရက်၏အနေအထိုင် စည်းကမ်းရှိပုံကိုပြန်လည်စဉ်း စားမိလာသောအခါ ရင်ထဲ၌ပို၍ အပူမီးတောက်လောင်၏။ အခြားသူ သုံးဦးထဲမှ တစ်ဦးဦးနှင့်ငြိစွန်းနေလျှင် ရင်ကျိုးရချည်ရဲ့ဟု တွေးပူ မိလာပြန်သည်။

သို့သော် သူမ၏ဖခင်မသေဆုံးမီ၊ ရှိန်ရက်ကတိပေးခဲ့သည့်အချက် နှင့် ဆရာကြီးကြို့ဆို့အား ဦးအောင်ချဉ်းကပ်ထားသည့်အဖြစ်များကို ပြန်လည်သတိရလာသောအခါ ခနဲ့တဲ့တဲ့အပြုံးသည် သူမ၏မျက်နှာ ပေါ်၌ ပေါ်လာပြန်သည်။

"ဆရာကြီးကြို့ဆို့ကို အစ်ကိုရှိန်ရက်က သိပ်ချစ်တယ်၊ ဖေဖေ့ကို ကတိပေးထားတာရော၊ ဆရာကြီးကြို့ဆို့ကတိုက်တွန်းတာရောပေါင်း

စပ်လိုက်ရင် အခြားဘယ်သူက ငါတို့နှစ်ယောက်ကြားထဲဝင်နိုင်တော့မှာလဲ"

ထိုစကားများကို ရှမ်ယာနမ်က သူမ၏စိတ်ထဲမှ ပြောနေမိခြင်းဖြစ်သည်။

"ဟင်း...ငါက ကျားကွက်တစ်ကွက်ဦးနေတာပဲ၊ ဘယ်သူ့ကို ဂရုစိုက်ရမှာလဲ၊ နောက်ပြီးအစ်ကိုရှိန်ရက်က ငါ့အပေါ်လည်းသံယောဇဉ်ရှိနေတာပဲဥစ္စာ"

ရှမ်ယာနမ်သည် ကျွန်မိန်းကလေးသုံးယောက်အပေါ် စိတ်ပြေသွား၏။ အခြားမည်သူမျှ သူ့လောက်အခြေအနေမကောင်းဟု သုံးသပ်လိုက်မိသဖြင့် ထိုသို့စိတ်ပြေသွားခြင်းဖြစ်သည်။

တိုက်ပွဲစည်းအတွင်းမှ တိုက်ပွဲသည်လည်း လုံးဝအခြေအနေမတိုးတက်သေးဘဲရှိနေလေ၏။

* * * * *

## ငေါ်မေးဂိုဏ်း၏သဘောထား

ဟူတန်းဂိုဏ်းချုပ်ကြီးသည် သိုင်းကွက်ပေါင်းတစ်ရာကျော်မျှ အသုံးချတိုက်ခိုက်ခဲ့ပြီးလေပြီ။ ရှိန်ရက်မှာမူ သူကတိထားခဲ့သည့်အတိုင်း သိုင်းကွက်သုံးမျိုးကိုသာသုံးပြီး ကတိမပျက်ခုခံတိုက်ခိုက်ခဲ့သည်။

ဤမျှတိုက်ကွက်တစ်ရာကျော်ခဲ့သည့်တိုင် အရှုံးအနိုင်ကိုခန့်မှန်း၍မရသေးပေ။

ဤလိုအခြေအနေမျိုးနဲ့ဆိုရင် ရှုံးတာမပြောနဲ့၊ နိုင်တာတောင် မျက်နှာပန်းမလှနိုင်ဘူး။

ဟူတန်းဂိုဏ်းချုပ်ကြီးသည် ထိုသို့တွေးမိလိုက်သည်။

ထိုသိုင်းကွက်တစ်ရာအတွင်း ဟူတန်းဂိုဏ်းချုပ်ကြီးအနေဖြင့် ချောက်ချားခဲ့ရသော အကြိမ်ပေါင်းဆယ်ကြိမ်မျှရှိခဲ့သည်။



ရှိန်ရက်၏သိုင်းကွက်သုံးကွက်၌ ဟာကွက်အချို့ကိုမြင်တွေ့ရသည့်အခါမျိုးရှိသည်။ ပိုင်ပြီဟူသောစိတ်ထားဖြင့် ဓါးကိုထိုးသွင်းလိုက်သည့်အခါတိုင်း သူ့ဓါးသည် လိုရာမရောက်ဘဲ ဘေးသို့အမြဲတမ်းချော်ထွက်ခဲ့ရသည်။

ရှိန်ရက်၏ဟာကွက်ကို မြင်သည့်တိုင် ရှိန်ရက်ကို ရှုံးနိမ့်အောင်မလုပ်နိုင်ဘဲရှိနေသည့်အဖြစ်ကို ဟူတန်းဂိုဏ်းချုပ်ကြီးအနေဖြင့် မခံမရပ်နိုင်ဖြစ်နေမိသည်။

ထိုစဉ်ရှိန်ရက်၏ဓါးသည် ဟူတန်းဂိုဏ်းချုပ်ကြီးဆီသို့ တန်းတန်းမတ်မတ်ထိုးဝင်လာ၏။ ဓါးအရှိန်အပြင်းအထန်သည် တြိအတွင်းအားအပြည့်အဝပါရှိသည်။

ရှိန်ရက်ဤသို့တိုက်ခိုက်လိုက်ခြင်းမှာ ဤသို့အတွေးပေါက်သွား၍ဖြစ်သည်။

"ငါသူ့ကိုငဲ့ညှာစိတ်မွေးနေတာဟာ သူ့အရက်ကိုပိုခွဲသလိုဖြစ်နေနိုင်တယ်၊ မြန်မြန်အရှုံးအနိုင်ကွဲပြားအောင် လုပ်လိုက်တာအကောင်းဆုံးပဲဖြစ်မယ်"

ထိုအတွေးကြောင့် ရှိန်ရက်ကပြင်းထန်စွာ တိုက်ခိုက်ခြင်းဖြစ်ပေသည်။

ဟူတန်းဂိုဏ်းချုပ်ကြီးက သူ့ဓါးဖြင့်လျှပ်တစ်ပြက်ထိုးကာလိုက်၏။

"ချပ်..."

ဓါးရှည်နှစ်ချောင်းသည် လေ[illegible]ထိကပ်သွားတော့သည်။ သံလိုက်နှင့်ကပ်ထားသကဲ့သို့ဖြစ်နေပြီး [illegible]ါမရတော့ပေ။

ဟူတန်းဂိုဏ်းချုပ်ကြီးရင်ထဲ၌ အ[illegible]ကျယ်တုန်လှုပ်ချောက်ချားသွား၏။ သူ၌ရှိရှိသမျှသောအတွင်းအားများကိုထုတ်ကာ ညာလက်ဆီသို့ပို့လွှတ်၏။ ထို့နောက်ဟေးကနဲအော်ကာ ရှိန်ရက်ဓါးနှင့်ကွာထွက်သွားရန်ကြိုးစားလိုက်သည်။

သို့သော်သူ့ဓါးကိုခွါ၍မရဘဲရှိနေသည်။

ဟူတန်းဂိုဏ်းချုပ်ကြီးသည် ချွေးသီးချွေးပေါက်များစီးကျလာ၏။ ရှိန်ရက်၏အတွင်းအားသည် ငယ်ငယ်ရွယ်ရွယ်ဖြင့် လွန်စွာထက်မြက်ကောင်းမွန်နေကြောင်း ယခုမှကိုယ်တွေ့သိရတော့သည်။

သူ့စိတ်ထဲ၌ ရှိန်ရက်သည် ဓါးကွက်သုံးကွက်ဖြင့်သာ သူ့အား အမြန်မြန်အလျှန်လျှန်တိုက်ခိုက်မည်ဟု ထင်မှတ်ထားခဲ့သည်။ ယခုမှပင် အတွင်းအားဖြင့်ဖိတိုက်ခဲ့ချေပြီ။

သိုင်းလောကအတွေ့အကြုံရင့်ကျက်ပြည့်ဝခဲ့သော်လည်း ရှိန်ရက်၏ အတွင်းအားကိုမဖိနိုင်သည့်အတွက် ဟူတန်းဂိုဏ်းချုပ်ကြီးသည် ရင်ထဲ၌လွန်စွာနာကျင်သွားသည်။

ထို့ကြောင့်မိမိ၏အရှက်ကို အသက်နှင့်လဲရန် ဆုံးဖြတ်လိုက်၏။

* * * * *

မိမိ၏သွေးများကို ပြောင်းပြန်လှည့်စေလိုက်ပါက ရှိန်ရက်ဓါးနှင့် မိမိဓါးကွာသွားလျှင်သော်လည်းကောင်း ကွာသွားမည်။ မိမိလျှင်သော်လည်းကောင်း သေမည်ဟု တွက်ဆလိုက်၏။

အကျင့်အားပြိုင်ရာ၌ သိထားရန်အချက်မှာ အတွင်းအားပညာသည်ဓါးသိုင်းပညာနှင့်မတူခြင်းဖြစ်သည်။ အကွက်ကောင်းရွေးနေ၍ မရပေ။ မိမိတစ်သက်လုံး လေ့လာဆည်းပူးခဲ့သည့်အချက်သာအဓိက ဖြစ်ပေသည်။

ယခုအချိန်၌ ဟူတန်းဂိုဏ်းချုပ်ကြီး၏မျက်နှာသည် ရဲရဲတွတ်လျှက်ရှိနေပေပြီ။ ရှိန်ရက်၏အတွင်းအားကို ဆန့်ကျင်ခါထုတ်ရန် ကြိုးစားနေခြင်းဖြစ်ပေသည်။

ကြို့ဆို့သည် ဝှန်းခနဲထရပ်လိုက်၏။ ရှိန်ရက်၏မျက်နှာကိုလှမ်းကြည့်လိုက်၏။ မည်သည့်ထူးခြားချက်မျှမတွေ့ရပေ။

ကြို့ဆို့အနေဖြင့်မည်သို့မျှထိုင်ကြည့်နေ၍ မဖြစ်နိုင်တော့ပေ။ သူ့နှင့်ဟူတန်းဂိုဏ်းချုပ်ကြီးသည် အလွန်တရာခင်မင်ခဲ့ကြသည်။ ဤအစဉ်



အလာကိုယခုဖျက်ပစ်၍မပြုစကောင်း၊ အနှစ်လေးဆယ်ခင်မင်မှုကို တစ်ရက်တည်းဖြင့် ဖျက်ဆီးပစ်လျှင် ဖျက်ဆီးသူသာ မိုက်ရာကျပေလိမ့်မည်။

ကြို့ဆို့သည်ဝှန်းခနဲထွက်သွားပြီး ရှိန်ရက်နှင့် ဟူတန်းဂိုဏ်းချုပ်ကြီးတို့အကြားသို့ တိုးဝင်သွား၏။

သူသည်သူ့၌ ရှိရှိသမျှသောအတွင်းအားများကိုအသုံးပြုလျှက်ပူးကပ်နေသည့်ဓါးနှစ်ချောင်းကိုရိုက်ချသည်။

ဤအရေးမှာဟူတန်းဂိုဏ်းချုပ်နှင့် ရှိန်ရက်တို့၏သေရေးရှင်ရေးဖြစ်သည်။ သူတစ်ပါး၏သေရေးရှင်ရေးထဲ၌ ယခုအချိန်ဝင်လိုက်ခြင်းမှာ သူ့အတွက် သေရေးရှင်ရေးဖြစ်သွားပြန်သည်။

ကြို့ဆို့အနေဖြင့် သူ့သေရေးရှင်ရေးကို ဂရုမစိုက်နိုင်ပါ။

တိုက်ပွဲကိုကြည့်နေကြသော ပရိသတ်ထုကြီးသည် ကြို့ဆို့၏လှုပ်ရှားမှုကိုမြင်လိုက်ရသော် လွှတ်ခနဲအော်လိုက်မိကြသည်။

ရှိန်ရက်သည် ရိပ်ခနဲရန်သူတစ်ဦးဝင်လာသည်ကိုတွေ့လိုက်ရ၏။ ကြို့ဆို့မှတစ်ပါး အခြားမည်သူမှမဖြစ်နိုင်ဟုသိသည်။

သူသည် အတွင်းအားကြီးမားသူဖြစ်၍ အတွင်းအားကိုလျှော့ကာ နောက်သို့နှစ်လှမ်းဆုတ်ပေးလိုက်၏။ ကြို့ဆို့ဒဏ်ရာရမည်ကိုမလိုလားပေ။ ဟူတန်းဂိုဏ်းချုပ်ကြီးမှာ သူ့၌ဒဏ်ရာတစ်ချက်တစ်လေမျှမရဘဲ ပေါ့ပါးသွားသလိုခံစားလိုက်ရသဖြင့် အလျင်အမြန်နောက်ဆုတ်လိုက်သည်။ ထိုနှစ်ယောက်ကြားမှ ထိန်းမနိုင်သိမ်းမရတာဟောထိုးထွက်သွားသူမှာ ကြို့ဆို့ပင်ဖြစ်လေတော့သည်။

"ဟာ..."

ကြို့ဆို့သည် မည်သည့်အတားအဆီးမှမတွေ့ရဘဲ ကိုးရိုးကားယားဖြစ်သွားသည့်အချက်ကို ချက်ချင်းသဘောပေါက်သွားသည်။

ရှိန်ရက်သည် ဓါးကိုလျင်မြန်စွာသိမ်းဆည်းလိုက်ပြီး ဒယီးဒယိုင်ဖြစ်သွားသည်။ ကြို့ဆို့ကိုဖေးဖေးမမလုပ်လိုက်သည်။

ရှိန်ရက်ကပြုံး၍ပြောလေ၏။

“ဆရာကြီးထွက်လာတော့မယ်ဆိုတာ ကျွန်တော်သိပါတယ်၊ ဒီပွဲကိုသရေပွဲအဖြစ်နဲ့ပဲသတ်မှတ်လိုက်တာပေါ့”

ဟူတန်းဂိုဏ်းချုပ်ကြီးသည် ရှိန်ရက်ပေါ် မကျေမနပ်ဖြစ်နေသည့်စိတ်များလုံးဝပျောက်ကွယ်သွားသည်။

“ဟား…ဟား…ဟား၊ သူ့ရဲ့ကောင်းလေးရှိန်ရက်က ဒီတစ်ပွဲနဲ့ဘယ်သရေပွဲဖြစ်မှာလဲ၊ တကယ်လို့သူ့ရဲ့ကောင်းလေးသာ သိုင်းကွက်သုံးမျိုးနဲ့မတိုက်ရင် ကျုပ်အစောကြီးကတည်းက ရှုံးပါတယ်၊ သူ့ရဲ့ကောင်းလေးဟာ လူဗိုလ်ဂိုဏ်းချုပ်ကြီးအဖြစ် ထိုက်ထိုက်တန်တန်ဆောင်ရွက်နိုင်သူဖြစ်တယ်ဆိုတာ ကျုပ်ကောင်းကောင်းလက်ခံလိုက်ပါပြီ”

ရှိန်ရက်သည် ဟူတန်းဂိုဏ်းချုပ်ကြီးအား လေးစားစွာဦးညွှတ်ဂါရဝပြုလိုက်၏။

“ကျေးဇူးတင်ပါတယ်ဂိုဏ်းချုပ်ကြီးခင်ဗျား၊ ကျွန်တော်ဟာ ဂိုဏ်းချုပ်ကြီးအားလုံးပဲ ချစ်ချစ်ခင်ခင်သင့်သင့်မြတ်မြတ်နေချင်တဲ့သူပါ”

ကြိုဆိုသည် ဟူတန်းဂိုဏ်းချုပ်ကြီးနှင့် ရှိန်ရက်တို့တစ်ဦးနှင့်တစ်ဦး နားလည်မှုတိုးမှုမဖြစ်ပေါ်ခြင်းအတွက် မျက်ရည်များလည်လာသည်အထိ ဝမ်းသာကြည်နူးသွားသည်။

ကြိုဆိုသည် ရှိန်ရက်အား အားနာသည့်လေသံဖြင့်ပြောလေ၏။

“ညီလေး…ငါမလွဲသာလို့ဝင်တာပါ။ ငါမှမဝင်ရင်ဟူတန်းဂိုဏ်းချုပ်ကြီးဒုက္ခဖြစ်လိမ့်မယ်”

ရှိန်ရက်က ကြိုဆိုအားရိုသေလေးစားသောလေသံဖြင့် နှစ်သိမ့်လိုက်သည်။

“ဆရာကြီး၊ ဒီအတိုင်းပဲလုပ်သင့်ပါတယ်၊ ဒီနေရာမှာဆရာကြီးရဲ့နေရာကျွန်တော်ရောက်နေရင်လည်း ကျွန်တော်ဒီအတိုင်းပဲလုပ်မှာပါပဲ”

“ရှေ့ပြိုင်ပွဲတွေဘယ်လိုလုပ်မလဲ၊ ငါကလည်းအလှည့်တိုင်းဝင်ဖြန်ဖြေနေလို့မသင့်လျော်ဘူး၊ အရေးကြီးတာက ဂိုဏ်းခြောက်ဂိုဏ်းစ



လုံးက ဂိုဏ်းချုပ်ကြီးတွေ အရှက်ကွဲမသွားဖို့ပဲ”

ရှိန်ရက်သည် သက်ပြင်းချမိသည်။ ရှေ့လျှောက်သူဘာဆက်လုပ်ရမည်မှန်း မဝေခွဲတတ်တော့ပေ။

ထိုစဉ် ခွန်းလွှန်ဂိုဏ်းချုပ်ကြီး ထရပ်လာကာ-

“သူ့ရဲ့ကောင်းလေးရှိန်ရက်ဟာ လူဗိုလ်ဂိုဏ်းရဲ့သိုင်းပညာအမွေကို ဆက်ခံရုံမကဘူး၊ တစ်ခြားလျှို့ဝှက်နက်နဲတဲ့ သိုင်းပညာတွေကိုပါ ထုတ်ဖော်ပြသခဲ့သူဖြစ်ပါတယ်၊ ဒီပညာတွေနဲ့ လူဗိုလ်ဂိုဏ်းကြီးကို အသစ်ပြန်လည်ဖော်ဆောင်နိုင်သူလည်းဖြစ်ပါတယ်၊ ကျုပ်အနေနဲ့ လူဗိုလ်ဂိုဏ်းချုပ်ကြီးရှိန်ရက်နဲ့ ဆက်ပြိုင်နေရင်လည်း အချိန်ကုန်ရုံပဲရှိမှာပါ”

ခွန်းလွှန်ဂိုဏ်းချုပ်ကြီးက စကားကိုခေတ္တရပ်တန့်ပြီး ပတ်ဝန်းကျင်ကိုအကဲခတ်လိုက်၏။ ပတ်ဝန်းကျင်တစ်ခုလုံးက သူ့စကားကိုစိတ်ဝင်စားစွာနားထောင်နေမှန်း သိမှဆက်ပြောသည်။

“ပထမပိုင်းတုန်းကတော့ ကောလဟာလစကားတစ်ချို့ကြောင့် ဂိုဏ်းချုပ်ကြီးရှိန်ရက်အပေါ် အထင်လွဲမိခဲ့တယ်၊ နောက်ပိုင်းမှာတော့ ရှိန်ရက်ဟာ အရွယ်ငယ်သလောက် တည်ကြည်မှုရှိတာ၊ မကောင်းမှုတွေကိုဖြိုဖျက်နိုင်တာ၊ တစ်ခြားဂိုဏ်းချုပ်ကြီးတွေအပေါ် လေးစားရိုသေတာတွေလာတော့ သူ့ရဲ့ကောင်းလေးရှိန်ရက်အနေနဲ့ လူဗိုလ်ဂိုဏ်းချုပ်ကြီးအဖြစ်သာမက ပစ္စုပ္ပန်သိုင်းလောကကို ဦးဆောင်သူအဖြစ်ပါ တာဝန်ယူစေချင်ပါတယ်”

ပရိသတ်များသည် အုံးသြဖွယ်ကောင်းလောက်အောင် တဝေါဝေါ ဩဘာပေးကြလေ၏။

* * * * *

အခြေအနေအရ ဤအတိုင်းသာဖြစ်ရပေမည်။

ရှိန်ရက်နှင့် အခြားဂိုဏ်းချုပ်များတင်းမာသွားရခြင်းမှာ ကြားဝင်

နေ့ခင်းပေးမည့်သူမရှိ၍သာဖြစ်သည်။ စင်စစ်အားဖြင့် ရှိန်ရက်၏သိုင်းပညာသည်သာအကောင်းဆုံးဖြစ်ကြောင်း ဂိုဏ်းချုပ်ကြီးတိုင်းသိရှိပြီးဖြစ်ကြသည်။

သူတို့၏သိုင်းပညာမှာ ရှိန်ရက်လောက်မထက်မြက်ခဲ့သဖြင့် မီးအိမ်နီဂိုဏ်းချုပ်နှင့် မဟာမိတ်ဖွဲ့တစ်ဖွဲ့၊ မီးအိမ်နီဂိုဏ်းသားများ၏ စော်ကားမှုကို လျစ်လျူရှုတန်ပြန်လုပ်ခဲ့ရသည်မဟုတ်ပါလား။

ရှိန်ရက်သည် မီးအိမ်နီဂိုဏ်းချုပ်ကိုလည်း ရှင်းလင်းပစ်ခဲ့ပြီး သူတို့အားလည်း လေးလေးစားစားဆက်ဆံနေပြီး သူတို့အဖို့ ရှိန်ရက်ကိုအဘယ်ကြောင့် ရွတ်ချသင့်တော့မည်နည်း။ ရှိန်ရက်နှင့်အဘယ်ကြောင့် ရန်ဖြစ်ရတော့မည်နည်း။

ဂိုဏ်းချုပ်ကြီးခြောက်ဂိုဏ်းမှ ဂိုဏ်းချုပ်ကြီးခြောက်ဦးသည် တစ်ပြိုင်နက်မတ်တပ်ရပ်လျှက် ရှိန်ရက်အား လက်သီးနှစ်ဘက်ဆုပ်ကာ ဂါရဝပြုကြသည်။

ရှိန်ရက်သည် မျက်ရည်ဝေ့သောမျက်လုံးများဖြင့် ဂိုဏ်းချုပ်ကြီးခြောက်ဦးအားကြည့်ကာ ပြန်လည်ဂါရဝပြုသည်။

ထို့နောက်ရှိန်ရက်သည် နှစ်ဆယ့်လေးဆက်မြောက် လူဗိုလ်ဂိုဏ်းချုပ်ကြီးဗိုင်လီကျွိအား စိတ်ထဲမှရော်ရမ်းမျှော်မှန်းကာ လက်အုပ်ချီကန်တော့သည်။

'ကျေးဇူးရှင်ဆရာကြီး၊ ဆရာကြီးရဲ့မျှော်မှန်းချက်တွေအားလုံးအကောင်အထည်ဖော်ခဲ့ပါပြီ၊ လူဗိုလ်ဂိုဏ်းဟာ တရုတ်ပြည်သိုင်းလောကမှာ ထိုက်ထိုက်တန်တန်နေရာရခဲ့ပါပြီ၊ လူဗိုလ်ဂိုဏ်းကိုအထင်သေးစော်ကားမည့်သူလည်းမရှိတော့ပါဘူး၊ ရှိန်ရက်တာဝန်ကျေပါပြီဆရာကြီး'

ရှိန်ရက်အနေဖြင့် တိုးတိုးရွတ်ဆိုနေခြင်းဖြစ်သော်လည်း သူ့စကားသံကို ပရိသတ်အားလုံးနီးပါးကြားခဲ့ကြသည်။ ဆရာသမား၏စကားကိုလေးစားလိုက်နာသည့် ရှိန်ရက်ကိုလွန်စွာ ချီးကျူးမိကြသည်။



ရှိန်ရက်သည် ပရိသတ်ကြီးအား ဂါရဝပြုလေးစားစွာတုံ့ပြန်စကားပြော၏။

'ရှိန်ရက်ရဲ့ လူဗိုလ်ဂိုဏ်းကိုအားလုံးကအသိအမှတ်ပြုကြတဲ့အတွက် အားလုံးကိုကျေးဇူးတင်ပါတယ်၊ ကျွန်တော်တစ်ခုကောင်းပန်လိုတာက တစ်ယောက်နှင့်တစ်ယောက် တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း အထင်အမြင်မှားမှုရှိရင် တိုက်တိုက်ဆိုင်ဆိုင်ဖြေရှင်းဖို့ပါပဲ၊ မီးအိမ်နီဂိုဏ်းချုပ်လိုအောက်လမ်းဂိုဏ်းချုပ်တွေသာ ကြီးစိုးမှုမရှိရင် သိုင်းလောကကြီးဟာ မုချအေးချမ်းသာယာမှုသေချာပါတယ်'

လူအားလုံးက ထပ်မံသြဘာပေးကြပြန်၏။

ထိုစဉ်ခန်းမကြီး၏ တံခါးဝထိပ်၌ ကျယ်လောင်သောအော်သံပေါ်လာပြီး မီးခိုးရောင်ဝတ်ရုံရှည်ကြီးများဝတ်ဆင်ထားသည့် ငေါ်မေးဂိုဏ်းသားနှစ်ဦး သုတ်သုတ်ပျာပျာဝင်လာသည်။

ရှိန်ရက်သည် ငေါ်မေးဂိုဏ်းကိုကြောက်လှသည်မဟုတ်သော်လည်း စိတ်ထဲ၌ ထင့်ခနဲဖြစ်သွားသည်။ တစ်ဦးကား ရှိန်ရက်နှင့် ငြိမ်းချမ်းစွာစကားဆိုခဲ့သည့် လင်ကျင့်ပေတည်း။

ရှိန်ရက်သည် စိတ်တထင့်ထင့်ဖြင့် လင်ကျင့်ပေ့အား ခရီးဦးကြိုမှုပြုလိုက်ရသည်။ လက်ကျင့်ကလည်းပြန်လည်ဂါရဝပြု၏။

'ကျုပ်တို့ငေါ်မေးဂိုဏ်းချုပ်ကြီး ကွယ်လွန်သွားပြီးတဲ့နောက် ဂိုဏ်းချုပ်သစ်ရွေးချယ်တင်မြှောက်နေရလို့ ပြိုင်ပွဲကိုအလာနောက်ကျသွားပါတယ်၊ ဂိုဏ်းချုပ်ကြီးရှိန်ရက် ခွင့်လွှတ်နိုင်ပါစေ'

'ဟာ..ကိစ္စမရှိပါဘူး၊ ငေါ်မေးဂိုဏ်းအနေနှင့် ဘာအလိုရှိသလဲဆိုတာ အမိန့်ရှိပါ'

ကြိုဆို့က ရုတ်တရက်ဝင်၍ပြောလာ၏။

'ကျုပ်တို့ရဲ့ပြိုင်ပွဲကြီးဟာ ပြီးစီးသလောက်ဖြစ်သွားပါပြီ၊ ကျုပ်တို့

ရှုပြိုင်ပွဲကြီးဟာ ငေါ်မေးဂိုဏ်းကလွဲရင် အားလုံးကရှိန်ရက်နဲ့ လူဗိုလ်ဂိုဏ်း ၃ အသိအမှတ်ပြုကြပါတယ်၊ အခုငေါ်မေးဂိုဏ်းရဲ့သဘောထားက..."

ကြိုဆို့၏စကားမဆုံးမီ လင်ကျင့်ကလက်ခုပ်သုံးချက်တီးလိုက်၏။

"ဖြောင်း....ဖြောင်....ဖြောင်း"

ထိုအခါ တစ်ပြိုင်နက်တီးမှုတ်လိုက်သည့် နှဲသံများသည် ခန်းမဆောင်ကြီး၏ ပြင်ပမှပေါ်လာ၏။ အဖြူရောင်ဝတ်စုံများဝတ်ဆင်ထားသည့် ငေါ်မေးဂိုဏ်းသားနှစ်ဆယ်ခန့်သည် နှဲမှုတ်သူမှုတ်၊ အဖြူရောင်ပိတ်စရှည်ကြီးလွှမ်းခြုံထားသည့်အရာဝတ္ထုတစ်ခုကို မယူသူမယူဖြင့် စီတန်းချီတက်လာကြသည်။

ရှိန်ရက်နှင့် ကြိုဆို့သည် မသိမသာငေးကြည့်နေမိကြသည်။

"ဖြောင်း..ဖြောင်း..ဖြောင်း"

ထိုလူများခန်းမဆောင်တံခါးသို့ရောက်သည့်အခါ လင်ကျင့်က ထပ်မံ၍လက်ခုတ်တီးလိုက်ပြန်၏။

ထိုအခါ အဝတ်ဖြူလွှမ်းထားသည့်အရာဝတ္ထုကို သယ်ဆောင်လာသူများက လွှမ်းထားသည့် အဝတ်ဖြူကြီးကို ဆွဲယူဖယ်ရှားလိုက်ကြသည်။ လူလက်နှစ်လံကျော်မျှရှည်လျားသော သစ်သားအနီပြား၌ ရွှေရောင်စာလုံးကြီးများဖြင့်ရေးသားထားသော စာတန်းကြီးပေါ်လာသည်။

"သိုင်းလောက၏မကိုဋ်ဦးသျှောင် လူဗိုလ်ဂိုဏ်းချုပ်ကြီးရှိန်ရက်"

ခန်းမထဲရှိလူများသည် စာတမ်းကမ္ပည်းပြားကြီးကိုမြင်တွေ့လိုက်ရသောအခါ အားလုံးလက်ခုပ်တီးသြဘာပေးကြလေသတည်း။

ငေါ်မေးဂိုဏ်းသားများသည် ထိုကမ္ပည်းစာတမ်းသစ်သားပြားကို ခန်းမဆောင်အဝင်တံခါးပေါ်၌ တက်ရောက်တပ်ဆင်ပေးလိုက်ကြသည်။



ငေါ်မေးဂိုဏ်း၏ ရှိန်ရက်အပေါ်ထားသည့်သဘောထားကား ရှင်းလင်းသွားချေပြီတည်း။

* * * * *

<u>မမျှော်လင့်သောပေါက်ကွဲမှု</u>

ရှိန်ရက်၏ မျက်နှာသည်ကြည်လင်ဝင်းပလျက်ရှိ၏။ သူ့ဆန္ဒများအားလုံး ပြည့်စုံခဲ့ပြီ။ မြက်စား၍ဖခင်အလာကိုစောင့်စားခဲ့ရသည့်အချိန်များ၊ သိုင်းလောကပညာသင်ယူရန်အတွက် သူတောင်းစားပမာလှည့်လည်သွားလာခဲ့ရသည့်အချိန်များ၊ လူဗိုလ်ဂိုဏ်းချုပ်ကြီး ဗိုင်လီကျွီပေးအပ်ခဲ့သည့် လျှို့ဝှက်အညွှန်းများကို ပင်ပန်းကြီးစွာရှာဖွေခဲ့ရသည့်အချိန်များနှင့် တြိသူရဲကောင်း၏ လျှို့ဝှက်သိုင်းပညာတွေ့ရှိချိန်များကို မျက်စိထဲ၌မြင်ယောင်လာသည်။

တစ်ဝေါဝေါအော်ဟစ်လိုက်သည့်သြဘာသံများကို ကြားလိုက်ရ၍ ရှိန်ရက်သည် ပစ္စုပ္ပန်လောကကို ပြန်လည်သတိရလာတော့၏။

ဆရာကြီးကြိုဆို့က ကြေညာလိုက်သည်။

"ဧည့်သည်တော်များခင်ဗျား၊ ဧည့်သည်တော်အားလုံးအတွက် အရက်နဲ့စားကောင်းသောက်ဖွယ်များကို အကောင်းဆုံးပြင်ဆင်ထားပါတယ်၊ ပျော်ပျော်ရွှင်ရွှင်နဲ့ စားသောက်ကြဖို့ဖိတ်ခေါ်ပါတယ်ခင်ဗျား"

ပရိသတ်ကြီးများသည် ထပ်မံသြဘာပေးပြီး ခင်းကျင်းထားသည့် စားပွဲများဆီသို့ သွားကြ၏။ အရက်အိုးများက အလျှံပယ်၊ စားဖွယ်ရာများကအလျှံပယ်၊ မကြုံစဖူးကွဲပြားလှသော ဧည့်သည်သိုင်းပရိသတ်ကြီးသည် စိတ်ကြိုက်စားသောက်ကြလေတော့၏။

ရှိန်ရက်သည် လူဗိုလ်ဂိုဏ်းအတွက် ဌာနချုပ်တည်ဆောက်ပေးရန်ကိစ္စကို ဆရာကြီးလုံ့ရှင်းအား တာဝန်ပေးအပ်ခဲ့သည်။ ဤမျှကြီးမားသောအဆောက်အအုံကြီးအတွက် လုပ်သားနှင့်ပစ္စည်းများကို မည်သို့မည်ပုံ ရှာဖွေခဲ့ကြောင်း ရှိန်ရက်မသိခဲ့ပါပေ။

ထို့ပြင် ယခုကဲ့သို့ အရက်ချောင်းစီးသောက်နေကြသူများအတွက် မြောက်မြားစွာသော ရိက္ခာများကို ဆရာကြီးကြံ့ဆို့အနေဖြင့် မည်သို့ ရှာဖွေထားသည်ကိုလည်း ရှိန်ရက်မသိပါပေ။

သူ့အနေဖြင့် မီးအိမ်နီဂိုဏ်းချုပ်ကဲ့သို့ရန်သူကြီး ဆယ်ယောက်ခန့်ကို အနှစ်တစ်ရာတိုင် လိုက်လံသတ်ဖြတ်ရန် ဝန်မလေးသော်လည်း ဤအဆောက်အအုံမျိုးနှင့် ဤမျှများပြားသော ရိက္ခာများစုဆောင်းရန်ကိစ္စကို သူ့အလွန်ဝန်လေးသည်။ ဆောင်ရွက်နိုင်ကောင်းမှ ဆောင်ရွက်နိုင်မည်ဟုထင်သည်။

'အင်း..မိတ်ကောင်းဆွေကောင်းရရှိခြင်းဟာ တကယ်လာဘ်ကြီးတစ်ပါးပါပဲလား၊ ဒီမိတ်ဆွေကောင်းတွေသာမရှိရင် ငါ့ဆန္ဒ၊ ငါ့ရည်မှန်းချက်တွေဟာမှ ပေါက်မြောက်အောင်မြင်နိုင်မှာမဟုတ်ဘူး'

ရှိန်ရက်သည် ဆရာကြီးလုံ့ရှင်း၏ ဂုဏ်ကျေးဇူးနှင့် ဆရာကြီးကြံ့ဆို့၏ ဂုဏ်ကျေးဇူးတို့ကို အောက်မေ့သတိရနေသည်။

သူလူဗိုလ်တောင်ရောက်ရှိလာပြီး မကြာမီပင် ဆရာကြီးကြံ့ဆို့က ဆရာကြီးလုံ့ရှင်းအကြောင်းရှင်းလင်းပြောပြခဲ့၍ ဆရာကြီးလုံ့ရှင်းသည် ရှိန်ရက်အား နှုတ်ဆက်ခဲ့ကြောင်း လုံ့ရှင်းအနေဖြင့် သိုင်းလောက၌ ဆက်လက်ကျင်လည်တော့မည်မဟုတ်ကြောင်း သိုင်းလောကကို စွန့်ခွါ၍ လောင်လင်အဘိုးအိုသုံးဦးကဲ့သို့ နောက်ပိုင်းဘဝများကိုကုန်ဆုံးစေတော့မည်ဖြစ်ကြောင်းများကို လုံ့ရှင်း၏စကားအတိုင်းကြံ့ဆို့က ရှိန်ရက်အား ရှင်းပြခဲ့သည်။

ထိုအချိန်မှာပင် ရှိန်ရက်၏ခေါင်းထဲ၌ သူ့အားဒေါသကြီးစွာရန်တွေ့သွားသည့် ဆွေကျင်မှန်အား ဖြတ်ခနဲသတိရလာသည်။

'သူငါ့ကိုစိတ်မဆိုးအောင် ငါဘယ်လိုမှမတတ်နိုင်တော့ပါဘူး၊ ကျေးဇူးရှိတဲ့လူတွေ ငါ့အပေါ်အထင်မှားတာကတော့ အတော့်ကိုအခံရခက်တယ်'

ထိုသို့ရှိန်ရက်တွေးတောနေစဉ် ညေ့ပရိသတ်အလယ်ခေါင်၌ လက်



ခုပ်တစ်ဖြောင်းဖြောင်းတီးရင်း ထရပ်နေလိုက်သည့် ဆရာကြီးကြံ့ဆို့အား တွေ့လိုက်ရသည်။

'ဆရာကြီး ဘာတွေများပြောမလို့လဲမသိဘူး'

ရှိန်ရက်သည် ဧည့်သည်များကိုဧည့်ခံနေရာမှ ကြံ့ဆို့ကိုလှမ်း၍ အကဲခတ်နေ၏။

ကြံ့ဆို့က -

'ဂိုဏ်းကြီးခုနစ်ဂိုဏ်းက ဂိုဏ်းချုပ်ကြီးများနှင့် သိုင်းပညာသည်အပေါင်းတို့ခင်ဗျား၊ ကျုပ်ဟာ လူဗိုလ်ဂိုဏ်းရဲ့လက်ထောက်ဂိုဏ်းချုပ်ကြီးအဖြစ်ရော၊ အခန်းအနားမှူးအဖြစ်ပါ စီစဉ်ဆောင်ရွက်ခဲ့သူဖြစ်ပါတယ်'

စားသောက်နေသူများအားလုံးရပ်တန့်ကုန်ပြီး ကြံ့ဆို့အားလှမ်းကြည့်ကြသည်။

'လူဗိုလ်ဂိုဏ်းကြီးဟာ သိုင်းလောကထဲမှာ မင်္ဂလာရှိစွာရပ်တည်သွားနိုင်ပြီးတဲ့နောက် ကျုပ်အရက်ချိုးကြံ့ဆို့အနေနှင့် နောက်ထပ်မင်္ဂလာသတင်းတစ်ခုပြောချင်ပါတယ်'

ညေ့ပရိသတ်အားလုံး စိတ်ဝင်စားသွားကြ၏။ ရှောင်လင်ဂိုဏ်းချုပ်ကြီးသည် သက်သတ်လွတ်စားနေရာမှ ရယ်ရင်းမောရင်းထမေးသည်။

'ဘယ်မင်္ဂလာသတင်းများပါလိမ့်ဗျာ၊ ကျုပ်တို့လဲကြားသိချင်ပါတယ်ဗျ၊'

အခန်းထဲရှိ အမျိုးသမီးလေးယောက်တို့သည် တစ်ယောက်ကိုတစ်ယောက်ကြည့်မိကြ၏။

ရှမ်ယာနမ်သည် တောက်ပြောင်သောမျက်လုံးများဖြင့် ဦးခေါင်းကလေးကိုမော့လျှက် နားထောင်နေ၏။ အခြားသောသုံးယောက်၏စိတ်ထဲ၌ တစ်ခုခုတော့ထူးတယ်ဟု စဉ်းစားနေမိကြသည်။

ကြံ့ဆို့က -

"ကျုပ်ပြောချင်တဲ့သတင်းကတော့ ဂိုဏ်းချုပ်ကြီးရှိန်ရက်ရဲ့ မင်္ဂလာသတင်းပဲဖြစ်ပါတယ်ခင်ဗျာ"

ထိုစကားဖြင့် ပရိသတ်များသည် အမျိုးသမီးလေးယောက်ထံသို့ မျက်လုံးများရောက်ရှိလာကြတော့သည်။ အမျိုးသမီးလေးယောက်စလုံးသည် ဦးခေါင်းကလေးများ ငုံ့သွားကြသည်။

ကျိုဝှမ်းကျွင်း၊ ဖန့်ဝမ်လန်နှင့် ဘွယ်ကျယ်ကြွင်းတို့သည် ရင်တထိတ်ထိတ်ခုန်သွားကြ၏။

ကြိုဆိုပြောမည့်စကားကို နားလည်နားထောင်ချင်၊ နားလည်းနားမထောင်ရဲသလိုလည်းဖြစ်နေပေသည်။

ရှိန်ရက်သည် မလိုလားအပ်သောပြဿနာများဖြစ်ပေါ်လာမည်ကိုစိုးရိမ်မိသည်။ ထိုကိစ္စများကို နောက်မှသာစီစဉ်လိုသည်။

ထို့ကြောင့်

"ဆရာကြီးခင်ဗျား၊ ဒီကိစ္စဟာဒီလောက် လောလောဆယ်ဆောင်ရွက်ဖို့မလိုသေးပါဘူး၊ နောက်များမှ..."

ရှိန်ရက်၏စိတ်ခေါ်က နိုင်မာဖြတ်သားလှသည်။

မိန်းကလေးတစ်ဦးဦးနှင့် ထိမ်းမြားရမည်ဆိုပါက သူနှင့်လွန်လွန်ကျူးကျူးဖြစ်ခဲ့ဖူးသော သူ့ရဲ့ကောင်းမလေး ကျိုဝှမ်းကျွင်းကိုသာ လက်ထပ်ထိမ်းမြားပေမည်။

သူ့တကယ်တမ်းချစ်နိုင်သည့် မိန်းကလေးနှစ်ဦးသာရှိခဲ့သည်။ ဆွေကျင်မွှန်နှင့် ရှမ်ယာနမ်တို့သာဖြစ်သည်။ ကျိုဝှမ်းကျွင်းအား သိုင်းသူ့ရဲ့ကောင်းတစ်ဦးအနေဖြင့် လေးစားသည်။ ဘွန်ကျယ်ကြွင်းနှင့် ဖန့်ဝမ်လန်တို့အား ညီမလေးသဖွယ်သဘောထားသည်။

ယခုသူချစ်နိုင်သည့် ဆွေကျင်မွှန်လည်းမရှိတော့ပေ။ အကယ်၍ ကျိုဝှမ်းကျွင်းနဲ့ လွန်လွန်ကျူးကျူးမဖြစ်ခဲ့ဟုဆိုပါမူ သူ့အနေနှင့်ရှမ်ယာနမ်ကိုသာ ရွေးချယ်မည်ဖြစ်သည်။ ယခုတော့ ရှမ်ယာနမ်ကိုသူ



မရွေးနိုင်တော့ပေ။ ဆရာကြီးဝှမ်းဝူအား ကတိပေးထားခဲ့သည်မှာမှန်သော်လည်း ရှမ်ယာနမ်သည် မညစ်နွမ်းသေးပေ။ ဖြူစင်သောဘဝ၌သာရှိနေပေသေးသည်။

ကျိုဝှမ်းကျွင်းမှာမူ သူ့ကိုကယ်တင်လိုသောစိတ်ဖြင့် "ကိုယ့်အပျိုစင်ဘဝကို အပျက်ခံခဲ့သည်။ ထို့ကြောင့် ရှိန်ရက်သည် သူ့ဆန္ဒနှင့်ကွဲလွဲပြီး ကြိုဆို့က အခြားသူတစ်ယောက်နှင့်ကြေညာမည်ကိုလွန်စွာစိုးရိမ်သည်။

* * * * *

ယခင်ကအဖြစ်အပျက်များကို ပြည့်စုံစွာမသိခဲ့ပေ။

ရှိန်ရက်တားမြစ်ခြင်းမှာ ရက်၍သာဖြစ်မည်ဟုတွေးသည်။

ကြိုဆို့က တဟားဟားရယ်ရင်း

"ညီလေး..လူ့ဘဝရောက်လာရင် ဘယ်သူမဆိုမိန်းမယူရမယ်၊ အိမ်ထောင်ပြုရမယ်၊ မင်းကဆယ့်ခြောက်နှစ်၊ ဆယ့်ခုနစ်သားလုလင်ပျိုပေါက်စလေးမှမဟုတ်တာ၊ ဘာရှက်စရာလိုသလဲ"

ရှိန်ရက်မှာ အဖြစ်အပျက်မှန်ကို လူပုံအလယ်၌ဖွင့်ပြောရန်ခက်နေသဖြင့် မျက်နှာပျက်ပျက်ဖြင့်ကြည့်နေရသည်။ မတားလျှင်လည်း အခက်ဖြစ်တော့မည်ကို တွေးမိသဖြင့် အရက်တစ်အိုးကိုသွားယူကာ ကြိုဆို့လက်ထဲသို့ထည့်ပေး၏။

"ဆရာကြီး၊ အေးအေးဆေးဆေးအရက်သောက်စမ်းပါ၊ အားလုံးပျော်ပျော်ပါးပါးဖြစ်နေတဲ့အခါမှာ တစ်ခြားကိစ္စတွေဘေးဖယ်ထားစမ်းပါ"

"ငါသောက်ထားတယ်ညီလေး၊ မင်းကဘာဖြစ်လို့ မျက်နှာပျက်နေရတာလဲကွ၊ ဒါဟာရှက်စရာမဟုတ်ပါဘူး"

ရှိန်ရက်ကအသံနှိမ့်၍ပြီး

"ဆရာကြီး၊ ဒါတွေဟိုနောက်မှအပြည့်အစုံပြောပြပါ့မယ်၊ အခုတော့ဒါတွေပြောဖို့စောပါသေးတယ်"

ကြိုးဆို့သည် ယခင်ကသွက်လက်သလောက် ယခုအထစ်ထစ် ဖြစ်နေသော ရှိန်ရက်ကိုကြည့်ကာ တဟားဟားရယ်နေတော့၏။

ထိုစဉ်ခွန်းလွန်ဂိုဏ်းချုပ်ကြီးကထရပ်ပြီး လှမ်းပြောသည်။

“ဘယ်လိုလဲ နောင်ကြီးကြိုးဆို့ခင်ဗျား၊ စကားကဒီလိုပဲတစ်ဝိုင်း တစ်စကြီးနဲ့ ရပ်ထားတော့မှာလား”

ကြိုးဆို့ကရှိန်ရက်အား အသာအယာတွန်းလွှတ်လိုက်၏။

“ညီလေးသွားစမ်းပါကွာ၊ ငါ့ကိစ္စငါသိပါတယ်”

ရှိန်ရက်က

“ဆရာကြီး၊ ကျွန်တော်...ကျွန်တော်”

“သွားစမ်းပါ၊ ငါပြောပြပါ့မယ်”

ကြိုးဆို့သည် ဖရိုသတ်များအား လက်ကိုဝှေ့ယမ်းအချက်ပြလိုက်၏။ ကျွတ်စီကျွတ်စီဆူညံနေသည့်စကားသံအားလုံး တိတ်ဆိတ်သွားသည်။

“ကျုပ်ကအခုလတ်တလောမှာတော့ အောင်သွယ်တော်ကြီးဖြစ်နေပြီပေါ့ဗျာ၊ ဂိုဏ်းချုပ်ကြီးရှိန်ရက်နဲ့ လက်ဆက်မယ့်လုံမကတော့ ချွန်းကျုံးနယ်မှာနာမည်ကြီးခဲ့တဲ့၊ မိုးမြေကြယ်တစ်စုံသားအဖထဲက ရှမ်ယာနမ်ဆိုတဲ့လုံမလေးပဲဖြစ်ပါတယ်”

ထိုစကားကိုကြားလိုက်ရသောအခါ ခန်းမကြီးတစ်ခုလုံးတဝေါဝေါဖြင့်သြဘာပေးလေတော့၏။

ကျိုဝှမ်းကျွင်းသည် ရှိန်ရက်၏ကတိစကားကို လွန်စွာယုံကြည်၏။ ထို့ပြင်သူမကိုယ်တိုင်လည်း ရှိန်ရက်ကိုအလွန်ချစ်၏။ ရှိန်ရက်၏ကတိစကားနှင့် ဆန့်ကျင်သည့်စကားကိုကြားလိုက်ရသည့်အခါ ရှိန်ရက်အား နည်းကျည်းသောမျက်လုံးများဖြင့် လှမ်းကြည့်၏။

ထိုအချိန်၌ရှိန်ရက်လည်း ကျိုဝှမ်းကျွင်းကိုလှမ်းကြည့်နေလေရကား ကတိမျက်သဖြင့် ရက်သောမျက်လုံးများနှင့် နာကျည်းသောမျက်လုံးအစုံတို့သည် ထိပ်တိုက်တွေ့သွားသည်။ ရှိန်ရက်မှာ လွန်စွာ



သတ္တိကောင်းသူဖြစ်သော်လည်း ကျိုဝှမ်းကျွင်း၏မျက်လုံးများကို ရင်မဆိုင်ရဲရှာပေ။ သူမ၏မျက်လုံးများသည် ဆွေကျင်မွှန်က သူ့အားဒေါသထွက်စဉ်ကမျက်လုံးများနှင့် ထပ်တူထပ်မျှဖြစ်နေကြောင်း ရှိန်ရက် သတိပြုမိလိုက်သည်။

ထိုဒဂ်မှာပင် ကျိုဝှမ်းကျွင်းက ဖြတ်ခနဲထရပ်လိုက်၏။ တဝေါဝေါဆူညံနေသည့် ဧည့်ပရိသတ်ကြီးသည် ငြိမ်ကျသွား၏။ ကျိုဝှမ်းကျွင်းဘာများပြောမည်နည်းဟု သိလိုစောဖြင့်စောင့်စားနားထောင်ကြ၏။ ကျိုဝှမ်းကျွင်းက-

“အောင်သွယ်တော်ဆရာကြီးကြိုးဆို့ရဲ့ မင်္ဂလာစကားစာအလာ ကောင်းသော်လည်း အခါနှောင်းနေပါပြီ၊ ဂိုဏ်းချုပ်ကြီးရှိန်ရက်နဲ့ ကျွန်မဟာ အိုအောင်မင်းအောင်ပေါင်းကြမယ်လို့ ကတိရှိကြပြီးဖြစ်ပါတယ်”

လူပေါင်းများစွာရှိနေသည့် ခန်းမကြီးသည် အံ့သြဖွယ်ကောင်းလောက်အောင် တိတ်ဆိတ်သွားပြီးမှ တစ်ယောက်တစ်ပေါက်ဝေဖန်သံများဖြင့်ဆူညံလာလေတော့သည်။ ရှိန်ရက်၏ အိမ်ထောင်ရေးကိစ္စ၌ ဤမျှရှုတ်ထွေးမှုရှိလိမ့်မည်ဟု ဧည့်ပရိသတ်များ ထင်မထားကြပေ။

ကျိုဝှမ်းကျွင်းသည် သူပြောချင်သည်ကိုပြောလိုက်ရသဖြင့် ကျေနပ်သွားပြီး ထိုင်ချလိုက်သည်။

ရှမ်ယာနမ်၏မျက်နှာသည် ထိုတဒင်္ဂ၌ ဖွေးခနဲဖြူသွားသည်။ ဖြူရာမှ စိမ်းပြာပြာဖြစ်လာသည်။ ရှက်ခြင်း၊ နာကျည်းခြင်း၊ ဒေါသဖြစ်ခြင်းတို့ ခံစားလာရပြီး ကျိုဝှမ်းကျွင်းအား မီးတောက်မတတ်မျက်လုံးများဖြင့် စိုက်ကြည့်လေ၏။ ထို့နောက် သူမ၏ ထိုင်ခုံကို တွန်းဖယ်လိုက်ကာ ခန်းမကြီးထဲမှ ထွက်သွားတော့သည်။

ဖန့်ဝမ်လန်နှင့် ဘွန်ကျယ်ကြွင်း ... သည်လည်း သက်ပြင်းချပြီး မိန်းမဆောင်များဆီသို့ ထွက်ခွါသွားကြတော့သည်။

ကျိုဝှမ်ကျွင်းသည်လည်း ခြေလှမ်းမှန်မှန်ဖြင့် ထွက်ခွါသွားသည်။ သူမ၏စကားကို ရှိန်ရက်ကမငြင်းပယ်သဖြင့် သူမသည်ရှိန်ရက်၏ ကြင်

ယာတော်လောင်းဘဝ၌တည်မြဲနေမည်ဖြစ်ကြောင်း ကောင်းစွာသိသည်။ ထို့ကြောင့်ဤနွေရရထွက်ခွါသွားခြင်းဖြစ်ပေတော့သည်။

ရှိန်ရက်သည် မျက်စိများပြာဝေလာပြီး အသက်ရှူမဝသလိုဖြစ်လာသဖြင့် အနီးရှိလွတ်နေသောထိုင်ခုံတစ်ခုံ၌ ထိုင်ချလိုက်ရ၏။

ကြိုဆို့မှာလည်း သူသောက်ထားသမျှ အရက်များ၏မူးယစ်ခြင်းအားလုံးတခဏ်အတွင်း ပျောက်ပျယ်သွားတော့သည်။

**အတန်ကြာမှ** ရှိန်ရက်သည် ဝုန်းခနဲထရပ်လိုက်၏။ ကြိုဆို့က ရှိန်ရက်**၏**ပခုံးကို ဆွဲမိထားလိုက်ပြီး တီးတိုးပြောလိုက်သည်။

"**ညီလေး၊ ဒီနေ့မင်းရဲ့လူ့ဗိုလ်ဂိုဏ်းသိုင်းလောကထဲပြန်ဝင်လာတဲ့နေ့ဆိုတာမမေ့နဲ့၊ မင်းဟာအိမ်ရှင်ဖြစ်တယ်**"

ရှိန်ရက်ပြန်ထိုင်ချလိုက်သည်။

သူသည် စိတ်ပျက်လက်ပျက်ထိုင်ချပြီး ငေးနေမိ၏။ မည်သည့်စကားမျှမပြောမိတော့ပေ။

ကြိုဆို့က -

"ညီလေး--ငါလည်းမှားသွားတယ်၊ မင်းလဲမှားသွားတယ်၊ ဒါပေမယ့်လူ့လောကကြီးထဲမှာ အရေးအကြီးဆုံးကိစ္စတွေမဟုတ်ပါဘူး၊ ဒီကိစ္စကိုနောက်မှစီစဉ်ကြတာပေါ့"

ကြိုဆို့သည် အနေအထိုင်ခက်သွားသည့် ဧည့်သည်များ အနေချောင်ချိစေရန် တစ်ဟားဟားအော်ဟစ်ရယ်မောပြီးနောက် အရက်ကိုတစ်ခွက်ပြီးတစ်ခွက်သောက်ပြလေတော့သည်။ အရက်များအလျှံမပြတ်စေရန်လည်း စီမံကွပ်ကဲပေးလေသည်။

ထို့ကြောင့် ဧည့်ခံပွဲကြီးသည် စည်စည်ကားကားဖြင့် ပြန်လည်အသက်ဝင်လာပြန်တော့၏။

ရှိန်ရက်သည် ဤနွေမပျက်အောင်ထိန်း၍ ဧည့်သည်တော်ဂိုဏ်းချုပ်ကြီးများအား လိုက်လံနှုတ်ဆက်ရသည်။ နောက်ဆုံး၌ဧည့်သည်တော်များ တစ်ပြည်းပြည်းပြန်ကုန်သည်။

**အချို့**ဧည့်သည်များမှာ **အနည်းဆုံး**သုံးရက်မှ အများဆုံးတစ်ပါတ်



တ်အောင် လူ့ဗိုလ်တောင်၌ နေထိုင်ခဲ့ကြရသဖြင့် ပျင်းရိငြီးငွေ့နေကြပေပြီ၊ ယခုကဲ့သို့ သိုင်းပြိုင်ပွဲကြီးပြီးစီးသွားသည့်အခါတွင် မည်သို့**မျှ**တားမရတော့ဘဲ ရှိန်ရက်အား နှုတ်ဆက်ထွက်ခွါသွားကြတော့သည်။

ဂိုဏ်းချုပ်ကြီးခုနစ်ဂိုဏ်းမှ ဂိုဏ်းချုပ်ကြီးများသည် လူယဉ်ကျေး**များ**ဖြစ်၍ ရှိန်ရက်၏အိမ်ထောင်ရေးကိစ္စကို တစ်ခွန်းတစ်ပါဒမျှမဟဘဲ သိုင်းလောကရေ့ရေးကိစ္စများဆွေးနွေးပါက သူ့ဂိုဏ်း၏ဌာနချုပ်**များ**ဆီသို့ ရှိန်ရက်လာရောက်ပါရန် ဖိတ်ကြားပြီးပြန်လည်ထွက်ခွါသွားကြလေ၏။

ရှိန်ရက်နှင့် ကြိုဆို့သည် အပြီးသတ်ထွက်ခွါသွားသည်လူစုကိုငေးမောကြည့်ရင်း ဟင်းခနဲသက်ပြင်းချလိုက်မိတော့သတည်း။

* * * * *

## အချစ်လှပွဲ

ရှိန်ရက်သည်လည်းကောင်း၊ ကြိုဆို့သည်လည်း**ကောင်း**၊ နောက်**ထပ်မည်**သည့်အရေးအခင်းကိုမျှ မစဉ်းစားတော့ဘဲ **မိမိတို့၏**အိပ်ခန်း**အသီးသီး**သို့ဝင်ကာ ခြေပစ်လက်ပစ် အိပ်ချလိုက်တော့သည်။

**လ**ပေါင်းများစွာ စိတ်ပင်ပန်းကိုယ်ပင်ပန်းဖြစ်ခဲ့ကြသည့် ရှိန်ရက်နှင့် **ကြိုဆို့**သည် နှစ်ခြိုက်စွာအိပ်ပျော်ကျသွားကြသည်။

ဤသို့အိပ်မောကျနေစဉ်အတွင်း လူ့ဗိုလ်တောင်၌ ကြီးမားသော**အ**ရေးအခင်းကြီးတစ်ခုဖြစ်ပေါ်နေသည်ကို ရှိန်ရက်တို့မသိလိုက်ကြတော့ပေ။

လပြည့်ကျော်တစ်ရက်ဖြစ်သဖြင့် လမင်းကြီးသည် ထိန်ထိန်သာဆဲရှိနေသေးသည်။

ထို့ကြောင့် လူ့ဗိုလ်တောင်ပတ်ဝန်းကျင်ကို ထင်ရှားစွာတွေ့မြင်နေရသည်။

မိန်းမဆောင်မှအခန်းတစ်ခန်း၌ ပြတင်းပေါက်ပွင့်သွားသည်။ ထို ပြတင်းပေါက်မှ အမျိုးသမီးတစ်ယောက်ထွက်လာ၏။ ကျောသို့ဝါးတန်း ချောင်းကိုသိုင်းလွယ်ထားသည်။

သူမသည် အခြားပြတင်းပေါက်တစ်ခုရှေ့၌ရပ်ပြီး ပြတင်းတံခါး ကိုတဒေါက်ဒေါက်ခေါက်လိုက်၏။

"ဘယ်သူလဲ‥"

အခန်းထဲမှ မေးခွန်းထုတ်သံထွက်ပေါ်လာ၏။ အသံကအသံမှန် ပင်ဖြစ်သည်။ တံခါးခေါက်သူက -

"ငါဘယ်သူဆိုတာခုပဲသိရမယ်၊ ကျိုဝှမ်းကျွင်းနင်ဓါးရှည်ကိုယူ ပြီးထွက်လာခဲ့"

အသံကအေးစိမ့်လှ၏။ ရန်လိုသည့်လေသံအပြည့်အဝပါရှိသည်။

"အခန်းထဲမှတစ်ရှပ်ရှပ်လှုပ်ရှားသံများကြားနေရသည်။ အပြင်မှ မိန်းကလေးသည် စိတ်ရှည်လက်ရှည်စောင့်နေသည်။

"ကျို‥"

မကြာမီ ပြတင်းတံခါးပွင့်သွား၏။ လှပတောင့်တင်းသည့်ခန္ဓာ ကိုယ်ရှိသော ကျိုဝှမ်းကျွင်းသည် ဓါးကိုကိုင်၍ခုန်ထွက်လာ၏။ သူမ၏ ဆံပင်များသည် နောက်တွင်ဝဲကျနေသည်။

သူမသည် တံခါးခေါက်သူအား ကြည့်လိုက်၏။

"ဪ‥ငါကဘယ်သူများလဲလို့၊ လုံမရှမ်ယာနမ်ပါကလား"

"ငါရှမ်ယာနမ်ပဲ"

သူမသည် ကျိုဝှမ်းကျွင်းအား ရန်လိုသောမျက်လုံးများဖြင့်ကြည့် လိုက်၏။

"ကျိုဝှမ်းကျွင်း ဒီနေရာမှာစကားပြောလို့သိပ်မကောင်းဘူး၊ တောင် ခြေကိုသွားကြမယ်၊ ဟိုမှာဖြေရှင်းမယ်"

ကျိုဝှမ်းကျွင်းသည် အခြေအနေကိုသဘောပေါက်သွားလေ၏။ သူမ၏မကျေနပ် [illegible] များကို ဓါးဖြင့်ဖြေရှင်းလိုခြင်းသာဖြစ်ကြောင်း



ရိပ်မိလိုက်သည်။

"လုံမလေးရှမ်၊ လူခြေတိတ်နေပြီ၊ ညဉ့်နက်နေပြီ၊ ပြောစရာရှိ တာ မနက်ကျမှပြောကြတာပေါ့"

ရှမ်ယာနမ်ကို ကျိုဝှမ်းကျွင်းစိတ်ထဲမှ မြေခွေးစုတ်မဟုကျိန်ဆဲ လိုက်သည်။

"ကျိုဝှမ်းကျွင်း နင်ငါ့ဓါးကိုကြောက်ရင်တော့ ငါ့နောက်မလိုက်ခဲ့ နဲ့ပေါ့၊ မကြောက်ဘူးဆိုရင်တော့ လိုက်ခဲ့၊ နင့်သတ္တိဘယ်လိုရှိတယ် ဆိုတာ ငါတောင်ခြေကစောင့်ကြည့်နေမယ်"

ရှမ်ယာနမ်သည် တောင်ခြေသို့ပြေးဆင်းသွားသည်။

ကျိုဝှမ်းကျွင်းသည် ရှမ်ယာနမ်၏တင်စီးသည့်စကားကိုကြားသော အခါ မခံမရပ်နိုင်ဖြစ်သွား၏။ တောက်တစ်ချက်ခေါက်ကာ ရှမ်ယာ နမ်၏နောက်မှပြေးလိုက်သွားလေတော့၏။

ကျိုဝှမ်းကျွင်းနှင့် ရှမ်ယာနမ်တို့ထွက်ခွါသွား၍မကြာမီပင် အခြား ပြတင်းပေါက်ပွင့်လာ၏။ လှပအေးချမ်းသောမျက်နှာကလေးနှစ်ခုသည် ပြတင်းပေါက်အပြင်ဖိုင်းသို့ တစ်ဝက်မျှထွက်လာပြီး ပတ်ဝန်းကျင်ကို အကဲခတ်သည်။ ဖန့်ဝမ်လန်နှင့် ဘွန်ကျယ်ကြွင်းတို့ပင်ဖြစ်သည်။

သူတို့သည် တစ်ယောက်ကိုတစ်ယောက် အံ့သြစွာကြည့်ပြီး

"ညီမလေး ဘွန်ကျယ်ကြွင်း၊ စောစောကအစ်မရှမ်ရဲ့အသံလိုလို ကြားလိုက်ရတယ်"

ဘွန်ကျယ်ကြွင်းက ခေါင်းညိတ်လိုက်၏။

"ငါတို့လိုက်ကြည့်ရင်ကောင်းမယ်နဲ့တူတယ်၊ တားတန်တားရတာ ပေါ့"

"ကောင်းသားပဲ၊ လိုက်ကြည့်မယ်"

ဖန့်ဝမ်လန်နှင့် ဘွန်ကျယ်ကြွင်းတို့သည် ပြတင်းပေါက်များဆီ မှ ခုန်ထွက်လာကြ၏။ ထို့နောက်ရှမ်ယာနမ်တို့ပြေးဆင်းသွားသည့် တောင်ခြေအတိုင်းပြေးလိုက်သွားကြတော့သည်။

လူ့စိုလ်တောင်ခြေ၌ သစ်ပင်များပိုင်းရံပေါက်ရောက်နေသည့် မြေပြင်ကွက်လပ်တစ်ခုရှိသည်။ ထိုကွက်လပ်၌ ရှမ်ယာနမ်နှင့် ကျို့ဝှမ်းကျွင်းတို့ မျက်နှာချင်းဆိုင်ရပ်နေကြ၏။

ကျို့ဝှမ်းကျွင်းက စတင်၍ပြော၏။

"လုံမလေးရှမ်၊ ငါ့ကိုဘာပြောစရာရှိလို့ ဒီတောင်ခြေကိုခေါ်လာတာလဲ"

ရှမ်ယာနမ်မှာ ခေါင်းကိုတစ်ကိုင်ကိုင်ဖြစ်နေသည်။ သူမလွန်စွာစိတ်လှုပ်ရှားနေကြောင်း သူမ၏အမူအယာကဖော်ပြလျက်ရှိနေသည်။ ရှမ်ယာနမ်က နှုတ်ခေါင်းရှုံ့ရင်းပြောလိုက်၏။

"ညဦးကိုငါမေးမယ်၊ ငါ့အဖေဆုံးခါနီးမှာ အစ်ကိုရှိန်ရက်ဆီက စကားတောင်းတဲ့ကိစ္စကို ညည်းမသိဘူးလား"

ကျို့ဝှမ်းကျွင်းက ခပ်ပေါ့ပေါ့ပင်ဖြေသည်။

"ဘာဖြစ်လို့မသိရမှာလဲ၊ အဲဒီအချိန်တုန်းက ငါကိုယ်တိုင်အဲဒီအနားမှာရှိနေတာပဲ"

ရှမ်ယာနမ်၏မျက်လုံးက ဗိုဏ်အရောင်တောက်လာသည်။

"ဒါဆိုရင် အစ်ကိုရှိန်ရက်ကတိပေးခဲ့တဲ့စကားကို နင်လည်းကြားမှာပေါ့"

ကျို့ဝှမ်းကျွင်းက ယခင်ကသူနှင့်ရှိန်ရက်တို့ မည်သို့ဖြစ်ပျက်ခဲ့သည်ကိုရှင်းပြရန် စဉ်းစားခဲ့သေး၏။ ယခုရှမ်ယာနမ်၏မောက်မာသော အမူအယာနှင့် ရင့်သီးသောစကားများကိုကြားသောအခါ ရှင်းပြရန်စိတ်မကူးတော့ချေ။

"ကြားသားပဲ"

ကျို့ဝှမ်းကျွင်းက ထီမထင်သောအမူအယာဖြင့် ခပ်ပေါ့ပေါ့ပြောလိုက်သည်။

ရှမ်ယာနမ်ဒေါသထွက်လာသည်။

"မြေခွေးမ၊ ဒါကိုသိလျက်နဲ့ နင်ကငါချစ်သူကို ဘာဖြစ်လို့ဒမြတိုက်ယူရတာလဲ"



ကျို့ဝှမ်းကျွင်းကခေါင်းခါ၏။

"ငါကဘယ်သူ့ဆီကမှ ခါးမြမတိုက်ဘူး၊ အချစ်ဆိုတာသူ့ဘာသာပေါ်လာတာပဲ၊ လူတိုင်းလူတိုင်းမှာ သူချစ်ချင်တဲ့လူကို သူချစ်နိုင်တာပဲ၊ အစ်ကိုရှိန်ရက်ကို မင်းမချစ်ရဘူးလို့ ငါကတားမြစ်ပိုင်ခွင့်မရှိသလို၊ ငါ့ကိုလည်းမင်းကတားမြစ်ပိုင်ခွင့်မရှိပါဘူး၊ အစ်ကိုရှိန်ရက်အနေနှင့်လည်း သူချစ်ချင်တဲ့သူကိုချစ်မှာပေါ့"

ရှမ်ယာနမ်မဲ့သွားသည်။

"နင့်စကားက ကြီးကျယ်လိုက်တာ၊ ကိုယ်ပျော်ရွှင်ချမ်းမြေ့မှုကို သူတစ်ပါးရဲ့ဒုက္ခဆင်းရဲပေါ်မှာ တည်ဆောက်သင့်သလား၊ နင်ကအစ်ကိုရှိန်ရက်ကို ဘယ်လိုဖြားယောင်းသွေးဆောင်လိုက်သလဲ မြေခွေးမပြောစမ်း"

ကျို့ဝှမ်းကျွင်းသည် သည်းမခံနိုင်တော့ပေ။

"ညည်းသိချင်ရင် အစ်ကိုရှိန်ရက်ကိုသွားမေးပါလား၊ မေးရင်သူနဲ့ငါဘယ်လိုချစ်ခဲ့ကြတယ်ဆိုတာ အစ်ကိုရှိန်ရက်က အသေအချာရှင်းပြလိမ့်မယ်"

"မြေခွေးမ နင်ကအသာစီးရတယ်ဆိုပြီး သိပ်ဘဝင်မြင့်နေတယ်ပေါ့လေ"

"ခစ်…ခစ်…ခစ်၊ ညည်းကဘယ့်နယ်ငါ့ကိုအပြစ်တင်နေရတာလဲ၊ ငါကဘယ်သူ့ကိုမှလည်း ကြွားနေတာမဟုတ်ပါဘူး၊ ညည်းခေါ်လို့သာငါကလိုက်ခဲ့ရတာပါ၊ နို့မဟုတ်ရင်ငါက နေသောသပလေညာကပဲ၊ ငါ့ဘာသာအေးအေးဆေးဆေးအိပ်နေလို့ရတယ်၊ မနက်ကျမှအစ်ကိုရှိန်ရက်နဲ့ မင်္ဂလာကိစ္စပြောရမှာပဲ"

ရှမ်ယာနမ်မှာ အသားများတဆတ်ဆတ်တုန်လာတော့၏။ သူမလည်း ရှိန်ရက်ကို တကယ်ချစ်ခဲ့ရသည်မဟုတ်ပါလား။

* * * * *

"ကျို့ဝှမ်းကျွင်း နှင့်ကိုယ်နှင်လူ့စိုလ်တောင်မှာ အေးအေးချမ်းချမ်း

နေနိုင်မယ်လို့ထင်နေသလား၊"

"ညည်းကဘာသဘောနဲ့ ဒီစကားပြောတာလဲ"

"နင့်ကိုခေါ်ထုတ်လာကတည်းက ဓါးယူခဲ့လို့ငါမပြောခဲ့ဘူးလား၊ နင်အစ်ကိုရှိန်ရက်နဲ့လက်မထပ်ခင် နင့်အသားတွေကိုတစ်လွှာစီလှီးပစ်ပြီး ဟင်းတာစာကျွေးပစ်မယ်"

"ခစ်..ခစ်..ခစ်၊ ရယ်စရာပျက်လုံးပဲ၊ ညည်းကလည်းနှာမည်တစ်လုံးနဲ့နေတဲ့လူပဲ၊ ငါကလည်း နှာမည်တစ်လုံးနဲ့နေတဲ့လူပဲ၊ ဘယ်သူဘယ်သူမှကြောက်စရာမရှိဘူး၊ ငါလည်းညည်းနဲ့မတိုက်ချင်ပါဘူး၊ အစ်ကိုရှိန်ရက်နဲ့ ငါတို့ဘဝကို သာယာအောင်ဖန်တီးရအုံးမယ်"

"ထွီ..ဘာဖန်တီးမှာလဲ၊ ဘာမှဖန်တီးဖို့မလိုဘူး၊ နင်အခုထွက်သွား"

"ဘာပြောတယ်"

"ငါပြောတဲ့စကားကိုနင်နားမလည်ဘူးလား၊ နင်လူ့ဗိုလ်တောင်မှာနေဖို့မလိုတော့ဘူး၊ အေးအေးဆေးဆေးထွက်သွား"

"ကြဲကြီးစည်ရာ ငါကသိုင်းလောကချည်သည်အားလုံးရှေ့မှာကြေညာပြီးပြီ။ အစ်ကိုရှိန်ရက်နဲ့ ငါအိုအောင်မင်းအောင်ပေါင်းကြမယ်လို့ ငါက ဘယ့်နှယ်ထွက်သွားနိုင်မှာလဲ"

"မင်းထွက်မသွားရင် ထွက်သွားအောင်လုပ်ရမှာပေါ့၊ ဒါမကျေနပ်ဘူးဆိုရင်လည်း နင့်အသားတွေကို လင်းတစာကျွေးပစ်ရုံပဲရှိတယ်"

"ဒီမှာလုံမလေးရှမ်၊ ညည်းအခြောက်လိုက်ငါ့ကိုဒေါသထွက်မနေပါနဲ့၊ ငါတို့ကိစ္စကိုမကျေနပ်ဘူးဆိုရင် အစ်ကိုရှိန်ရက်ဆီသွားမေးပါ၊ ငါဒါပဲပြောချင်တယ်"

ရှမ်ယာနမ်သည် သူမ၏ဓါးကိုရွှမ်းခနဲဆွဲထုတ်လိုက်သည်။

"ဓါးထုတ်လိုက်တော့၊ စကားပြောနေရမယ့်အချိန်မဟုတ်ဘူး၊ ဘယ်သူ့ဓါးက ပိုကောင်းသလဲဆိုတာ အခုကြည့်ကြမယ်"

ကျိုဝှမ်းကျွင်းသည် ရန်ပွဲကို မည်သည့်နည်းနှင့်မျှ ရှောင်လွှဲမရ



နိုင်တော့ပြီကိုသိလိုက်၏။ ထို့ကြောင့်သူမကလည်း အသင့်ပြင်လိုက်ရတော့သည်။

* * * * *

## ဘဝဟူသည်

မိန်းကလေးနှစ်ယောက်၏ တိုက်ပွဲသည် ဆိတ်ငြိမ်သောပတ်ဝန်းကျင်၌ ဆူဆူညံညံဖြစ်ပေါ်လာစေသည်။ ရှမ်ယာနမ်၏ စိတ်ကြိုက်လက်နက်မှာ ခါးပါတ်ဓါးပျော့ဖြစ်သည်။ သို့သော် ယခုအချိန်၌သူမတွင် ခါးပတ်ဓါးပျော့မရှိတော့ပေ။ ထိုဓါးကိုပြုလုပ်ရန် အချိန်များစွာယူရပေမည်။

ယခုသူမလက်ထဲ၌ရှိသောဓါးမှာ ရိုးရိုးဓါးသာဖြစ်သည်။ မည်သို့ပင်ဖြစ်စေ မိုးမြေကကြယ်တစ်စုံဟု ကျော်ကြားခဲ့ခြင်းမှာ အကြောင်းမဲ့မဟုတ်ပေ။ သူမ၌ဓါးပညာပါရမီရှိသည်။

ထို့ပြင်မှန်းတီးမှုက ပါဝင်စွက်ဖက်ပေးလိုက်သောအခါ သူမ၏ဓါးချက်များသည် ကျိုဝှမ်းကျွင်း၏ သေတွင်း သေကွက်များဆီသို့သာ သွားနေတော့၏။

ကျိုဝှမ်းကျွင်းသည် သတ္တိရှိသည်မှန်သော်လည်း ပညာအရာ၌မူ ရှမ်ယာနမ်လောက်ထက်မြက်မှုမရှိပေ။ ရှမ်ယာနမ်သည် ငေါ်မေးဂိုဏ်းထဲသို့ တစ်ယောက်တည်းဝင်ဖြိုရဲသောသတ္တိရှိသည်။ ကျိုဝှမ်းကျွင်းမှာမူ ဤသို့မိုက်မိုက်မဲမဲဝင်ဖြိုမည့်သူမဟုတ်ပေ။

ထို့ကြောင့် နှလုံးသားတိုက်ပွဲ၌ ရှမ်ယာနမ်အပေါ် သူမအနေဖြင့် အနိုင်ယူနိုင်ကောင်းယူနိုင်မည်ဖြစ်သော်လည်း ဓါးတိုက်ပွဲတွင်မူ အနိုင်ရရန်မလွယ်ကူလှပေ။

သို့သော်သူမသည် အသက်သာအသေခံမည်။ အရှုက်တော့အကွဲခံမည်မဟုတ်ပေ။

တိုက်ပွဲသည် စပြီဆိုကတည်းက ရှမ်ယာနမ်သည် အပေါ်စီးမှ ဖိတိုက်နေသည်။

"မြေခွေးမ၊ နင့်အသက်ကိုနင့်ကိုယ်မှာမြချင်သေးတယ်ဆိုရင်တော့၊ ပြေးပေတော့"

ကျိုဝှမ်းကျွင်းက ပမာမခန့်ပြောသည်။

"ညည်းငါ့ကိုသတ်ရဲသတ်ကြည့်ပါလား၊ ငါ့အလောင်းကိုတွေ့တာနဲ့ အစ်ကိုရှိန်ရက်က ညည်းမျက်နှာကိုကြည့်ချင်ပေါ့မယ်ထင်သလား"

ထိုစကားသည် ရှမ်ယာနမ်ကို အထိတ်တလန့်ဖြစ်သွားစေသည်။ မှန်သည်၊ ကျိုဝှမ်းကျွင်းနှင့် ရှိန်ရက်တို့အကြောင်းတစ်ခုခုနှင့် ငြိစွန်းနေမည်ကို ရှမ်ယာနမ်သံသယမရှိချေ။ ငြိစွန်းခြင်းမရှိပါက ရှိန်ရက်သည် သိုင်းပြိုင်ပွဲ၌ရှင်းလင်းပြောကြားမည်မှာ သေချာသည်။

အပြန်အလှန်ထိုးခုတ်နေကြသော်လည်း ကျိုဝှမ်းကျွင်းမှာခံစစ်သာဖြစ်သည်။ ယခုအချိန်၌ ရှိန်ရက်သာရောက်လာပါက သူမဘဝအတွက် အလွန်ကောင်းမည်ကိုရိပ်မိသဖြင့် ကျိုဝှမ်းကျွင်းသည် ရှိန်ရက်ရောက်ရှိလာစေကြောင်း ကျိတ်၍ဆုတောင်းနေမိရှာပေသည်။

ထိုအတောအတွင်း ရှမ်ယာနမ်သည် ကျိုဝှမ်းကျွင်းအားမည်သို့ရှင်းပစ်ရမည်ကို ဦးနှောက်ခြောက်မတတ် စဉ်းစားနေရသည်။

အတန်ကြာမှာ

"ဟင်း..ဟင်း..ဟင်း၊ နင့်ကိုငါမသတ်ဘူး၊ ဒါပေမယ့်နင့်အနေနဲ့ လောလောဆယ်လူ့ဗိုလ်တောင်မှာ မနေနိုင်အောင်တော့ငါလုပ်နိုင်တယ်"

ကျိုဝှမ်းကျွင်းက မရယ်ချင်ရယ်ချင်ဖြင့်ရယ်သည်။

"ညည်းလားငါ့ကိုဒီလိုလုပ်နိုင်မှာ၊ မကြာခင်၊ ငါတို့ဆီကိုဆရာကြီးကြွဆို့နဲ့ အစ်ကိုရှိန်ရက်ရောက်လာတော့မှာ အဲဒီတော့မှ ညည်းရဲ့ရှိုင်းပျမှုတွေကို တိုင်ပြောရမယ်"

ရှမ်ယာနမ်ပို၍ဒေါသထွက်လာသည်။

"ကဲတိုင်ဦး၊ တိုင်ဦး"



ရှမ်ယာနမ်၏ဓါးချက်များသည် ကျိုဝှမ်းကျွင်း၏ ဦးခေါင်းပေါ်၌ တရွှမ်းရွှမ်းလွှပ်ရှားသွား၏။

ကျိုဝှမ်းကျွင်း၏ဦးခေါင်းမှမည်းနက်သောဆံပင်များသည် လေထဲ၌ မည်းခနဲ၊ မည်းခနဲလွင့်ပျံသွားတော့သည်။

"ငါနင့်ကိုမသတ်ဘူး၊ နင်သီလရှင်ဝတ်ချင်ရင်ဝတ်၊ မဝတ်ဘဲနဲ့တော့နင်ဒီပုံစံနဲ့ လူ့ဗိုလ်တောင်မှာ လုံးဝမနေရဲစေရဘူး"

ကျိုဝှမ်းကျွင်းသည် သူမ၏သေကွင်း၊ သေကွက်များဆီသို့ ရှမ်ယာနမ်၏ဓါးချက်များရောက်ရှိမလာစေရန် ကာကွယ်နေစဉ်မှာပင် ဦးခေါင်းထက်မှ မည်းနက်သောဆံပင်များ ရိတ်ဖြတ်ခြင်းခံလိုက်ရသည်။

ရှမ်ယာနမ်၏ဓါးသိုင်းပညာမှာ သူမထက်သာနေသည်မဟုတ်ပါလား။

ကျိုဝှမ်းကျွင်းမှာ အသတ်မခံရသော်လည်း တစ်ကိုယ်လုံး ရှက်စိတ်များဖုံးလွှမ်းသွား၏။

ဓာချွေးများထွက်လာသည်။

မိန်းမသားတို့၏အလှနှင့် ဣန္ဒြေသိက္ခာသည် ဆံပင်ပေါ်၌တည်သည်။ ဆံပင်၏ကောင်းခြင်းသည် တော်ဝင်မိန်းမစာရင်းသို့ဝင်စေနိုင်သည်။

ဆံပင်ကွက်တိကွက်ကျားရိပ်ချခြင်းခံရသောကျိုဝှမ်းကျွင်းသည်ရှက်စိတ်၊ ဒေါသစိတ်တို့ဖြင့် ရှမ်ယာနမ်အားသူသေကိုယ်သေတိုက်ခိုက်တော့သည်။

ရှမ်ယာနမ် အောင်နိုင်သူ၏ရယ်သံဖြင့် တစ်ခစ်ခစ်ရယ်ပြီ-

"အေး..နင့်ကဆံပင်ရိပ်ချတာမကျေနပ်သေးဘူးပေါ့၊ ကောင်းပြီ၊ နင့်မျက်နှာလှလှလေးတစ်ခုကို ငါကအလှတစ်ခုထပ်ခြယ်ပေးလိုက်ဦးမယ်"

ရှမ်ယာနမ်သည် ထိုးခုတ်၊ တိုက်ခိုက်ရင်း ကျိုဝှမ်ကျွင်းမျက်နှာကိုဓါးများဖြင့်ခြစ်၍ ရုပ်ပျက်အောင်ပြုလုပ်လိုက်၏။ အလွန်တရာရက်စက်သောလုပ်ရပ်ဖြစ်သည်။ အချစ်နှင့်ပတ်သက်လာသဖြင့်လုပ်

သင့်မလုပ်သင့်ကို ရှမ်ယာနမ်မစဉ်းစားနိုင်တော့ပေ။

ကျိုဂှမ်းကျွင်းသည် ဆံပင်လည်းအဖြတ်ခံရ၊ မျက်နှာလည်းဓါးဒဏ်ရာများရရှိသွားသောအခါ တစ်ကိုယ်လုံးရှက်စိတ်များဖုံးလွှမ်းသွားတော့သည်။

ထိုစဉ် သစ်ပင်များအကြားမှ စူးစူးရှရှ အော်သံဂလေးများထွက်ပေါ်လာလေတော့သည်။

"အစ်မရှမ်၊ ဘာဖြစ်လို့ဒီလိုရက်ရက်စက်စက်လုပ်ရတာလဲ၊ ကိုယ့်အချင်းချင်းတွေ"

ဤကားဖန့်ဝမ်လန်နှင့် ဘွန်ကျယ်ကြွင်းတို့၏အသံပေတည်း။

ရှမ်ယာနမ်သည် ထိုအော်သံများကြောင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော ကျိုဂှမ်းကျွင်းကိုအိပ်ယာမှလန့်နိုးလာသူပမာ အလန့်တကြားကြည့်နေမိသည်။

ကျိုဂှမ်ကျွင်းသည် သူမ၏အဖြစ်ဆိုးကို ဖန့်ဝမ်လန်နှင့် ဘွန်ကျယ်ကြွင်းတို့အား အမြင်မခံတော့သဖြင့် ဓါးကိုလွှတ်ချပြီး မျက်နှာကိုလက်ဝါးဖြင့်ဖုံးအုပ်ကာ ငိုကြွေးထွက်ပြေးသွားလေတော့၏။

"ငါဘာဖြစ်လို့ဒီလိုလုပ်ရတာလဲ၊ ဘာကြောင့်လဲ၊ အခုလိုသူဖြစ်သွားတော့၊ အစ်ကိုရှိန့်ရက်ကသိပ်သဘောထားပြည့်ဝတယ်၊ ငါအခုလိုလုပ်တဲ့အပြုအမူကိုသူသိပ်ပြီး စက်ဆုပ်မှာပဲ"

ရှမ်ယာနမ်သည် မျက်ရည်များယိုစီးကျလာတော့၏။

ထို့နောက်ဖန့်ဝမ်လန်နှင့် ဘွန်ကျယ်ကြွင်းတို့သူမထံမရောက်လာမီချွန်းကျုံးနယ်ဘက်ဆီသို့ပြေးထွက်သွားလေတော့သည်။

ဖန့်ဝမ်လန်နှင့် ဘွန်ကျယ်ကြွင်းတို့သည် အခြေအနေအားလုံးကိုရိပ်မိသွားကြသည်။ တစ်ယောက်နှင့်တစ်ယောက်မျက်နှာချင်းဆိုင်ရပ်ပြီးသက်ပြင်းချမိကြသည်။

ဖန့်ဝမ်လန်က တီးတိုးပြော၏။

"ညီမလေး၊ အချစ်ဆိုတာ မီးလိုပူလောင်တာပဲ၊ လူတွေကိုဘယ်



လောက်ဒုက္ခပေးတယ်ဆိုတာ၊ ညီမလေးမြင်ပြီမဟုတ်လား၊ ငါတော့ဒီလူ့ဗိုလ်တောင်ပေါ်မှာမနေချင်တော့ဘူး ညီမလေးရယ်"

ဘွန်ကျယ်ကြွင်းသည် သက်ပြင်းရှည်ကြီးချသည်။

"မမဖန့်၊ စိန့်ချွန်က လူထူးဆန်းလေးဦးရဲ့နာမည်ဟာ သိုင်းလောကသမိုင်းမှာ တွင်ခဲ့ပြီးပါပြီ။ ညီမလေးတို့အနေနဲ့ ဖေဖေနဲ့ဦးလေးတွေထက် ကျော်ကြားအောင်လည်း လုပ်နိုင်စွမ်းမရှိတော့ပါဘူး၊ ဒီမှာနေရင်လည်း အစ်ကိုရှိန့်ရက်စိတ်ဆင်းရဲတာကိုပဲမြင်နေရမယ်၊ ဒီတော့မမဖန့်နှင့် ညီမလေးတို့နှစ်ယောက် ပန်းတစ်ရာတောင်ထိပ်သွားပြီးသီလရှင်ဝတ်ကြရင်မကောင်းဘူးလား"

ဖန့်ဝမ်လန်က ခေါင်းညိတ်လိုက်သည်။

"မမလည်း လူ့လောကအရှုတ်အထွေးတွေကို ငြီးငွေ့နေတာကြာပြီညီမလေးရယ်၊ ကဲ..အခုပဲ ပန်းတစ်ရာတောင်ထိပ်ကိုသွားကြစို့"

ဖန့်ဝမ်လန်နှင့် ဘွန်ကျယ်ကြွင်းတို့ ညီအစ်မနှစ်ယောက်သည် တစ်ယောက်လက်ကိုတစ်ယောက်ဆွဲ၍ မှောင်ရိပ်ဘက်တောထဲသို့ပြေးဝင်သွားကြသည်။

ထိုမှဘက်၌ ပန်းတစ်ရာတောင်ထိပ်ရှိနေသည်မဟုတ်ပါလား၊ ဤသို့ဖြင့် လင်းထိန်သောလပြည့်ကျော်တစ်ရက်၏ တစ်ညတာသည် ကုန်ဆုံးသွားတော့သည်။

အမှောင်ကုန်ဆုံးသွားသည့်အခါ အလင်းလာသည်။ မှောတာအတိုင်း အရှေ့အရပ်မှ ရောင်နီပျိုးလာလေသည်။

ရှိန့်ရက်သည် တစ်ညလုံးလူသေကောင်ကဲ့သို့ အိပ်ပျော်သွားခဲ့၏။ သူ၏ဘဝတစ်သက်တာ၌ မည်သည့်အခါကမျှ ဤသို့အိပ်မောကျဖူးခြင်းမရှိပေ။ ရောင်နီပျိုးချိန်၌သူလည်း အိပ်ယာမှနိုးလာသည်။

"ငါတစ်ခါမှဒီလိုမအိပ်ခဲ့ဘူးပါဘူး"

သူသည်သူ့ကိုယ်သူ ပြစ်တင်ပြီး အခန်းထဲမှထွက်ကာ ကိုယ်လက်သန့်စင်သည်။

ယနေ့အဖို့၌ ရှမ်ယာနမ်နှင့် ကျိုဂုမ်းကျွင်းတို့နှင့် အပြေအလည် ရှင်းလင်းမှုဖြစ်တော့မည်ဟုတွေးသည်။

ကျိုဂုမ်းကျွင်းနဲ့ သူငြိစွန်းခဲ့သည့်အဖြစ်အပျက်များကိုပြောပြပါက ရှမ်ယာနမ်စိတ်ထိခိုက်မည်ဖြစ်သော်လည်း လွယ်လွယ်နဲ့နောက်ဆုတ်ပေးလိမ့်မည်ဟုယုံကြည်သည်။

ထို့ကြောင့် မိန်းမဆောင်ရှိရာသို့ ခပ်သွက်သွက်လျှောက်လာမိတော့၏။

"ဟင်.."

ရှမ်ယာနမ်အခန်းတံခါးပိတ်ထားသဖြင့် တွန်းကြည့်ရာ ဖွင့်မပေးသဖြင့် ကျိုဂုမ်းကျွင်း၊ ဖန့်ဝမ်လန်နှင့် ဘွန်ကျယ်ကြွင်းတို့၏အခန်းများဆီသို့သွားတာ တွန်းကြည့်ခေါ်သည်။

ရှမ်ယာနမ်၏အခန်းနည်းတူဖြစ်နေသဖြင့် အဆောင်အပြင်ဘက်သို့ထွက်ပြီး ပြတင်းပေါက်များကို စစ်ဆေးသောအခါမှ ပြတင်းတံခါးပေါက်အားလုံးပွင့်နေကြောင်းတွေ့ရတော့သည်။

အခန်းတိုင်းဝင်ရောက်စစ်ဆေးသည်။ လူသူအရိပ်အယောင်လုံးဝမတွေ့ရပေ။

ဘယ်လိုများဖြစ်ကုန်ကြတာပါလိမ့်။

ရှိန်ရက်သည် ပြတင်းပေါက်မှခုန်ဝင်ကာ အတွင်းတံခါးအားလုံးကိုဖွင့်ပြီးစစ်ဆေးပြန်၏။ မိန်းမဆောင်ထဲ၌ မည်သည့်မိန်းမသားတစ်ဦးမျှရှိမနေကြောင်း ပို၍ပို၍သေချာသွားတော့သည်။

သူသည်မိန်းမဆောင်ရှေ့ထွက်ရပ်ပြီး တောင်ခြေသို့လှမ်းကြည့်သည်။

"သူတို့လေးယောက်စလုံး အကြောင်းမကြားဘာမကြားနှင့်ထွက်သွားကြပြီလား"

တိုးဧည်လက်တစ်ဘက်သည် သူ၏ပခုံးပေါ်သို့ရောက်ရှိလာသည်။

"ညီလေးရှိန်ရက်"

ကြိုးဆိုပင်တည်း။



"ဆရာကြီး၊ မိန်းကလေးတွေတစ်ယောက်မှမရှိကြတော့ဘူး"

"ငါသိတယ်၊ ငါညီလေးထက်စောပြီးနိုးတာပဲ၊ ဒီပတ်ဝန်းကျင်တစ်ခုလုံးငါရှာပြီးပြီ၊ သူတို့မရှိကြတော့ဘူး"

"ဆရာကြီးကျွန်တော်လိုက်ရှာဦးမယ်၊ သူတို့တစ်ခုခုဖြစ်သွားရင်ကျွန်တော့်အပေါ်တာဝန်ရှိတယ်"

"ညီလေး"

ကြိုးဆိုက ရှိန်ရက်၏ပခုံးကိုဖိညှစ်၍ အလေးအနက်ပြောသည်။

"လိုက်ရှာမနေနဲ့တော့ညီလေး၊ သူတို့ကိုရှာလို့တွေ့လာရင် ညီလေးမှာပြဿနာတိုးလာတာပဲရှိပါလိမ့်မယ်၊ သူတို့သံယောဇဉ်ကြောင့်မင်းရဲ့ဆရာတွေမှာကြားခဲ့တဲ့ လူ့ဗိုလ်ဂိုဏ်းကြီးဟာ လမ်းပေါ်မှာလမ်းစပျောက်တဲ့ဘဝရောက်သွားပါလိမ့်မယ်"

ရှိန်ရက်ငိုင်သွားသည်။

ကြိုးဆိုက လေးလေးနက်နက်တစ်ခုရှင်းပြသည်။

"ညီလေး၊ စစ်ပွဲတစ်ပွဲတိုက်တဲ့အခါ အချက်ကျတဲ့နေရာတစ်ခုကိုအကျဆုံးများစွာ၊ အရင်းနှီးများစွာနဲ့ တိုက်ခိုက်ရယူနိုင်ပါတယ်၊ အဲဒီအချက်အချာကျတဲ့နေရာကို အရင်းအနှီးစိုက်ထုတ်နိုင်ရင်စိုက်ထုတ်နိုင်သလောက် မြန်မြန်သိမ်းပိုက်နိုင်ပါတယ်၊ ဒါပေမယ့်အဲဒီနေရာကို ရှည်ရှည်ထိန်းသိမ်းထားနိုင်ဖို့ဆိုတာကတော့ မလွယ်ပါဘူး၊ မူလတိုက်ခိုက်ရယူချိန်က သုံးစွဲရတဲ့အရင်းအနှီးထက်အများကြီးပိုစိုက်ထုတ်ရပါတယ်၊ အခုညီလေးဟာ အင်မတန်ခက်ခဲတဲ့ လူ့ဗိုလ်ဂိုဏ်းကြီးကိုပြန်ဖော်ထုတ်လိုက်နိုင်ပြီ၊ ဒီဂိုဏ်းကြီးတည်တံ့ဖို့ဟာ ဖော်ထုတ်တာထက်ပိုပြီးအရေးကြီးပါတယ်၊ လူ့ဗိုလ်ဂိုဏ်းကြီးအရောင်တွေပြာထွက်လာအောင်လုပ်ရမယ့်တာဝန်ကြီးဟာ မင်းပခုံးပေါ်မှာရှိနေတာကိုမမေ့ပါနှင့်၊ မင်းဟာနိုးကြားနေရမယ်၊ တက်ကြွနေရမယ်၊ ထာဝစဉ်သတိရှိရမယ်၊ အချစ်ရေးကိုထိပ်ထားပြီး ပြဿနာလုပ်နေမယ့်မိန်းကလေးတွေအတွက် မင်းစိုးရိမ်မနေပါနှင့်တော့၊ မင်းနဲ့တန်တဲ့ဖူးစာရှင်ဟာ မင်းဆီကိုဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာပါလိမ့်မယ်"

ရှိန်ရက်သည်ဆရာကြီးကြိုဆို၏စကားကို လေးလေးနက်နက် သဘောပေါက်လိုက်သဖြင့် ခေါင်းညိတ်ပြလိုက်သည်။

အရှေ့အရပ်မှနေမင်းကြီးသည် တစ်ဖြည်းဖြည်းမြင့်တက်လာနေသည်။

"ဩော်..ငါ့ဘဝတစ်သက်လုံးကြိုးစားခဲ့လို့ ထင်ခဲ့တဲ့အရာတွေဟာ ပြီးပဲမပြီးနိုင်သေးပါလား၊ ဘဝဆိုတာ ဒီလိုအမြဲတမ်းလှုပ်ရှားနေရခြင်းပဲထင်ပါရဲ့"

ရှိန်ရက်သည်တောက်ပထွန်းလင်းသော နေမင်းကြီးကိုကြည့်၍ တွေးနေမိသည်။ သူ့မျက်ဝန်းအိုင်မှ မျက်ရည်စီးကြောင်းကျလာ၏။ ဝမ်းသာ၍ကျသည့်မျက်ရည်လော၊ ဝမ်းနည်း၍ကျသည့်မျက်ရည်လော၊ ရှိန်ရက်မှတစ်ပါးမည်သူမျှမသိနိုင်ချေ။

"ညီလေး...ပြန်ကြရအောင်"

ကြိုဆိုသည် ရှိန်ရက်၏ဝေဒနာကိုရိပ်မိသည်။ ထို့ကြောင့်ပခုံးကို အသာပုတ်၍ လူဗိုလ်ကိုဏ်းခန်းမဆောင်ကြီးဆီသို့ အသာအယာဆွဲခေါ်လာသည်။

လူရိပ်နှစ်ခုသည် ခန်းမဆောင်လှေကားထစ်ကြီးပေါ်သို့ တထစ်ချင်းတက်ပြီးနောက် ပျောက်ကွယ်သွားကြ၏။ ခန်းမဆောင်တံခါးဝ၌မူ "သိုင်းလောကမကိုဋ်ဦးသျှောင်လူဗိုလ်ကိုဏ်းချုပ်ကြီးရှိန်ရက်" ဟူသည့် ရွှေစာလုံးကြီးများဝင်းဝင်းတောက်နေလေသတည်း။

ပြီးပါပြီ

စာရှုသူများ၏မေတ္တာကိုခံယူလျှက်

တက္ကသိုလ် နေလင်းအောင်

ဆက်လက်ကြိုးစားပါဦးမည်